www.burmeseclassic.com



www.burmeseclassic.com

# မောင်နှင်းဆွေ

## ပုလဲရတနာ၁၀ကျပ်ပါ

အသစ်စက်စက်

စ/ဆုံးလုံးချင်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ
လွင်နှင့်စိန်

ပန်းလက်ဆောင်စာပေ

စာမူခွင့်ပြုချက်အမှတ် .... ၁၃၇၄/၂၀၀၁ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် .... ၉၇၂/၂၀၀၁ (၁၂)

ပထမအကြိမ်

၂၀၀၂ ခုနှစ်၊ မတ်လ

တန်ဖိုး .... ၃၅၀ ကျပ်

အုပ်ရေ .... ၅၀၀

အတွင်း/အဖုံးပုံနှိပ်သူ

ဒေါ်ခင်ဇန်းမြင့် (၈၅၄၄၉)
ဟံသာပုံနှိပ်တိုက်
၁၁/၁၂၅ လမ်း၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးနှင်းဆွေ (၀၉၇၃)
ပန်းလက်ဆောင် စာပေ
၅၁၆/ခ၊ ပုလဲ ၄ လမ်း၊ ၄/ရပ်ကွက်၊
မ/ဥက္ကလာပ၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

### သိုင်းသမားနှစ်ယောက် ခြေရာပျောက်

ချန်ကျန်းရေအိုင်တွင် လှိုင်းလေငြိမ်သောနေ့ဟူ၍ တစ်နေ့တလေမျှရှိမနေခဲ့။ ရေအိုင်၏ ရေမျက်နှာပြင်သည် အမြဲတစေ လှုပ်ရှားနေသည်။ လေထန်လျှင်လှိုင်းကြီးသည်၊ လေပြည်တိုက်ခတ်လျှင် လှိုင်းကြက်ခွပ်ကလေးများထသည်၊

လေငြိမ်သောရက်မရှိသလို လှိုင်းငြိမ်သောရက်များလည်း အလျှင်းမရှိ၊ အစဉ်အမြဲ အနည်းနှင့်အများ လှုပ်ရှားနေသည်သာ၊

သဘာဝ၏ ဖြစ်ပေါ်လှုပ်ရှားမှုများသည် မည်သည့်အခါတွင်မှငြိမ်သက်သွားလှာတော့အံ့နည်း၊

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကဟူသည် ကျွန်နည်းနှင့်နှင့် ဖုံအသွင်တူနေသည်။ သိုင်းလောကကြီးသည် အစဉ်အမြဲလှုပ်ရှားနေတတ်လေ့ရှိသည်။ သိုင်းလောကသားများသည်လည်း အကြောင်းအရာအမျိုးမျိုး ပြဿနာ အဖုံဖုံတို့ဖြင့် အမြဲထာဝစဉ် လှုပ်ရှားနေတတ်လေ့ရှိသူများဖြစ်ကြသည်။

သိုင်းသမားတစ်ဦးကတစ်ဦးကိုအံတုယှဉ်ပြိုင်အနိုင်တိုက်ခိုက်လိုသည်။ သူ့ထက်ငါ ဂုဏ်သတင်းကြီးမားစေရန် ကြိုးပမ်းအားထုတ်နေကြသည်။

ရှေ့မှပြေးနေသော ဒီလှိုင်းအား နောက်မှလိုက်လာသော ဒီလှိုင်းကလွှမ်းသွား၏။

ထို့နည်းတူစွာ ရှေးက ထက်ခေါင်းသိုင်းသမား အကျော်အမော်ကြီးများအား နောက်ပေါက်သိုင်းသမား လူငယ်များက အနိုင်ယူ လွှမ်းမိုးသွားခဲ့ကြသည်။

ဤသည်မှာ ထာဝရဖြစ်မြဲဖြစ်ပေါ်တတ်သည့် နိယာမတစ်ရပ်ပင်ဖြစ်သည်။

မှတ်မှတ်ရရဆိုလျှင် ယခုနှစ် နွေဦးပေါက်ရာသီအခါ ဖြစ်၏။

သိုင်းလောကကြီးတစ်ခုလုံးကို ဖိန့်ဖိန့်တုန်သွားစေခဲ့သည့် သတင်းကြီးနှစ်ရပ်ထွက်ပေါ်လာခဲ့သည်။

ထိုသတင်းကြီးနှစ်ရပ်သည် သိုင်းလောကသားများအားလုံးကို ထိတ်လန့်တုန်လှုပ်စေခဲ့သည်။ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

ယင်းသတင်းကြီးနှစ်ရပ်ကား....



ပထမသတင်းတစ်ရပ်က စေချွမ်းနယ်မှ အဆင့်မြင့်သိုင်းပညာရှင်ကြီး ထန်ထန်းလုံတစ်ယောက် ရုတ်တရက်ပျောက်ဆုံးသွားခြင်းပင်ဖြစ်၏။ ထန်ထန်းလုံသည်ထိပ်တန်းအဆိပ်လက်နက်ပုန်း အကျော်အမော် သိုင်းပညာရှင်ကြီးတစ်ဦးဖြစ်၏။

ဒုတိယသတင်းကား လိန်ထန်းနယ်မှ အန်အိလောက်ဆိုသော သိုင်းပညာရှင်ကြီးတစ်ယောက် အစအနရှာမရအောင် ပျောက်ဆုံးနေသည့်သတင်းဖြစ်သည်။

အန်အိလောက်သည် မူးယစ်မေ့မြောစေတတ်သော ဆေးပညာရပ်တွင် တစ်ဖက်ကမ်းခပ် ထက်မြက်ကျော်ကြားသည့် သိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်သည်။

အနီး ပုဂ္ဂိုလ်ကြီး နှစ်ဦးစလုံးသည် တစ်စုံတစ်ရာသော အကြောင်းထူးများမရှိဘဲလျက် တိတ်တဆိတ်ပျောက်ကွယ်သွားခဲ့ကြသည်။

ယင်းသတင်းကို မပေါက်ကြားစေရန် ကာယကံရှင်မိသားစုများနှင့် သိုင်းညီအစ်ကိုတော်များက ထိပ်တန်းလျှို့ဝှက်ထားကြသည်။

ရှင့်နှုတ်ပိတ်နေလိုက်သည်။

သို့အတွက် ထိုသတင်းကိုမည်သူတစ်ဦးတစ်ယောက်ကမျှမရိပ်စားမိခဲ့ကြ၊ မသိရှိခဲ့ကြ။

အချိန်ကာလအားဖြင့် သုံးလပင် ကျော်လွန်လာခဲ့သည့် ဒေသခံလူများက သိုင်းသမားကြီးနှစ်ယောက် ပျောက်ဆုံးနေသည့်သတင်းကို တစ်စွန်းတစ်စကြားသိလာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စေချွမ်းနယ်ထန့်မန့်မြို့နှင့်၊ လိန်လန်းနယ်မြေဒေသနှစ်ခုသည် သဘာဝ တည့်နေရာအရ အဆက်အစပ်မရှိ၊ တောင်နှင့်မြောက်၊ ရေခြားမြေခြား၊ တစ်နယ်မြေစီဖြစ်သည်။ အလှမ်းလည်း ကွာဝေးလှသည်။

သို့အတွက် ထိုသိုင်းသမားကြီးနှစ်ဦး ပျောက်ဆုံးသွားမှုမှာ သာမန်အားဖြင့် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိနိုင်စရာအကြောင်း မရှိဟုယူဆနိုင်သည်။

သို့တစေ ထူးဆန်းအံ့ဩဖွယ်အကြောင်းများက ရှိသည်။

အနီးပုဂ္ဂိုလ်ကြီးနှစ်ယောက်သည် တစ်လတည်း တစ်ချိန်တည်းတွင် ပျောက်ဆုံးခဲ့ခြင်းဖြစ်၏။ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လွန်းသည်ဟု တွေးထင်စရာအကြောင်းရှိနေသည်။

ထို့ထက် အံ့ဩစရာကောင်းသည့်ဖြစ်ရပ်တစ်ခုကလည်း ရှိနေသေးသည်။

သိုင်းသမားကြီးနှစ်ဦး ပျောက်ဆုံးသွားပြီးနောက် သူတို့နှစ်ဦး၏ခေါင်းအုံးအောက်မှလက်မအရွယ်ခန့်ရှိ ပုလဲလုံးတစ်လုံးကျစီကို အိမ်သူအိမ်သားများက တွေ့ရှိသည်ဟုဆိုကြသည်။

ယင်းပုလဲလုံးများ ခေါင်းအုံးအောက်မှ တွေ့ရှိရသည့်ကိစ္စမှာ အံ့ဩစရာ အတူးအဆန်းတစ်ရပ်မဟုတ်။

သို့သော် ထူးခြားမှုတစ်ရပ်ကရှိသည်။ ပုလဲလုံးနှစ်ခုစလုံးအပေါ်တွင် 'အမိန့်'ဟူသော စာလုံးကို ယင်ကောင်၏ ဦးခေါင်းသာသာ စာလုံးအနေအထား ထွင်းထားသည်ကို တွေ့ရှိရခြင်းပင်ဖြစ်သည်။

ပုလဲအမိန့်...



ဤစာလုံးရေးထွင်းထားခြင်းကပင် စဉ်းစားဖွယ်ရာ ထူးခြားမှုတစ်ရပ်ပင်ဖြစ်သည်။ လျှို့ဝှက်မှုများလည်း နက်ရှိုင်းစွာရှိနေသည်။

ထိုအမည်နာမသည် သိုင်းလောကတစ်ခွင်တွင် တစ်စုံတစ်ရာ ကြားဖူးခဲ့ခြင်းမရှိချေ။

ယင်းဝေါဟာရသည် လူပုဂ္ဂိုလ်၊ တစ်စုံတစ်ယောက်အား ကိုယ်စားပြုသော နာမည်ပွားတစ်ခုပေလော။

သို့တည်းမဟုတ်....

အသင်းအဖွဲ့တစ်ခုခု၊ ဂိုဏ်းဂဏတစ်ခုခု၏အမည်လော။

မည်သူ တစ်ဦးတစ်ယောက်ကမှမသိ၊ ထိပ်တန်းရောက်နေသောသိုင်းပညာရှင်များ၊ သိုင်းအဖွဲ့အစည်းအသီးသီးမှတာဝန်ရှိ ပုဂ္ဂိုလ်များသည်ပင်မသိကြ၊ မခွဲခြားနိုင်ကြ၊ လေ့လာစူးစမ်းနေကြဆဲဖြစ်သည်။

သိုင်းပညာရှင်ကြီးနှစ်ဦး ပျောက်ဆုံးသည့်သတင်းသည် ထိပ်တန်းလျှို့ဝှက်အဆင့်တွင် ထားရှိခဲ့ကြသည်။

သို့တစေ ယင်းသတင်းသည် သိုင်းလောကတွင်သာ မက ဒေသခံ လုပ်သားပြည်သူများထံသို့ နှံ့ပျံ့ထွက်ပေါ်လာခဲ့သည်။

ဤသတင်းသည် တဖြည်းဖြည်းဖြင့် ကျယ်ပြန့်လာခဲ့သည်။

ထိုသတင်းလို လူအများပြောဆိုနေကြသည်။

ရှုထောင့် မျိုးမျိုးမှကြည့်၍ ဝေဖန် သုံးသပ်နေကြသည်၊ ထင်မြင်ချက်၊ ယူဆချက်များ အမျိုးမျိုးအဖုံဖုံ ပေးနေကြသည်။

သို့သော် မည်သူတစ်ဦးတစ်ယောက်ကမျှအနီးစပ်ဆုံးအဖြေ

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ထင်မြင်ချက်များ မပေးစွမ်းနိုင်၊ သို့လော သို့လော တွေးတောပြောဆိုနေကြရုံသာ ရှိသည်။

'ပုလဲအမိန့်သည်' မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း ဂိုဏ်းဂဏများဖြစ်၏ဟု အမည်နာမကို အတိအကျမသိနိုင်ခြင်း သည်ပင် ပြဿနာတစ်ရပ်ဖြစ်သည်။

သည်တွင်မကသေး၊ နောက်ထပ် စဉ်းစားစရာအချက်တစ်ခုက ကျန်နေသေးသည်။

'ပုလဲအမိန့်' ကိုယ်တိုင် သိုင်းပညာရှင် နှစ်ဦးအား ဖမ်းဆီးခေါ်ဆောင် သွားခြင်းပေလော။

သို့တည်းမဟုတ် အမိန့်အရ မိမိဘာသာ သွားရောက်ခဲ့ခြင်း ပေလော။

ခေါ်ဆောင်သွားခြင်း၊ သို့မဟုတ် ဖမ်းဆီးသွားခြင်းသည် မည်သို့သော ရည်ရွယ်ချက် ရှိလေသနည်း။

ယင်းရည်ရွယ်ချက်သည် အကောင်းပေလော၊ အဆိုးပေလော။

စဉ်းစားစရာများ ဟစ်ပုံတစ်ခေါင်းကြီး ဖြစ်နေသည်။

သို့သော် မည်သူ တစ်ဦးတစ်ယောက်ကမျှ စဉ်းစား၍မရ၊ တွေးခေါ်မရဘဲ ရှိနေသည်၊ အဖြေထုတ်မရဘဲ ရှိနေသည်။

ယခုဆိုလျှင် သိုင်းပညာရှင်ကြီးနှစ်ဦး ပျောက်ဆုံးသည့် ရက်မှစ၍ လက်ချိုး ရေတွက်ကြည့်လျှင် သုံးလတင်းတင်းပင် ပြည့်၍ ရက်ပင်စွန်းခဲ့လေပြီ။

သို့တိုင်အောင် သတင်းအစအနပင် မရခဲ့၊ လုံးလုံး လျား လျား စုံးစုံးမြုပ်နေတော့သည်။



သို့အတွက် တာယကံရှင် သိုင်းပညာရှင်နှစ်ဦး၏ မိသားစု များသည် ဒေသအနှံ့ ခြေဆန့်၍ရှာဖွေခဲ့ကြသည်၊ စုံစမ်းမေး မြန်းခဲ့ကြသည်။

ပုလဲအမိန့်သည် မည်သူနည်း၊ လူ ပုဂ္ဂိုလ်လော၊ အဖွဲ့ အစည်းလော။

သို့မဟုတ် ထို'ပုလဲအမိန့်'စာပါသော ပုလဲလုံးသည် မည် သို့သောသင်္ကေတ ဖြစ်လေသနည်း။

သို့လော သို့လော ဝေဖန်ပြောဆိုကြခြင်းဖြင့် ဤသတင်း သည် သိုင်းလောကကြီးတစ်ခုအတွင်းသို့ ကျယ်ကျယ် ပြန့်ပြန့် လွင့်ထွက်သွားသည်။

သိုင်းလောကသားများသည် စိတ်ဝင်တစား ဝေဖန်ကြ၏၊ သုံးသပ်ကြသည်၊ စုံစမ်းကြသည်။

သို့သော် တိတိကျကျ မည်မည်ရရကား မည်သူမျှမသိကြ၊ ကြားသော် 'ပုလဲအမိန့်'အကြောင်းသည် ရေးကြီးခွင်ကျယ် ကိစ္စတစ်ရပ် မဟုတ်တော့။

ဤသို့ဖြင့် တစ်ရံ တစ်ခါနှင့် သိုင်းလောကသားများသည် မေ့မေ့ပျောက်ပျောက်ဖြစ်လာကြတော့သည်။

သို့တိုင်အောင် ရေရာတိကျသောအဖြေကား မရရှိခဲ့၊ သတင်း၏အမျှင်တစ်မျှင် အစတစ်စပင်ပေါ်ထွက်မလာ၊ စုံးစုံးမြုပ်နေဆဲပင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

### သိုင်းလုလင်တစ်ယောက် အပေါင်ဆိုင်ရောက်

ခိုင်ဖုန်းမြို့၏ ညနေချမ်း....

ရာသီဥတုက သာသာယာယာရှိသည်။

ခြေခင်းလက်ခင်းသာသည်။ လူသွားလူလာများနေသည်။ လမ်းမကြီးတစ်လျှောက်တွင် ကြိုထိကြိုတ်တိုး စည်ကားလျက်ရှိသည်။

ခိုင်ဖုန်းမြို့တွင်းရှိ အရှေ့ဘက် လမ်းမကြီးပေါ်ဝယ် လူအများ လူးလာခတ် သွားလာလှုပ်ရှားနေကြသည်။

ယင်း လမ်းမကြီးပေါ်တွင် အပေါင်ဆိုင်တစ်ဆိုင် ရှိသည်။ 'ထိုက်ယန်း' အပေါင်ဆိုင်ကြီးပင်ဖြစ်သည်။



အပေါင်ဆိုင်ရှေ့ အဝင်ဝတွင် ကြီးမားသောဆိုင်းဘုတ်ကြီးတစ်ခုကို စိုက်ထူထားသည်။ အမြင့်အားဖြင့် ပေနှစ်ဆယ်ခန့်ရှိ၏။ ကြီးမားကျယ်ပြန့်သော ဆိုင်းဘုတ်ကြီးပင်။

ဆိုင်းဘုတ်ပေါ်ဝယ် ကြီးမားသော စာလုံးကြီးများဖြင့် ''အပေါင်ဆိုင်''ဟူ၍ ရေးသားထား၏။

ဆိုင်အဝင်ပေါက်အား ရှေ့လှမ်းလှမ်းမှ ဆိုင်းဘုတ်ကြီးက ကွယ်ထားသည့်အတွက် လမ်း သွား လမ်း လာ များ သည် အပေါင်ဆိုင်အတွင်းမှ မြင်ကွင်းကို မည်သူမျှ လှမ်းမမြင်နိုင်တော့ပေ။

အပေါင်ဆိုင်သို့ ပစ္စည်းများ၊ လာရောက်ပေါင်နှံကြသူများသည် လူမြင်သူမြင်ခံရမည်ကိုမူ ရှက်တတ်ကြသည်။ မည်သူမဆို ရှက်တတ်ကြသည်ချည်းပင်။

ထိုအချိန်....

လူရွယ်တစ်ယောက်သည် အပေါင်ဆိုင်သို့ တစ်စိုက်မတ်မတ် လျှောက်လာနေသည်။

သူသည် အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထား၏။

သူ၏ နုနယ်သည့်မျက်နှာကို ကြည့်ခြင်းအားဖြင့် အသက်နှစ်ဆယ်ခန့်ပင် ရှိလိမ့်ဦးမည်ဟု ခန့်မှန်းရသည်။

လူရွယ်၏ကိုယ်ခန္ဓာသည် ကြံ့ခိုင်သန်မာပုံရသည်။ ရုပ်ရည်မှာ တည်ကြည်သားနားမှုရှိ၏။ မျက်ခုံးကောင်းသည်။ မျက်လုံးများမှာ ကြည်လင်တောက်ပနေသည်။

သူသည် သုံးပေခန့်ရှိသော အထုပ်တစ်ထုပ်ကို ပခုံးတွင် ထမ်းလာ၏။ ထိုအထုပ်ကို ပိတ်ဖြူစဖြင့်စည်းထားသည်။ ခေါ်

www.burmeseclassic.com

www.burmeseclassic.com



တစ်လက်ကို ထုပ်ထားသည်ဟု အလွယ်တကူခန့်မှန်းသိနိုင်သေးသည်။

လူရွယ်သည် အထုပ် ကိုထမ်းလျက် အပေါင်ဆိုင်အတွင်းသို့ တန်းတန်းမတ်မတ် ဝင်လာသည်။ သူသည် ပစ္စည်းပေါင်နှံရာ ကောင်တာဆီသို့ တန်း၍လျှောက်သွားသည်။

ကောင်တာရှေ့အရောက်တွင် တုံ့ခနဲရပ်လိုက်၏။ ကောင်တာအတွင်းဘက် စာရေးကြီးသည် ပေသီးတစ်ချောက်ချောက်ဖြင့် အလုပ်ရှုပ်နေလေသည်။

ကောင်တာရှေ့သို့ လူတစ်ယောက် ရောက်နေသည်ကိုပင် မသိလိုက်။ ပေသီးကိုသာ ငုံ့၍တွက်ချက်နေသည်။

ဤသည်ကို လူရွယ်က သဘောပေါက်လိုက်ပုံရသည်။ သူက ချောင်းတစ်ချက်ဟန့်၍ အသံပြုလိုက်သည်။

ချောင်းဟန့်သံကြား၍ စာရေးကြီး၏ ဦးခေါင်းမော့လာသည်။ ကောင်တာရှေ့သို့မျက်လုံးကိုလှန်ကြည့်လိုက်၏။

ကောင်တာရှေ့တွင် လူရွယ် တစ်ယောက် ရပ်နေသည်ကို လှမ်းမြင်သွားသည်။

ချက်ချင်းပင် ထိုသူ၏မျက်နှာသည် ပြုံးရွှင်သွားတော့၏။ သူသည် ထိုင်ရာမှ ရှာတရက်ထလိုက်၏။

'ဒီက ညီမောင်က ပစ္စည်းပေါင်မလို့ပါလားကွယ်'

စာရေးကြီးက ယဉ်ကျေးသိမ်မွေ့စွာဖြင့် မေးလိုက်လေသည်။



လူရွယ်သည် ချက်ချင်းပင် ခေါင်းညိတ်ပြလိုက်၏။ တစ်ချိန်တည်းမှာပင် သူ၏ညာဘက်လက်သည် ရင်ဖုံးအင်္ကျီ အတွင်းသို့ နှိုက်ယူလိုက်သည်။

သူ၏လက်တွင် ပစ္စည်းတစ်ခုပါလာသည်။

ပုလဲလုံးတစ်လုံး။ ရွှေကြိုးဖြင့်တွဲထားသည့်ပုလဲလုံး၏ ပမာဏမှာ ခိုဥအရွယ်ခန့်ရှိ၏။ ဝါကြန့်ကြန့်အရောင် တောက်နေသည်။ သူက ကောင်တာအပေါ်မှာ ပုလဲလုံးကိုထိုးသွင်းလိုက်လေသည်။

သာမန်ကြည့်ရုံမျှဖြင့် ထိုပုလဲလုံးသည် အမျိုးကောင်း 'မြည်တ' ပုလဲရတနာတစ်လုံး ဖြစ်သည်ကို သိသာနိုင်သည်။

အပေါင်ဆိုင် စာရေးကြီးသည် ပုလဲလုံးကို အသာအယာ ပွတ်သပ်ကြည့်လိုက်သည်။

ပြီးနောက် လူရွယ်အား တစ်ချက်လှမ်းကြည့်လိုက်ရင်း မေးမြန်းလိုက်သည်။

'ညီမောင်က ဒီပုလဲဆွဲကြိုးကို ဘယ်လောက်နဲ့ ပေါင်ချင်လို့လဲ'

'လျှို ငွေငါးထောင်လောက် လိုချင်ပါတယ်'

လူရွယ်က မဆိုင်းမတွပင် ပြောလိုက်သည်။

'လျှို ငွေ ငါးထောင်'

ကောင်တာစာရေးကြီးက စိတ်တွင်းမှ ရေရွတ်လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးကြီး အံ့သြခြင်းမရှိပါ။ ထိုပုလဲလုံး၏ ကာလတန်ဈေးသည် အနည်းဆုံးလျှင် ငွေ တစ်သောင်းထက် မနည်း တန်ကြေး ရှိသည်ကို နားလည်ထားသည်။

သို့သော် တန်ကြေးကြီးသဖြင့် ပေါ့ပေါ့တန်တန်ဖြင့် မဆုံးဖြတ်ဝံ့၊ ပုလဲလုံးကိုပွတ်သပ်၍ သေချာစွာ စစ်ဆေးကြည့်ရှုနေမိသည်။

စာရေးကြီးသည် သူ၏လက်တွင်းမှပုလဲလုံးကို မျက်စိလေးမှေးကာ အထပ်ထပ် စစ်ဆေးကြည့်ရှုလိုက်သည်။

တစ်တခုသော အခြင်းအရာကို မြင်လိုက်ရသဖြင့်ရုတ်တရက် မြောက်တက်သွားမတတ် ကြောက်လန့်သွား၏။

သူ၏ရင်သည် တဒိန်းဒိန်းခုန်နေတော့သည်။

အကြောင်းသော်ကား ပုလဲလုံးပေါ်တွင် 'ပုလဲအမိန့်' ဟူသော စာလုံးကလေး ထွင်းထားသည်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။

စာရေးကြီး၏ မျက်နှာပြင်ဝယ် ထိတ်လန့်တုန်လှုပ်ခြင်း၏ အရိပ်လက္ခဏာများ အထင်းသားပေါ်လွင်နေသည်။

သို့သော် ချက်ချင်းပင် စာရေးကြီးသည်တစ်စုံတစ်ရာ မဖြစ်လေဟန်ဖြင့် မျက်နှာကိုအတတ်နိုင်ဆုံး ချိုသာစွာ ပြောလိုက်လေသည်။

စာရေးကြီး၏ မျက်နှာအပြောင်းအလဲကို ကောင်တာရှေ့တွင်ရပ်နေသောလူရွယ်က အကဲခတ်မိသည်။ သို့တစေ လူရွယ်သည် မသိကျိုးကျွန် ပြုနေလိုက်သည်။



စာရေးကြီးသည် ဟန်မပျက်ပုလဲလုံးကို ကြည့်နေဟန်ဆောင်၍ ကြည့်နေလိုက်သည်။

ပြီးနောက် ပြုံးချိုသော မျက်နှာထားဖြင့် သူက လူရွယ်ကို လှမ်းပြောလိုက်သည်။

'ဒီမှာ ညီမောင်၊ ပုလဲက ပြည်တန်ပုလဲရတနာတစ်လုံး ဖြစ်နေပါတယ်၊ လျှော်ငွေငါးထောင်နဲ့ ပေါင်နှံမယ်ဆိုတော့ ယူတ်နိုင်ပါ့မလား'

'ကျုပ်ပုလဲ တန်တယ်ဆိုရင် ပြီးတာပဲ၊ ကျုပ်ကလျှော်ငွေ ငါးထောင်ပဲ လိုချင်တယ်'

စာရေးကြီးက တစ်ချက်ပြုံးပြလိုက်သည်။

'ဒါပေမယ့် လျှော်ငွေငါးထောင်ဆိုတာ နည်းနည်းနောနော မဟုတ်ပါဘူး'

'ဒါဖြင့် ခင်ဗျားက အပေါင် မခံနိုင်ဘူးလို့ ဆိုလိုတာလား....'

လူရွယ်က ခပ်ဆတ်ဆတ် ပြန်မေးလိုက်၏။

စာရေးကြီးက အလျှင်အမြန်ပင် ပြန်လည်ရှင်းပြလိုက်သည်။

'အို...အို ဒီလိုမထင်ပါနဲ့ ညီမောင်ရယ်၊ ဒီသဘောမျိုးပြောတာမဟုတ်ပါဘူး၊ ညီမောင်ရဲ့ဗဏ္ဍည်းတန်ဖိုးက များလွန်းအားကြီးတဲ့အတွက် ဦးတစ်ယောက်တည်းအနေနဲ့ မဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့လှိုပါ၊ ဒါကြောင့် ဦးတို့ရဲ့သူဌေးကိုပြပြီး အဆုံးအဖြတ်ခံယူ ပါရစေလို့ ပြောချင်တာပါ'

'ကောင်းပြီလေ၊ ဒီလိုဆို ခင်ဗျားကိုသူဌေးကို ပြကြည့် ပေါ့'

'ညီမောင်အနေနဲ့ ဦးပြောတာကို လက်ခံတဲ့အတွက် ကျေး ဇူးတင်ပါတယ်၊ ဒီက ညီမောင် အထဲကိုဝင်ထိုင်ပါဦး၊ ရေ နွေးကြမ်းလေး တာလေးသောက်ပြီး ခဏစောင့်ပါ၊ အခုပဲ ဦးတို့သူဌေးကို အခေါ်လွှတ်လိုက်ပါ့မယ်'

စာရေးကြီးသည် ကောင်တာထိုင်ခုံပေါ်မှ ဆင်းလာပြီး ကောင်တာတံခါးကို ဖွင့်ပေးလိုက်လေသည်။

လူရွယ်က အခန့်တစ်ရာ စဉ်းစားမနေတော့ဘဲ ကောင်တာ အတွင်းသို့ လှမ်းဝင်သွားသည်။

စာရေးကြီး၏ စီစဉ်ပေးချက်အရ လူရွယ်သည် ကုလား ထိုင်တစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်၏။ စာရေးကြီးက ကိုယ် တိုင်ပင် လက်ဖက်ရည်ကြမ်းတစ်ခွက် ငှဲ၍ လူရွယ်အား လှမ်း ပေးလိုက်လေသည်။

ပြီးနောက် ပုလဲဆွဲကြိုးကိုပါ လူရွယ်အား ပြန်ပေးလိုက် သည်။

'ညီမောင့်ပစ္စည်းကို ပြန်ယူထားလိုက်ပါ၊ ဦးတို့ရဲ့သူဌေး ရောက်လာတော့ ညီမောင်ကိုယ်တိုင် ပြသပြီး စကားပြောကြ ပေါ့'



လူရွယ်က စာရေးကြီးပြန်ပေးသော ပုလဲလုံးကိုယူလိုက်ပြီး ရင်ဖုံးအင်္ကျီအိတ်အတွင်းသို့ ပြန်ထည့်ထားလိုက်သည်။

စာရေးကြီးက အတွင်းခန်းမှ စာရေးသစ်ယောက်အား ခေါ်လိုက်သည်။ ပြီးနောက် တိုးညှင်းသောအသံဖြင့် မှာ ကြားနေ၏။

စာရေးလေးက တလေးတစား နားထောင်ရင်း ခေါင်း တဆတ်ဆတ် ညိတ်ပြနေသည်။

ထို့နောက် သူက်လက်ခံသော ခြေလှမ်းများဖြင့် အခန်းတွင်း မှ ထွက်သွားလေသည်။

'သူဌေးက တောင်တံခါးဘက်မှာ နေတယ်ကွယ့်၊ စာရေး လေးကို အခုပဲလွှတ်လိုက်ပါပြီ၊ သိပ်မကြာပါဘူး၊ ခဏစောင့် နော် ညီမောင်'

စာရေးကြီးက အကျိုးအကြောင်း ရှင်းပြလိုက်၏။

လူရွယ်က ဦးညွှတ်ပြလိုက်သည်။

'ကျေးဇူးတင်ပါတယ် ဦးလေး'

'ဒါနဲ့ စကားမစပ် ညီမောင်ရဲ့နာမည်က ဘယ်လိုခေါ်သလဲ ကွယ့်၊ အမျိုးအနွယ်ကကော'

စာရေးကြီးက စပ်စပ်စုစု မေးလာသည်။

'ရိုးအမျိုးအနွယ်တပါ'

ညီမောင်ရဲ့ ပြောပုံဆိုပုံကြည့်ရတာ ဒီအရပ်ဒေသက မဟုတ် ဘူးထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ချင်ကျိုး ဒေသကပါ'

လူရွယ်က တိုတိုပြတ်ပြတ် ပြန်ပြောလိုက်သည်။

လူရွယ်၏ပုံဟန်သည် စကားများများ ပြောလိုဟန်မတူ။

'ကြော် ချင်ကျိုးဒေသဟာ သိပ်နေလို့ကောင်းတဲ့ ဒေသ တစ်ခုပဲကွယ့်'

လူရွယ်က ခွန်းတုံ့စကား တစ်စုံတရာပြန်မပြော၊ ပြုံးတုံ့ ပြုံးယောင် လုပ်နေလိုက်သည်။

လူရွယ်သည် စာရေးကြီးနှင့် အလာပ သလ္လာပ စကားများ ပြောလိုဟန်မရှိ။ ဤသည်ကို အကင်းပါးလှသော စာရေးကြီး က ရိပ်စားမိလိုက်၏။

သို့အတွက်၊ ရှေ့ဆက်ပြီး စကားတစ်စုံတစ်ရာ မပြောဆို တော့ဘဲ စားပွဲပေါ်မှ ဆေးတံကို ကောက်ယူလိုက်သည်။

ဆေးတံအိုးထဲသို့ ဆေးတံဆေးများထည့်သွင်းပြီး မီးညှိ လျက် အားရပါးရ ဖွာရှိုက်နေတော့သည်။

လူရွယ်သည် ကောင်တာအတွင်း စားပွဲတွင် ငြိမ်သက်စွာ ထိုင်လျက်ရှိ၏၊ အခပေါင်ဆိုင် သူဌေးကို ငံ့လင့်နေသည်။

❖

## အခန်း(၃)

### အခေါ်တော် ရောက်လာသူ

ကွမ်းတစ်ယာညက်ခန့် ကြာသော် အပေါင်ဆိုင် အတွင်းသို့ လူရွယ်တစ်ယောက် သုတ်သုတ်ပျာပျာ ဝင်ရောက်လာသည်။ ထို လူရွယ်သည် ဝတ်စုံအပြာရောင်ကို ဝတ်ဆင်ထား၏။

ထိုလူရွယ်သည် အသားညိုသည်။ ထူထဲသော မျက်ခုံးမွေး များရှိသည်။ ကြံ့ခိုင်သန်မာလက်သော လူတစ်ယောက် ဖြစ်ဟန် တူသည်။ သူ၏နောက်တွင် အပေါင်ဆိုင်မှစာရေးကလေးသည် လည်း ကပ်၍လိုက်ပါလာသည်။

စာရေးကြီးသည် သောက်လက်စဆေးတံကို ရုတ်တရက် စားပွဲပေါ်သို့ တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ကောင်တာအတွင်းသို့ ဝင်ရောက်လာသော လူရွယ်အား ဆီးကြိုလိုက်၏။

ပစ္စည်းပေါင်မည့် လူရွယ်ကလည်း လေးစားသမှုဖြင့် တိုင်ရာမှထ၍ မတ်တတ်ရပ်လိုက်သည်။

အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသောလူရွယ်ကပစ္စည်းလာရောက် ပေါင်နှံသောလူရွယ်အား တစ်ချက်စူးစမ်း ကြည့်လိုက်၏။ ပြီးနောက် စာရေးကြီးအား အရိုအသေပြုလိုက်လေတော့သည်။

'စာရေးကြီး...ပစ္စည်း ပေါင်ချင်တဲ့လူက ဘယ်သူလဲ၊ သူလား'

အပြာရောင်ဝတ်စုံနှင့်လူရွယ်က မသွယ်မဝိုက် တိုက်ရိုက်ပင် မေးလိုက်ပြန်သည်။

စာရေးကြီးက ခေါင်းတစ်ချက်ညိတ်ပြသည်။

'အေးဟုတ်တယ်၊ သူက ချင်ကျိုးဒေသကလာတဲ့ လူပဲကွယ့်'

စာရေးကြီးက အလျှင်အမြန်ပင် ပြန်လည်ဖြေကြားလိုက်သည်၊ တစ်ဆက်တည်းမှာပင် ပစ္စည်းပေါင်နှံသူ၏ဘက်သို့လှည့်ကြည့်လိုက်သည်။

'ယောဒိက မိတ်ဆွေက ဦးတို့သူဌေးကြီးရဲ့လူယုံတော်အပေါ်



တော်မြတစ်ယောက်ပဲ၊ ကျဲစီစုံ့လို့ ခေါ်တယ်၊ ဘယ်အချိန်မဆို သူဌေးကြီးဟာ ကျဲစီစုံ့ကိုပဲ သူ့ကိုယ်စား စေလွှတ်ဆောင်ရွက်စေတယ်ကွယ့်'

စာရေးကြီးက ပစ္စည်းလာပေါင်သူနှင့် ကျဲစီစုံ့တို့အား မိတ်ဆက်ပေးလိုက်သည်။

ပစ္စည်းပေါင်နှံမည့် လူရွယ်က ကျဲစီစီစုံ့ ဆိုသူအား အရိုအသေ ပြုလိုက်သည်။

'တွေ့ဆုံသိကျွမ်းရတာ ဝမ်းသာပါတယ်'

လူရွယ်က ယဉ်ကျေးစွာ ပြန်ပြောလိုက်သည်။

ကျဲစီစုံ့သည် လူရွယ်အား ပြန်လည်အရိုအသေပေးလိုက်သည်။

'ကျွန်တော်ဟာ သူဌေးရဲ့စေလွှတ်ချက်အရ ညီမောင်နဲ့လာရောက် တွေ့ဆုံခြင်းဖြစ်ပါတယ်'

ကျဲစီစုံ့က လူရွယ်အား အကဲခတ်သလိုကြည့်ရှုရင်း ပြောလိုက်သည်။

လူရွယ်က ထေ့ထေ့လေး ပြုံးလိုက်သည်။

'ကျုပ်ပစ္စည်းလာပေါင်တာပါ'

လူရွယ်က တိုတိုပြတ်ပြတ်ပင် ပြန်ပြောလိုက်သည်။

ဟုတ်သည်၊ အပေါင်ဆိုင်သို့ သူ ရောက်လာခြင်းသည် အပေါင်ဆိုင်မှ လူများနှင့် သိကျွမ်းခင်မင်ရန်မဟုတ်။ မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ရန်မဟုတ်၊ သူ၏ပစ္စည်းကို တန်ရာတန်ကြေးဖြင့် လာရောက်ပေါင်နှံခြင်းသာ ဖြစ်သည်။

ကျဲ့စိစုံ့သည် လူရွယ်ပြောလိုက်သည့်စကား၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်သည်။

သူက ဟက်ခနဲ တစ်ချက် ရယ်မောလိုက်သည်-

'ဟုတ်ပါတယ်၊ ညီမောင်ပြောတာကို နားလည်ပါတယ်၊

'အခု ညီမောင် ပေါင်နှံတဲ့ပစ္စည်းတန်ဖိုးက များပြားနေတယ်၊ ဒါကြောင့် သူဌေးက သူနဲ့လာရောက်တွေ့ဆုံပြီးစကားပြောပါလို့ ညီမောင်ကို ဖိတ်ခေါ်ခိုင်းလိုက်လို့ပါ၊ ဒါကြောင့် ကျွန်တော်နဲ့အတူ သူဌေးရဲ့အိမ်ဂေဟာကို လိုက်ခဲ့ပါလို့ ညီမောင့်ကို ဖိတ်ခေါ်ပါတယ်'

လူရွယ်က ပြုံးလိုက်ပြန်သည်။ သူ၏အပြုံးတွင် လျှို့ဝှက်နက်နဲမှုများ ရှိနေသလော၊

မသိနိုင်တော့ပါ၊ လူရွယ်ကိုယ်တိုင်ကသာ သိနိုင်မည့်ကိစ္စ၊

'ကောင်းပြီလေ၊ ကျုပ်လိုက်ခဲ့ပါ့မယ်'

ယခုမှပင် စာရေးကြီးအဝင်ကျသွားဟန်တူသည်၊ ပြုံးတော့ ရယ်တော့ဖြင့် စကားဝင်ပြောလာသည်။



'ကောင်းတယ်၊ ကောင်းတယ်၊ ညီမောင်ကိုယ်တိုင် လိုက်သွားတော့ သူဌေးနဲ့တွေ့ပြီး ရေရေလည်လည် ပြောချင်တာကို တစ်ခါတည်းပြောလို့ရတာပေါ့ကွယ်'

ကျဲ့စိစုံ့က ခေါင်းကိုတစ်ချက်ကိုင်းပြီး အရှိအသေ ပြုလိုက်သည်။

'ကဲ... ဒီလိုဆို ကျွန်တော်တို့ သွားကြစို့'

ကျဲ့စိစုံ့သည် ပြောပြောဆိုဆိုနှင့် ရှေ့မှ ထွက်သွားသည်။

ပစ္စည်းပေါင်နှံမည့်လူရွယ်သည် ကျဲ့စိစုံ့နောက်မှ လိုက်ပါလာခဲ့သည်။

အပေါင်ဆိုင် စာရေးကြီး... လူတို့နှစ်ယောက်အား တံခါးဝအထိ လိုက်ပို့ပေးသည်။

ကျဲ့စိစုံ့သည် ရှေ့မှ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွားနေသည်။

သူ၏ ခြေလှမ်းအမြန်နှုန်းသည် သာမန်အားဖြင့် ဖြေးလွှားနေသည့် အလား လျှင်မြန်နေသည်။ သာမန်လူတစ်ယောက်အနေဖြင့် ကျဲ့စိစုံ့၏နောက်သို့ အမီလိုက်နိုင်ရန် ခဲယဉ်းသည်။

သူတို့သည် တစ်လမ်းပြီးတစ်လမ်း ကျော်ဖြတ်ခဲ့ကြသည်၊ လမ်းနှစ်လမ်းကျော်ဖြတ်ခဲ့ပြီးနောက် ကျယ်ပြန့်သော လမ်းမကြီးတစ်ခုအတွင်းသို့ ထွေ့ဝင်လိုက်ကြသည်။ ထိုလမ်းကျယ်ကြီးသည် ကျောက်ပြားများ ခင်းထားသည်။ လမ်း၏ တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်တွင် သစ်ပင်ကြီးများ အစီအရီ ပေါက်နေကြသည့် အရိပ်ကာဝါသနှင့် ပြည့်စုံသော လမ်းမကြီးပင်ဖြစ်သည်။

ကျဲစိစုံ့သည် ရှေ့မှ တွင်တွင်သွားနေသည်။ သူ့ရှယ်က နောက်မှ အမီလိုက်လာသည်။ သို့သော် လူရှယ်သည် ကျဲစိစုံ့အား ယှဉ်ပြိုင်လျက် အမီလိုက်နေခြင်းတော့မဟုတ်ပါ။ သူ့နောက်မှ မှန်မှန်သာ လိုက်လာခဲ့ခြင်းဖြစ်သည်။

သူသည် ကျဲစိစုံ့၏နောက်တွင် ပေအနည်းငယ် အကွာမှ ကပ်၍ လိုက်ပါလာခဲ့သည်။

ကျဲစိစုံ့သည် ရှေ့မှ ကိုယ်ဖော့ပညာကို အသုံးပြုပြီး ခပ်သွက်သွက်သွားနေသည်ကို တွေ့ရလည်း။

အိမ်ကြီးတစ်အိမ်ရှေ့သို့အရောက်တွင် ကျဲစိစုံ့သည် ရုတ်တရက် တုံ့ခနဲ ရပ်တန့်လိုက်လေသည်။

လူရှယ်သည် သူ၏နောက် အတော်ဝေးဝေးတွင် ကျန်ရစ်ခဲ့လိမ့်မည်ဟု သူက တွေးထင်နေသည်။

သူသည် အေးအေးဆေးဆေးပင် နောက်သို့ လှည့်ကြည့်လိုက်သည်။ ကျဲစိစုံ့ အံ့သြသွားသည်။

လူရှယ်သည် သူ၏ နောက်နား ပေအနည်းငယ်အကွာတွင် ရောက်ရှိနေသည်ကို မြင်လိုက်ရသည်။



မိမိသည် 'ရှောင်လင်' သိုင်းသမားတစ်ယောက်။ ကိုယ်ဖော့ပညာစွမ်းလည်း ကောင်းမွန်သည်။ မိမိအား တော်ရုံတန်ရုံလူသည် လိုက်မီရန် ခဲယဉ်းသည်။ ထိုလူရှယ်သည် မိမိ၏ ခြေလှမ်းကို အမီလိုက်နိုင်ခဲ့သည်။ သူ၏ ကိုယ်ဖော့ပညာစွမ်းသည် မိမိထက် မည်သည့်နည်းနှင့်မျှ အောက်မကျနိုင်။

ကျဲစိစုံ့သည် ဤသို့တွေးရင်း ရယ်မောလိုက်၏။

'ကဲ....ရောက်ပြီ၊ ညီမောင် ဒီအိမ်ကြီးပါပဲ'

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## ရွှေပြားအိုးဂေဟာကို အလည်လာတာလား

'ရွှေပြားအိုးဂေဟာ'

ထိုဂေဟာကြီးသည် အဆောင်အသွယ်သွယ်တို့ဖြင့်ခမ်းနားကြီးကျယ်လှသော အိမ်ကြီးတစ်ဆောင်ဖြစ်သည်ကို တွေ့မြင်ရလေသည်။

သူတို့သည် ဝင်းခြံအတွင်းသို့ ဝင်ရောက်လာခဲ့ကြလေတော့သည်။

အိမ်ကြီး၏ အဝင်တံခါးမကြီးသို့ရောက်လျှင် တံခါးမကြီးနှစ်ချပ်သည် အဆင်သင့်ဖွင့်ထားပြီးဖြစ်သည်ကို တွေ့မြင်လိုက်ရပြန်သည်။



တံခါးဝတွင် ဝတ်စုံစိမ်းဝတ်လူနှစ်ယောက်သည် ရပ်နေ၏။ သူတို့နှစ်ဦး၏ အသွင်အပြင် သဏ္ဌာန်ကို ကြည့်ရခြင်းအားဖြင့် သိုင်းသမားများ ဖြစ်ကြမည်ကို အလွယ်တကူ သိသာနိုင်၏။

ဤအိမ်ဂေဟာသည်ကား။

နာမည်ကျော် 'ရွှေပြားအိုး'ဂေဟာပင်ဖြစ်သည်။

ထိုရွှေပြားအိုးဂေဟာအား သိုင်းလောကသားတိုင်း သိရှိကြသည်။ သိုင်းလောကတွင် မသိသူရှားမှရှား။ ဤမျှလောက်ထင်ပေါ်ကျော်ကြားသည့် ဂေဟာကြီးတစ်ခုပင် ဖြစ်သည်။

ဂေဟာ၏ အရှင်သခင်မှာ ကျန်းခိုင်ထိုက် ဖြစ်၏။ သိုင်းလောကသားများက သူ့အား ရွှေပြားအိုး ဘွဲ့အမည်ပေးထားကြသည်။

သူ၏ ဘွဲ့အမည်အပြည့်အစုံမှာ ရွှေပြားအိုးကွဲလက်သီးသိုင်းသမားဟု ခေါ်ဝေါ်ကြသည်။

သို့သော် ထိုဘွဲ့အမည်မှာ ရှည်လျားလွန်းသဖြင့် ရွှေပြားအိုး သိုင်းသမားဟူ၍သာ အတိုကောက်ခေါ်ဝေါ်သမှု ပြုခဲ့ကြသည်။

လူရွယ်သည် ကျဲစုံ၏ရှေ့မှ ဦးဆောင်မှုနောက်သို့လိုက်ခဲ့သည်။ အစိမ်းရောင်ဝတ်စုံနှင့်လူနှစ်ယောက်ရပ်နေသော အဝင်တံခါးမကြီးအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဘက်တွင် ကျယ်ပြန့်သော မြေကွက်လပ်ကြီးတစ်ခုကိုတွေ့ရှိရသည်။ ထိုမြေကွက်လပ်အား ကျော်လွန်လာသော် ဒုတိယအဝင်တံခါးပေါက်သို့ ရောက်ရှိလာသည်။

ထိုတံခါးဝတွင်လည်း ဝတ်စုံစိမ်းဝတ်ဆင်ထားသော လူနှစ်ယောက် ရပ်နေကြသည်ကို တွေ့ရှိရပြန်သည်။ ဝတ်စုံစိမ်းနှင့်လူနှစ်ယောက်သည် ကဲ့စိစုံအား ခါးညွတ်၍ အရိုအသေပေးလိုက်ကြ၏။

ဆရာကြီးက အနောက်ဘက်ဆောင် ပန်းဥယျာဉ်ထဲမှာ စောင့်နေပါတယ်၊ ဆရာတို့ရောက်လာရင် အနောက်ဘက်ဆောင်ဥယျာဉ်ကို လိုက်ခဲ့ပါလို့ မှာကြားသွားပါတယ်ခင်ဗျာ"

အစိမ်းရောင်ဝတ်စုံဝတ် လူတစ်ယောက်က အရိုအသေဖြင့် ပြောကြားလိုက်သည်။

ကဲ့စိစုံသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး တံခါးအတွင်းသို့ လှမ်းဝင်လျှောက်သွား၏။ လူရွယ်သည်လည်း နောက်မှဆက်လက် လိုက်ပါသွားသည်။

ရှည်လျားလှသော စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။

စင်္ကြံလမ်းဆုံးလျှင်အနောက်ဘက်ဥယျာဉ်သို့ ရောက်ရှိလာလေသည်။



ဥယျာဉ်အတွင်းသို့ ကျောက်လှေကားထစ်အတိုင်းဆင်းလာခဲ့ကြသည်။

ပန်းဥယျာဉ်အတွင်းဝယ် ပန်းပေါင်းစုံတို့သည် ဝေဆာပွင့်ဖူးနေကြသည်။

ဖြူနီဝါပြာ ရောင်စုံပန်းများသည် ပင်ယံထက်တွင် ပန်းတင့်စွာ အလှချင်းပြိုင်နေကြသည်။

ပန်းဥယျာဉ်၏ အလယ်ဗဟိုတွင် ရေကန်ငယ် တစ်ခုရှိသည်။ ယင်းရေကန်ငယ် အတွင်းဝယ် ကျောက်တုံးကျောက်ဆောင်များဖြင့် သဘာဝရေတံခွန်သဖွယ် ဖန်ဆင်းထားသည်။

ရေကန်အားလှည့်ပတ် လျှောက်လာသည်တွင် အဆောင်တစ်ဆောင်ကို တွေ့ရသည်။ အဆောင်အဝင်ဝ လှေကားရင်းတွင် ဝတ်စုံစိမ်းနှင့်လူနှစ်ယောက် ရပ်စောင့်နေပြန်၏။

ယင်းအဆောင်သည်ကား ဂေဟာ၏အနောက်ဘက်ဆောင်ပင်တည်း။

အဆောင်၏လှေကားမှ အပေါ်ထပ်သို့ တက်လာခဲ့ကြ၏။ လှေကားထစ်များဆုံးလျှင် ခန်းမတစ်ခုကို တွေ့ရသည်။

ထိုခန်းမအတွင်း၌ လူတစ်ယောက် ထိုင်နေသည်ကို တွေ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ သူသည် ခုံမြင့်ကုလားထိုင်တစ်လုံးပေါ်တွင် အခန့်သား ထိုင်နေသည်ကို အကဲခတ်လိုက်သည်။

ထိုလူသည် ဆံပင်များပင် ဖွေးဖွေးဖြူနေလေပြီ။ သူ၏ မျက်နှာသည် နီမြန်းနေသည်၊ သူ၏မျက်လုံးအစုံသည် အရောင် တလက်လက် တောက်ပနေ၏။

ထိုဖုန်ဂျီလ်ကြီးသည် ကျဲစီစုံ နှင့်လူရွှယ်အား မြင်လိုက်သည် နှင့်တစ်ပြိုင်နက် ကုလားထိုင်ပေါ်မှ ရုတ်တရက် ထ၍မတ်တတ် ရပ်လိုက်သည်။

'ဩော်...မင်းတို့ ရောက်လာကြပြီကိုး'

ကျဲစီစုံ သည် ထိုဖုန်ဂျီလ်ကြီးရှေ့တွင် ခြေစုံရပ်လျက် အရိုအသေပြုလိုက်သည်၊ ပြီးနောက် လူရွယ်ဘက်သို့ လှည့်၍ ပြော လိုက်သည်၊

'ဒီကသြီးမောင်၊ ဟောဒါ ကျွန်တော်တို့ရဲ့ သူဌေးကြီးပါပဲ'

လူရွယ်သည် ချက်ချင်းပင် ကိုယ်ကိုညွတ်၍ အရိုအသေပေး လိုက်သည်။

'ဆရာကြီးခင်ဗျာ...ဆရာကြီးရဲ့ ဂုဏ်သတင်းကို ကျွန်တော် ကြားဖူးတာ အတော်ကြာခဲ့ပါပြီ၊ အခုမှပဲဆရာကြီးကိုလူကိုယ် တိုင် တွေ့ဆုံခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းမြောက်မိပါတယ် ခင်ဗျာ'

လူရွယ်က တလေးတစားဖြင့် ပြောလိုက်သည်။



'ဆရာကြီးခင်ဗျာ၊ ပစ္စည်းပေါင်နှံလိုတဲ့မိတ်ဆွေဟာ ဒီညီ မောင်ပါပဲခင်ဗျာ၊ သူဟာ ရိုး အမျိုးအနွယ်ထဲက ဖြစ်တယ်ဆို တာကိုပါ သိရပါတယ် ခင်ဗျာ'

ကျဲစီဒို က ကိုယ်ကိုညွတ်၍ လေးစားသောအနေအထားဖြင့် ဆရာကြီးအား အစီရင်ခံလိုက်သည်။

ဆရာကြီးဆိုသူသည် လူရွယ်အား ခြေဆုံးခေါင်းဆုံး သိမ်း ကြုံး၍ ကြည့်ရှုကာ အကဲခတ်လိုက်သည်၊ သူ အထူးသတိပြုမိ သည်မှာ လူရွယ်၏ပခုံးပေါ်တွင် ထမ်းလာသည့် ရှည်ရှည်မျော မျော အထုပ်တစ်ထုပ်ပင်ဖြစ်သည်။ ထိုအထုပ်သည် ဓားတစ် လက်ပင်ဖြစ်ကြောင်းသိလိုက်သည်၊

ထိုလူကြီးသည် လူရွယ်အား တစ်ချက်ပြုံးပြလိုက်သည်၊

'အထူးညွှေ်သည်မလွှား၊ ဟဲ ထိုင်ကြ ထိုင်ကြ'

လူရွယ်သည် ကုလားထိုင်ပေါ်သို့ ထိုင်လိုက်သည်နှင့် ဝတ်စုံ စိမ်းဝတ်ဆင်ထားသော လူငယ်တစ်ဦးက လင်းပန်းထဲတွင်ထည့် ထားသော လက်ဖက်ရည်ကြွမ်းအိုးနှင့် ပန်းကန်များကို လာ ရောက်ချပေးလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးကား....

အိမ်ရှင်ကျောင်းခိုင်ထိုက်ပင်ဖြစ်သည်။

ထိုက်ယန်းအပေါင်ဆိုင်ပိုင်ရှင် သူဌေးကြီးလည်း ဖြစ်သည်။

ကျောင်းခိုင်ထိုက်သည် ချောင်းတစ်ချက် ဟန့်လိုက်ပြီးနောက် ရယ်ကာမောကာဖြင့်စတင်စကားဆိုလေသည်။

'တူမောင်ရဲ့နာမည်က ဘယ်လိုခေါ်သလဲကွယ့်'

'ကျွန်တော့်နာမည် စိုးကျော်ဟောင်ပါ'

လူမှယ်က မဆိုင်းမတွဖြေလိုက်သည်။

'တူမောင့် အရပ်ဒေသကတော့'

'ချင်းကျွန်းဒေသကပါ ဆရာကြီး'

ကျောင်းခိုင်ထိုက်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ဒီက တူမောင်က ပုလဲတစ်လုံး ပေါင်နှံချင်တယ်လို့ သိရတယ်၊ လူ့ငွေ ငါးထောင်လိုချင်တယ်လို့လဲ ပြောတယ်၊ ဟုတ်သလားကွ စိုးကျော်ဟောင်'

'ဟုတ်ပါတယ် ခင်ဗျာ'

'တူမောင့်ရဲ့ပုလဲလုံးကိုပြစမ်းပါဦး၊ ကျုပ်ကြည့်ပါရစေ'

ကျောင်းခိုင်ထိုက်သည် ပုလဲလုံးကိုဆောင်းရင်း လက်လှမ်းလိုက်သည်။

စိုးကျော်ဟောင်သည်း ချက်ချင်းပင် သူ၏ ရင်ဖုံးအင်္ကျီအိတ်အတွင်းမှ ပုလဲလုံးကိုနှိုက်ယူပြီး ကမ်းလင့်နေသော ဆရာကြီးကျောင်းခိုင်ထိုက်လက်တွင်းသို့ထည့်ပေးလိုက်သည်။

ဆရာကြီးကျောင်းခိုင်ထိုက်သည် ပုလဲလုံးကို အတန်ကြာသည့်တိုင်အောင် စေ့စပ်သေချာစွာ စစ်ဆေးကြည့်ရှုနေသည်။



ပြီးနောက် ကျောင်းခိုင်ထိုက်၏ ဦးခေါင်းသည် မော့လာပြီး တည်ငြိမ်သောလေသံဖြင့်ပြောလေသည်။

'တူမောင့်ကို ကျုပ် တစ်ခုလောက် မေးစမ်းချင်တယ်၊ တူမောင်အဖြေပေးမလား'

'ဆရာကြီးက ဘာများမေးချင်လို့ပါလဲ၊ မေးမှာသာမေးပါ ခင်ဗျာ'

စိုးကျော်ဟောင်က ပြုံးကာရယ်ကာပြောလိုက်သည်။

ကျောင်းခိုင်ထိုက်က သူ့အား စူးစူးစိုက်စိုက် ကြည့်နေသည်။

'တူမောင် ပုလဲလုံးရဲ့ ဇာစ်မြစ်အကြောင်းကိုသိရင် တဆိတ်လောက် ပြောပြပါလား'

'ဒီပစ္စည်းဟာ ကျွန်တော်တို့ ဘိုးဘွားပိုင် အမွေအနှစ်ထဲက ပစ္စည်းတစ်ခုပါပဲ'

စိုးကျော်ဟောင်က မဆိုင်းမတွပင်ပြန်ပြောလိုက်သည်။

ဆရာကြီးကျောင်းခိုင်ထိုက်၏မျက်နှာပြင်တွင် အံ့ဩမှုလက္ခဏာများ ထင်ဟပ်နေသည်။

'ဘိုးဘွားပိုင် အမွေ အနှစ် ပစ္စည်း ဟုတ်လား တူမောင်ပါဖြင့်ရင် တူမောင်ရဲ့ ဖခင်နာမည်ကို တဆိတ်လောက် သိပါရစေ'

စိုးကျော်ဟောင် မျက်နှာတင်းမာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးက ကျွန်တော့်ရဲ့အဖြေနာမည်ကို မေးနေတာဟာ စိတ်ပူလို့လားနဲ့ ဘယ်လိုမျိုး ပတ်သက်နေလို့ပါလဲ'

ဆရာကြီး ကျွင်းနိုင်ထိုက်၏ မျက်နှာ ကွက်ခနဲ မည်းသွားလေသည်။

'အို ကျုပ်က ဒီသဘောနဲ့ တူမောင့်ကို မေးမိတာ မဟုတ်ပါဘူး ကျုပ်သိချင်လို့မေးမိတာပါ။ ဒါနဲ့ မဆီမဆိုင်အဲ မေးရဦးမယ်၊ တူမောင်ဟာ ခေါ်လာကနေ ဆောင်ထားပုံထောက်တော့ သိုင်းလောကသားတစ်ယောက်မဟုတ်ပါလား'

စိုးကျော်ဟောင်သည် ယဲ့ယဲ့လေးပြုံးလိုက်၏။

သူ၏ အထုပ်တွင်း၌ ဓားဆောင်လာသည်ကို ဆရာကြီး ကျွင်းနိုင်ထိုက် သိနေသည်ကို သူက သဘောကျသွားဟန် တူသည်။

'မှတ်ကဲ့၊ ကျွန်တော် သိုင်းလောကထဲ ဝင်လာတာ သိပ်မကြာသေးပါဘူး ခင်ဗျာ'

ဆရာကြီးကျွင်းနိုင်ထိုက်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်လေသည်။

'တူမောင်ရဲ့ မိဘဘိုးဘွားကလဲ သိုင်းလောကသားတွေပဲ ထင်မှါရဲ့'

စိုးကျော်ဟောင်သည် ခေါင်းကို ခါယမ်းလိုက်သည်။



'မဟုတ်ပါဘူး၊ ကျွန်တော့် မိဘနှစ်ပါးစလုံး သိုင်းပညာ မတတ်ကြပါဘူး၊ ကျွန်တော် တစ်ယောက်သာ ဆရာကြီး တစ်ဦးထံမှာ သိုင်းပညာသင်ကြားတတ်မြောက်ခဲ့တာပါ'

ဆရာကြီး ကျွင်းခိုင်ထိုက်၏ နှုတ်မှ 'ဪ' ဟူ၍ တစ်လုံးတည်း ရေရွတ်လိုက်မိသည်။

❖

www.burmeseclassic.com

# အခန်း(၅)

## လျှို့ဝှက်ဆရာ မည်သူနည်း

'တူမောင့်ရဲ့ ဆရာသမားအမည်ကတော့ ဘယ်လိုခေါ်သလဲ ကွယ်၊ ကျုပ် မသိရဘူးလား'

စိုးကျော်ခေါင်၏ မျက်နှာ တည်ငြိမ်သွား၏။

'ကျွန်တော့် ဆရာကြီးမှာ ဘွဲ့အမည် မရှိပါဘူး၊ ပြီးတော့ သူ့ အမည်ကိုလဲ လူသိမခံပါဘူး၊ ဒါကြောင့် ကျွန်တော် မပြောပြနိုင်တာ ကို ခွင့်လွှတ်စေချင်ပါတယ် ခင်ဗျာ'

ဆရာကြီး ကျောင်းခိုင်ထိုက်သည် သူ၏မုတ်ဆိတ်ဖြူဖြူကိုလက်ဖြင့် ဆွဲသပ်ရင်း စဉ်းစားဟန် ပြုနေသည်။



'အင်း၊ တူမောင့် ဆရာသမားဟာ လူသိရှင်ကြား နာမည် မကျော်ကြားလို့တဲ့ ထူးခြားတဲ့ သိုင်းသမား တစ်ယောက် ဖြစ်ရမယ်'

စိုးကျော်ခေါင်သည် မျက်နှာ ရှက်ခနဲ ပျက်သွားသည်။

'ဆရာကြီး ခင်ဗျာ၊ ကျွန်တော်တို့ ကိုးဘုံးပိုင် ပုလဲလုံးနဲ့ ပတ်သက်ပြီး ဇာတ်မြစ် အစဉ်အဆက်ကို မေးမြန်း နေတာဟာ ပုလဲလုံးကို စိတ်ဝင်တစား ရှိနေလို့လား၊ ဒါမှမဟုတ် သံသယ စိတ်များ ဝင်နေလို့လား ခင်ဗျာ'

ဆရာကြီး ကျောင်းခိုင်ထိုက်သည် တဟက်ဟက်ဟက် ရယ်မော လိုက်၏။

ပြီးလျှင် သူ၏ဦးခေါင်းကိုသွက်သွက်ခါ ယမ်းပြလိုက်သည်။

'အိုကွယ် တူမောင် အထင် မှားလိုက်မှ ပါနဲ့၊ ကျုပ်က တူမောင့်ပုလဲလုံးနဲ့ပတ်သက်ပြီး တူမောင့် အပေါ်မှာ ယုံမှား သံသယ ရိုးစဉ်းမျှ မရှိဘူးဆိုတာ၊ တူမောင် ယုံကြည်စေချင် တယ်'

'ကျွန်တော်ဟာ ဆရာကြီးမေးသမျှတွေကို အမှန်အတိုင်း ဖြေကြားပါတယ်၊ ကျွန်တော် ကိုလဲ ကိစ္စတစ်ခုလောက်မေး မြန်းခွင့်ပြုစေချင်ပါတယ်၊ ဆရာကြီး ကျွန်တော့်ကို ဖြေကြား မှာလား'

ဆရာကြီး ကျောင်းခိုင်ထိုက်က လေးလေးနက်နက် ပြုံးပြရင်း ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမေးပါလေ၊ ဘာများမေးချင်လို့လဲ'

'ဆရာကြီးအနေနဲ့ ကျွန်တော် ပုလဲလုံးနဲ့ အလားတူတဲ့ပုလဲကို မြင်ဖူးလိမ့်မယ်လို့ ယုံကြည်ပါတယ်'

ဆရာကြီးကျောင်းခိုင်ထိုက်၏ မျက်နှာသည် ရုတ်ခြည်း ပြောင်းလဲသွားသည်။

သို့သော် ချက်ချင်းပြန်ပြင်လိုက်သည်၊

ဆရာကြီးသည် နှစ်ခြိုက်စွာ ရယ်မောလိုက်သည်။

ပြီးနောက် သူ၏ မျက်နှာကို ဂုဏ်ဒြေ ဆည်၍ တည်ငြိမ်စွာ နေလိုက်သည်၊

'ဒီကကိုမောင်က သိုင်းလောကသားတစ်ယောက်ပဲ မဟုတ်လား၊ ဒီတော့ သိုင်းလောကမှာ အထူးအဆန်းဖြစ်နေတဲ့ 'ပုလဲအမိန့်' ဆိုတာကိုတော့ ကိုမောင်ကြားဖူးမှာပေါ့'

စိုးကျော်ဟောင်က ချက်ချင်း ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော်ကြားဖူးပါတယ်၊ ကျွန်တော်အခု ခိုင်ဖုန်းမြို့ကို လာရောက်ခဲ့တာလဲ ပုလဲအမိန့်ကို မြင်ချင်တွေ့ချင်လို့ပါပဲ ဆရာကြီး'

ဆရာကြီး ကျောင်းခိုင်ထိုက်၏ မျက်နှာပြင်ပေါ်တွင် ထူးခြားသည့် အရိပ် အကွက်များ ပေါ်လွင်ခဲ့နေသည်ကို သတိပြုမိလိုက်သည်၊

'ဒါဖြင့် ပုလဲအမိန့်ကို ကိုမောင်က တွေ့ပြီးပြီလား'

စိုးကျော်ဟောင်၏ မျက်ခုံးတစ်ဖက် တွန့်တက်သွားသည်၊



'အဲ့ဒီ ပုလဲအမိန့်ကို ဆရာကြီးက ပြနိုင်မပြနိုင် ဆိုတာကိုပဲ ကျွန်တော် မေးပါရစေ'

ဆရာကြီးကျောင်းခိုင်ထိုက်၏မျက်နှာ တစ်ချက် ပြောင်းသွားပြန်သည်၊ ဆရာကြီးသည် လေသံကိုထိန်းထိန်း၊အုပ်အုပ်ဖြင့်ပြန်ပြောလိုက်သည်၊

'ကိုမောင့်စကားက အခြေအမြစ်မရှိပါလား၊ ကျုပ်ဆီမှာ ပုလဲအမိန့်ဆိုတာမရှိပါလား'

စိုးကျော်ဟောင်သည် ဆရာကြီး ကျောင်းခိုင်ထိုက်၏ မျက်နှာကို တစ်ချက်မော့ကြည့်လိုက်သည်၊

'ဆရာကြီးခင်ဗျာ၊ ကျွန်တော်ခရီးထွက်လာတုန်းက ရှောင်လင်ကျောင်းက ဆေးသမားတော်ကြီး ဆေးတောင်ပညာရှင် ပျောက်ဆုံးသွားတယ်လို့ ကြားခဲ့ရတယ်၊ သူ့ရဲ့အိပ်ရာပေါ်မှာ ပုလဲအမိန့်(၂)တစ်လုံးကို တွေ့ရတယ်လို့ ဆိုတယ်၊ ရှောင်လင်ကျောင်းက တာဝန်ရှိပုဂ္ဂိုလ်များက အဲဒီပုလဲအမိန့်(၂)ကိုဆရာကြီးဆီက တစ်ဆင့်ပေးအပ်ထားတယ်လို့သတင်းစကြားခဲ့မိတယ်၊ အဲဒီသတင်းတာ အပျင်းပြေ သတင်းစကားတော့ ဟုတ်နိုင်မယ် မဆင်မိပါဘူးခင်ဗျာ'

ဆရာကြီး ကျောင်းခိုင်ထိုက်၏မျက်နှာသည် မည်းသွားသည်၊ ပျက်သွားသည်၊

'ဒီသတင်းစကားကို ကိုမောင်ရဲ့ ဆရာသမားက ပြောလိုက်တာ မဟုတ်လား၊ ဒီအတိုင်းဆိုရင် ကိုမောင့်ရဲ့ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



သမားဟာ သိုင်းလောကမှာဖြစ်ပေါ်နေတဲ့ သတင်းစကားမှန်သမျှကို သိရှိနိုင်တဲ့ပုဂ္ဂိုလ်ကြီးတစ်ဦး၊ လျှို့ဝှက်နေတဲ့ အဆင့်မြင့်သိုင်းသမားကြီးတစ်ဦးသာဖြစ်လိမ့်မယ်'

ဆရာကြီးကျောင်းခိုင်ထိုက်က အေးစက်သောလေသံဖြင့် ပြောလိုက်သည်။

မည်သို့ဆိုစေ... ဆရာကြီးကျောင်းခိုင်ထိုက်သည် တိုတိုပပ ဝန်ခံပြောဆိုခြင်း မပြုသော်လည်း သွယ်ဝိုက်သောအားဖြင့် ထိုသတင်းစကားသည် မှန်ကန်ကြောင်း အရိပ်အမြွက် ပြောဆိုနေလေသည်။

စိုးကျိုဟောင်လည်း ဟက်ခနဲရယ်မောလိုက်သည်။

'ကျွန်တော့်ရဲ့ဆရာသမားဟာ စပ်စုချင်တဲ့အကျင့်ရှိသူတစ်ဦးပါ၊ သူဟာ ဟိုစဉ်ကလဲ စပ်စုခဲ့တယ်၊ အခုလဲ စပ်စုနေတယ်၊ နောက်ကိုလဲ စပ်စပ်စုစုလုပ်ခနဦးမှာပဲ'

ဆရာကြီး ကျောင်းခိုင်ထိုက်သည် စိုးကျိုဟောင်၏စကားကို တွေ့ရှိနားထောင်နေသည်။

'တူမောင်ရဲ့ဆရာသမားဟာ ဘယ်သူလဲဆိုတာကို ပြောစမ်းပါဦး'

စိုးကျိုဟောင် စိတ်ပျက်သွားရပြန်သည်။



'ကျွန်တော် စောစောက ဆရာကြီးကို ပြောပြီးပြီပဲ၊ ကျွန်တော့်ရဲ့ဆရာသမားမှာ ဘွဲ့အမည်မရှိပါဘူးလို့ ကျွန်တော် အစီရင်ခံပြီးပါပြီ၊ တကယ်လို့ ဆရာကြီး သိချင်တယ်ဆိုရင်လဲ ကျွန်တော့် သိုင်းပညာ လက်ရည်လက်သွေးကို စမ်းသပ်ကြည့်ရှုပြီး ကျွန်တော့် ဆရာ မည်သူမည်ဝါဖြစ်တယ်ဆိုတာကို အဖြေရှာကြည့်ပါလို့ တိုက်တွန်းပါရစေ'

ဆရာကြီးကျောင်းခိုင်ထိုက်၏ မျက်နှာဝယ် ဒေါသရောင်လွှမ်းသွားသည်။

'ဒီလိုဆိုတော့ တူမောင် လာခဲ့ရင်းကိစ္စကလဲ ပုလဲပေါင်နှမိုကိစ္စမဟုတ်တော့ဘူးပေါ့၊ ဟုတ်ရဲ့လား တူမောင်'

စိုးကျိုဟောင်က တစ်ချက်ရယ်မောလိုက်သည်။

'ဆရာကြီးကတော့ ကျွန်တော့် ရဲ့ဇာစ်မြစ်ကိုပဲ မေးနေတော့ ကျွန်တော့် ပုလဲပေါင်နှိုရေးကိစ္စကို စိတ်ဝင်စားမရှိဘူးမဟုတ်လားခင်ဗျာ'

ဆရာကြီး ကျောင်းခိုင်ထိုက်၏မျက်နှာသည် အကြီးအကျယ် တင်းမာသွားတော့သည်။

'ဒီမှာ တူမောင်၊ မင်းရဲ့စကားဟာ ကျုပ်ကို မလေးမခန့်ပြောသလိုဖြစ်နေတယ်'

ဆရာကြီးကျောင်းခိုင်ထိုက်၏ မျက်နှာအား ဂရုပြုကြည့်လျှင် ဒေါသအမျက် ထွက်နေသည်ကို သိသာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကျင်းခိုင်ထိုက်အား မလေးမခန့်ပြောဆိုရန်ဝေး စွ၊ ပြန်လည်ပြောဆိုဝံ့သူ မရှိ။ ယခုမူ စို့ကျိုဟောင်သည် ပြန် လှန်ပြောဆိုနေသည်သာမက အမှုပင်မထား၊ မထီလေးစား ဟန် ဖော်ပြနေသည်။

သည့်အတွက် ဆရာကြီး ကျင်းခိုင်ထိုက်၏မျက်နှာ တင်းမာ ခက်ထန်သွားသည်ကိုလည်း ဂရုမစိုက်၊ ပြုံးမျှားပင် ပြုံးရှဲနေ လိုက်သေးသည်။

'ကျွန်တော့်ရဲ့ဆရာသမားဟာ ဘယ်သူ့ကိုမှ အရေးမထား ပါဘူး၊ ပြောစရာရှိရင် အမှန်အတိုင်း ပြောတတ်တယ်၊ ကျွန် တော်ဟာတစ်ဦးတည်းသောတပည့်တစ်ယောက်ပဲ၊ ဒါကြောင့် ကျွန်တော်ဟာ ကျွန်တော့်ဆရာအတိုင်း ဟုတ်သည်မှန်သည်ကို ရဲရဲပြောပါတယ်၊ ဒီအတွက် မည်သူ့ကိုမှ အရေးမထားမိခဲ့ဖူး ပါဘူး'

စို့ကျိုဟောင်၏ အဖြေစကားသည် ဆရာကြီး ကျင်းခိုင် ထိုက်၏ရင့်တွင်းမှ ဒေါသကို ဆွပေးသည့်နှယ်ရှိတော့သည်။

သို့တစေ ဆရာကြီးကျင်းခိုင်ထိုက် ဒေါသက အပြင်သို့ထွက် မလာ။ ချက်ချင်းပင် ဖုံးကွယ်ထားလိုက်သည်။

'ကောင်းပြီလေ၊ တူမောင်ရဲ့ ဆရာကို ကျုပ်က သိချင်နေ တာအမှန်ပဲ၊ ဒီတော့ တူမောင်အကြံပေးသလို လက်ရည်လက် သွေးကိုမြင်ရင် ကျုပ်အနေနဲ့ သိနိုင်မှာပါ'



ဆရာကြီးကျင်းခိုင်ထိုက်သည် ပြောပြောဆိုဆိုပင်သူ၏လက် တွင်းမှ ပုလဲလုံးကို စားပွဲပေါ်သို့ လှမ်းတင်လိုက်သည်။

'တူမောင်က ပုလဲမပါင်ဖို့ကိစ္စနဲ့ လာခဲ့တာမဟုတ်ရင် မင်း ပုလဲကို မင်းပြန်သိမ်းလိုက်တော့'

ဤတွင် စို့ကျိုဟောင်သည် စားပွဲပေါ်မှပုလဲကို လှမ်းယူ လိုက်ပြီး ရင်ဖုံးအင်္ကျီအတွင်းသို့ ပြန်ထည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

### ထိုင်းပြောင်းပြန်ကို ပြိုင်နိုင်မတဲ့လား

ဆရာကြီးကျောင်းခိုင်ထိုက်၏ မျက်လုံးအစုံသည် အရောင်များ တဖျပ်ဖျပ် ဝင်းလက်နေသည်။

သူ၏အသံသည်ခက်ထန်မှုကျော့နေသည်။

'စိစို့'

ဆရာကြီးကျောင်းခိုင်ထိုက်က တင်းမာခက်ထန်စွာ အော်ခေါ် လိုက်သည်။

ကျွဲစိုးသည် ကပျာကယာပင် ဦးညွှတ်အရိုအသေပြုလိုက် သည်။



'ကျွန်တော် ရှိပါတယ်ခင်ဗျာ'

ဆရာကြီးကျောင်းခိုင်ထိုက် မျက်လုံးမြှုး၍ ကျွဲစိုးအား လှမ်း ကြည့်လိုက်သည်။

'ဟောဒီကုလားမောင်ဟာ သူ့ဆရာရဲ့ပညာစွမ်းကို ပြသလိုတယ် တင်တယ်၊ မင်းသူနဲ့ လေးငါးကွက်လောက် လက်ရည်ယှဉ်ပြိုင် ကြည့်လိုက်စမ်း၊ ဒါမှ သူ့ဆရာ ဘယ်သူလဲဆိုတာ ကျုပ်ခန့်မှန်း နိုင်မယ်'

'ဟုတ်ကဲ့၊ ဆရာကြီး အမိန့်အတိုင်း လက်ရည်စမ်းကြည့် လိုက်ပါ့မယ်ခင်ဗျာ'

ကျွဲစိုးသည် ရက်တရက် စိုးကျိုဟောင်ဘက်သို့ လှည့်၍မျက် နှာမူလိုက်သည်။ ပြီးနောက်ကိုယ်ကိုညွှတ်၍ အရိုအသေပြုလိုက် လေသည်။

'ကဲ... ဒီကုလားမောင်က လက်ရည်လက်သွေး စမ်းသပ်ချင် သပဆိုရင်လဲ အိမ်ရှေ့မြေကွက်လပ်မှာ သွားရောက်ယှဉ်ပြိုင်ကြရ အောင်၊ အပြင်မှာဆိုတော့ နေရာကျယ်ကျယ်ဝန်းဝန်းနဲ့ ယှဉ် ပြိုင်ရတာပေါ့'

စိုးကျိုဟောင်က ဟက်ခနဲ တစ်ချက်ရယ်မောလိုက်၏။

'ဒီမှာ နောင်တော်၊ ထိုင်းသမား တစ်ယောက်ဟာ နေရာ ဒေသနဲ့ လက်နက်ရွေးမနေရဘူး၊ မြင်းပေါ်မှာဖြစ်ဖြစ်၊ မြေ ပေါ်မှာပဲကျကျ ဓားလှံလက်နက်မရွေးစတမ်း ကြုံကြိုက်သလို ယှဉ်ပြိုင်ထိုးသတ်ရတယ်....

www.burmeseclassic.com



'နေရာကျဉ်းပေမယ့် ကျွန်တော်တို့ဒီမှာ ယှဉ်ပြိုင်ကြမယ်၊ ဒါမှလဲ ဆရာကြီးဟာ ကျွန်တော်တို့ရဲ့လက်ရည်သိုက်စွမ်းကို မျက်ဝါးထင်ထင် လက်တွေ့ အကဲခတ်ဆော့လာနိုင်မယ် မဟုတ်လား ဆရာကြီး'

ကျဲစီစုံသည် ရှက်ပြုံးကလေးတစ်ချက်ပြုံးလိုက်၏။

'ကောင်းပါပြီ၊ ညီမောင့်ဆန္ဒအတိုင်း ဒီမှာပဲ ပြိုင်ပါမယ်၊ ကဲ ..ပြောနေရင် ကြာတယ်၊ ညီမောင်ကပဲ စတင်လက်စွမ်းပြပေတော့'

စိုးကျိုဟောင်က ရယ်လိုက်ပြန်သည်။

'ကျွန်တော်ဟာ ဘယ်တုန်းကမှ သူတစ်ပါးကိုစပြီး မတိုက်ခိုက်ပါဘူး၊ တိုက်လဲမတိုက်ကတ်ဘူး၊ ဒါကြောင့် နောင်တော်က စတင်ပါ'

စိုးကျိုဟောင်၏ အပြောအဆိုဟန်ပန် အမူအရာများသည် တစ်ဖက်လူကို လုံးလုံးလျားလျား ဂရုမစိုက် အလေးမထားသည့်ဟန်ပေါ်နေသည်။

ကျဲစီစုံသည် ဆရာကြီး ကျင်းခိုင်ထိုက်၏ တပည့်ရင်းတစ်ယောက်၊ ပြီးနောက် ညာလက်ရှုံးလည်း ဖြစ်သည်။

ရှောင်လင် သိုင်းသမားများထဲမှ လက်ရွေးစင် အဆင့်မြင့်သိုင်းသမားတစ်ယောက်လည်း ဖြစ်ပြန်သည်။

သို့သော် စိုးကျိုဟောင်သည် သူ့အား စိုးစဉ်းမျှ အလေးမထား ဂရုမစိုက်ဟန်ဖြင့် အထင်သေးခံရသဖြင့် ဒေါသထွက်နေမိသည်၊ ခံပြင်းနေမိသည်။



သို့သော် ဒေါသကိုမျိုသိပ်ထားလိုက်သည်၊ သူက အတတ်နိုင်ဆုံး ပြုံးပြလိုက်သည်။

'ကဲပါလေ၊ ကျွန်တော်ကပဲ စတင်ပါမယ်'

ကျဲစီစုံသည် ပြောပြောဆိုဆိုပင် အသက်ကိုရှူရှိုက်လုပ်၍ မာန်သွင်းလိုက်သည်။

ပြီးနောက် ရုတ်တရက် သူ၏ ညာလက်ကို ရှေ့သို့ တန်းတန်းမတ်မတ် ဆန့်တန်းထုတ်လိုက်ခြင်းဖြင့် သိုင်းကွက်ဆင်လိုက်သည်။

တစ်ဆက်တည်းမှာပင် စိုးကျိုဟောင်အား စတင်တိုက်ခိုက်တန် ပြင်လိုက်သည်။

'ဟေ ...စီစုံ၊ နေဦး'

ကျဲစီစုံသည် သူပြင်ထားသော သိုင်းကွက် ပြန်လည် ရုပ်သိမ်းလိုက်သည်။

သူ့ဆရာကြီးအား ဦးညွှတ်အရိုအသေပေးလိုက်သည်။

'ဆရာကြီး ဘာများ ပြောလိုပါသလဲ ခင်ဗျာ'

'ဒီသူငယ်ဟာ အဝေးကလာတဲ့ ဧည့်သည် တစ်ယောက်ပဲ၊ သူနဲ့ယှဉ်ပြိုင်တဲ့နေရာမှာ လက်ထွက် မပြင်းစေနဲ့ ဒါပဲ'

လက်ထွက် မပြင်းထန်စေနဲ့ဟူသော စကားအဓိပ္ပာယ်သည် အသက်အန္တရာယ် မဖြစ်စေနဲ့ဟူသည့် သဘောပင်ဖြစ်သည်။

သို့သော် အနီးဧည့်သည်အား သင်ခန်းစာကောင်းကောင်း ပေးလိုက်ပါဟူသည့်သဘောလည်း သက်ရောက်နေသည်။

'ဟုတ်ကဲ့၊ ဆရာကြီး မိန့်မှာချက်အတိုင်း လိုက်နာပါမယ် ခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ကဲ့စီစုံ သည် ထိုသို့ ပြော၍ စိုးကျီဟောင်ဘက်သို့ လှည့်လိုက်သည်။

ဘယ်လက်ဝါးနှင့်ညာလက်သီးကို သူ၏ရင်ဝတွင်ကပ်လျက် ဟန်ရေးပြနေသည်။

'တဲ…ညီမောင်၊ သတိထားပြီး ကာကွယ်ပေတော့'

ကဲ့စီစုံ က သတိပေးစကား ပြောကြားပြီးနောက် ရုတ်တရက် စတင် တိုက်ခိုက်လေတော့သည်။

သူက ဘယ်လက်ဝါးကို လေမှာ ဝှေ့ယမ်းလိုက်ပြီး ညာဘက် လက်သီးဖြင့် စိုးကျီဟောင်၏ ဇက်ပိုးအား လျှပ်ပစ်ပြက် ထိုးနှက်လိုက်သည်။

သူ စတင်အသုံးပြုသော တိုက်ကွက်မှာ ပန်းဖောက်လက်သီး သိုင်းကွက်ပင် ဖြစ်သည်။

ထင်း ပန်းဖောက် လက်သီး သိုင်းကွက် ထိုးနှက်ချက်ကို စိုးကျီဟောင်က ရှောင်တိမ်းခြင်းပင် မပြုလုပ်ခဲ့။

နေရာတွင်ပင် မယ်ဘတ်ခပ်လျက်သား ဟစ်ဖက်လူ၏လက်သီးချက် ရောက်လုလုတွင်မှ ကိုယ်ကို အသာတိမ်းရှောင်ပေးလိုက်သည်။

တစ်ဆက်တည်းမှာပင် ဘယ်ခြေလှမ်းတစ်ဖက်ရှေ့သို့နင်းပြီး ဘယ်လက်တစ်ဖက် မြှောက်ထက်သွားသည်။

ရှေ့သို့ တိုးလာသော ကဲ့စီစုံ၏ ညာဘက် ပခုံးပြင်အား ပုတ်ရိုက်ချလိုက်သည်။



စိုးကျီဟောင်၏ရိုက်ပုတ်ချက်မှာ ဖြည်းညင်းသာယာ၍နေသော်လည်း ကဲ့စီစုံ၏ လက်သီးချက်သည် ဘာကိုထိုးမိကာ ရှေ့သို့ အဟုန်ပြင်းစွာ ဟပ်ထိုးစိုက်ကျသွားသည်။

အရှိန်ဖြင့် ရှေ့သို့ ခြေ လေး–ငါးလှမ်းခန့်အထိ အရှိန်လွန်သွားခဲ့သည်။

ဆရာကြီးကျင်းခိုင်ထိုက်၏မျက်နှာသည် ရုတ်ခြည်းပြောင်းလဲသွားတော့သည်။

ထိုသည် စိုးကျီဟောင်၏ လက်ထွက်ပုံ အကွက် ဆန်းအား ရိပ်စားမိလိုက်သောကြောင့် ဖြစ်သည်။

စိုးကျီဟောင် အခု အသုံးပြုလိုက်သော သိုင်းကွက်သည် ရှောင်လင် နဂါးမင်းဖမ်း သိုင်းကွက် ဆယ့်နှစ်ကွက် အနက်မှ နဂါးတွန်းနည်း သိုင်းကွက် တစ်ကွက်ပင်ဖြစ်သည်။

သို့သော် စိုးကျီဟောင်သည် ယင်းသိုင်းကွက်ကို ပြောင်းပြန် သိုင်းကွက်အဖြစ် အသုံးပြုသွားခဲ့သည်။

နဂါးမင်းဖမ်း သိုင်းကွက် ဆယ့်နှစ်ကွက်သည် ရှောင်လင်သိုင်းပညာ ခုနှစ်ဆယ့်နှစ်မျိုးတွင် အမှတ်စဉ် တစ်ဆယ့်နှစ် ဖြစ်သည်။

ထိုအမှတ်စဉ် တစ်ဆယ့်နှစ် သိုင်းနည်းပညာမှာ သိုင်းအားအကြီး တာခေမာ်၏တပည့်ရင်းများက အကြောင်းပြောင်းကျမ်းမှ ထုတ်နုတ် ကိုသွင်းထားသော ထူးခြားထက်မြက်သည့် သိုင်းကွက် တစ်ကွက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းပညာရပ်ကား ရှောင်လင်ကျောင်းတော်၏ထိပ်တန်းပညာရှင်ပုဂ္ဂိုလ်ကျော်ဆရာကြီးများမှလွဲလျှင် မည်သည့်တပည့်များကိုမှ ဖြန့်ဖြူးသင်ကြားပေးခဲ့ခြင်း အလျဉ်းမရှိခဲ့ပါချေ။

ကဲ့စိစုံသည် ကျင်းခိုင်ထိုက်၏ တပည့်ရင်း ညာလက်ရုံးတစ်ယောက်၊ အဆင့်မြင့်သိုင်းသမားတစ်ယောက်၊

သို့သော်...

သိုင်းကွက် စလျှင်စချင်း တစ်ဖက်လူ၏လက်သိုင်းတစ်ချက်တွန်းပုတ်ခံလိုက်ရရုံဖြင့် ယိမ်းယိုင်သွားခဲ့ရသည်ကို ရှက်သွားမိသည်။

သူသည် မိမိကိုယ်ကိုသာ လျင်မြန်စွာအရှိန်သတ်လျက် တစ်ပတ်ပြန်လှည့်လိုက်၏။ ရုတ်ခြည်းပင် သူ၏လက်နှစ်ဖက်ကို ငှက်ယမ်းတော လွန်းပျံလက်ဝါးချက်များဖြင့် စို့ကျိုဟောင်အား တရကြမ်း တိုးဝင်တိုက်ခိုက်ပြန်သည်။

သူက ရှောင်လင်သိုင်းကွက်တစ်ကွက်ဖြစ်သော ကျားရှိုင်းခုန်အုပ်လက်ဝါးသိုင်းကွက်ကို ပြောင်းလဲ အသုံးပြုလိုက်ခြင်းဖြစ်သည်။

ထိုလက်ဝါးသိုင်းကွက်သည် ပြင်းထန်သည်။ လက်ဝါးရိုက်ချက်တစ်ချက်၏ အင်အားသည် ကျောက်တိုင်တစ်တိုင်ကိုပင် ကြေမွသွားနိုင်စွမ်းရှိသည်။

လက်ဝါးရိုက်ချက်တွန်းအားကြောင့်လေခတ်သံတဝှစ်ဝှစ်ကို ကြားနေရသည်။

ယင်းကြောင့်ပင် ထိုလက်ဝါးသိုင်းကွက်အား ကျားရှိုင်းခုန်အုပ်သိုင်းကွက်ဟူ၍ ခေါ်ဝေါ်သမုတ်ကြသည်။



စို့ကျိုဟောင်သည် နေရာမှာပင် ခြေနှစ်ဖက်ကိုမတ်မတ်ရပ်လျက် ကိုယ်ခန္ဓာအထက်ပိုင်းကသာလျှင် ယိမ်းနွဲ့ကာ ဘယ်ညာရှောင်တိမ်းလုပ်နေသည်။ ကဲ့စိစုံ၏ လက်ဝါးရိုက်ချက်များသည် စို့ကျိုဟောင်၏ ကိုယ်ခန္ဓာအား တစ်ချက်တချွတ်မျှ မှန်မသိ၊ လေကိုသာ တဝှစ်ဝှစ်ရိုက်နေမိသည်။

ကဲ့စိစုံသည် စို့ကျိုဟောင်အား မည်သို့မျှ ထိမိအောင် ရိုက်နိုင်စွမ်းမရှိရကား အရှက်ကြီးရှက်လည်းရနေလေသည်။

သို့အတွက် သူတာ သိုင်းကွက်ကိုရုတ်ခြည်းပြောင်းလိုက်သည်။ သူကကျားသစ်ခြေနုတ်သိုင်းကွက်ဖြင့် ပြောင်းလဲတိုက်ခိုက်လိုက်သည်။

ကျားသစ်ခြေနုတ် သိုင်းကွက်ဆိုသည်မှာ လက်ဖနောင့်ပင့်အားကို အများဆုံးအသုံးချသည့် သိုင်းကွက်ဖြစ်သည်။ ယင်းသိုင်းကွက်သည် လျင်မြန်မှုရှိသလို လှုချင်းလည်း နီးကပ်စွာတိုက်ခိုက်ရသော သိုင်းကွက်တစ်ကွက်ပင်ဖြစ်သည်။

လူအချင်းချင်း အနီးကပ်တိုက်ကွက်ဖြစ်သဖြင့် စို့ကျိုဟောင်သည် အရှောင်အတိမ်း ပြုလုပ်ရာတွင် အခက်အခဲ တွေ့ကြုံလာတော့သည်။

တိုက်ကွက်များမှာလည်း ပိုမိုလျင်မြန် သွက်လက်လာသည်။

ကဲ့စိစုံသည် တစ်အားတက်လာကာ လျပ်တစ်ပြက်လျင်မြန်မှုအဟုန်ဖြင့် တရကြမ်း တိုးနှက်တိုက်ခိုက်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးကျော်ဟောင်သည် ရှေ့ဆင်တိမ်းမှု ခက်ခဲလာသည့်အတွက် ကျဲစိုးညာဘက်လက်ဘစ်ဖက်ကို ရုတ်တရက် ဖမ်းဆုပ်လိုက်သည်။

ဤတွင် ကျဲစိုးသည် အထိတ်တလန့် ဖြစ်သွားသည်။ သူသည် သူ၏ညာလက်ကို ဖမ်းဆုပ်ထားခြင်းမှလွတ်မြောက်သွားစေရန် အစွမ်းကုန်ကြိုးပမ်းနေသည်။ သို့သော် ရုန်းကန်လှုပ်ရှားမရဖြစ်နေ၏။

တခဏအတွင်းမှာပင် စိုးကျော်ဟောင်၏လက် လှုပ်ရှားသွားသည်။ ကျဲစိုး၏ကိုယ်သည် အဆက်သို့ မြောက်တက်သွားပြီး ဆယ်ပေခန့်အကွာသို့ လွင့်ကျသွားလေတော့သည်။

ကျဲစိုးက ခေသူတစ်ယောက်မဟုတ်။ ရှောင်လင်ကျောင်း လက်ရွေးစင်သိုင်းသမားတစ်ယောက် ဖြစ်သည်။ သို့အတွက် စိုးကျော်ဟောင်၏ လွှင့်ပစ်ခြင်းကိုခံလိုက်ရသည့်တိုင်အောင် အခြေအနေမဆိုးလှ။ ကြောင့်တစ်ကောင်နှယ်ပေါ့ပါးလှသည်။ အသာအယာပင်မထိုင်မလဲမကျလာသည်။ ဣန္ဒြေပင်မပျက်။

ကျဲစိုး၏မျက်နှာ နီမြန်းသွားတော့သည်။ သူကရှက်ရှက်ဖြင့် ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

'ဟဲဟဲ...ညီမောင်ရဲ့ လက်စွမ်းလက်စကတော့ အတူးပဲ ကောင်းမွန်ပါတယ်'



ကျဲစိုးက ထုတ်ဖော်ချီးကျူးလိုက်ရင်း စိုးကျော်ဟောင်ထံ မှန်လှားဝင်တိုက်ရန် တန်ပြင်လိုက်ပြန်သည်။

ဆရာကြီးကျင်းခိုင်ထိုက်သည် တစ်ချိန်လုံး စိုးကျော်ဟောင်၏ လက်ရည်တိုက်ကွက်များကို တစ်စိုက်မတ်မတ် ကြည့်ရှုအကဲခတ်နေသည်။

သူအသုံးပြုသွားသော လက်ဆိုင်းကွက်သည် နဂါးဖမ်းသိုင်းကွက်(၁၂)မှ ဖမ်းချုပ်လေးဝင် ခုံးကွက် ဖြစ်သည်ကို သိလိုက်သည်။

သို့သော် သူသည် ဤသိုင်းကွက်တွင် ထုံးစံမစဉ်လာအရ ညာလက်ကို အသုံးပြုရမည့်အစား ဘယ်လက်အား အသုံးချသွားသည်ကို လေ့လာတွေ့ရှိရ၏။

ဆရာကြီးကျင်းခိုင်ထိုက်စိတ်ကူးမိလိုက်သည်။ သူသည်အဘိုးအိုး၏ တပည့်ရင်းတစ်ယောက် ဖြစ်နေလေမည်လား ဟူ၍တွေးထင်လိုက်မိသည်။

ဆရာကြီးကျင်းခိုင်ထိုက်သည် ရုတ်တရက် အော်ပြောလိုက်လေသည်။

'စိုး...ရပ်လိုက်တော့'

ကျဲစိုးသည် စိုးကျော်ဟောင်အား ခုန်လွှားတိုက်ခိုက်ရန် ဟန်ပြင်နေရာမှ ချက်ချင်း ကိုယ်ရှိန်သတ်လိုက်သည်။

'မင်း သူနဲ့မယှဉ်နဲ့တော့၊ မင်းသူ့ကိုမယှဉ်နိုင်ဘူး'

ကျဲစိုးသည် ကျင်းခိုင်ထိုက်၏ ဟန့်တားအမိန့်ပေးချက်ကို မဖီဆန်ဝံ့။ သို့သော် သူ၏စိတ်တွင်းဝယ် အခဲမကျေ။ နောက်တစ်ကြိမ် ယှဉ်ပြိုင်ကြည့်လိုက်ချင်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကျောင်းခိုင်ထိုက်သည် သူ့အားတစ်စုံတစ်ရာ ဆက်၍ မပြောတော့။ သူ ချွတ်တရက် ထိုင်ရာမှ မတ်ဘတ် ရပ်လိုက်ပြီး စိုးကျော်ဟောင်အား တလေးတစားဖြင့် ပြောလိုက်၏။

'အဲ...ညီလေး၊ အေးအေးသက်သာ ထိုင်ပါဦး'

ဆရာကြီးကျောင်းခိုင်ထိုက်သည် သူ့အား တူမောင်ဟု ခေါ်နေရာမှ ညီလေး ဟူ၍ လေသံပြောင်း ခေါ်ဝေါ်လိုက်လေသည်။

ဤသည်မှာ ခင်မင်ရင်းနှီးမှု အတိုင်းအတာတစ်ရပ်ကို ပြဆိုလိုက်ခြင်းပင်ဖြစ်သည်။

အမှန်စင်စစ်သော် ဆရာကြီး ကျောင်းခိုင်ထိုက်သည် စိုးကျော်ဟောင်အပေါ်တွင် ခင်မင်ရင်းနှီးမှုပိုမိုထားရှိသည်မှာပေါ်လွင်နေသည်။

❖

အခန်း (၇)

မိခင်လည်းပျောက် ခြေရာကောက်

လက်ရည်သွေးစမ်းပွဲကလေးကား ပြီးဆုံးသွားလေပြီ။

ဆရာကြီး ကျောင်းခိုင်ထိုက်ကိုယ်တိုင် လက်ရည်လက်သွေးကို ကြည့်ရှုလေ့လာ အကဲခတ်နိုင်ခဲ့သည်။

ကျွဲစိုးသည် သူ၏ဆရာကိုယ်တိုင်ကပင်စိုးကျော်ဟောင်အပေါ်တွင် ချက်ချင်း သဘောထားပြောင်းလဲသွားပုံကို အကဲခတ်သွားသည်။

သို့အတွက် သူ့အပေါ်တွင်ချက်ချင်း သဘောထားပြောင်းသွားပုံကို အကဲခတ်မိသည်မှာ သို့အတွက် စိုးကျော်ဟောင်၏

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာအဆင့် မနိမ့်လှကြောင်း ရိပ်စားမိကာ အသာအယာ မင် ရပ်နေလိုက်သည်။

သူသည် ရယ်ရယ်မောမောနှင့် မူလကုလားထိုင်တွင် ပြန်၍ထိုင်ချလိုက်သည်။

ဆရာကြီးကျောင်းနိုင်ထိုက်သည် သူ့အားစူးစိုက်စွာ ကြည့်နေလိုက်ပြီး ဖြေးအေးသောလေသံဖြင့် စတင်ပြောဆိုလိုက်လေတော့သည်။

'ကျုပ် ညီလေးကို တစ်ခုမေးချင်တယ်၊ ညီလေးက အဖြေပေးမလား'

စိုးကျော်အောင်က လေသံကို ပြောင်း၍ ပြန်ပြောလိုက်လေသည်။

'အစ်ကိုကြီး၊ ဘာများမေးချင်ပါသလဲ၊ မေးမှာသာမေးပါခင်ဗျာ'

'အင်း...ကျုပ်မေးတာက ညီလေးရဲ့ဆရာသမားဟာ အတိုးကြီးတစ်ယောက်များ ဖြစ်မလားလို့'

သူက တစ်ချက်ရယ်မောလိုက်သည်။

'ကျွန်တော်စောစောကတည်းကအစ်ကိုကြီးကိုပြောပြီးပါပြီခင်ဗျာ၊ ကျွန်တော် ဆရာသမားဟာ သူ့ရဲ့အမည်ကို လူသိမခံလိုပါဘူး၊ အစ်ကိုကြီးကို ကျွန်တော့်ရဲ့ ဆရာသမား အမည်ကို



ထုတ်ဖော်မပြောပြနိုင်တာကို ကျွန်တော်အများကြီးဝမ်းနည်းပါတယ်၊ စိတ်မရှိပါနဲ့လို့ ကျွန်တော်ထပ်ပြီး တောင်းပန်ပါရစေ....'

ကျိုးစွာ ဆရာကြီး ကျောင်းနိုင်ထိုက်က တမျှကယာဖင်ပြန် ပြောလိုက်သည်။

'ညီလေး...မပြောနိုင်ရင်လဲ ကိစ္စမရှိပါဘူး၊ အတင်းအကျပ်မမေးလိုတော့ပါဘူး ညီလေး'

ဆရာကြီးကျောင်းနိုင်ထိုက်က သူ့အား အတန်ကြာ စူးစိုက်နေပြီးမှ မေးမြန်းလိုက်ပြန်သည်။

'အခု...ညီလေးဒီကိုရောက်လာတာ ပုလဲအမိန့်ကိစ္စပေါ့၊ မဟုတ်လား'

စိုးကျော်အောင် ချက်ချင်းပင် ခေါင်းညိတ်ပြလိုက်လေတော့သည်။

'ကောင်းပြီလေ၊ ဒီတော့ကာညီလေးကအကျိုးအကြောင်းကိုတော့ သေသေချာချာ ပြောပြဦးမှပေါ့ ဟုတ်ဘူးလား ညီလေး'

ဆရာကြီးကျောင်းနိုင်ထိုက်က လူကြီးပီပီ အရာရာကို ဆင်ခြင်တိုင်းထွာ၍ မေးမြန်းလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီးကို ကျွန်တော်ပြောပြနိုင်သမျှကို အမှန်အတိုင်း ပြောပြပါ့မယ်၊ ကျွန်တော့်ရဲ့မိခင်ဟာ မနှစ်ကပျောက်ဆုံးသွားခဲ့ပါတယ်'

စိုးကျိဟောင်စကားကြောင့် ဆရာကြီး ကျင်းခိုင်ထိုက်သည် အံ့ဩသွားသည်။

အိုဟူချိပင် အာမေဍိတ်သံ ပြုလိုက်မိလေသည်။

'ညီလေးရဲ့မိခင်ဟာ သိုင်းလောကသား တစ်ယောက်ပဲလား'

စိုးကျိဟောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျွန်တော့်မိခင်ဟာ သိုင်းပညာ မတတ်ပါဘူး'

'သိုင်းပညာ မတတ်ဘူး ဟုတ်လား'

ဆရာကြီးကျင်းခိုင်ထိုက် တအံ့တဩဖြစ်သွားသည်။

'တယ်လဲ ထူးဆန်းပါလား၊ ဒီလိုဆိုရင် ညီလေး မိခင် ပျောက်ဆုံးမှုဟာ ပုလဲအမိန့် နှစ်နဲ့ပတ်သက်နေတယ်လို့ ညီလေးက ယူဆလို့လား'

စိုးကျိဟောင် တစ်ယောက် သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။



'အင်း... အမှန် ပြောရရင် ကျွန်တော့် အနေနဲ့ကတော့ မတွေးတတ်အောင်ပါပဲ၊ ကျွန်တော့် ဆရာသမားပြောတာက တော့ ရှောင်လင်ကျောင်းတော်ကြီးကသမားတော်ကြီး 'ဆေးတောင်' ပညာရှင်တစ်ယောက် ပျောက်ဆုံးသွားတုန်းက သူ့ရဲ့ အိပ်ရာထဲမှာ ပုလဲအမိန့် နှစ် တစ်လုံး ကျန်ရစ်ခဲ့တယ်လို့ ပြောပါတယ်၊....

'အခု ကျွန်တော် ခိုင်ဖုန်းမြို့ကို လာခဲ့တာလဲ အစ်ကိုကြီးဆီက ပုလဲအမိန့် အမှတ် နှစ်နဲ့ ကျွန်တော့်ရဲ့ ဘိုးဘွားပိုင်ပုလဲကို တိုက်ဆိုင်စစ်ဆေးကြည့်လိုတဲ့အတွက်ပါပဲ၊ ဘယ်လိုများ တိုက်ဆိုင် တူညီတဲ့အချက်တွေ ရှိမယ်ဆိုတာကို ကျွန်တော် သိချင်လို့ပါ အစ်ကိုကြီး'

ဆရာကြီးကျင်းခိုင်ထိုက်သည် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ဆေးတောင် ဆရာကြီး ပျောက်ဆုံးသွားတဲ့ လတင်းကို ရှောင်လင်ကျောင်းတော်က လျှို့ဝှက်ထားပါတယ်၊ သတင်းဟာ သိုင်းလောကထဲကို ပြန့်ပွားသွားခြင်းလဲ မရှိသေးပါဘူး...

'အေး...ဒါပေမယ့် ညီလေးရဲ့ ဆရာသမား ညွှန်ကြားစေလွှတ်မှုနဲ့ လာခဲ့တယ် ဆိုတော့ ကျုပ်ကလဲ မဖုံးဖိချင်တော့ ပါဘူး၊ ဆေးတောင် ဆရာကြီး ပျောက်ဆုံးသွားပြီးနောက် သူ့ရဲ့အခန်းထဲက ပုလဲအမိန့် အမှတ် နှစ် တစ်လုံးအမှန်ပဲ ရရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်...ရှောင်လင် ကျောင်းတော်က သိုင်းသမားတွေဟာ သိုင်းလောကမှာ လှုပ်ရှားမှု နည်းပါတယ်...

'အဲဒါကြောင့် ရှောင်လင်ကျောင်း တာဝန်ရှိပုဂ္ဂိုလ်များက ဒီကိစ္စကို စုံစမ်းစစ်ဆေးပေးဖို့ ကျုပ်ကို တာဝန်ပေးအပ်ခဲ့တယ်၊ အဲဒီ ပုလဲအမှိန့်(၂)ကိုလဲ ကျုပ်ဆီကိုပေးလိုက်တယ်၊ ခုကျုပ်ဆီမှာရှိတဲ့ ပုလဲအမှိန့်(၂)ကို သွားယူလိုက်ဦးမယ်'

ဆရာကြီးကျွင်းခိုင်ထိုက်သည် မြော့ရှင်းဆိုင်ရှင်း ဖြုန်းစားကြီး အခန်းတွင်းသို့ ဝင်ရောက်သွားလေသည်။

မကြာမီမှာပင် ဆရာကြီးကျွင်းခိုင်ထိုက်သည် အထုပ်ကလေး တစ်ထုပ် လက်ထဲတွင်ကိုင်လျက် အခန်းတွင်းမှ ပြန်ထွက်လာခဲ့သည်။

အထုပ်ကလေးမှာ အဝါရောင်အဝတ် စဖြင့် ထုပ်ထားသည့် အထုပ်ကလေးဖြစ်သည်။

ဆရာကြီး ကျွင်းခိုင်ထိုက်သည် ကုလားထိုင်ပေါ်တွင်ပြန်ထိုင် လိုက်ပြီး အထုပ်ကလေးကိုဖွင့်လိုက်သည်။

ထိုတွင် အထုပ်ကလေးအတွင်းမှ သေတ္တာငယ်လေးတစ်လုံး ထွက်လာသည်။

ယင်းသေတ္တာကလေးကိုဖွင့်၍ လက်မအရွယ်ခန့်ရှိ ပုလဲလုံး တစ်လုံးကိုထုတ်ယူလိုက်သည်။



'ညီလေး၊ ဟောဒါဟာ ပုလဲအမှိန့်(၂)ပဲ'

ဆရာကြီးကျွင်းခိုင်ထိုက်က ပုလဲလုံးကို လှမ်းပေးလိုက်သည်။ စိုးကျိုတောင်က လှမ်းယူလိုက်သည်။

ပြီးနောက် ပုလဲအမှိန့်(၂)ကို သေချာစွာ လေ့လာစ[illegible] ဆေးကြည့်နေလိုက်သည်။ ပုလဲအမှိန့်(၂)တို့လည်း ရွှေကြိုး[illegible] ကလေးဖြင့် တွဲချည်ထားသည်။ ပုလဲလုံးပေါ်တွင် အမှိန့်(၂) ဟူ၍ ရေးထွင်းထားသည်ကိုတွေ့ရသည်။

သူ၏ဘိုးဘွားပိုင်ပုလဲနှင့်တိုက်ဆိုင်စစ်ဆေးကြည့်ရှုရာပုလဲလုံ[illegible] ၏ အရွယ်အစားပမာဏ အနည်းငယ် ကွာခြားသည်မှလွဲ[illegible] အားလုံးသည် အတူတူပင်ဖြစ်သည်။ ရွှေကြိုး ကွင်းဆက်ကလေ[illegible] မှအစ တူညီမှုရှိနေသည်။

စိုးကျိုတောင်သည် 'ပုလဲအမှိန့်(၂)ကို ငုံ၍ ဘယ်ပြန်ညာ[illegible] ပြန် စစ်ဆေးကြည့်ရှုပြီးနောက် ဆရာကြီးကျွင်းခိုင်ထိုက်အား[illegible] မော့ကြည့်လိုက်လေသည်။

'အစ်ကိုကြီး...ဒီကိစ္စနဲ့ပတ်သက်ပြီး သတင်းအစအနကလေး[illegible] များကော စုံစမ်းလို့ မရသေးဘူးလား'

ကျွင်းခိုင်ထိုက်က သူ၏ခေါင်းကိုသာ သွင်သွင် ခါယမ်း[illegible] နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီလေးက ညီလေးရဲ့ဆရာသမားဇာစ်မြစ်ကို မပြောဘူး၊ ညီလေးရဲ့ဆရာသမားက ခိုင်ဖုန်းမြို့ကိုလွှတ်ပြီး ကျုပ်နဲ့တွေ့ခိုင်းတယ်၊ ကျုပ်တို့ ရှောင်လင်သိုင်းသမားတွေဟာ အရပ်ဒေသ တောင်တော်များများမှာ အာမခံဌာနတွေ ဖွင့်ထားတယ်လေ၊ တွက်ကြည့်မယ်ဆိုရင် ဌာနပေါင်း (၄၅)ခုလောက် ရှိလိမ့်မယ်...

'အခု သုံး လေးလအတွင်းမှာ အဲဒီဌာနတွေက ကျုပ်တို့ရဲ့ ညီအစ်ကိုတော်တွေနဲ့ ဆက်သွယ်ပြီးတော့ ပုလဲအမိန့်(၂) ကိစ္စကို စုံစမ်းခိုင်းထားတယ်၊ ဒါပေမယ့် ခုအထိတော့ ဆေးတောင်ဆရာကြီးရဲ့ သတင်းအစအနကို မကြားရသေးဘူးကွယ့်၊ အင်း...ကျုပ်အနေနဲ့ တစ်ခုတော့ စဉ်းစားမိတယ်'

ဆရာကြီးကျောင်းခိုင်ထိုက်သည် စကားကို ဆက်မပြောဘဲ သူ၏ မုတ်ဆိတ်မွေးဖြူဖြူကို လက်ဖြင့်သပ်ရင်း တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေဟန်ရှိသည်။

'အစ်ကိုကြီးက ဘာယ်လိုများ စဉ်းစားမိလို့ပါလဲခင်ဗျာ'

စိုးကျိုဟောင်က အားမလိုအားမရဟန်ဖြင့် မေးလိုက်လေသည်။

ဆရာကြီးကျောင်းခိုင်ထိုက်သည် ရုတ်တရက် ပြန်မပြောသေးဘဲ အတန်ကြာသည်အထိ စဉ်းစားနေဟန်ရှိသည်။

ပြီးမှ သူက ဖြည်းလေးစွာ တစ်လုံးချင်း မေးလိုက်သည်။



'ညီလေးရဲ့အမေဟာ အဆိပ်နည်းပညာကိုများ ထုတ်ဖြောက်ထားသလားကွယ်'

စိုးကျိုဟောင်က ယဲ့ယဲ့ကလေးပြုံးလိုက်သည်။

'အစ်ကိုကြီးကို ကျွန်တော် ပြောပြမြီးပါပကောလား၊ ကျွန်တော့်ရဲ့မိခင်ဟာ သိုင်းလောကသား တစ်ယောက်မဟုတ်ပါဘူး၊ ဒါကြောင့် အဆိပ်နည်းပညာကိုလဲ မတတ်မြောက်ပါဘူးခင်ဗျာ'

ဆရာကြီးကျောင်းခိုင်ထိုက်သည်အားမလျှော့၊ ဆက်လက်မေးမြန်းနေပြန်သည်။

'ဒါဖြင့်ဆေးပညာကိုကောမတတ်မြောက်ဘူးလားညီလေး'

စိုးကျိုဟောင်က မဆိုင်းမတွပင် ခေါင်းခါယမ်းလိုက်သည်။

'ဘာဆေးပညာကိုမှလဲ မတတ်မြောက်ပါဘူး'

ဆရာကြီးကျောင်းခိုင်ထိုက် မျက်ခုံးများ တွန့်တက်သွားသည်။

'ဒီလိုဆိုရင် တယ်ထူးဆန်းပါလား၊ သူတို့ဟာ အကြောင်းတစ်ခုခု ကစ်စုံတရာမရှိဘဲနဲ့ ညီလေးရဲ့မိခင်ကို ဖမ်းဆီးခေါ်ဆောင်သွားလေသလား'

စိုးကျိုဟောင် မျက်လုံးပြူးသွားလေ၏။ အကြောင်းသော်မူ ဆရာကြီးကျောင်းခိုင်ထိုက်၏ စကားအဓိပ္ပာယ်ကို နားမရှင်းသော ကြောင့်ဖြစ်၏။

'အစ်ကိုကြီးပြောတာကို ကျွန်တော် နားမရှင်းဘူး၊ ဘာသဘောလဲ အစ်ကိုကြီး'

ဆရာကြီးကျောင်းခိုင်ထိုက်က ယဲ့ယဲ့ပြုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပါ ညီလေး၊ အခုဘလော သိုင်းလောကမှာဖြစ်ပေါ်ခဲ့တဲ့ ဖြစ်ရပ်ကြီးသုံးခုကို ပေါင်းစပ်ပြီး သုံးသပ်ကြည့်မိတာပါ၊ ဒါပေမယ့် ညီလေးရဲ့မိခင်ဟာ သိုင်းလောကသားတစ်ဦး မဟုတ်ဘူး၊ အဆိပ်သက်နုတ်ပညာနဲ့ ဆေးပညာလဲမတတ်ဘူး၊ ဒါပေမယ့် ညီလေးရဲ့ဆရာသမားဟာ ကျုပ်ဆီလွှတ်ပြီး ပုလဲအမိန့်(၂)ကိစ္စကို စုံစမ်းခိုင်းတယ်၊ ဒီတော့ ညီလေးဆရာသမားအနေနဲ့ ညီလေးမိခင်ပျောက်ဆုံးမှုကိစ္စဟာ ပုလဲအမိန့်(၂)နဲ့ဆက်စပ်နေတယ်လို့တွက်ဆထားပုံရတယ်၊ ဒါကြောင့် သိုင်းလောကသားတစ်ယောက်မဟုတ်လင့်ကစား အဲဒီအမိန့်နဲ့ ဆက်နွယ်နေတယ်လို့ ယူဆတဲ့အကြောင်း ကျုပ်က ပြောမိတာပါ'

'ဪ...ဪ...'

စို့ကျိုဟောင်က ဤမျှသာ မှတ်ချက်ပြုလိုက်နိုင်လေသည်။

ဆရာကြီးကျင်းခိုင်လိုက်ကား သူ၏ထင်မြင်ချက်ကို ဆက်လက်ပြောပြနေပြန်သည်။

'ညီလေးစဉ်းစားကြည့်ပါ၊ ဆေးတောင်သမားတော်ကြီး ပျောက်ဆုံးသွားတဲ့နောက်မှာ သိုင်းလောကထဲက ပညာရှင်နှစ်ဦးကလဲ အချိန်တည်းမှာ ပျောက်ဆုံးသွားခဲ့ကြတယ်မဟုတ်လား၊ လိန်လန်းကပညာရှင်နဲ့ ဖေ့ချွမ်းကပညာရှင်ကြီးနှစ်ဦး ပျောက်ဆုံးသွားခဲ့မှုဟာ ဆက်စပ်နေတယ်၊ အကြောင်းလဲဆိုတော့ သူတို့နှစ်ဦးရဲ့ အခန်းတွင်းမှာ ပုလဲအမိန့်(၂)တစ်လုံးစီ ကျန်ရစ်ခဲ့တယ် မဟုတ်လား၊ ဒီတော့ လူပုဂ္ဂိုလ်တစ်ယောက်၊ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုရဲ့ ကြံစည်လုပ်ဆောင်ချက်တစ်ရပ်လို့ ယူဆနိုင်တယ်'



စို့ကျိုဟောင်က အတန်ငယ် စဉ်းစားစားနေလိုက်၏။

'ကျွန်တော့်မိခင် ပျောက်ဆုံးသွားတော့ ဘာကြောင့် ပုလဲအမိန့်(၂)မထားခဲ့သလဲမသိဘူး'

စို့ကျိုဟောင် စိတ်ပျက်လက်ပျက်နှင့် ညည်းညူပြောဆိုလိုက်သည်။

ဤအချက်ကို သိရှိရန်ခဲယဉ်းသည်။ မည်သူမျှ သိနိုင်မည်မဟုတ်။

ကာလကံရှင်များကသာလျှင် သိနိုင်ကြမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

### ပုလဲအမိန့်ပြဿနာ ဆွေးနွေးစရာ

ဆရာကြီးကျောင်းခိုင်ထိုက်က ဆက်လက်ဆွေးနွေးပြန်သည်။

'ပျောက်ဆုံးသွားတဲ့ သိုင်းပညာရှင်ကြီးသုံးဦးနဲ့ပတ်သက်ပြီး အကြောင်းနှစ်ချက်တွေးဆလို့ရတယ်'

'ဘယ်လိုအကြောင်းနှစ်ရပ်ပါလဲ အစ်ကိုကြီး'

စိုးကျိဟောင်က ရှတ်တရက် သိချင်စိတ်ဖြင့်မေးလိုက်သည်။

'နံပါတ်တစ်အချက်က အဲဒီအဖွဲ့တစ်ဖွဲ့ပဲဆိုကြပါစို့၊ သူတို့ရဲ့ အရှေးကြီးတဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ အဆိပ်မိမယ်၊ ဒါမှမဟုတ် မှုးယစ်မိန်းမေ့ဆေးမိနေမယ်၊ သူတို့အနေနဲ့ ဖြေလို့မရဘူး၊ ဒါကြောင့် ပညာရှင်ကြီးတွေကို ဖမ်းဆီးခေါ်ဆောင်



သွားပြီး အဲဒီပုဂ္ဂိုလ်ကို ကုသခိုင်းမယ်၊ ပျောက်ကင်းနိုင်တဲ့ဆေးကိုဖော်စပ်ခိုင်းမယ်၊ ဒါကတော့အကောင်းဘက်ကလှည့်ပြီး တွေးရတဲ့အချက်တစ်ချက်ပါ'

'ဒါဖြင့် နောက်တစ်ချက်က ဆိုးတဲ့အချက် ဖြစ်မှာပေါ့။ အဲဒီအချက်ကိုလဲ ဘယ်လိုသုံးသပ်တယ်ဆိုတာ အမိန့်ရှိပါဦး အစ်ကိုကြီး'

'နှစ်အချက်ကတော့ ရှင်းပါတယ်၊ အဲဒီအဖွဲ့ကလူတွေဟာ ပညာရှင်ကြီးတွေဖမ်းဆီး၊ သူတို့ရဲ့နည်းပညာတွေကိုအဓမ္မနည်းနဲ့ဖော်ထုတ်နိုင်မယ်၊ ပြီးတော့...'

ဆရာကြီးကျောင်းခိုင်ထိုက်၏စကား မဆုံးလိုက်။ စိုးကျိဟောင်ကြားဝင်မေးမြန်းလိုက်သည်။

'အဆိပ်နည်းပညာနဲ့ မှုးယစ်မိန်းမေ့ဆေးပညာရှင်နှစ်ဦးကတော့ ထားပါတော့၊ ဆေးတော်ဆရာကြီးကိုဖမ်းဆီးတာက ဘယ်လိုအကြောင်းထူးများရှိနိုင်မလဲ အစ်ကိုကြီး'

ဆရာကြီးကျောင်းခိုင်ထိုက်က သဘောကျစွာ ရယ်မောလိုက်လေသည်။

'ကျုပ်တို့ ရှောင်လင်ကျောင်းက ဆေးခအောင်သမားတော်ကြီးဟာ 'ကျောင်းတာန်'လို့ခေါ်တဲ့ အဆိပ်ပေါင်းစုံကို ဖြေနိုင်တဲ့ဆေးစပ်တဲ့နည်းပညာ တတ်မြောက်ထားတယ်ကွယ့်၊ အဲဒီ ကျောင်းတာန်အဆိပ်ဖြေဆေးလုံး ဖော်စပ်နည်းကို ဆရာကြီးက အထူးသိုဝှက်ထားခဲ့တယ်၊ အဆိပ်ဖြေဆေးလုံး ဖော်စပ်နည်းပညာရပ်ကိုလည်း ဆေးတော်ဆရာကြီးတစ်ဦးတည်းသာ သိတယ်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဆေးတောင်ဆရာကြီးကိုဖမ်းသွားတာဟာ ကျောင်တန် အဆိပ်ဖြေဆေးနည်းပညာကို လိုချင်လို့ဖြစ်မယ်'

'ဪ...ဪ၊ ဒီလိုဆိုတော့လဲ ဟုတ်မှာပေါ့လေ'

စိုးကျော်ဟောင်က သဘောပေါက်ဟန်ဖြင့် ပြန်ပြော လိုက်သည်။

ဆရာကြီးကျင်းခိုင်ထိုက်က ဆက်လက်ပြောပြန်သည်။

'ဒါတွင် မကသေးဘူး၊ နောက်ထပ်ချက် စိုးရိမ်စရာ တစ်ခုကို တွေးမိသေးတယ်၊ ဘာလဲဆိုတော့ သူတို့ဟာ လည်ပြင်ပညာရှင်တွေထံက ဆေးပညာအမျိုးမျိုးနဲ့ လျှို့ဝှက် သိုင်းကျမ်းပညာအစုံစုံကို လိုချင် တပ်မက်မောနေလိမ့်မယ်၊ အဲဒီလို ရည်ရွယ်ချက်မျိုးရှိခဲ့ရင် ကျုပ်အထင်အနယ်နယ်အရပ်ရပ်က သိုင်းပညာရှင်တွေ အမြောက်အမြားပျောက်ဆုံးဦးမှာသေချာတယ်၊ ကျုပ်တို့ တွက်ဆသလို ဖြစ်လာခဲ့ရင် ထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းတဲ့ ဖြစ်ရပ်ကြီးတစ်ခု သိုင်းလောကမှာ ပေါ်ပေါက်လာမှာ မုချမလွဲဘူး'

စိုးကျော်ဟောင် မျက်လုံးပြူးသွားရသည်။

'ဘယ်လိုကြောင့်များလဲ အစ်ကိုကြီး'

'အဲဒီလူတွေပဲ ဆိုပါတော့၊ အဖွဲ့သားတွေဟာ ကြီးကျယ်တဲ့ အကြံအစည်တစ်ခုကိုပြုလုပ်ဖို့ နည်းပညာတွေစုဆောင်းနေတာ ဖြစ်မှာပေါ့၊ သူတို့ဟာ အဲဒီ နည်းပညာတွေကို အသုံးပြုပြီး လူတွေကို ဒုက္ခပေးလိမ့်မယ်၊ သိုင်း လောက သားတွေကိုလဲ အန္တရာယ်ပေးလိမ့်မယ်၊ တိုက်ခိုက်လိမ့်မယ်၊ တစ်လောကလုံး



မှာ သူတို့ကသာလျှင် ကြီးစိုးတော့မယ်၊ မင်းမူတော့မယ်၊ ဒါဟာ သေချာပေါက် ဖြစ်ပေါ်လာမယ့် ကိစ္စပဲ'

ဆရာကြီးကျင်းခိုင်ထိုက်က စကားစကို ခေတ္တရပ်ထားလိုက်ပြီးနောက် သူ၏ ဦးခေါင်းကို တဆတ်ဆတ်ညိတ်နေသည်။

'အင်း....ဒီအကြံသမားတွေဟာသိပ်မြန်တယ်၊ လျှို့ဝှက်တယ်၊ ပုလဲအမိန့်နှစ် တွေသာ မထားခဲ့ရင် အစအနကိုတောင် စဉ်းစားနိုင်မယ် မဟုတ်ဘူးကွယ့်'

'ဟုတ်ပါတယ် အစ်ကိုကြီး'

စိုးကျော်ဟောင်က ထောက်ခံပြောဆိုလိုက်သည်။

'ဪ...ဒါထက် ညီလေးကို ကျုပ် မေးပါရစေဦး၊ ညီလေးရဲ့ ဘိုးဘွားပိုင် ပုလဲအမိန့်နှစ်နဲ့ ပတ်သက်တဲ့ ဇာတ်မြစ်အစဉ်အဆက်ကို ညီလေး ဘယ်လောက်သိသလဲ၊ သိသလောက် ပြောပြပါလား'

'ကျွန်တော် သိသလောက် ပြောရရင် ဒီပုလဲအမိန့်နှစ်ကို ကျွန်တော် ငယ်စဉ်ကတည်းက ကျွန်တော့်ရဲ့ လည်မှာ ဆွဲထားခဲ့ရတယ်၊ ကျွန်တော် ဒီလောက်ပဲ သိပါတယ် အစ်ကိုကြီး'

ဆရာကြီး ကျင်းခိုင်ထိုက် မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီလေးရဲ့ဆရာသမားကတော့ ပြောမပြဘူးလားကွယ့်'

စိုးကျော်ဟောင်က ခေါင်းကို ခါယမ်းပြလိုက်သည်။

ပြီးနောက် ရုတ်တရက် ထိုင်ရာမှ ထလိုက်၏။

ဆရာကြီးကျောင်းခိုင်ထိုက်အား အရိုအသေပြုလိုက်သည်။

'ကျွန်တော့်ကို အစ်ကိုကြီးက စိတ်ရှည်လက်ရှည် ရှင်းပြတဲ့အတွက် အထူးပင် ကျေးဇူးတင်ပါတယ်ခင်ဗျား၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ'

စိုးကျော်ဟောင်သည် ယဉ်ကျေးစွာ နှုတ်ဆက်လိုက်သည်။

❖

ဆရာကြီးကျောင်းခိုင်ထိုက်က ချက်ချင်းလက်ပြတားဆီးလိုက်သည်။

'ညီလေး ခဏလောက်ထိုင်ပါဦးကွယ့်၊ ညီလေးကို ကျုပ်ကိစ္စတစ်ခု ပြောပြချင်သေးတယ်'

'အစ်ကိုကြီးက ဘာများပြောချင်လို့လဲ ပြောပါ'

'ဒီမှာညီလေး... စေ့ချွမ်းနယ်က ထန်ထန်းလုံနဲ့ လိန်လန်းနယ်က အန်အိလောက်တို့နှစ်ယောက်သာမကသေးဘူး၊ သိုင်းလောကမှာ အထက်တန်းကျတဲ့နည်းပညာရှင်တစ်ဦးရဲ့ မိသားစု ရှိသေးတယ်ကွယ့်'



'ဘယ်သူများပါလိမ့် အစ်ကိုကြီး'

စိုးကျော်ဟောင်က ချက်ချင်းပင် မေးလိုက်သည်။

'သူတို့ဟာ လိုမေစမ်းရွာကပဲ၊ ဒီမိသားစုဟာ သိုင်းလောကထဲမှာ ဝင်ရောက် လှုပ်ရှားခြင်းမရှိကြဘူး၊ လူသိနည်းကြတယ်၊ ပုလဲအမိန့် ၂ ဟာ သူတို့မိသားစုကို အနှောင့်အယှက်ပေးသေးဘူး၊ အဲ့ဒီတော့ ညီလေးပဲ အဲဒီအိမ်ထောင်စုကို သတိထား အကဲခတ်ကြည့်လိုက်ပါဦး'

စိုးကျော်ဟောင်က ဦးခေါင်းကိုတစ်ချက် ညိတ်ပြလိုက်သည်။

လူ၏အထုပ်ကိုပခုံးပေါ် တင်လျက် ဆရာကြီးကျောင်းခိုင်ထိုက်ထံမှ လှည့်ထွက်လာခဲ့သည်။

ကျဲ့စိုးသည် ထိုးတမ်းစဉ်လာသည်နှင့်အညီ စိုးကျော်ဟောင်အား အိမ်ခြံရောက်သည်အထိ လိုက်ပို့ပေးလိုက်သည်။

ကျဲ့စိုးသည် စိုးကျော်ဟောင် အိမ်အပြင်အရောက်တွင် နှုတ်ဆက်ပြီး ဆရာကြီးကျောင်းခိုင်ထိုက်ထံသို့ ပြန်လာခဲ့သည်။

သူသည် စိုးကျော်ဟောင်၏ သိုင်းပညာကို သိချင်နေသည်။ အတွန့်အမြင်း သိချင်နေသဖြင့် မအောင့်အည်းနိုင်တော့ဘဲ သူ၏ ဆရာအား ခမ်းမြန်းလိုက်ရလေတော့သည်။

'ဆရာကြီးခင်ဗျား၊ စိုးကျော်ဟောင်ရဲ့ ဇာစ်မြစ်ဟာ မခေလှဘူး ဆရာကြီးသူကို ဘယ်လိုမြင်ပါသလဲခင်ဗျာ'

ဆရာကြီးကျောင်းခိုင်ထိုက်သည် အဖြေရခက်ဟန်ဖြင့် အတန်ကြာ စဉ်းစားနေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'သူ့ရဲ့သိုင်းကွက်တွေ အသုံးပြုသွားပုံကတော့ တို့ရှောင်လင်ကျောင်း ရဲ့မူပိုင်ဖြစ်တဲ့နဂါးမှင်းဖမ်း သိုင်းကွက်(၁၂)ပဲကွ၊ ဒါပေမယ့် သူဟာ သိုင်းပြောင်းပြန် အကွက်ဆန်းတွေကို အသုံးပြုသွားတယ်၊ ဒီတော့ ငါတွက်ကြည့်တယ်'

ဆရာကြီးကျင်းခိုင်ထိုက်က စကားကို ဆက်မပြောမီမှာပင် ကဲ့စိစုံက ဝင်ရောက်ပြောလိုက်သည်။

'ဘာလဲဆရာကြီး၊ ဟို လက်ဝဲသိုင်းပြောင်းပြန်ဆရာကြီး'

ကဲ့စိစုံ၏ စကားအဆုံးမသတ်မီ တိုးလှိုတန်းလန်းရပ်နေလိုက်လေသည်။

အဘယ်ကြောင့်ဟူမူ သူ့အား သူ့ဆရာက ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီးနောက် လှည့်ထွက် သွားသောကြောင့်ဖြစ်လေသည်။

အခန်း(၉)

## မှန်ပြိုးမှုန်းမာန် သိုင်းပြောင်းပြန်

လွန်ခဲ့သောအနှစ်ငါးဆယ်ကျော်ခန့်က ဖြစ်သည်။

သိုင်းလောကတွင် လူယက်ခိုးဆိုးသော အဆင့်မြင့် သိုင်းသမားကြီးတစ်ယောက် ပေါ်ထွန်းခဲ့ဖူးသည်။

ထိုသူသည် မည်သူပေနည်း။

ဆိုးသွမ်းသော၊ တရားမဲ့သော သိုင်းသမား တစ်ယောက်ပေလော။

ဤသို့မဟုတ်ပါ။

အမှန်သော် ထူးခြားသော သိုင်းသမားတစ်ယောက်သာ လျှင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပါသည်။

သူ၏ လုပ်ရပ်များသည် အသွင်တစ်မျိုးဖြင့် ထူးထူးခြားခြား ရှိနေသည်။

သူသည် ကြွယ်ဝချမ်းသာသောလူများ၏ပစ္စည်းဥစ္စာရတနာများကို ခိုးယူသည်။ လုယူသည်။

ချမ်းသာကြွယ်ဝသူများ၏စည်းစိမ်ဥစ္စာဆိုလျှင် လက်မရွေး နည်းအမျိုးမျိုးဖြင့် ရအောင်ယူသည်။

ရရှိသော ရွှေငွေရတနာပစ္စည်းများကို သူတစ်ယောက်တည်း သုံးဖြုန်းပစ်သလော။

ထိုသို့မဟုတ်ရပါ။

ခိုးဆိုးသိုက်ခိုက်၍ရသော ပစ္စည်းဥစ္စာများကို ဆင်းရဲသား အလုပ်သမား လယ်သမား လုပ်သားပြည်သူများအား ထောက်ပံ့သည်။ ကူညီသည်။ ဝေငှပေးသည်။

ရည်ရွယ်ရင်းကား ကောင်းမွန်ပ၏။ သို့သော လုပ်ရပ်ကား မမှန်မကန်ဖြစ်နေသည်။ တရားဥပဒေကို ဖောက်ဖျက်ရာ ရောက်နေသည်။

တရားဥပဒေ၏စည်းအပြင်ဘက်သို့ ရောက်နေသည်။

သို့အတွက် ဆိုးသွမ်း သိုင်းသမားကြီး တစ်ယောက်အဖြစ် သတ်မှတ်ထားရှိ၏။ သူ့အား တွေ့ရာသင်္ချိုင်း ဓားမဆိုင်းတဲ့ အသေရရ အရှင်ရရ ဖမ်းဆီးစေရန် အမိန့်ထုတ်ခံထားရသည့် ဆိုးသွမ်းသိုင်းသမားကြီးတစ်ယောက်ပင် ဖြစ်လေသည်။

ထိုသူသည်....



သိုင်းပညာ အထော်စွမ်းသူတစ်ယောက်၊ အဆင့်မြင့် သိုင်း ပညာရှင်တစ်ဦးဖြစ်သည်။

သူ၏လှုပ်ရှားမှုများသည် လေကဲ့သို့ လျင်မြန်သည်။ ဖျတ်လတ်သည်။

သူသည် မည်သူဖြစ်လေသနည်း။

သူသည် မည်သည့်အရပ်ဒေသမှရောက်လာသည်၊ မည်သည့် အရပ်ဒေသတွင် နေထိုင်သည်၊ မည်သည့်အမျိုးအနွယ်က ဖြစ်သည် ဟူသည့် ဇာစ်မြစ်ကို မည်သူ တစ်ဦး တစ်ယောက်ကမျှ အတိအကျမသိရှိကြ။

သူ၏ ဇာစ်မြစ်အကြောင်းအရာကို သိဖို့ပင်ဝေးစွ၊ အမည် တစ်ခုကိုပင် သိနိုင်စွမ်းမရှိခဲ့ကြ။

ထို့ကြောင့် လူအများက သူ့အား အမည်တစ်ခုပေးထား ကြသည်။

ထိုအမည်ကား....

လေတစ်ချက်ဝှေ့ သိုင်းသမားဟူ၍။

ဖြစ်ပါသည်။ သူ့အား ကင်ပွန်းတပ်ထားသည့်အမည်နာမ နှင့် လိုက်ဖက်အောင်ပင် သူ၏လှုပ်ရှားမှုက မြန်ဆန်လွန်းလှ သည်။

www.burmeseclassic.com

www.burmeseclassic.com



လေတစ်ချက်ငွေသိုင်းသမားသည် ထူးခြားသော စိတ်နေစိတ်ထားရှိသူတစ်ယောက်ဖြစ်သည်။

အထူးသဖြင့် မတရားမှုကို ရွံမုန်းသည်။တိုက်ဖျက်ပစ်သည်။

ချမ်းသာ ကြွယ်ဝသူများနှင့် တွေ့ကြုံလျှင် လုံးဝအလွတ်မပေး။ တိုက်ခိုက်လုယူလိုက်သည်ချည်းပင်။

ဤမျှနှင့်မကသေး။သူ၏အကျင့်သိက္ခာတစ်ခုကလည်းရှိသေးသည်။

သိုင်းပညာအားကိုးပြီး မတရားမှုများကျူးလွန်နေသည်ကိုတွေ့လျှပ် မရှောင်၊အမြစ်ပါမကျန်အောင်ပင် တိုက်ခိုက်ချေမှုန်းပစ်ခဲ့သည်။

ထို့ကြောင့် လေတစ်ချက်ငွေ သိုင်းသမားသည် အသင်သဏ္ဌာန်အားဖြင့် ထူးခြားသောသိုင်းသမားတစ်ယောက်အဖြစ်ဆင်းရဲသားလုပ်သားပြည်သူများက မှတ်ချက်ပြုကြသည်။

ထို အသွင်သဏ္ဌာန် ထူးခြားသော လေတစ်ချက်ငွေ သိုင်းသမားတစ်ယောက်သည် ရုတ်တရက် ပျောက်ကွယ်သွားခဲ့၏။

အရှေ့မြို့နေသူအသီးသီးတွင် သူ၏ လှုပ်ရှားမှုများကိုလည်းပြောသံမကြားရဘဲလျှက် စုံးစုံးမြုပ်သွားခဲ့သည်။



သက်ဆိုင်ရာမင်းမှုထမ်းများ၏ အဖမ်းအဆီးကိုခံသွားရလေသလော။

သို့တည်းမဟုတ်၊ ရန်ငြိုးရန်ဘက်များ၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရလေသလော။

မည်သူတစ်စုံတစ်ယောက်ကမျှ မသိရှိကြပါ။ မကြားသိကြပါ။ သူ၏သတင်းကို တစ်မျှင်တစ်စပင် မကြားသိရတော့ပါ။

အမှန်စင်စစ် လေတစ်ချက်ငွေသိုင်းသမားသည် ဟိုနန်နယ်သို့ ရောက်ရှိလာခဲ့သည်။ ခိုးဆိုးတိုက်ခိုက်ခဲ့ရသောဘဝကို ငြီးငွေ့ပြီး သံဃေဂရကာ ရှောင်လင်ကျောင်းရိပ်တွင် ခိုလှုံနေခဲ့သည်။

သူသည်ကား ထိုင်တုံးပင်ဖြစ်၏။

ထိုင်တုံးသည် ရှောင်လင်ကျောင်းတွင် သိုင်းပညာလေ့ကျင့်ရင်း အနှစ် နှစ်ဆယ်ကြာခဲ့သည်။ ထိုအချိန်မှာပင် တစ်ခါက ထိုင်တုံးနှင့် ရန်ငြိုးရန်စရှိသော သိုင်းသမားတစ်ယောက်သည် ရှောင်လင်ကျောင်းသို့ ရောက်လာ၏။

ထိုသိုင်းသမားက ထိုင်တုံးအား တွေ့ရှိ မှတ်မိ သွားပြီး ရှောင်လင်ဆရာကြီးများအား သတိပေးစကား ပြောခဲ့တော့၏။

ထိုသူက သတိပေးသဖြင့် ရှောင်လင် ဆရာကြီးများသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်တုံးအား လမ်းခေါ်ပြကြီးမှန်း သိသွားကြသည်။ ထို့ကြောင့် ဒရှာင်လင်ကျောင်း မှ နှင်ထုတ်လိုက်သည်။

ထိုင်တုံးသည် ရှောင်လင်ကျောင်းကို စိတ်နာပြီး၍ သူတတ်ကျွမ်းခဲ့သော ရှောင်လင်သိုင်းကွက်များကို အခြေခံ ပြောင်းပြန်တိုက်ကွက်များကို တီထွင်ခဲ့သည်။

ထိုအချိန်၌ သူသည် လေတစ်ချက်ငွေ့ သိုင်းသမားဘဝမှ သိုင်းပြောင်းပြန်ဆရာကြီးဘဝသို့ ရောက်ရှိခဲ့လေသည်။

❖

## အခန်း (၁၀)

### မှောင်ရိပ်ထဲမှလူတစ်ယောက်၊ ဓားတစ်စောင်

နေရောင်သည် တောင်စွယ်တွင်ကွယ်ခဲ့လေပြီ။

သို့သော် အမှောင်ထုကား လုံးဝမှောင် ဝါးမျိုခြင်းမပြုသေး

ခိုင်ဖုန်းမြို့၏ အိမ်တိုင်းတွင် မီးရောင်များဖြင့် တလက်လက်လင်းထိန်နေ၏။

လမ်းမကြီးများပေါ်တွင် လူအများ လူးလာဆန်ခတ်သွားလာလှုပ်ရှားနေကြသည်။

တချွမ်ချွမ် တချွင်ချွင်ဖြင့် မြင်းလှည်း မောင်းနှင်သံများ ဆူညံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်သည်ကား….

ညီအစ်ကို မသိတသိအချိန်။

လုလင်ရွယ်တစ်ယောက်သည် လမ်းမကြီးအတိုင်း အစဉ်တစိုက် လျှောက်သွားနေသည်။ ပခုံးထက်တွင် အထုပ်တစ်ထုပ်ကို ထမ်းထားသေးသည်။

သူသည် လမ်းမကြီးဆုံသည်နှင့် လမ်းကျဉ်းကလေးထိပ်သို့ ရောက်ရှိလာသည်။ ကျန်လမ်းကလေးတစ်ဝိုက်တွင် မှောင်မိုက်နေသည်။ လူသူရှင်းနေသည်။

ထိုမှောင်မိုက်သော လမ်းကျဉ်းကလေးထိပ်တွင် လူတစ်ယောက်ရပ်နေသည်ကို လုလင်ရွယ်ကလှမ်းမြင်လိုက်သည်။

ထိုလူ၏မျက်နှာကိုမူ မှောင်ရိပ်တွင် ရပ်နေခြင်းဖြစ်၍ သဲသဲကွဲကွဲမမြင်နိုင်။

မှောင်ရိပ်ခိုနေသူတစ်ယောက်ဖြစ်၍ လူဆိုးသူခိုး ဖြစ်တန်ရာသည်။ ဤသို့မဟုတ်လျှင် လူကောင်းတစ်ယောက်တော့ မဖြစ်နိုင်။

သို့မို့ကြောင့်ပင် လုလင်ရွယ်သည် သတိဝီရိယထား၍ ထိုလူ၏ဘေးမှကပ်၍ လျှောက်လာခဲ့သည်။

အမှောင်ရိပ်မှလူက အထုပ်ထမ်းလာသော လုလင်ရွယ်အား အမှောင်ရိပ်အတွင်းမှ စူးစိုက်ကြည့်နေသည်။

လုလင်ရွယ်သည် ထိုလူ၏ဘေးမှ သတိကြီးစွာဖြင့် ကပ်၍ လျှောက်လာခဲ့သည်။



ဤတွင် မှောင်ရိပ်တွင်းမှလူရွယ်သည် လုလင်ရွယ်၏ခါးတွင် ချိတ်ဆွဲထားသော ရွှေကြိုးတပ်ပုလဲလုံးဆီသို့ မျက်လုံးအကြည့် ရောက်သွားသည်။

ထိုပုလဲလုံးသည် နဂါးမျက်လုံးအရွယ် ပမာဏခန့်ရှိသည်။ လမ်းပေါ်မှ ထိုးထွက်လာသောအလင်းရောင်ကြောင့် ပုလဲလုံးသည် တောက်ပနေသည်။

မှောင်ရိပ်တွင်းမှလူသည် ရုတ်တရက် လမ်းပေါ်သို့ထွက်လာသည်။ အထုပ်ထမ်းလာသော လူရွယ်အနီးသို့ ချဉ်းကပ်လာသည်။

ပြီးနောက် သူက ပြုံးရွှင်သောမျက်နှာဖြင့်ပြောလိုက်သည်။

'အစ်ကိုလေး၊ ကျွန်တော်စောင့်နေတာ အတော်ကြာသွား … ရော့… အစ်ကိုလေးအတွက် အရေးကြီးတဲ့ စာ'

ရုတ်တရက် လုလင်ရွယ်ခမျာကြောင်အမ်းသွားသည်။ သူ၏မျက်လုံးအစုံက ထိုသူအား ထူးဆန်းစွာကြည့်နေမိသည်။

မှောင်ရိပ်တွင်းမှ ထွက်လာသောသူသည် လုလင်ရွယ်၏ လက်ထဲသို့ စာတစ်စောင် အတင်းထိုးထည့်ပေးပြီးနောက် ချာခနဲ ထွက်သွားလေတော့သည်။

လုလင်ရွယ်သည် စာတစ်စောင်ကိုကိုင်လျက် ငေးပြီးရပ်ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူလည်းရွှေ့ယ်သည်ကား....

လူရွယ်သိုင်းသမား စိုးကျော်ဟောင်ပင်ဖြစ်သည်။

သူသည် အမည်မသိသောလူတစ်ယောက်က ပေးသွားသော စာကိုကိုင်ရင်း အံ့ဩနေမိသည်။ စိတ်ဝင်တစားဖြစ်သွား၏။

သို့အတွက် ပေးလာသောစာကို လမ်းမပေါ်တွင် မီးရောင်ဖြင့် ဖွင့်၍ ဖတ်ကြည့်လိုက်မိသည်။

ယင်းစာတွင်....

မဟာ့ဆုတောင်ကုန်းရှိ ချောင်းစောင့်နတ်ကွန်းမှ မျက်စိတစ်လုံးနှင့်လူကို ပေးပါ။

စာပါအကြောင်းအရာမှာ ဤမျှသာဖြစ်သည်။

မည်သို့ဖြစ်စေ၊ စိုးကျော်ဟောင်စိတ်ဝင်စားသွားသည်။

'အင်း...ဒီလူဟာ ငါ့ကိုလူမှားပြီး ပေးသွားတာကိုး'

စိုးကျော်ဟောင်သည် နှုတ်မှရေရွတ်ရင်း ထိုသူ ထွက်သွားရာ နောက်သို့ လှမ်းကြည့်လိုက်သည်။

ထိုလူသည် တစ်ဖက် လမ်းကြားအတွင်းသို့ လျင်မြန်စွာ ဝင်ရောက် ပျောက်ကွယ်သွားသည်။

❖



စိုးကျော်ဟောင်သည် ယင်းစာကိုကိုင်ရင်းမှ တွေသွားသည်။ ပြီး စဉ်းစားလိုက်သည်။

စာပါအကြောင်းအရာအရဆိုလျှင် ပစ္စည်းတစ်ခုခုကို မဟာ့ဆုတောင်ကုန်းမှ ချောင်းစောင့်နတ်ကွန်းဆောင်က မျက်စိတစ်ဖက်ကန်းနေသောလူထံသို့ ပို့ခိုင်းခြင်းသာဖြစ်သည်။

သို့သော် မျက်လုံးတစ်လုံးဆိုသူထံပို့ရန် မည်သည့် ပစ္စည်း တစ်စုံတစ်ရာမှ မပေးသွား။

ဤသို့ဖြစ်လျှင် ဤစာလုံ ကိုင်ပြီးသွားရောက်ရလျှင် မည်သို့ အကြောင်းထူးမည်နည်း။

ပစ္စည်း တစ်စုံ တစ်ရာမရှိဘဲ မည်သို့မျှ အကြောင်းထူးမည် မထင်။

စိုးကျော်ဟောင်သည် အတန်ငယ်ကြာလျှင်ပင် အလေးအနက် စဉ်းစားကြည့်နေမိသည်။

သူ၏မျက်နှာဝင်းလက်သွားသည်။ သူသည် တစ်စုံတစ်ခုကို စဉ်းစားလိုက်မိသည်။

ဤစာမှာ လူမှားပြီး ပေးခဲ့ခြင်းဖြစ်သည်သ။

ထို့ကြောင့် ထိုစာကို လက်ခံယူရန် လာရောက်မည့်သူသည် ငါနှင့် ပုံပန်းသဏ္ဌာန် တူညီသော လူတစ်ယောက်ဖြစ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် မဟူရာတောင်ကုန်းက ချောင်းစောင့်နတ်ကွန်း ဆောင်မှ မျက်လုံးတစ်လုံးထံ ပေးပို့ရမည့်ပစ္စည်းသည် အန္တိုလူ ထံတွင် ပါလာပေလိမ့်မည်။

ဟုတ်သည်။

ခေတ္တခဏမျှ စောင့်ကြည့်လျှင် အဖြေပေါ်နိုင်သည်။

ထိုစာကို လက်ခံမည့်လူ တစ်ယောက်ယောက် ရောက်လာ မည်မှာ ကေန်မလွဲပင်ဖြစ်သည်။

မိမိနှင့် ကိုယ်လုံး ကိုယ်ထည် တူညီသည့် သူ တစ်ယောက် ယောက်လာခဲ့လျှင် ထိုသူသည် စာကိုလက်ခံယူမည့်သူ အစစ် အမှန် ဖြစ်နိုင်သည်။

ဤနည်းအားဖြင့် မိမိလက်ဝဲစာကို ထုသူ့ထံလက်သို့တစ်ဆင့် ကမ်းပေးလိုက်လျှင် အဆင်ပြေနိုင်ပေမည်။

ကောင်းသည်။

ဤအစီအစဉ်မှလွဲ၍ အခြားနည်းကား မရှိတော့လေပြီ။

ထို့အတွက် စိုးကျော်ဟောင်သည် မူလလူ ရပ်စောင့်နေသည့် မှောင်ရိပ်တွင် ရပ်လျက် အန္တိုလူအလာကို ငံ့လင့်ကြိုနေလေ သည်။

မကြာမီမှာပင် လူရိပ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။



ထိုလူရိပ်သည် လမ်းမကြီးအတိုင်း တရွေ့ရွေ့ဖြင့် သူ့ထံသို့ ဦးတည်လျှောက်လာနေသည်ကို တွေ့မြင်ရသည်။

စိုးကျော်ဟောင်သည် မှောင်ရိပ်တွင် ငြိမ်သက်စွာ ရပ်စောင့် နေသည်။

ထိုလူရိပ်သည် တဖြည်းဖြည်းဖြင့် နီးကပ်လာသည်။

လမ်းဘေးမီးရောင်တွင် ထိုလူ၏ တစ်ကိုယ်လုံးအား သေသေ ချာချာ မြင်ရလေပြီ။

သူသည် အပြာရောင်ဝတ်စုံကိုဝတ်ဆင်ထားသူတစ်ယောက် ဖြစ်သည်။

သူ၏ ပခုံးထက်တွင် ရှည်မျောမျော အထုပ် တစ်ထုပ်ကို ထမ်းလာသည်ကို မြင်ရသည်။

သူ၏ ခန္ဓာကိုယ်သည် မြင့်မား တောင့်ခိုင်သော်လည်း မျက် နှာကိုမူ သဲသဲကွဲကွဲမမြင်ရ။

ဝတ်စုံပြာနှင့် လူသည် စိုးကျော်ဟောင်၏ အနီးသို့ ရောက်လာ ခဲ့သည်။

အနီး ရောက်မှပင် ဝတ်စုံပြာနှင့် လူ၏ သွင်ပြင် ဟန်ပန်ကို ကောင်းစွာ အကဲခတ်နိုင်တော့သည်။

သူသည် အသက်အရွယ်အားဖြင့် နှစ်ဆယ့်ငါးနှစ်ခန့်သာ ရှိလိမ့်ဦးမည်ဟု ခန့်မှန်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခါးမှာ ဆွဲထားသည့် ဓားမြှောင်သည် ရှည်လျားလှပေါ့ ... ( ကြေ )

သူ့မျက်နှာ သွေးပြင်သည် ချော့မောသူ တစ်ယောက် ဖြစ်သည်နှင့်အမျှ မာန်မာနကြီးပုံရသည်။

ဝတ်စုံပြာနှင့် လူသည် စိုးကျော်ဟောင်အနီးသို့ ချဉ်းကပ် လာသည်။

စိုးကျော်ဟောင်ကလည်း လက်ထဲမှ စာရွက်ကို ထိုလူ၏ လက်တွင်းသို့ ချတ်ဝါရက် လှမ်းပေးလိုက်သည်။

"အစ်ကိုလေး...ဒီမှာ အစ်ကိုလေးစာပါ၊ ရော့"

ဝတ်စုံပြာနှင့်လူသည် ခြေလှမ်းများ တုံ့ခနဲ ရပ်လိုက်၏။

စိုးကျော်ဟောင် ကမ်းပေးသောစာကို လှမ်းယူလိုက်သည်။

ပြီးလျှင် စကား တစ်လုံးမျှ မပြောဘဲ ဖြန်းစားကြီးဖြင့် စိုးကျော်ဟောင်အား လက်ဝါးစောင်း တစ်ချက် ခုတ်ချလိုက်၏။

စိုးကျော်ဟောင်က လုံးဝမမျှော်လင့်လိုက်။

လူတစ်ယောက်ကို အကြောင်းမဲ့ တိုက်ခိုက်ခြင်းကို မည်သူတစ်ဦးတစ်ယောက်မျှ သတိထားလိမ့်မည်မဟုတ်။

သို့သော် စိုးကျော်ဟောင်သည် လျှပ်တစ်ပြက်နည်းဖြင့် ရှောင်တိမ်းလိုက်နိုင်သည်။

တစ်ခုတော့ ထူးဆန်းသည်။



ထိုသူသည် စိုးကျော်ဟောင်အား နောက်ထပ် ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့။

လျင်မြန်သော အရှိန်အဟုန်ဖြင့် ခုန်လွှား ထွက်သွား လေတော့သည်။

စိုးကျော်ဟောင်သည် ငူငူကြီး ရပ်လျက် ကျန်ရစ်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### ပြေးသူက ပြေးလိုက်သူကလိုက်

စိုးကျော်ဟောင်က စဉ်းစားလိုက်သည်။

'ဒီလူဟာ စာကိုရရင်ရချင်းစာပေးလာတဲ့လူကိုအပြတ်ရှင်းဖို့ အစီအစဉ်ရှိနိုင်ကောင်းတယ်၊ ဒါပေမယ့် ဒီလူဟာ ဆက်ပြီးတိုက်ခိုက်ခြင်းမပြုပါလား။ ဘယ်လိုသဘောပါလိမ့်၊ ယာကြောင့် ဒီလောက် မြန်မြန်ဆန်ဆန် ထွက်သွားရပါလိမ့်'

စိုးကျော်ဟောင်ရင်တွင်း၌ စဉ်းစားစရာများ ပြည့်ကျပ်လာသည်။ သူ့စိတ်လည်း အလွန်ဝင်စားသွားသည်။

အထူးသဖြင့် စာပါအကြောင်းအရာကို ပို၍စိတ်ဝင်စားမိသည်။



စာပေးစာယူစနစ် ကျင့်သုံးပုံနှင့် စာပါအကြောင်းအရာသည် သိုင်းလောကသားများအရေးတကြီး တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ခြင်း၊ ပို့ဆောင်ခြင်းအသွင်ရှိနေသည်။

ဤသည်ကို စိုးကျော်ဟောင် ကောင်းစွာ သဘောပေါက်သွားသည်။

သို့ကြောင့်မို့ပင် ပုလဲ အမိန့်(၂)နောက်လိုက်နေသည့် လူတစ်ယောက်အနေဖြင့် ထိုကိစ္စကို နောက်ယောက်ခံ လိုက်သင့်သည်။

ဝတ်စုံပြာနှင့်လူကိုအကဲခတ်ရင်းမဟာရာတောင်ကုန်း ချောင်းစောင့်နတ်ကွန်းသို့ နောက်ယောင်ခံလိုက်ရန် စိုးကျော်ဟောင်က ဆုံးဖြတ်ချက်ချလိုက်သည်။

ဝတ်စုံပြာနှင့်လူသည် သူ၏နောက်မှ တစ်စုံတစ်ယောက် နောက်ယောင်ခံ လိုက်လာမည်ဟု စိုးစဉ်းမျှထင်မိဟန်မတူ။

နောက်သို့ပင် တစ်ချက်တစ်လေမျှ လှည့်မကြည့်၊ ရှေ့မှတွင်တွင်သာ သွားနေ၏။

ထိုလူသည် ခြေလှမ်းသွက်သွက်ဖြင့် မြို့ရိုးတံခါးအဝဆီသို့ ဦးတည်လျှောက်သွားနေသည်။

မကြာမီ မြို့ရိုး အုတ်နံရံအနီးသို့ ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည် ရုတ်တရက် ပေါ့ပါးသွက်လက်စွာဖြင့် အုတ်နံရံပေါ်သို့ ဖြတ်ခနဲ ကျော်လိုက်သည်။

လျင်မြန်လိုက်သည်မှာဖြစ်ခြင်း၊ မြားကလေးတစ်စင်း ပြေးထွက်သွားလေသလားဟူ၍ပင် ထင်ရသည်။

အုတ်နံရံပေါ်မှ တစ်ဆင့် အောက်သို့ ဝပ်၍ ခုန်ဆင်းလာခဲ့သည်။

စိုးကျော်ဟောင်းက ထိုသူ၏လှုပ်ရှားမှုများကို ထက်ကြပ်မကွာ နောက်မှ အကဲခတ်နေမိသည်။

စိုးကျော်ဟောင်သည် စိတ်ဝင်စားလာပြန်သည်။

အထူးသဖြင့် ဝတ်စုံပြာနှင့်လူကို သံသယဖြစ်မိသည်။

ထိုလူသည် မည်သည့်ပစ္စည်းမျိုးကို မဟာရာတောင်ကုန်း ချောင်းစောင့်နတ်ကွန်းဆောင်က မျက်လုံးတစ်လုံးဆီသို့ သွားရောက်ပို့လေသနည်း။

ထိုသူ၏ လက်တွင်မြင်ခဲ့သည့်ပစ္စည်းဟူ၍ တစ်စုံတစ်ခုမျှ မမြင်ရ။

ထိုအချက်က စိုးကျော်ဟောင်၏စိတ်ကိုကျိတ်၍ နှိုးဆွနေ၏။

စိုးကျော်ဟောင်သိချင်လာသည်။ စိတ်ဝင်စားလာသည်။

ထိုလူသည် မည်သို့သောအကြောင်းကြောင့် အပြေးအလွှား သွားနေရသနည်း။



စိတ်ဝင်စားစရာတစ်ခုထပ်၍ တိုးလာပြန်သည်။

ထို့ကြောင့် စိုးကျော်ဟောင်သည် နောက်မှအမီလိုက်သွား၏။ သို့သော် အလှမ်းအတော်ကွာမှ ခွာ၍ နောက်ယောင်ခံလိုက်သွားခဲ့သည်။

ရှေ့မှပြေးသူကပြေး၊ နောက်ကလိုက်သူကလိုက်သည်။

သို့နှင့် ခရီးဆယ်မိုင်(တရုတ်မိုင်)ခန့် ခရီးပေါက်ခဲ့သည်။

ရှေ့တွင် တောင်ကုန်းရေးရေးကိုပင် လှမ်းမြင် ရလေပြီ။ ယင်းတောင်ကုန်းကား မဟာရာ တောင်ကုန်းပင်တည်း။

ဝတ်စုံပြာနှင့်လူသည် တောင်ခြေသို့တက်မိလျှင် ပြေးလွှား နေခြင်းကို ရပ်တန့်ပစ်လိုက်သည်။

သူသည် ဦးခေါင်းကိုမော့လျက် ဖြည်းညင်း သက်သာစွာ တောလမ်းကလေးအတိုင်း တောင်ကုန်းပေါ်သို့ တက်လာခဲ့လေသည်။

စိုးကျော်ဟောင်သည်လည်း တောလမ်းကလေး အတိုင်းပင် လိုက်၍ ဆုတ်ဆိုင်း ဆုတ်ဆိုင်းနှင့် လိုက်လာခဲ့သည်။

မဟာရာတောင်ကုန်းပေါ်သို့ ရောက်ခဲ့ပေပြီ။

ချောင်းစောင့်နတ်ကြီး နတ်ကွန်းဆောင်သည် တောင်ကုန်း အလယ်တွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စို့ကျိဖောင်သည် ထိုဝတ်စုံပြာနှင့်လူက မျက်လုံးတစ်လုံး လူကို မည်သည့်အရာပစ္စည်းပေးအပ်သည်ကို အတိအကျသိလိုသည်။

သို့အတွက် သူသည် ဝတ်စုံပြာနှင့်လူအနီးသို့ အတန်ငယ်နီးအောင်တိုးကပ်ပြီး လိုက်ပါလာခဲ့သည်။

တောင်ကုန်းပေါ်ဝယ် သစ်ကြီးဝါးကြီးများပေါက်ရောက်နေသည်။ စိမ့်ကြီးမြိုင်ကြီးတစ်ခုနှင့်ပင် တူနေသေးတော့သည်။

သို့အတွက်ကြောင့်ပင် စို့ကျိဖောင်သည် လူယောင်ဖျောက်ရန် ပိုမိုလွယ်ကူလာခဲ့သည်။

သစ်ပင်များကို အကာအကွယ်ယူရင်း ဝတ်စုံပြာ၏အနီးသို့ အတတ်နိုင်ဆုံးကပ်၍ တိတ်တဆိတ်လိုက်လာခြင်းဖြစ်သည်။

များမကြာမီမှာပင် အုပ်ဆိုင်းနေသော သစ်ပင်ကြီးငယ်တို့၏ကြားမှ အုတ်နံရံခင်းခြံစည်းရိုးကို လှစ်ခနဲမြင်လိုက်ရ၏။

ယင်းသည်ကား ချောင်းစောင့်နတ်ကြီး၏နတ်ကွန်းဆောင်ကြီးပင် ဖြစ်သည်။

နတ်ကွန်းဆောင်ကြီး၏ အဝင်တံခါးမကြီးသည် အရှေ့ဘက်သို့ မျက်နှာစာပြုထားသည်။

ချောင်းစောင့်နတ်ကြီး၏ နတ်ကွန်းဆောင်သည် အဆောင်သုံးဆောင်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်လေသည်။



စို့ကျိဖောင်သည် ရုတ်တရက် ညာဘက် အဆောင်နံရံသို့ ပြေးဝင်ကပ်နေလိုက်သည်။

ထိုအဆောင်တံခါးဝတွင် ဝတ်စုံနက်ကိုဝတ်ဆင်ထားသော လူတစ်ယောက် မတ်တပ်ရပ်လျက်ရှိနေသည်ကို လှမ်းမြင်လိုက် လိုက်ရသည်။

ဝတ်စုံပြာနှင့်လူသည် ထိုအဆောင်၏ အဝင်လှေကားရှေ့တွင် တံခနဲရပ်လိုက်သည်။ ဝတ်စုံနက်နှင့်လူသည် လှေကားပေါ်မှ ကပျာကယာဆင်းသက်လာသည်။

ပြီးနောက် ဝတ်စုံနက်နှင့်လူက ဝတ်စုံပြာနှင့်လူအား ခါးကိုညွှတ်၍ အရိုအသေပြုလိုက်သည်။

'ကျွန်တော် ချောင်းစောင့်နတ်ကြီးရဲ့အမိန့်အရ ဒီနေရာမှာ စောင့်နေတာ အချိန်အတော်ကြာသွားပါပြီ'

ဝတ်စုံနက်နှင့်လူက ချိုသာသောလေသံဖြင့် ပြောလိုက်လေသည်။

ဝတ်စုံပြာနှင့်လူက အေးစက်သောဟန်အမူအရာဖြင့် ဝတ်စုံနက်နှင့်လူကိုကြည့်လိုက်သည်။

'အင်း...ခင်ဗျားရဲ့ဘယ်မျက်လုံး ကန်းနေပေမယ့် ညာမျက်လုံးကတော့ ကောင်းကောင်းမြင်နိုင်ပုံတယ်'

ဝတ်စုံပြာနှင့်လူက ဦးခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

'ကောင်းပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံပြာနှင့်လူက သူ၏ရင်ဖုံးအင်္ကျီအိတ်အတွင်းမှ စက္ကူဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ကို ထုတ်ယူလိုက်သည်။ ပြီးနောက် မျက်စိတစ်လုံးကို လှမ်းပေးလိုက်၏။

'မျက်စိတစ်လုံး အဘိုးကြီး၊ ဒီပစ္စည်းဟာ အင်မတန်အရေးကြီးတဲ့ပစ္စည်းဖြစ်တယ်၊ ဒါကြောင့် ခင်ဗျားအထူး ဂရုစိုက်ပြီး ယူသွားပါ'

မျက်စိတစ်လုံးအဘိုးအိုသည် ဝတ်စုံပြာနှင့်လူ လှမ်းပေးသော စက္ကူထုပ်အလေးကို တလေးတစားလှမ်းယူလိုက်ပြီး ပြတ်သားသော လေသံဖြင့် ပြန်ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော် အထူးဂရုစိုက်ပြီးယူသွားပါမယ်...'

ဝတ်စုံပြာနှင့်လူက မျက်စိတစ်လုံးအဘိုးအိုအား အတန်ကြာ စူးစိုက်ကြည့်နေလိုက်သည်။

'ဒီမှာ မျက်စိတစ်လုံးအဘိုးကြီး၊ ခင်ဗျား ကွမ်းယန်ကို ရောက်ရင် ဒီပစ္စည်း ဘယ်ဆီကို ပို့ပေးရမယ်ဆိုတာ တာဝန်ရှိတဲ့လူတစ်ယောက်ယောက် လာပြီးဆက်သွယ်လိမ့်မယ်၊ ခင်ဗျား လိုက်ပြီးရှာဖွေနေစရာ မလိုဘူး၊ ကြားတယ်မဟုတ်လား'

ဝတ်စုံပြာနှင့်လူက တိတိပြတ်ပြတ် မှာကြား လိုက်သည်။

မျက်စိတစ်လုံးအဘိုးအိုက ခေါင်းကိုကိုင်းညွတ်ပြီး အရိုအသေတစ်ချက် ပြုလိုက်၏။



'ဟုတ်ကဲ့၊ ကောင်းလှပါပြီ'

ဝတ်စုံပြာနှင့်လူသည်လည်း နောက်ထပ် ဘာတစ်ခုတစ်ရာမျှ မပြောတော့ဘဲ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

သူသည် လျင်မြန်စွာဖြင့် သစ်ပင်များအကြားတွင် ပျောက်ကွယ်သွားရလေတော့သည်။

စိုးကြီးဟောင်သည် ချောင်းစောင့်နတ်ကြီး နတ်ကွန်းဆောင်၏ မှောင်ရိပ်ကျသော နံရံနံဘေးတွင် ကပ်တွင်ကပ်လျက် ဝတ်စုံနှစ်ဦး၏ ပြောစကားကို နားထောင်ခဲ့သည်။

သူတို့ ပြောသမျှကိုလည်း ကောင်းစွာ ကြားသိလိုက်ရသည်။

စိုးကြီးဟောင်သည် အခြေအနေအရပ်ရပ်ကို လေ့လာ သုံးသပ်ကြည့်မိသည်။

စက္ကူထုပ်အတွင်းဝယ် မည်သည့်ပစ္စည်းများပါလေသနည်း။

အရေးကြီး၍ ဂရုပြုရန် မှာကြားသွားသေးသည်။ သို့အတွက် အဖိုးတန်ပစ္စည်းများပေလော။

သို့ဖြစ်လျှင် ယင်းပစ္စည်းကို မျက်စိတစ်လုံး အဘိုးအိုသည် မည်သူ့ထံသို့ ပေးအပ်မည်နည်း။

ထိုပစ္စည်းသည် အဖိုးတန်ရတနာတစ်ခုဖြစ်လျှင် ဖြစ်မည်။ သို့မဟုတ် အင်မတန်အရေးကြီးသော လျှို့ဝှက်ချက်တစ်ခုခု ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးစိတ်ဝင်စားဖွယ်ကောင်းနေသည်။ အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်ခြင်းကပင် လျှို့ဝှက်ချက်တစ်ခု ဖြစ်သည်။

စိုးကျော်ဟောင်း အလွန်အမင်း စိတ်ဝင်စားသွားသည်။

ယင်း လျှို့ဝှက်ချက်အား အစမှအဆုံးသို့တိုင် နောက်ယောင်ခံလိုက်ရန်လည်း ဆုံးဖြတ်လိုက်တော့သည်။

❖

ထိုစဉ်....

မျက်စိတစ်လုံး အဘိုးအိုသည် သွက်လက် လျင်မြန်သော ခြေလှမ်းများဖြင့် နတ်တွန်းဆောင်မှ ထွက်ခွာ သွားသည်ကို လှမ်းမြင်လိုက်ရသည်။

မျက်တစ်လုံးအဘိုးအို၏ ခြေလှမ်းလှုပ်ရှားပုံကို ကြည့်ရခြင်းအားဖြင့် သိုင်းပညာနှင့် ကိုယ်ဖော့ပညာ အသင့်အတင့်ရှိသူ တစ်ဦးဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်လေသည်။

စိုးကျော်ဟောင်က စဉ်းစားမိပြန်သည်။

ဝတ်စုံပြာနှင့် လူ သို့မဟုတ် သူတို့အဖွဲ့အစည်းမှ ပုဂ္ဂိုလ်သည် ထိုမျှ အရေးကြီးသော လျှို့ဝှက်ချက် ပစ္စည်းကို သင



မန် သိုင်းပညာအဆင့်ရှိသူ မျက်တစ်လုံးအဘိုးအိုအားတာဝန်ယူပို့ဆောင်ခိုင်းခြင်းသည် ပေါ့ဆလွန်းသည်ဟု ထင်မှတ်စရာ ရှိ၏။

သို့သော် မျက်စိတစ်ဖက်လပ်အဘိုးအိုအား လိုက်ပါစောင့်ကြပ်နေသူများရှိကောင်းရှိနိုင်သေး၏။

သူသည် ဤသည်ကိုလည်း အလေးထား၍ စဉ်းစားလိုက်မိမြန်သည်။

သို့အတွက် စိုးကျော်ဟောင်သည် ဘေးပတ်ဝန်းကျင်ကို အထူးဂရုပြုပြီး မျက်စိတစ်လုံးအဘိုးအို ဆင်းသွားရာ လမ်းအတိုင်း တောင်ကုန်းအောက်သို့ ဆင်းလိုက်လာခဲ့သည်။

ရှေ့မှအဘိုးအိုသည် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်ကာ တစ်ရံတခါ ပြေးသွားကာတစ်လှည့်ဖြင့် ခရီးပြင်းနှင်လျက်ရှိ၏။

နောက်မှလိုက်လာသူက စိုးကျော်ဟောင်။

သူက မျက်စိတစ်လုံးအဘိုးအိုနှင့်နီးကပ်စွာမလိုက်ရဲ။ နောက်ကောက်ခပ်လှမ်းလှမ်းအကွာမှ သတိနှင့်လိုက်ပါနေရသည်။

မျက်စိတစ်လုံးအဘိုးအိုအား လိုက်ပါစောင့်ရှောက်နေသူများကိုလည်း တစ်ဖက်က သတိထားနေရသေးသည်။

သူသည် သူ အား တစ်စုံတစ်ယောက်ကမှ အထူးဂရုပြုခြင်း မခံလို။ သို့အတွက် သူ၏ခါးတွင်ချိတ်ဆွဲထားသော ပုလဲလုံးအား ဖြုတ်၍သိမ်းဆည်းထားလိုက်သည်။

မျက်စိတစ်လုံးအဘိုးအိုသည် တစ်ညလုံးခရီးပြင်းနှင်ခဲ့၏။ အရှုတ်မိုင် နှစ်မိုင်ခန့်ခရီးပေါက်လာခဲ့သည်။

သူသည် နံနက်ခင်းအရုဏ်ချိန်တွင် ကျည့်ရဲမြို့သို့ရောက်ရှိလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိတစ်ဖက်လပ်အဘိုးအိုသည် မြို့တွင်းသို့တန်းတန်းမတ်မတ်ဝင်ရောက်လာခဲ့သည်။

မလှမ်းမကမ်းတွင် မယောင်မလည်လိုက်လာသူက စိုးကျီဟောင်း။

သူသည် ညလုံးပေါက် မျက်ခြည်မပြတ်လိုက်လာခဲ့ရသည်။

ခရီးမည်သည့်အရပ်တွင် ဆုံးလေမည်နည်း။

လောလောဆယ်တွင်မူ အဘိုးအိုသွားရာနောက်သို့ကောက်ကောက်ပါအောင်လိုက်နေရဦးမည်သာတည်း။

## အခန်း (၁၂)

### လှည့်ကွက်အဖြာဖြာ မျက်တစ်လုံးမာယာ

ကျည့်ရဲ့မြို့။

နံနက်ခင်း ဝေလီဝေလင်းအချိန်ဖြစ်သည်။

အရာရာသည် သဲကွဲမှုမရှိသေး။ မှုန်ရီဝိုးတဝါးသာ ဖြစ်နေသည်။

မျက်စိတစ်လုံးအဘိုးအိုသည် ကျည့်ရဲ့မြို့တွင်းသို့ စတင်လှမ်းဝင်လာခဲ့သည်။

လမ်းထိပ်ရှိ လမ်းဘေးဆိုင်တစ်ဆိုင်မှ ပဲနောက်ရည်တစ်ခွက်ဝယ်၍ မော့ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် အဘိုးအိုသည် မြို့တွင်းသို့ ဆက်လက်လျှောက်လာခဲ့သည်။

မြို့လယ်ကောင်သို့ ရောက်လာသည်။ တည်းခိုရိပ်သာတစ်ခု အရှေ့သို့အရောက်တွင် အဘိုးအို၏ခြေလှမ်းများသည် တိခနဲ ရပ်တန့်သွားသည်။

တည်းခိုရိပ်သာမှာ ချင်လုံအမည်ရှိ တည်းခိုရိပ်သာ ဖြစ်သည်။

သူသည် တည်းခိုရိပ်သာအတွင်းသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားသည်။

တစ်ညလုံး ခရီးပြင်းပြင်းနှင်ခဲ့ရသဖြင့် အိပ်စက်အနားယူရန် ဖြစ်ဟန်သဏ္ဌာန်ရှိသည်။

စိုးကျော်ဟောင်သည်လည်း ထိုတည်းခိုရိပ်သာရှေ့ စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်ရောက်ပြီး ဆာလောင်မွတ်သိပ်ခြင်းကို ဖြည့်ဆည်းလိုက်ရလေသည်။

ထိုစဉ်...

အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူငယ်တစ်ယောက်သည် မျက်စိတစ်လုံးအဘိုးအို ဝင်ရောက်သွားသော တည်းခိုရိပ်သာအတွင်းသို့ ဝင်ရောက်သွားသည်ကို စိုးကျော်ဟောင်လှမ်းမြင်လိုက်ရသည်။



ထိုလူသည် အဝတ်ဦးထုပ်တစ်လုံးကို ခပ်ငိုက်ငိုက်ဆောင်းထားသည်။

ထိုလူ၏ ပုံပန်းသဏ္ဌာန် ထူးခြားမှု ရှိနေသည့်အတွက် စိုးကျော်ဟောင်က အကဲခတ်ကြည့်ရှုလိုက်၏။

ထိုလူ၏ လှုပ်ရှားမှုကိုကြည့်ခြင်းအားဖြင့် သိုင်းသမားတစ်ယောက်ဖြစ်သည်ကို အလွယ်တကူသိသာနိုင်သည်။

ယခုလိုနံနက်ခင်းဝယ် တည်းခိုရိပ်သာအတွင်းသို့ဝင်ရောက်သွားခြင်းသည် တစ်ညလုံး မအိပ်ခဲ့ရသေးကြောင်း ထင်ရှားနေလေသည်။

ထိုအညိုရောင်ဝတ်စုံနှင့်လူသည် တစ်ညလုံး ခရီးပြင်းနှင်လာခဲ့သည်မှာ ထင်ရှားနေလေသည်။

စိုးကျော်ဟောင်က တွေးထင်နေမိသည်။

ထိုလူသည် မျက်တစ်လုံးအဘိုးအိုအား လိုက်ပါစောင့်ရှောက်နေသူများပေလော။

ထိုသို့ စဉ်းစားနေရင်း ပေါက်စီများကို တစ်လုံးပြီးတစ်လုံး စားနေမိသည်။

ပြီးနောက်ငွေရှင်းပြီးစိုးကျော်ဟောင်သည် ချင်လုံတည်းခိုရိပ်သာသို့ ဝင်ရောက်လာခဲ့သည်။

တည်းခိုရိပ်သာအတွင်းဝယ် လူသူများရှင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညအိပ်တည်းခိုသူများသည် မိုးလင်း၍ မိမိတို့လို ရာခရီးသို့ ထွက်သွားမကြသည့်အတွက် လူများရှင်းနေခြင်းဖြစ်သည်။

ဆိုင်အလုပ်သမားတစ်ယောက်သည် စို့ကျိဟောင် ရိပ်သာတွင်းသို့ ဝင်ရောက်လာသည်ကိုမြင်လိုက်သည်နှင့် ကဗျာကယာ ပစ် ထွက်၍ကြိုဆိုလေသည်။

ချက်ချင်းပင် စို့ကျိဟောင်က ဆိုင်အလုပ်သမားအားလှမ်းပြောလိုက်သည်။

'ကျုပ် ဒီနေ့အတွက်ဒီမှာတည်းခိုချင်တယ်၊ အခန်းကောင်းကောင်း စီစဉ်ပေးစမ်းပါ'

ဆိုင်အလုပ်သမား၏မျက်နှာသည် ပြုံးရွှင်သွားသည်၊

သူသည် ခါးဆို့ ကိုင်းညွတ်ပြီး ရှိကျိုးစွာ အရိုအသေပြုလိုက်သည်၊

'ရပါတယ်ဆရာ...ရပါတယ်၊ ကြွပါ...ကြွပါ၊ ကျွန်တော် အခန်းကောင်းကောင်း စီစဉ်ပေးပါ့မယ်ခင်ဗျာ'

အလုပ်သမားက ဖော်ရွေသွက်လက်စွာဖြင့် ဖိတ်ခေါ်လိုက်သည်၊

စို့ကျိဟောင်သည် ရိပ်သာ၌ကြိုအလုပ်သမား ဦးဆောင်ခေါ်ရာနောက်သို့ လိုက်ပါခဲ့ရင်း စပ်စုလိုက်သည်။

'ခင်ဗျားတို့ တည်းခိုဆောင်လုပ်ငန်းကောင်းရဲ့လားဗျာ'



'သိပ် မဆိုးလှပါဘူး၊ ကျွန်တော်တို့ ဆိုင်က တည်းခိုခန်းပါတယ်၊ ဒါကြောင့် ဧည့်သည်အလာများပါတယ်၊ဆရာတို့လို မနက်ခင်း လာရောက် တည်းခိုတဲ့လူတွေ များများ ရောက်ရင် ကျွန်တော်တို့အတွက် ပိုပြီး တွက်ခြေကိုက်ပါတယ်'

ဟုတ်သည်၊

ရိပ်သာ ဧည့်ကြို အလုပ်သမား ပြောသည်မှာ မှန်ကန်လှသည်၊

ညကတည်းခိုသွားသူများက မိုးလင်းတော့ ထွက်ခွာသွားကြသည်၊

နံနက်တွင် လွတ်နေသောအခန်းများတွင် နေ့လည်တည်းခိုသူများ ထပ်မံရောက်လာသည်၊

ဤသို့ဖြင့် အခန်းတစ်ခန်းသည် တစ်နေ့နှစ်ကြိမ်ငှားရမ်းနိုင်သည် မဟုတ်ပါလား၊

ရိပ်သာအလုပ်သမားသည် အခန်းလွတ်အခန်းတစ်ခန်းအား တံခါးဖွင့်ပေးလိုက်သည်၊

'ဆရာလေး... ဒီအခန်းမှာ တည်းခိုနိုင်ပါတယ်၊ ကြိုက်နှစ်သက်ပါရဲ့လားခင်ဗျာ'

စို့ကျိဟောင်က ခေါင်းညိတ်လိုက်သည်၊

'ကျုပ် သဘောကျပါတယ်'

'ဆရာလေး... အခန်းထဲ ဝင်ပြီး နားနေပါ၊ ကျွန်တော် ဆရာလေးအတွက် ရေနွေးကြမ်း ယူလာပေးပါ့မယ်'

www.burmeseclassic.com

ရိပ်သာအလုပ်သမားသည် ပြောပြောဆိုဆိုပင် ဆိုင်ရှေ့သို့ လှမ်းထွက်သွားလေတော့သည်။

များမကြာမီမှာပင် ရိပ်သာအလုပ်သမား ပြန်ရောက်လာသည်။ လက်ထဲတွင် လက်ဖက်ရည်ကြမ်းပွဲ တစ်ပွဲ ပါလာသည်။

သူသည် လက်ဖက်ရည်ကြမ်းဗန်းကို စားပွဲပေါ်သို့ အသာအယာ ချပေးလိုက်သည်။

ပြီးနောက် အခန်းတွင်းမှ ပြန်ထွက်ရန် ဟန်ပြင်လိုက်သည်။

'ဟိတ်...ဒါနဲ့နေစမ်းပါဦး၊ ခင်ဗျားတို့ရိပ်သာမှာနေ့တိုင်း ပဲမှုန့်သို့ နံနက်ပိုင်း လာတည်းခိုတဲ့ ဧည့်သည်တွေ ရှိတာပဲလား'

စိုးကျော်ဟောင်က စကားမရှိစကားရှာပြီးလိုက်သည်။

အသားလိုက်၍ အရိုးတောင်းသည်ကို ရိပ်သာ အလုပ်သမား မသိလိုက်။

'မနက်ဘက် လာတည်းခိုလဲလူတွေဟာ ညဘက်ခရီးထွက်တဲ့ ဧည့်သည်တွေပဲ၊ အခုတလောမှာတော့ ညရေးညတာအရေး သိပ်မအေးချမ်းတဲ့အတွက် ညဘက် ခရီးထွက်တဲ့လူ နည်းပါတယ်၊ သိပ်မရှိလှပါဘူးခင်ဗျာ'

ရိပ်သာအလုပ်သမားသည် စိုးကျော်ဟောင်အား ရှင်းလင်းပြခြင်း ရယ်မောနေသည်။

'ဒီနေ့မနက်ဆိုရင် ဆရာသမားအပါအဝင် နံနက်ပိုင်းလာတည်းခိုတဲ့ ဧည့်သည်သုံးဦးပဲရှိတယ်'



ရိပ်သာအလုပ်သမားက ပြောလက်စဖြင့်ဆက်ပြောသည်။

စိုးကျော်ဟောင်လည်း အရေးမထားလေဟန်ဖြင့် နေလိုက်၏။

'ဪ- ဪ...ဒီလိုဆိုတော့ ဧည့်သည် နည်းတာပေါ့၊ သူတို့ကတော့ ဘယ်အခန်းတွေမှာ တည်းခိုကြသလဲ'

စိုးကျော်ဟောင်က အမှတ်မထင် မေးမြန်းလိုက်သည်။

'ကျွန်တော်တို့ရိပ်သာမှာ အခန်းမခြောက်ခန်းပဲ ရှိပါတယ်၊ အခု ဆရာသမားတည်းခိုတဲ့ဘက်မှာက သုံးခန်းရှိပါတယ်၊ ဆရာသမားက နောက်ဆုံး ရောက်တဲ့လူဆိုတော့ အခန်းနံပါတ် သုံးပေါ့၊ ကျန်တဲ့ဧည့်သည်နှစ်ယောက်ကတော့ အခန်းနံပါတ်တစ်နဲ့ နှစ်ပေါ့'

ရိပ်သာအလုပ်သမား၏ပြောပုံအရ စိုးကျော်ဟောင် စိတ်ထဲမှ တွေးကြည့်သည်။

မှက်တစ်လုံးအဘိုးအိုက အခန်းတစ်ဖြစ်ပြီး အညိုရောင်ဝတ်စုံနှင့်လူက အခန်းနှစ်ဖြစ်လိမ့်မည်မှာ သေချာသည်။

စိုးကျော်ဟောင်သည် အိပ်ချင်ဟန်ဖြင့် တစ်ချက် သမ်းဝေပြီး ပြလိုက်သည်။

'ကဲ...ကျုပ်လဲအိပ်ချင်ပြီ၊ အခန်းတံခါးကို ခင်ဗျားပဲ ပိတ်သွားလိုက်ပါတော့'

ရိပ်သာအလုပ်သမားသည်လည်း အလိုက်သိစွာဖြင့် အခန်းတွင်းမှ ချက်ချင်းထွက်သွားသည်။

သူသည် အခန်းတံခါးကိုပါ တစ်ခါတည်း ပိတ်ပေးသွားခဲ့လေသည်။

www.burmeseclassic.com



စိုးကျော်ဟောင်သည် အခန်းချင်းကပ်လျက်ရှိသော အခန်းမှ ဝတ်စုံညိုနှင့်လူ၏ လှုပ်ရှားသံကို နားစွင့်လိုက်သည်။

ဝတ်စုံညိုနှင့်လူသည် မအိပ်သေး။ သူ၏ အခန်းတွင်းဝယ် လှုပ်ရှားလူးလွန့်နေသည်ကို တစ်ဖက်ခန်းမှကြားနေရသည်။

စိုးကျော်ဟောင် စဉ်းစားမိပြန်သည်၊

ထိုအညိုမရောင်ဝတ်စုံနှင့်လူသည် မျက်တစ်လုံး အဘိုးအိုကို လိုက်ပါစောင့်ရှောက်နေသူတစ်ယောက်လော့ ဖြစ်ချင် မှဖြစ်နိုင်မည်။

မိမိကဲ့သို့ပင် မျက်တလုံး အဘိုးအို နောက်သို့ လိုက်နေသူ တစ်ယောက်ဖြစ်နိုင်သည်။

စိုးကျော်ဟောင်သည် လက်ဖက်ရည်ကြမ်းတစ်ခွက်ကိုငှဲသောက် လိုက်ပြီး ခုတင်ပေါ်သို့ လှဲအိပ်ချလိုက်လေတော့သည်။

စိုးကျော်ဟောင်သည် နားအလွန်ပါးသူ တစ်ယောက်သာဖြစ်သည်။

အကယ်၍ အိပ်ပျော်သွားသည့်တိုင်အောင် သူနှင့်အခန်းချင်းကပ်လျက်ရှိ အခန်းနှစ်ခန်းမှ ဖြည်းညင်းသောလှုပ်ရှားမှုမျိုးကိုပင် သူကြားနိုင်စွမ်းရှိသည်၊

ထိုအခန်းမှလူများ အခန်းပြင်သို့ထွက်ခဲ့လျှင် သူတို့၏ခြေသံများကို ကောင်းကောင်းကြားနိုင်သည်၊



သို့ကြောင့်ပင် စိုးကျော်ဟောင်သည် စိတ်ချလက်ချအိပ်ပျော်အောင် အိပ်ဝစ်လိုက်သည်။

စိုးကျော်ဟောင် အိပ်ပျော်သွားသည်။

❖

မကြာမီမှာပင် တစ်ဖက်ခန်းမှ လူတစ်ယောက်၏ရေရွတ်သံကို ကြားလိုက်ရသည်။

'တောက်...တော်တော်ဉာဏ်များတဲ့ အဘိုးကြီးပါလား'

စိုးကျော်ဟောင် အိပ်ရာမှ ရုတ်ခြည်းထထိုင်လိုက်သည်။

ဘေးခန်းမှ ပြတင်းပေါက်တံခါးဖွင့်သံ ကြားလိုက်ရသည်။

မျက်တစ်လုံးအဘိုးအိုသည် ပြတင်းပေါက်မှ ခုန်ဆင်းထွက်ပြေးသွားပြီဟူ၍ သူ တွေးလိုက်မိသည်။

သူတို့၏အိပ်ခန်းသုံးခန်းစလုံး ပြတင်းပေါက်များ ရှိသည်။ ပြတင်းပေါက်မှခုန်ဆင်းသွားလျှင် လမ်းကြားကလေးပေါ်ရောက်ရှိနိုင်သည်။

ဝတ်စုံညိုနှင့်လူ၏ပြတင်းပေါက်တံခါးဖွင့်သံကို ကြားရပြန်သည်။

သူသည် မျက်တစ်လုံးအဘိုးအိုနောက်သို့ ခုန်ဆင်းလိုက်သွားပြန်တော့သည်။

စိုးကျော်ဟောင်သည် သူ၏အထုပ်ကိုကောက်ကိုင်လိုက်သည်။ ပြတင်းပေါက်တံခါးကို အသာအယာတွန်းဖွင့်လိုက်၏။

www.burmeseclassic.com



သူသည် ထိုသူ၏နောက်သို့ မြတောင်းပေါက်မှ ခုန်ဆင်းလိုက်သွားရလျှင်ကောင်းလေမည်လားဟူ၍ စိတ်ကူးလိုက်သည်။

သို့ရှိစဉ်။

သူ၏ အခန်းတံခါးပွင့်လာသည်။

သူက ရုတ်တရက်လှည့်ကြည့်လိုက်သည်။ ရိပ်သာ အလုပ်သမားဖြစ်နေသည်ကိုတွေ့ရသည်။

အလုပ်သမား၏မျက်လုံးများ ပြူးကျယ်သွားသည်၊ သူသည် အံ့အားသင့်သွားသည်။

ဆရာသမား၊ မြတောင်းပေါက်က ခုန်ဆင်းမလို့လား၊ အပြင်ထွက်မယ်ဆိုရင်ဆိုင်ရှေ့ကပဲထွက်ပါ၊ မြတောင်းပေါက်က ခုန်ဆင်းရင် ခြေတံတွေ လက်တွေ ကျိုးကုန်ပါမယ်'

ထိုရိပ်သာအလုပ်သမားက စိုးရိမ်တကြီးဖြင့် ပြောလိုက်သည်။

စို့ တံခါးပေါက်က ငြိမ်းချယ်နေသည်။

သူသည် ခိုင်ဖုံ့ အကျီအိတ်အတွင်းမှ ငွေတုံးတစ်တုံးကိုထုတ်ယူလိုက်ပြီး ဆိုင်အလုပ်သမားအားပစ်ပေးလိုက်သည်။

ကျုပ်ဆိုင်ရှေ့ကနေပြီးအပြင်ထွက်ဖို့အချိန်မရဘူး၊ အဲဒီငွေတုံးဟာအခန်းခပဲ၊ ပိုတဲ့ငွေ မင်းယူလိုက်တော့

ပြောပြောဆိုဆို သူသည် ဓားအိတ်ကို ပခုံးပေါ်ထမ်းလျက် အောက်သို့ ခုန်ဆင်းသွားလေတော့သည်။

သူသည် စော်စိုပြာနှင့်လူက မျက်တစ်လုံးအတိုးအိုအား ပြောကြားထားသော စကားတစ်ခွန်းကို မှတ်မိထားခဲ့ သေးသည်

ယင်းစကားမှာ....



'ခင်ဗျား ကျွမ်းယန်ကိုရောက်ရင် ပစ္စည်းကို ဘယ်ကိုပို့ရမယ်ဆိုတာ တာဝန်ရှိတဲ့လူတစ်ယောက်ယောက်လာပြီး ဆက်သွယ်လိမ့်မယ်၊ ခင်ဗျား လိုက်ရှာနေဖို့မလိုဘူး' ဟူသည့် စကားပင်ဖြစ်သည်။

ကျည်ရှဲ့မြို့မှ ကျွမ်းယန်မြို့သို့သွားရန် လမ်းမကြီးတစ်လမ်းသာရှိသည်။ မြို့တံခါးမှထွက်လျှင် ထိုလမ်းမကြီးသည် တောင်ဘက်ဆီသို့ ဦးတည်ဖြောင့်ဖြောသွားသည်။

သူသည်ထိုလမ်းမကြီးတစ်လျှောက် ကိုယ်ဖော့ပညာအသုံးပြုလျက် နောက်မှ ပြေးလိုက်သွားသည်။

နေမွန်းတည့်ချိန်တွင် လုံကျိုသို့ရောက်ရှိလာခဲ့သည်။

လုံကျိုသည် မြို့ကလေးတစ်မြို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၃)

### ခေါက်ဆွဲဆိုင်အတွင်းမှရန်ပွဲ

ထိုကျိုမြို့အဝင်....၊

မြို့၏အဝင်လမ်းထိပ်တွင် ခေါက်ဆွဲတစ်ဆိုင်ရှိ၏။

ထိုကျိုမြို့ကလေးသို့ ရောက်ရှိလာသူတိုင်းသည် ထိုခေါက်ဆွဲဆိုင်သို့ဝင်ရောက်၍ ဆာလောင်မွတ်သိပ်သောဝမ်းကို ဖြည့်စွမ်းလျက်ရှိသည်၊

တစ်နည်းဆိုသော် ကုန်းထောက်စခန်းတစ်ခု ဖြစ်သည်၊

ဆိုင်းအတွင်းဂယ် လူအများ စည်ကားနေသည်၊ စားသောက်သူများ၏ ပန်းကန်သံ ဇွန်းသံနှင့် စားပွဲထိုးများ၏ အော်သံများ ဆူညံသွားသည်၊



စို့ကျိုဟောင်သည် ခေါကိုထမ်းကျက် ခေါက်ဆွဲဆိုင်အတွင်းသို့ ဝင်ရောက်လာခဲ့သည်၊

ခေါက်ဆွဲဆိုင်အတွင်းသို့ ရိပ်ခနဲ မျက်စိကစားကြည့်လိုက်သည်၊

စို့ကျိုဟောင်၏မျက်လုံးများက တောက်ပသွားသည်၊

အဘယ့်ကြောင့်ဟူမူ အခန်းထောင့်တစ်နေရာရှိ စားပွဲတွင် မျက်တစ်လုံးအဘိုးအိုသည် အခန့်သား ထိုင်လျက် အရက်သောက်နေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်၊

သူသည် ပဲပြားကြော် တစ်မန်းကန်ကို ရှေ့တွင်ချပြီး တမြုံ့မြုံ့နှင့် ဝါးမကျနေသည်။

ပြတင်းတံခါးအနီးရှိ စားပွဲတစ်လုံးတွင် အညိုရောင်ဝတ်စုံနှင့်လူသည် ထိုင်နေ၏။ သူသည် သူ၏မျက်နှာအား လူမြင်မည်ကို စိုးရိမ်ရသည်။

အဝတ်ဦးထုပ်ကြီးအား ရှေ့သို့ငိုက်ကြ၍ လေဆောင်းထားသည်၊

သို့သော် စို့ကျိုဟောင်သည် ထိုဝတ်စုံညိုနှင့်လူအား အသွင်အပြင်ကြည့်လိုက်ရုံဖြင့် မှတ်မိနေသည်၊

ဆိုင်မှ စားပွဲထိုးတစ်ယောက်သည် ဆိုင်ဝတွင် ရပ်နေသော စို့ကျိုဟောင်ထံသို့ အပြေးကလေး လာရောက် ဆီးကြိုလိုက်၏၊ သူ့အား လွတ်နေသော စားပွဲတစ်လုံးတွင် နေရာချထားပေးလိုက်သည်၊

စို့ကျိုဟောင်က အရက်တစ်လုံးနှင့် သင့်ရာအမြည်းတစ်ပန်းကန်ကိုယူခဲ့ရန် မှာကြားလိုက်သည်။

www.burmeseclassic.com

ဆိုင်မှ စားပွဲထိုးလည်း လှည့်ထွက်သွားသည်။

စိုးကျိုဟောင်သည် ဆိုင်အတွင်း၌ဝယ် စားသောက်နေသူများကို မသိမသာ အကဲခတ်ကြည့်လိုက်သည်။

ဆိုင်အတွင်းရှိ စားသောက်နေသူအားလုံးလိုလိုသည် သာမန်ခရီးသွားကုန်သည်များ ပွဲစားများသာ ဖြစ်ဟန်ရှိသည်။

ချက်တစ်လုံးအဘိုးအိုနှင့် ဝတ်စုံညိုလူတို့သည်သာ သိုင်းလောကသားများ ဖြစ်သည်ကို တွေ့လိုက်ရသည်။

ထိုစဉ်…

ဆိုင်အတွင်းသို့ဝတ်စုံစိမ်း ဝတ်ဆင်ထားသောလူတစ်ယောက် ချက်တရက် ပေါက်ချလာသည်ကို တွေ့ရှိရသည်။

ထိုဝတ်စုံစိမ်းနှင့်လူ၏ဟန်မှာ ပိန်ပိန်ရှည်ရှည် ဖြစ်သည်။ မျက်နှာသည် ဝင်းဝါနေသည်။

သူသည် ဆိုင်တွင်းသို့ လှမ်းဝင်လိုက်သည်နှင့် သူ၏ မျက်လုံးအစုံသည် ဆိုင်အတွင်း အနှံ့လှည့်ပတ်ကြည့်ရှုသည်။

ပြီးနောက် ဝတ်စုံညိုနှင့်လူထိုင်သော စားပွဲ၌ ဝင်ရောက်ထိုင်လိုက်သည်။

ဝတ်စုံစိမ်းနှင့်လူသည် စားပွဲခုံကို လက်ဖြင့်ခေါက်၍ ကျယ်လောင်သောလေသံဖြင့် စားပွဲထိုးအား လှမ်းခေါ်လိုက်သည်။

ဟေ့…စားပွဲထိုးအမြန်လာစမ်းဟေ့

ဝတ်စုံစိမ်းနှင့်လူသည် လက်သီးချောင်းဖြင့် စားပွဲကိုခေါက်လိုက်ရုံမျှရှိသေး ဝတ်စုံညိုနှင့်လူသောက်နေသော အရက်အိုးနှင့် ပန်းကန်လုံးများသည် အထက်သို့ မြောက်တက်သွားပြီး ပြန်ကျလာသည်။



ထိုအချိန်တွင် ဝတ်စုံညိုနှင့်လူသည် အရက်ကိုမော့သောက်နေခိုက်ဖြစ်သည်။

အထက်သို့ မြောက်တက်သွားသော ပန်းကန်များ ပြန်ကျလာသည်တွင် ဟင်းရည်များသည် ဘေးသို့ထွက်ကုန်သည်။ ဝတ်ရုံစိမ်းနှင့်လူ၏ ရင်ဘတ်သို့လည်း လာရောက်စဉ်ပေကျံကုန်တော့သည်။

ဝတ်စုံညိုနှင့်လူသည် ဒေါသထွက်သွားသည်။

သူ၏မျက်နှာပေါ်ဝယ် အုပ်ကျနေသော ဘဝတ်ဦးထုပ်အား အထက်သို့ အနည်းငယ်ပင့်တင်လိုက်သည်။ ပြီးနောက် ဝတ်စုံစိမ်းနှင့်လူအား တစ်ချက်ကြည့်လိုက်သည်။

ထို့နောက် အေးစက်သောလေသံဖြင့် တောင်ပြောဆိုလိုက်သည်။

'ဒီမှာ မိတ်ဆွေ၊ ဒီစားပွဲမှာ လူတစ်ယောက်ထိုင်ပြီး စားသောက်နေတယ်ဆိုတာ ခင်ဗျားမမြင်ဘူးလား၊ စားပွဲကိုပုတ်တာ ဖြည်းဖြည်းပုတ်မှပေါ့'

ဝတ်စုံစိမ်းနှင့်လူ၏မျက်နှာသည် တင်းမာ ခက်ထန်သွားသည်။

သူသည် အမူမထေးသည့်လေသံဖြင့် ခုကျကျပြန်ပြောလိုက်သည်။

'ကျုပ်ရဲ့အမူအရာတာ ခင်ဗျားအတွက် အနှောင့်အယှက်ဖြစ်တယ်ဆိုရင် ဒီပြင်စားပွဲပြောင်းထိုင်ပါလား'

ဝတ်စုံစိမ်းနှင့်လူသည် တစ်စုံတစ်ရာ မထောင် [illegible] သူကပင် ခေါ်ခေါ်ကားကား ပြောလာသော [illegible]

www.burmeseclassic.com

www.burmeseclassic.com



အမှုများသည် ရှိုင်းစိုင်းသည်သာမက သူ၏အပြောအဆိုများကလည်း ရမ်းကားလှသည်၊

ဝတ်စုံညိုနှင့်လူသည် လူကြီးလူကောင်းဆန်သည်၊ သို့သော် အကြောင်းမဲ့သက်သက် စော်ကားမော်ကားပြုလုပ်ခြင်းအတွက် အေးသည့်တွက်မိသည်။

'ခင်ဗျား စားပွဲပုတ်လိုက်တဲ့အတွက် အခု ကျုပ်ကိုဟင်းရည်တွေ မကျ ကုန်ပြီ၊ ဒါကို မတောင်းပန်တဲ့အပြင် ခင်ဗျားက ကျုပ်ကို တခြားစားပွဲကို ပြောင်းထိုင်ခိုင်းသေးတယ်၊ ခင်ဗျားဟာ မဟော်တော်လဲစော်ကားနေပါလား'

ဝတ်စုံစိမ်းနှင့်လူသည် သွေးအေးသော လူတစ်ယောက်ဖြစ်သည်၊ သူက သွေးအေးအေးနှင့်ပင် ထပ်မံစော်ကားနေပြန်သည်။

'ကျုပ်ပြောတာ ရှင်းတယ်မဟုတ်လား၊ ခင်ဗျား တခြားစားပွဲတစ်ခုပြောင်းထိုင်ရင် ရှင်းရောမဟုတ်လား'

ဆိုင်အတွင်းမှ စားသောက်နေသူများ၏ မျက်လုံးများသည် သူတို့နှစ်ယောက်အား ဝိုင်းကြည့်နေကြသည်၊

'ဒီမှာမိတ်ဆွေ၊ ကျုပ်ကိုပြဿနာလုပ်ချင်လို့လား'

ဝတ်စုံညိုလူက ဒေါသဖြင့် ကျယ်လောင်စွာ အော်ပြောလိုက်သည်း

ဝတ်စုံစိမ်းနှင့်လူက 'ထွီ'ခနဲအသံမြည်အောင်တံတွေးထွေးလိုက်သည်။ ရုပ်ရှင်ထဲကလူမိုက်ဟန်ဖမ်းသည်၊ ပြီးနောက် ကျွန်ကန်ကန်အော်ပြောလိုက်သေးသည်၊



'ပြဿနာ ဟုတ်လား၊ ဘာပြဿနာလဲ၊ ပြဿနာကို ကျုပ်က လုပ်တာလား၊ ခင်ဗျားက လုပ်တာလား'

ဝတ်စုံစိမ်းနှင့်လူက ကျယ်လောင်စွာ ပြောနေပြန်သည်၊

ထိုစဉ် စားပွဲထိုးသည် ကမျာကသီရောက်လာပြီး ပြဿနာကို ဝင်ရောက်ဖြန်ဖြေလေသည်၊

'သည်းခံကြပါခင်ဗျာ၊ အခန့်မသင့်လို့ ဖြစ်ကြတဲ့ကိစ္စလေးတွေပဲ၊ ခရီးသွားဧည့်သည်အချင်းချင်း ပြဿနာမဖြစ်ကြပါနဲ့ ခင်ဗျာ၊ ကျွန်တော်အနူးအညွတ် တောင်းပန်အပ်ပါတယ်'

စားပွဲထိုးက ပြုံးရွှင်ချိုမြသောမျက်နှာဖြင့် ပြန်ပြောလိုက်သည်၊

သို့သော်...သူ၏တောင်းပန်စကားကိုမည်သူကမှအမှုမထား။

ဝတ်စုံညိုနှင့်လူက ထိုင်ရာမှရုတ်ခြည်းထလိုက်သည်။

သူ၏ ရှည်မျောမျောအထုပ်အတွင်းမှ ငန်းတောင်မွှေးခါးကို ဆွဲထုတ်လိုက်သည်။

'ဟိတ်၊ မင်းနဲ့ငါအပြင်ထွက်ပြီး ဓားရေးယှဉ်မယ်'

ဝတ်စုံညိုနှင့်လူက ဓားကိုဝင့်ပြီးစိန်ခေါ်လိုက်သည်၊

ဝတ်စုံစိမ်းနှင့်လူက အေးဆေးစွာပြန်ပြောလိုက်သည်၊

'မင်းကငါ့ကိုဓားရေးယှဉ်တိုက်ခိုက်မလို့လား၊ မင်းလူပြည်မှာနေရတာပျင်းနေပြီနဲ့တူတယ်၊ မင်းသေချင်ရင်တော့ပြောလိုက်စမ်း'

www.burmeseclassic.com



ဝတ်ရုံညိုနှင့်လူသည် ယမ်းပုံမီးကျ ပေါက်ကွဲထွက်သွားလေသည်။

‘ဟေ့…သေမယ့်လူဟာ ဘယ်သူဆိုတာ မကြာခင်မှာ အဖြေပေါ်လိမ့်မယ်၊ လာ…အပြင်ထွက်ကြရအောင်’

ဝတ်ရုံစိမ်းနှင့်လူ၏မျက်နှာဝယ် ရက်စက်ကြမ်းကြုတ်ခြင်း အရိပ်များ ထင်ဟပ်နေသည်။

‘အေး…မင်းကို ငါက သတိပေးပြီးပြီနော်၊ မင်းကိုယ်တိုင် သေလမ်းရှာနေတာ၊ ကျုပ်အဆိုးမဖြစ်စေနဲ့’

ဝတ်ရုံစိမ်းနှင့်လူက ခအားစက်စက်ဖြင့် မခိုးမခန့် ပြန်ပြောလိုက်သည်။

ပြီးလျှင် ချက်ချင်းပင် သူ၏ဘယ်လက် လှုပ်ရှားသွားသည်နှင့်တစ်ပြိုင်နက် လင်းခနဲတစ်ချက်ဝင်းလက်သွားသည်ကိုလှစ်ခနဲ တွေ့လိုက်ရသည်။

တစ်ချိန်တည်းမှာပင် အလင်းရောင်တန်းတစ်ခုသည် ဝတ်ရုံညိုနှင့်လူ၏လည်ပင်းဆီသို့ တန်းဝင်သွားသည်ကို တွေ့လိုက်ရ၏။

သို့သော် အလင်းရောင်တန်းသည် သူ့ထံသို့မရောက်။

လမ်းခုလတ်မှာပင် ရုတ်တရက်ပျံတက်လာသော ပန်းကန်တစ်လုံးနှင့်ထိမိတိုက်မိကာ ချွမ်းခနဲ အသံထွက်ပေါ်လာပြီး အလင်းရောင်တန်းလမ်းကြောင်းပြောင်းသွားသည်။



တစ်ဆက်တည်းမှာပင် ဒုတ်ခနဲအသံနှင့်အတူ နှစ်လက်မခန့်ရှိသော မြားတံကလေးသည် နံရံတွင်စိုက်ဝင်နေသည်ကို တွေ့လိုက်ရသည်။

လက်ဖက်ရည်ကြမ်း ပန်းကန်လုံးသည်လည်း လွင့်စဉ်ကာ မြေပေါ်သို့ကျ၍ အစိတ်စိတ်အမြွာမြွာကွဲသွားလေတော့သည်။

ဝတ်ရုံညိုနှင့်လူသည် မျက်လုံးပြူးသွားသည်၊ ဒေါသထွက်သွားသည်။

‘မင်းက ကျုပ်ကို လက်နက်ပုန်းနဲ့တိုက်လိုက်တာပေါ့ ဟုတ်သား၊ မင်း တော်တော်ယုတ်မာတဲ့ကောင်’

ပြောပြောဆိုဆို ဝတ်ရုံညိုနှင့်လူသည် ဘယ်လက်ဖြင့် ဝတ်ရုံစိမ်းနှင့်လူအားလှဲရိုက်ချလိုက်သည်။

ဝတ်ရုံစိမ်းနှင့်လူက ခပ်မြူးမြူးပင် ဘယ်လက်ဖြင့် ရိုက်ချက်ကို ဆီးရိုက်ကာပြီး ပုတ်ခတ်ထုတ်ပစ်လိုက်သည်။

ဝတ်ရုံညိုသည် နောက်သို့ ခြေနှစ်လှမ်း ဆုတ်သွားသည်။ သူ၏ဘယ်လက်ဖမိုးတွင် ခြစ်ရာကြီးတစ်ခုဖြစ်သွားပြီး သွေးများ ယိုစီးထွက်လာသည်ကိုတွေ့လိုက်ရ၏။

မည်သို့သောလက်နက်ဖြင့် ခိုက်လိုက်သည်ကိုပင် မမြင်လိုက်။ ဝတ်ရုံစိမ်းလူ၏တိုက်ခိုက်မှုကလျင်မြန်လွန်းသည်။

ဝတ်ရုံညိုသည် ပါးစပ်အဟောင်းသားဖြင့် သူ၏ လက်ဖမိုးပေါ်မှဒဏ်ရာကိုကြောင်အမ်းပြီးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းတွင် မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွား လေတော့သည်။

အဖြစ်အပျက်မှာ မြန်ဆန်လွန်းလှသည်။

ဝမ်းစုံစိမ်းသည် ဝတ်စုံညိုအား အရေးလုပ်၍မကြည့်တော့ဘဲ သူ၏မျက်လုံးအစုံက ဆိုင်တွင်းရှိ စားသောက်နေကြများဆီသို့ ရောက်ရှိလာသည်။

࿇

## အခန်း(၁၄)

### ကယ်ဆယ်ကောင်းသည့် အသက်တစ်ချောင်း

သွင်ပြင်ထူးခြားဟန်ရှိသော စိုက်ကျီဟောင်ထံသို့ သူ၏ မျက်လုံးအစုံက စူးစူးရောက်ရှိသွားသည်။

'ရေနွေးကြမ်းပန်းကန် ပစ်ပေါက်လိုက်တာ မိတ်ဆွေလား'

သူက အေးစက်စက်မေးလိုက်သည်။

စိုက်ကျီဟောင်က အေးဆေးဟည်ငြိမ်သော လေသံဖြင့် ပြန်ပြောလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်က ခင်ဗျား လက်နက်ပုန်းသုံးတာ သဘောမကျလို့ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံစိမ်းနှင့် လူ၏ မျက်နှာသည် ရုတ်တရက် တင်းမာသွားပြန်သည်။

'ခင်ဗျားက ကိုယ့်ကိစ္စ မဟုတ်တဲ့ အာရုံကြောင့် ဝင်ရှုပ်ရတာလဲ'

စိုးကျော်ဟောင်က အရေးတယူ မဖြေ။

သူသည် ကုလားထိုင်မှ ဖြည်းညင်းစွာထလိုက်သည်။

ပြီးလျှင် ဝတ်စုံစိမ်းနှင့် လူ၏မျက်နှာ တည့်တည့်သို့ စူးစူးစိုက်စိုက်ကြည့်လိုက်သည်။

'ခင်ဗျား ဟိုလူကို ဘယ်လိုလုပ်လိုက်သလဲ'

ဝတ်စုံစိမ်းနှင့်လူက မထီလေးစားဟန်ဖြင့် ခြောက်ကပ်ကပ် ရယ်လိုက်သည်။

'မကြာခင်မှာ သူ့အသက်ဟာ သူ့ကိုယ်က နေပြီး ထွက်သွားပါလိမ့်မယ်'

စိုးကျော်ဟောင်း မျက်နှာသည် ဒေါသရောင်လွှမ်းသွားသည်။

ဝတ်စုံစိမ်းနှင့်လူက ထေ့ထေ့ကလေးပြုံးသည်။

'ကျုပ် သူ့ကိုယ်ထဲကို အဆိပ်တွေအလည်အပတ်လွှတ်လိုက်တယ်၊ အဲဒီအဆိပ်တွေကြောင့် သူဟာ မကြာခင်မှာ သေဖို့ရှိတယ်'

စိုးကျော်ဟောင် မျက်နှာ တင်းမာရာမှ ခက်ထန်လာသည်။

'ဒီမှာ မိတ်ဆွေ ဖြေဆေးပေးပါ၊ ကျုပ်ကို ခင်ဗျားဆီက ဖြေဆေးပေးပါလို့ တောင်းပန်ပါတယ်'



ဝတ်စုံစိမ်းနှင့် လူသည် တဟားဟားဖြင့် ရယ်မောလိုက်သည်။

'ဖြေဆေးလား၊ ရှိတာပေါ့လေ၊ ဒါပေမယ့် ကျုပ်က သူ့ကို အသက်ရှင်နေဖို့ မလိုလားဘူး'

စိုးကျော်ဟောင်သည် စိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

'ဒီမှာ မိတ်ဆွေ၊ လူ့အသက်တစ်ချောင်းကိုသတ်ရင် တရားဥပဒေက ထိုက်သင့်တဲ့ အပြစ်ဒဏ်ကိုပေးပါတယ်၊ ခင်ဗျားဟာ ကောင်းတစ်ခွန်းနှစ်ခွန်းများရုံနဲ့ လူတစ်ယောက်ကို သတ်ဖို့ ကြိုးစားတာဟာ လွန်လွန်းပါတယ်၊ ဒီအတွက် ခင်ဗျားရဲ့ လုပ်ဆောင်ချက် ပြင်းထန်ရင် ပြင်းထန်သလို တရားဥပဒေကအပြစ်ပေးမှာပဲ၊ ဥပဒေမဲ့ လူသတ်ချင်တိုင်း သတ်ခွင့်ရအောင်၊ ဒါ မင်းမဲ့ တိုင်းပြည် မဟုတ်ဘူးဗျ'

ဝတ်စုံစိမ်းနှင့် လူအား မျက်နှာထား တင်းမာစွာဖြင့် စိုးကျော်ဟောင်အား ကြည့်နေသည်။

'ဟိတ်...မဆိုင်ဘဲနဲ့ ဆက်ပြီးစကားရှည်မနေနဲ့၊ မင်းအသက်ငယ်ငယ်လေး ရှိသေးတယ်၊ မသေချင်စမ်းပါနဲ့ဦးကွ'

စိုးကျော်ဟောင် မျက်လုံး မီးတောက်သွားသည်။

'ဒီမှာ ကျုပ် ပြောနေတယ်၊ ခင်ဗျားဆီက ဖြေဆေး မြန်မြန်ပေးမလား၊ ဒါမှမဟုတ် သက်ဆိုင်ရာအာဏာပိုင်တွေဆီကို အပ်ရမလား ဒါပဲပြော'

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံစိမ်းနှင့် လူက စို့ကျိုဟောင်အား တစ်ချက် ကြည့်လိုက်သည်။

'ကောင်းပြီ၊ ကျုပ်ဆီမှာ အဆိပ်ဖြေဆေးရှိတယ်၊ မိတ်ဆွေ ပညာစွမ်းရှိရင် ရအောင် ယူပေတော့'

'ကောင်းပြီ'

စို့ကျိုဟောင် တိုတိုပင်ပြောလိုက်သည်။

စို့ကျိုဟောင်သည် ဝတ်စုံစိမ်းနှင့်လူထံ တဖြည်းဖြည်း တိုးကပ်သွားသည်။

ဝတ်စုံစိမ်းနှင့်လူသည် သူ့အနီးသို့ရောက်လာသော စို့ကျိုဟောင်အား ရုတ်တရက် ညာလက်ဖြင့် ရှိုးခနဲ တစ်ချက်ခုတ်ချလိုက်သည်။

စို့ကျိုဟောင်သည် ထိုသို့ တိုက်ခိုက်လာလိမ့်မည်ကို ကြိုတင်တွက်ထားပြီးဖြစ်သည်။

သူသည် ကျရောက်လာသော လက်တစ်ဘက်အား သူ၏ ဘယ်လက်ဖြင့် လျင်မြန်စွာ ဆီး၍ ဖမ်းဆုပ်လိုက်သည်။

သို့သော် ဝတ်စုံစိမ်းနှင့်လူသည် ပါးနပ်လိမ္မာသူဖြစ်သည်။

သူက ရိုက်ချလိုက်သော လက်ကို ချက်ချင်း ပြန်ရုပ်လိုက်သည်။

သူ၏ ဘယ်လက် ဆန့်ထုတ်လိုက်ပြီး စို့ကျိုဟောင်၏ ညာနံဘေးအား ထိုးနှက်လိုက်သည်။

သူ၏ လက်ထွက်သည် မြန်ဆန်လွန်းလှသည်။



သို့သော် စို့ကျိုဟောင်သည် လျှပ်တစ်ပြက် အံ့ဩလောက်အောင် လျင်မြန်မှု အရှိန်အဟုန်ဖြင့် နောက်သို့ ခြေတစ်လှမ်း ဆုတ်ရှောင်လိုက်သည်။

ထိုသူ၏ ထိုးနှက်ချက်သည် လက်မအနည်းငယ်ခန့် လွဲချော်သွားသည်။

ဤတွင် အရှိန်လွန်သွားသော ဝတ်စုံစိမ်းနှင့်လူ၏ ဘယ်လက်အား ခုတ်ရိုက်ချလိုက်သည်။

'ဒုတ်' ခနဲ အသံမြည်ထွက်သွားသည်။

တစ်ဖက်လူ၏လက်သည် သံကဲ့သို့မာကျောပြီး အေးစက်လွန်းလှသည်ဟု စို့ကျိုဟောင်က ထင်လိုက်မိသည်။

သံတုတ်တစ်ချောင်းအားရိုက်ချလိုက်ရသည့်နှယ်မင်ရှိသည်။

စို့ကျိုဟောင် စိတ်တွင် ထိတ်လန့်သွားမိသည်။

ဝတ်စုံစိမ်းနှင့်လူသည် နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီး ရပ်တန့်လိုက်သည်။

ပြီးမှ သူက အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

'ကဲ မိတ်ဆွေ၊ အကောင်းဆုံးက ခင်ဗျားအိမ်ကို မြန်မြန်ပြန်ပြီး အသုဘကိစ္စ စီစဉ်လိုက်တော့'

'ဘာဖြစ်လို့လဲ'

စို့ကျိုဟောင်က မေးလိုက်သည်။

'ခင်ဗျားနောက်နေ့ဆိုရင်' သေတော့မယ်၊ ဒါကြောင့် မြန်မြန်ပြန်ပြီး အသုဘကိစ္စတွေကို စီစဉ်ပါ၊ မှာစရာရှိရင်သဲ

www.burmeseclassic.com

www.burmeseclassic.com



မှာထားပေါ့၊ မိတ်ဆွေတို့ မိဘဆွေမျိုးတွေလဲ တွေ့ရအောင် ကျုပ်က ပြောနေတာ'

စိုးကျီဟောင်က ဝတ်စုံစိမ်းနှင့်လူကို တစ်ချက် ဝင့်ကြည့်လိုက်သည်။

'ခင်ဗျားက ကျုပ်ကို အဆိပ်သင့်အောင် လုပ်ထားပြီးပြီပေါ့ ဟုတ်လား'

'ကျုပ်က လုပ်ထားတာမဟုတ်ပါဘူး၊ ခင်ဗျားဘာသာ ခင်ဗျား ကျုပ်လက်ကို လာကိုင်တာပဲ'

ဝတ်စုံစိမ်းနှင့်လူက သွေးအေးအေးဖြင့် ပြန်ပြောလိုက်သည်။

'ခင်ဗျားလက်မှာ အဆိပ်ရှိသလား'

စိုးကျီဟောင်က မေးလိုက်သည်။

ဝတ်စုံစိမ်းနှင့်လူသည် ခေါင်းကိုညိတ်လိုက်၏။

'သိပ်ဟုတ်တာပေါ့'

သူက အောင်နိုင်သူပမာ ဝင့်ကြွားစွာပြောလိုက်သည်။

စိုးကျီဟောင်က ထေ့ထေ့ကလေး ပြုံးလိုက်သည်။

'ခင်ဗျားက အဆိပ်ကိုသုံးပြီး နောက်ထပ်လူတစ်ယောက်ကို အန္တရာယ်ပေးပြန်ပြီပဲ ဒီတော့ ခင်ဗျားကို ကျုပ်ခွင့်မလွှတ်နိုင်တော့ဘူး'

စိုးကျီဟောင်သည် ရုတ်တရက် လွှားခနဲ ခုန်ဝင်သွား၏။ သူ၏လက်ငါးချောင်းကို ဆူးချိတ်ငါးချောင်းသဖွယ် ကွေးကုပ်လျက် တစ်ဖက်လူ၏ ညာပခုံးအား ကုတ်ဆွဲချလိုက်သည်။



ဝတ်စုံစိမ်းနှင့်လူသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ တုန်လှုပ်ချောက်ချားသွား၏။

သူသည် စိုးကျီဟောင်အားကြည့်ပြီး အံ့သြနေမိ၏။

မိမိ၏ အဆိပ်ဓာတ်သင့်သောလက်သည် ဤမျှ ပြင်းထန်စွာ မိမိအား တိုက်ခိုက်နိုင်စွမ်းရှိနေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ရသောကြောင့် အထူးပင် အံ့သြထိတ်လန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

### သံမဏိလက်နှင့် သိုင်းသမား

ဝတ်စုံစိမ်းနှင့်လူသည် စိုးကျော်ဟောင်၏ လက်ငါးချောင်းဖြင့် ကုတ်ချက်အား လျင်မြန်စွာ ရှောင်ရှားလိုက်သည်။

စိုးကျော်ဟောင်သည် ညာလက်ဝါးအား ရင်တွင်ကပ်လျက် ဘယ်လက်ဖြင့်သာ တစ်ဖက်လူ ဖွဲ့သလောက်သည့်နေရာများကို အတင်းထိုးနှက်နေသည်။

လက်ထွက်မြန်သည်၊ သွက်သည်။ အကွက် ဆန်းသည်။ ပညာသား ပါသည်။ သူ့တစ်ကိုယ်လုံး ထူးခြားသော စွမ်းအင် များ ရှိနေသည်။ ဆရာကောင်းတပည့်ဖြစ်သည်မှာ သိသာလှ သည်။



ဝတ်စုံစိမ်းနှင့်လူသည် စိုးကျော်ဟောင်၏ တိုက်ခိုက်မှုများကို မနည်းပင် ကြိုးစားရှောင်တိမ်းနေရသည်။

သို့သော် မည်သို့ပင် အရှောင်အတိမ်း မြန်စေကာမူ နောက် ဆုံးအချိန်တွင် လွတ်အောင်မရှောင်နိုင်တော့။ မရှောင်သာ တော့။ အမိဖမ်းခံလိုက်ရတော့သည်။

သူ၏ဘယ်လက်အား စိုးကျော်ဟောင်က အမိအရဖမ်းဆုပ်မိ ထားလိုက်သည်။

တစ်ဖက်လူ၏ လက်သည် အေးစက်မာကျောလျက် သံ ချောင်းနှယ် ဖြစ်နေသည်ကို စိုးကျော်ဟောင် ခံစား လိုက်မိသည်။

သို့အတွက် သူ ဖမ်းဆုပ်ထားသောလက်ကို သေသေချာ ချာဂရုပြုကြည့်လိုက်သည်။

ယခုမှ သိရတော့သည်။

လူသားတစ်ယောက်၏လက် မဟုတ်။

သံလက်ဝါးတစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။

သံလက်ဝါးသည် လက်ငါးချောင်းပါရှိပြီး လက်ချောင်း အားလုံးသည် ချွန်မြနေသည်။

ဝတ်စုံစိမ်းနှင့်လူ၏ ဘယ်ဘက်လက်သည် သံမဏိဖြင့်ပြုလု[illegible] ထားသော လက်တုတစ်ဖက်သာ ဖြစ်သည်။

ထိုသံမဏိလက်တွင် အဆိပ်ရည်များ လိမ်းကျံထားသ[illegible] ဖြစ်၍ ထိကိုင်မိသည်နှင့် အဆိပ်များကပ်ငြိပါသွားသည်။

ထိခိုက်မိသောဒဏ်ရာမှ အဆိပ်များဝင်လျှင် အဆိပ်သ[illegible] သေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးကျော်ဟောင်သည် သံမဏိလက်အား မြဲမြဲစွာဆုပ်ကိုင်ထားရင်းပြုံးရယ်စွာ ပြောလိုက်သည်။

'ခင်ဗျားဟာ သံမဏိလက်နဲ့ ထိုက်ခိုက်တယ်၊ လက်မှာ အဆိပ်တွေ သုတ်လိမ်းထားတယ်၊ ခင်ဗျားဟာ စိတ်သိပ်ပုပ်တယ်၊ ပက်စက်တယ်'

ဝတ်စုံစိမ်းနှင့်လူ၏ လက်တစ်ဖက်ကို စိုးကျော်ဟောင် လက်မှ လွှတ်မြောက်ရန် တအားကုန်ရုန်းကန်နေသည်။ သို့သော်ရုန်း မထွက်နိုင်ဘဲ ရှိနေသည်။

သူသည် ထိတ်လန့်တုန်လှုပ်လာသည်။ သူက သူ၏ညာလက်ဖြင့် စိုးကျော်ဟောင်၏ရင်ဝအား ထိုးနှက်လိုက်သည်။

စိုးကျော်ဟောင်သည် ထိုးနှက်လိုက်သော လက်တစ်ဖက်ကို ဆီး၍ကာလိုက်သည်။

'ဖြန်း'

လက်ချင်းတိုခတ်သံ ဖြန်းခနဲမြည်ထွက်လာ၏။ ဝတ်စုံစိမ်း တစ်ကိုယ်လုံးသည် တုန်ခါထွက်သွားတော့သည်။

ဝတ်စုံစိမ်း၏စိတ်ဝယ် ထိတ်လန့်မှုများ လွှမ်းမိုးလာသည်။ သူ၏သံမဏိလက်သည် ထိခိုက်မိသူအဖို့ အဆိပ်သင့်ကာတဖြည်းဖြည်း ခန္ဓာကိုယ်၏ လှုပ်ရှားမှုများ ဖောက်ပြန်ပြီး လဲကျသွားနိုင်သည်။

သို့သော် စိုးကျော်ဟောင်သည် မည်သို့မျှဖြစ်ဟန်မတူ။ မိမိ သံမဏိလက်ကိုပင်ပြုတ်တူဖြင့် ညှပ်ထားသည့်နှယ် ဆုပ်ကိုင်ထားလိုက်သေးသည်။



တိုစဉ်....

အသံတစ်သံ ထွက်ပေါ်လာသည်။

'အားလုံးရပ်ကြ'

ဆရာကြီးတစ်ယောက်၏ လေသံမျိုးဖြင့် အော်လိုက်သည့် လေသံဖြစ်သည်။

'ကျုပ်လက်ကို လွှတ်လိုက်ပါတော့'

ဝတ်စုံစိမ်းနှင့်လူက တောင်းပန်သလို လေသံဖြင့်ပြောလိုက်လေသည်။

သို့သော် စိုးကျော်ဟောင်က မလွှတ်။ ဆုပ်မြဲဆုပ်ကိုင်ထားပါသည်။

'သူက ဘယ်သူလဲ'

စိုးကျော်ဟောင်က ရုတ်တရက် မေးလိုက်သည်။

ဝတ်စုံစိမ်းနှင့်လူက မဖြေ။ သူ့လက်ကို တစ်အားရုန်းကြည့်လိုက်သည်။ ရုန်းကန်၍မရဖြစ်နေသည်။

'ခင်ဗျား ကျုပ်လက်ကိုအမြန်လွှတ်ပါ'

ထိုအခါ စိုးကျော်ဟောင်က သာ၍ပင်မြဲမြဲ အောင် ဆုပ်ကိုင်ထားလိုက်သည်။

'ခင်ဗျားကျုပ်ကို အဆိပ်ဖြေဆေးပေးရင် ခင်ဗျားလက်ကို လွှတ်ပေးမယ်'

ဝတ်စုံစိမ်း ပည့် ဒေါသထွက်လာသည်။ သူ၏ညာလက်သီး ခဲလုံးသည် စိုးကျော်ဟောင်၏ လည်မျိုကို ထိုးနှက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်သီးလေတိုးသံ ဝှစ်ခနဲပေါ်လာသည်။

ဤတွင် သူ လျှင်မြန်စွာ လှုပ်ရှားလိုက်သည်။

သူသည် ဝတ်စုံစိမ်းနှင့် လူ၏လက်အား ကိုယ်ကို တစ်ဖက်လှည့်၍ ချိုးလိမ်ပစ်ပြီး ဆောင့်တွန်းပစ်လိုက်သည်။

ဝတ်စုံစိမ်းနှင့်လူသည် ရှေ့သို့ ဟပ်ထိုးလွင့်စဉ်သွားပြီး မြေပေါ်သို့ ဘုန်းခနဲ လဲကျသွားလေသည်။

သူက လဲနေသော ဝတ်စုံစိမ်းနှင့်လူအား တစ်ချက်ကြည့်ပြီး ပြောလိုက်သည်။

'ခင်ဗျား အဆိပ်ဖြေဆေး ပေးမလား၊ မပေးဘူးလား'

မော့စောက 'အားလုံးရပ်လိုက်ကြ'

ဟူ၍ အော်ပြောသောလူသည် သူတို့ရှေ့သို့ ရောက်လာသည်။

ထိုလူသည် ဝတ်စုံပြာကိုဝတ်ဆင်ထားသည်။ သူ၏အသက်သည် နှစ်ဆယ့်ငါးနှစ်ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ သူ၏အသွင်မှာ ချောမောသူ လူရွယ်တစ်ယောက်ဖြစ်သည်။

သူ၏အမူအရာသည် မာန်မာနကြီးသောပုံဟန် ဆောင်နေသည်။

ထိုလူသည် ခိုင်ဖုန်းမြို့တွင် တွေ့ခဲ့ဖူးသောလူ ဖြစ်သည်ကို စိုးကျိဟောင် မှတ်မိလိုက်သည်။

ဝတ်စုံစိမ်းနှင့်လူသည် လဲနေရာမှ လူးလဲထလိုက်၏။



သူသည် ခါးကိုကိုင်းညွတ်လျက် ဝတ်စုံပြာနှင့်လူကို အရိုအသေပြုလိုက်သည်။

ဝတ်စုံပြာနှင့်လူသည် ဝတ်စုံစိမ်းနှင့် လူအား အတန်ကြာအောင်စူးစိုက်ကြည့်လိုက်ပြီး မေးမြန်းလိုက်သည်။

'မင်း ဒီမှာပြဿနာဖြစ်နေပြန်ပြီလား'

ဝတ်စုံစိမ်းနှင့်လူသည် ခေါင်းကိုငုံ့လျက် တစ်ခွန်းတစ်ပါဒမျှမပြောရဲဘဲ ငြိမ်သက်နေသည်။

ဝတ်စုံပြာနှင့်လူသည် စိုးကျိဟောင်ဘက်သို့ လှည့်ကြည့်လိုက်ပြန်သည်။

'ကျုပ်နဲ့ခင်ဗျား တစ်နေရာမှာ တွေ့ခဲ့ဖူးသလိုပဲ၊ ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ'

သူက တည်ငြိမ်သော မျက်နှာထားဖြင့် မေးမြန်းလိုက်လေသည်။

စိုးကျိဟောင်သည် သူ၏အမေးကို ပြန်မဖြေ၊ ဝတ်စုံစိမ်းကို လက်ညှိုးညွှန်လျက်က ပြန်လည်မေးမြန်းသည်။

'သူက မိတ်ဆွေရဲ့လူလား'

ဝတ်စုံပြာနှင့်လူက စိုးကျိဟောင်အား သိပ်သဘောမတွေ့ဖြစ်သွားသည်။

အကြောင်းသော်မူ သူမေးသည့် မေးခွန်းကို ပြန်မဖြေဘဲ သူ့ထံပင် ပြန်၍မေးခွန်းထုတ်လိုက်ခြင်းအတွက် သူကမကျေမနပ်ဖြစ်သွားသည်။

သူ၏မျက်နှာသည် တစ်မုဟုတ်ချင်းတင်းမာသွားသယောင် [illegible]ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



'သူက ခင်ဗျားကို ဘယ်မှာရန်ပြုဖူးလို့ ခင်ဗျားက သူ့ကို အခုလို ရန်ပြုတိုက်ခိုက်ရတာလဲ'

စိုးကျီဟောင်က ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။

'ဒီလူဟာ ဘောဟို... အဆိပ်မိနေတဲ့လူနဲ့ စကားတစ်ခွန်း နှစ်ခွန်းများရှိနဲ့ လက်နက်ပုန်းကို အသုံးပြုပြီး အသေသတ်ဖို့ ထိုက်ခိုက်တယ်၊ ကျုပ်က မနေသာလို့ ကြားကာင်ပြီး လက်နက်ပုန်းကို ပစ်ခွင်းဖယ်ထုတ်ပေးလိုက်တယ်...

'ဟိုလူ အသက်ချမ်းသာရသွားတယ်၊ ဒါပေမယ့် သူဟာ ခင်ဗျားလူရဲ့လက်နက်နဲ့ အဆိပ်မိနေတယ်၊ မကြာခင်မှာ အဆိပ်ဒဏ်သင့်ပြီး သေတော့မယ်၊ ဒါကြောင့် ကျုပ်အဆိပ်ဖြေဆေး သူ့ဆီက တောင်းနေတာပဲ'

ဝတ်စုံပြာနှင့်လူသည် ဝတ်စုံစိမ်းနှင့်လူအား ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

'သူပြောတာ အမှန်ပဲလား'

ဝတ်စုံစိမ်းနှင့်လူက ခေါင်းညိတ်ပြလိုက်သည်။

'ဒါဖြင့် အဆိပ်ဖြေဆေး အမြန်မပေးလိုက်'

ဝတ်စုံပြာက အမိန့်ပေးလိုက်သည်။

ဤတွင် ဝတ်စုံစိမ်းနှင့်လူသည် တစ်စုံတစ်ရာ ငြင်းဆန်မနေတော့ဘဲ သူ၏ အင်္ကျီရင်ဖုံးအတွင်းမှ အဆိပ်ဖြေဆေးတစ်လုံးကို ကပျာကယာထုတ်ယူပြီး စိုးကျီဟောင်လက်သို့ လှမ်းပေးလိုက်လေတော့သည်။

စိုးကျီဟောင်သည် အဆိပ်ဖြေဆေးကို လှမ်းယူလိုက်ပြီး ကျေးဇူးတင်စကားပြောလိုက်သည်။



'ကျေးဇူးအထူးတင်ပါတယ် ခင်ဗျား'

ဝတ်စုံပြာနှင့်လူက မြေပေါ်တွင် လဲကျနေသော ဝတ်စုံညိုနှင့်လူအား သေချာစွာစိုက်ကြည့်လိုက်သည်။

'ဟူက ခင်ဗျားရဲ့မိတ်ဆွေလား'

စိုးကျီဟောင်က တစ်ချက်ရယ်မောလိုက်ပြီး ခေါင်းခါပြလိုက်သည်။

'သူနဲ့ ကျုပ်က အသိအကျွမ်းတွေမဟုတ်ကြပါဘူး'

စိုးကျီဟောင်သည် ချက်ချင်းပင် အဆိပ်ဖြေဆေးလုံးကို ဝတ်စုံညိုနှင့်လူ၏ ပါးစပ်တွင်းသို့ ထိုးသွင်းလိုက်ပြီး ရေနွေးကြမ်းတစ်ခွက်တိုက်လိုက်သည်။

ထိုအခိုက်တွင်...

မျက်တစ်လုံးအဘိုးအိုသည် ငွေရှင်းပြီး အသာအယာပင် ဆိုင်တွင်းမှ ထွက်ခွာသွားလေသည်။

ဝတ်စုံပြာနှင့်လူသည် စိုးကျီဟောင်၏မျက်နှာကို တစ်ချက်အကဲခတ်ကြည့်ရှုလိုက်သည်။

'မိတ်ဆွေရဲ့ လက်ရည်လက်ကွက်က သိပ်ကောင်းမွန်တယ်၊ ဘယ်အဖွဲ့ကလဲ'

စိုးကျီဟောင်က ပြုံးပြုံးရယ်ရယ်ဖြင့် ပြန်ပြောလိုက်၏။

'ကျုပ်နာမည်က စိုးကျီဟောင်၊ ကျုပ်ဟာ ဘယ်အသင်းအဖွဲ့ကမှမဟုတ်ဘူး၊ တစ်ကိုယ်တော်သမားပဲ'

ဝတ်စုံပြာနှင့်လူသည် တစ်စုံတစ်ရာ ဆက်လက်ပြောဆိုခြင်းမပြုသေးဘဲ ဝတ်စုံစိမ်းဘက်သို့ လှည့်ကြည့်လိုက်သည်။

'ကဲ... ကျုပ်တို့သွားကြစို့'

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံပြာက ရှေ့မှဦးဆောင်ထွက်သွားသည်။

ဝတ်စုံစိမ်းက စိုးကျော်ဟောင်အား တစ်ချက်စူးစူးစိုက်စိုက် ကြည့်နေပြီးနောက် ချာခနဲလှည့်၍ ဝတ်စုံပြာနောက်သို့ လိုက်ပါသွားသည်။

သူတို့သည် ခြေလှမ်းသွက်သွက်ဖြင့် ဆိုင်ပြင်သို့ ထွက်သွားကြလေတော့သည်။

စိုးကျော်ဟောင်သည် ထိုလူနှစ်ယောက် ဆိုင်ထဲမှ ထွက်သွားသည်ကို နောက်မှလှမ်းကြည့်ရင်း စဉ်းစားနေမိသည်။

ဝတ်စုံပြာနှင့်လူသည် မျက်တစ်လုံးအဘိုးအိုအား တစ်လမ်းလုံး လျှို့ဝှက်လိုက်ပါစောင့်ရှောက်နေသူတစ်ယောက်ဖြစ်ရမည်။

သူသည် စောစောက ဝတ်စုံပြာနှင့်လူအား မိမိ၏အမည်ကို ပြောပြလိုက်မိသော်လည်း ထိုသူ၏အမည်ကိုမူ မိမိက ပြန်လည် မေးမြန်းလိုက်ခြင်း မရှိသည့်အဖြစ်ကို သတိရလိုက်မိသေးတော့၏။

## အခန်း(၁၆)

### တောအုပ်အတွင်းမှ မိန်းမလှလေး နှစ်ယောက်

နေမွန်းလွဲစအချိန်။

အမြင့်ဘက်တွင် နေချင်ချစ်တောက်ပမှုဖြင့်နေသည်။

ဝတ်စုံပြာနှင့်ဝတ်စုံစိမ်းတို့ နှစ်ယောက်သည် သုတ်သုတ်မျှ မြို့တွင်းသို့ ဆက်လက်လျှောက်သွားနေကြသည်ကို နောက်မှ လှမ်းမြင်နေရသည်။

မကြာမီ လမ်းချိုးတစ်ခုသို့ အရောက်တွင် ထိုလူနှစ်ယောက် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

ဆိုင်တွင်း၌ လဲကျနေသော ဝတ်စုံညိုနှင့် လူသည် သတိ ကောင်းစွာရလာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အသာအယာပင် လဲနေရာမှထ၍ မတ်ထတ်ရပ်လိုက်သည်။

တွန့်ကြေနေသော အင်္ကျီကို သပ်သပ်ရပ်ရပ် ပြုပြင်လိုက်သည်။

စိုးကျော်ဟောင်အား ပြုံးရွှင်သောမျက်နှာဖြင့်တလေးတစား လက်ဖမိုးယှက်၍ အရှိအသေပြုလိုက်သည်။

'ကျွန်တော့်အသက်ကို ကယ်ခဲ့တဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ကျွန်တော့်အသက် ကယ်ခဲ့တဲ့ကျေးဇူးကို တစ်သက် မမေ့နိုင်တော့ပါဘူး ခင်ဗျာ'

ဝတ်စုံညိုနှင့်လူက ကိုယ်ကို အခါခါ ကိုင်းညွတ်ကာ အရှိအသေပြုရင်း ကျေးဇူးတင်စကားများ ပြောဆိုနေလေသည်။

'ကိစ္စမရှိပါဘူး၊ လူတစ်ယောက်ရဲ့အသက်တစ်ချောင်းဆိုတာ ကယ်ကောင်းပါတယ်'

ဝတ်စုံညိုနှင့်လူသည် သူ၏အိတ်တွင်းမှ ငွေတုံး တစ်တုံးကို ထုတ်ယူလိုက်သည်။

ပြီးနောက် စားပွဲထိုးအား လှမ်းခေါ်လိုက်သည်။

ဟိတ်... ဒီမှာရော့၊ ကျုပ်အတွက်နဲ့ ဟောဒီကမိတ်ဆွေတွေအတွက် ကျသလောက် ရှင်းယူ၊ ပိုတာ ပြန်မအမ်းနဲ့တော့'

စားပွဲထိုးက ငွေတုံးတစ်တုံးကို လှမ်းယူလိုက်ပြီး ဝတ်စုံညိုနှင့် လူအား ကိုယ်ကိုညွတ်၍ အရှိအသေ အဖန်ဖန် ပြုနေလေသည်။

ဝတ်စုံညိုနှင့်လူသည် စိုးကျော်ဟောင်ဘက်သို့ တစ်ဖန် လှည့်လိုက်ပြန်သည်။



သူက ရှိသေလေးစားသော ဟန်အမူအရာဖြင့် လက်ဖမိုးနှစ်ခုအုပ်မိုး၍ အရှိအသေပြုပြန်သည်။

'ကျွန်တော့်မှာ အရေးကြီးတဲ့ ကိစ္စရှိနေလို့ သွားခွင့်ပြုပါဦး ခင်ဗျာ'

ဝတ်စုံညိုနှင့်လူက လေးလေးစားစားဖြင့် ပန်ကြားခွင့်တောင်းပြီး ခြေလှမ်းကျဲကြီးများဖြင့် ဆိုင်ပြင်သို့ ထွက်ခွာသွားလေတော့သည်။

စိုးကျော်ဟောင်သည် ဝတ်စုံညိုနှင့်လူ၏ ကျောခြမ်းကို လှမ်းကြည့်နေမိသည်။

သူသည် ဝတ်စုံညိုနှင့်လူအား မကျေနပ်သလိုခံစားမိသည်။

ဝတ်စုံညိုနှင့်လူသည် မိမိ၏အသက်ကို ကယ်တင်ပေးခဲ့သူ၏ အမည်ကိုပင် မမေးမမြန်း။

သူ၏အမည်ကိုလည်း ပြောမသွား။ ဝတ်ကျေ တန်းကျေ ကျေးဇူးတင်စကားသာ ပြောသွားခဲ့သည်။

အမှန်စင်စစ်သော် သူသည် သူ၏အမည်ကိုအသိပေးလိုဟန်မတူချေ။

ရှုဘ်တရက် ဖြုန်းစားကြီး မျက်တစ်လုံးအဘိုးအိုနောက်သို့သာ အငမ်းမရ လိုက်သွားခဲ့လေသည်။

ဤသည်ကို ထောက်ချင့်လျှင် မျက်တစ်လုံးအဘိုးအို သယ်ဆောင်သွားသည့် ပစ္စည်းသည် မည်မျှ အရေးကြီးသည်၊ တန်ဖိုးများသည်ကို အလွယ်တကူပင် ခန့်မှန်းနိုင်ပေသည်။

အလွန်အရေးကြီးသော လျှို့ဝှက်ပစ္စည်းတစ်ခုဖြစ်မည်ကို စိုးကျော်ဟောင်ရိပ်စားမိခဲ့ပြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အရက်သောက်လိုစိတ်များဖြင့် ကုန်ခန်းသွားသည်။ သို့အတွက် ဆိုင်အတွင်းမှ ချက်ချင်းထွက်လာခဲ့၏။

သူ၏ခြေဦးသည် မြို့တွင်းဘက်သို့လှည့်လာခဲ့လေ၏။

သူသည် မြို့တွင်းတစ်လျှောက် အမြန် လျှောက်လာခဲ့သည်။

လမ်းသွားလမ်းလာများကို ကျော်ကာဖြတ်ကာ၊ ကွေ့ကာ ရှောင်ကာဖြင့် အပြင်းလျှောက်လာခဲ့ရာ မြို့ပြင်တံခါးသို့ ရောက်ရှိလာခဲ့လေ၏။

မြို့ပြင်နှင့်လှမ်းလှမ်းဟိုအဝေးတွင်တောအုပ်တစ်ခုကိုမှိုင်းမှုန်လှမ်းမြင်နေရသည်။

သူသည်ခရီးအတန်ဝေးကွာသည့် တောအုပ်ညို့ညို့ဆီသို့ကိုယ်ဖော့ပညာကို အသုံးပြုပြီးလျှောက်လာခဲ့သည်။

ထမင်းတစ်အိုးကျက်ခန့် အကြာတွင် စိမ်းညို့ညို့တောအုပ် အနားသို့ ရောက်ရှိလာတော့သည်။

တောအုပ်ကလေးသည် ပင်ခြေရှင်းရှင်းတွင် ကြီးမားသော သစ်ပင်ကြီးများ အုံ့ဆိုင်းနေသည် တောပန်းတောင်ပန်းများဖြင့် မွှင့်လန်းဝေမှ ကြိုင်းနေသည်။



စိုးကျော်ဟောင်သည် တောအုပ်အတွင်းသို့ လှမ်းဝင်လိုက်သည်။

သူ၏မျက်လုံးများကလည်း လျင်မြန်စူးရှသည်။ သစ်ပင်များကြားတွင် လူရိပ်တစ်ခုကို လှစ်ခနဲ မြင်လိုက်ရသည်။

အမျိုးသမီးတစ်ယောက်ဖြစ်မည်ကို သိလိုက်သည်။

တောအုပ်အတွင်းသို့ အလျင်အမြန် တိုးဝင်သွားသော အမျိုးသမီး၏ဟန်မူမှာ ထူးဆန်းနေသည်ကို စိုးကျော်ဟောင် အကဲခတ်မိလိုက်သည်။

သူ၏ရင်တွင် သိချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာသည်။

စိတ်၏စေဆော်မှုကြောင့် အမျိုးသမီးဝင်ရောက်သွားသော သစ်ပင်များအတွင်းသို့ ဝင်ရောက်လိုက်သွားခဲ့သည်။

သစ်ပင်ကြီးတစ်ပင်အနောက်သို့ ရောက်ခဲ့၏။

ထိုစဉ် ကြည်လင်သောအမျိုးသမီးတစ်ဦး၏အသံချိုတစ်ရက် ပေါ်ထွက်လာ၏။

ထိုအသံသည် ငေါက်ငမ်းအော်ဟစ်လိုက်သည့် အမျိုးသမီး တစ်ဦး၏အသံပင်ဖြစ်သည်။

'ဟေ့...ဘယ်သူလဲ၊ ခုရပ်လိုက်'

ငေါက်ငမ်းသံနှင့်အတူ သစ်ပင်၏ နောက်ကွယ်မှ အစိမ်းရောင် အရိပ်တစ်ခု ဘွားခနဲပေါ်ထွက်လာသည်။

အမျိုးသမီး လှလှကလေးတစ်ယောက်၊ အသားအရေမှာ ဝင်းနေသည်။

အမျိုးသမီးငယ်သည် စိုးကျော်ဟောင်၏မျက်နှာကို တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပြီး ရုတ်တရက် ဝင်ရောက် တိုက်ခိုက်လိုက်လေတော့သည်။

သူမက စိုးကျိုဟောင်အားလျင်မြန်သောလက်ဝါးသိုင်းကွက်ဖြင့် အတင်းတရကြမ်းကိုက်ခိုက်နေ၏။

စိုးကျိုဟောင်သည် သူ့ထံသို့ ပလူပျံအောင် ရောက်ရှိလာသော အမျိုးသမီး၏ လက်ဝါးများကို လွတ်အောင်အသာအယာပင် ရှောင်တိမ်းနေသည်။

မကြာမီမှာပင် အမျိုးသမီး၏ညာလက်တစ်ဖက်အား သူ၏သန်မာသော ဘယ်လက်ဖြင့်လှမ်း၍ ဖမ်းချုပ်ဆုပ်ကိုင်ထားလိုက်သည်။

'အိုး....'

အမျိုးသမီးက နာကျင်သွားဟန်ဖြင့် တစ်ချက်အသံထွက်၍ အော်လိုက်သည်။

စိုးကျိုဟောင်သည် အမျိုးသမီး၏လက်ကလေးအား အသာအယာပင် လိမ်ချိုးလိုက်သည်။

စိုးကျိုဟောင်ရင်မောသလိုခံစားလိုက်ရ၏။

အမျိုးသမီးသည် ဆတ်ဆတ်ကြမ်းကလေး၊ တောင့်ပန်စကားမဆို၊ အလျှော့ပေးဖို့စိတ်မကူး၊ သူကပင် ငေါက်ငမ်းနေလိုက်သေး၏။

'ရှင်...လွှတ်၊ ကျွန်မလက်ကိုအခုလွှတ်၊ လွှတ်မလား၊မလွှတ်ဘူးလား'

ထိုသို့ရှိစဉ် ...



ပန်းရောင်အရိပ်တစ်ရိပ် သူတို့၏အနီးသို့ ခုန်လွှား ရောက်ရှိလာ၏။

ပန်းရောင်ဝတ်စုံဝတ် မိန်းကလေးတစ်ယောက် ဖြစ်သည်။

'ရှင် ဘယ်လိုလူလဲ၊ မိန်းကလေးတစ်ယောက်ကို ယောကျ်ားရင့်မကြီးတစ်ယောက်က အနိုင်ကျင့်နေတဲ့သဘောလား'

ခုန်လွှားရောက်ရှိလာသော ပန်းရောင် ဝတ်ဆင်ထားသည့် မိန်းကလေးက ခပ်ဆတ်ဆတ်မေးမြန်းလိုက်၏။

စိုးကျိုဟောင် ထိုမိန်းကလေးအား တစ်ချက် ကြည့်ရှုလိုက်သည်။

တခဏ်အတွင်း ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးကို သူ၏မျက်လုံးများကို အလည်ရောက်ရှိသွားသည်။

စိုးကျိုဟောင်ရင်ထဲဝယ် တသိမ့်သိမ့် လှုပ်ရှားသွားမိတော့သည်။ တလှပ်လှပ် ဖိုမောခြင်းဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။

သူ ဖမ်းချုပ်ထားသော ဝတ်စုံစိမ်းနှင့် မိန်းကလေး၏ မျက်နှာသည် လှပ၏။

ဝိုင်းစက်ကြည်လင်သော မျက်ဝန်းအစုံရှိသည်။

သို့သော် ဒေါသရိပ်များသည် သူမ၏ မျက်လုံးပေါ်တွင် တရိပ်ရိပ်ထင်ဟပ်နေ၏။

နောက်လာသော ပန်းရောင်ဝတ်စုံနှင့်မိန်းကလေး၏မျက်နှာသည် တည်တည်ငြိမ်ငြိမ်ပင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



နုနယ်သော သူ၏ခန္ဓာကိုယ်သည် တင်းရင်းဖွံ့ထွား၍ ယမင်းရုပ်သွင်နှယ်အချိုးအဆစ်ကျနေ၏။

မြင်ရသူလိုက်ဖိုမဟာစေသည့်အလှမျိုးပင်ဖြစ်သည်။

အထူးသဖြင့် သူမ၏ မျက်လုံးအစုံသည် အေးမြကြည်သင်ခြင်းနှင့် ဝင်းလက်ခြင်းအသွင်ကိုဆောင်နေသည်။

## အခန်း ( ၁၇ )

### သဘောထားနုသော ဦးလေးနှင့် မိန်းမလှလေး

စိုးကျိုဟောင်သည် ဝတ်စုံစိမ်းနှင့် အမျိုးသမီး ၊ မျက်နှာကို တစ်လှည့်၊ ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီး၏ ဂတ်စုံကို တစ်လှည့်ကြည့်လိုက်ပြီးနောက် အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေး၏လက်ကို လွှတ်ပေးလိုက်သည်။

ပြီးနောက် ခြေနှစ်လှမ်းမျှနောက်သို့ ဆုတ်ခွာပေးလိုက်လေ၏။

ဝတ်စုံစိမ်းနှင့် မိန်းကလေးသည် ပန်းရောင်ဝတ်စုံနှင့်မိန်းကလေး ရောက်လာသည်နှင့် တအား တက်သွားဟန်ရှိသည်။

သူမက ပန်းရောင်ဝတ်စုံနှင့်မိန်းကလေးကို လှမ်းပြီး တိုင်တည် ပြောကြားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မမလေး၊ ဒီလူဟာ သိပ်ရမ်းကားတယ်၊ သူ့ကြည့်ရတာ လူကောင်းတစ်ယောက် ဟုတ်နိုင်မယ် မထင်ဘူး'

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးသည် စိုးကျော်ဟောင်အား သေချာစွာ ကြည့်ရှုအကဲခတ်နေသည်။

စိုးကျော်ဟောင်ရင်ထဲဝယ် ရယ်ချင်လာသည်။ ထို့ကြောင့် သူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

ဝတ်စုံစိမ်းနှင့် မိန်းကလေးမှာ ဒေါကလေးပွား၍ ရန်တွေ့တော့သည်။

'ရှင်ဟာ ရိုင်းစိုင်းတဲ့ လူတစ်ယောက်ပါလား၊ ရှင်ဘာကို ရယ်တာလဲ၊ ရှင်သေချင်ပြီနဲ့တူတယ်'

'မိန်းကလေးက ဘာကြောင့် ဟောက်ဟာမ်းနေရတာလဲ'

'ရှင်က ဘာကြောင့် ကျွန်မတို့ရှိတဲ့တောအုပ်ထဲကို ဝင်လာရတာလဲ'

'အိုဗျာ...ကျုပ်မှာ ခြေနှစ်ဖက်ရှိတယ်၊ လွတ်လွတ်လပ်လပ် သွားချင်တဲ့နေရာကို သွားနိုင်တယ်၊ ကျုပ် မေးစမ်းချင်တယ်၊ ဒီတောအုပ်ဟာ ဘယ်သူမဆို သွားလာနိုင်တယ် မဟုတ်လား၊ ဒါမှမဟုတ် မိန်းကလေးတို့တစ်ဦးတည်းပိုင် တောအုပ်ဆိုရင်သဲ ကောင်းကောင်းမှန်မှန်ထွက်ပြီး တားမြစ်လိုက်ပေါ့...၊ မိန်းကလေးတို့တားမြစ်ရင် ကျုပ်ကလဲ ဒီတောအုပ်ကို မဝင်ပါဘူး၊ အခုတော့ မိန်းကလေးက ကျုပ်ကို လက်ဝါးသိုင်းနဲ့ တိုက်ခိုက်တယ် မဟုတ်လား၊ ကျုပ်ကို မထိအောင်တော့ ဘာကွယ်ရ တော့မှာပေါ့'



ဤတွင် ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးသည် အစခြေအနေ အရပ်ရပ်ကို သဘောပေါက်သွားသည်။

'ဟဲ...ရှောင်ယွဲ့၊ မင်း ဒီက အစ်ကိုကို မမေးမစမ်း တိုက်ခိုက်သလား၊ ဒီလိုဆိုရင် မင်းက တောင်းပန်လိုက်...'

ရှောင်ယွဲ့ဆိုသော မိန်းကလေးက မတောင်းပန်သေး၊ အယူခံတက်လိုက်သေးသည်။

'မမလေး...မမလေး တောထဲဝင်ပြီး...'

ရှောင်ယွဲ့သည် စကားမဆက်၊ ဤမှာပင် ရပ်စဲလိုက်သည်။

ပြီးနောက် ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးအား မျက်လုံးဝင့်၍ လှမ်းကြည့်လိုက်သည်။

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေး၏ မျက်နှာသည် ရုတ်ခြည်း ပြန်းသွားသည်။

ရှောင်ယွဲ့က ဆက်ပြောသည်။

'ကျွန်မက မမလေးကို ဒီနေရာမှာ စောင့်နေတာ၊ အဲဒီလူက တောအုပ်ထဲဝင်လာတယ်၊ ကျွန်မက မမလေးကိုမြင်သွားမှာစိုးတာနဲ့ သူ့ကို'

ယခုမှပင် ရှောင်ယွဲ့ပြောပြသော စကား အဓိပ္ပာယ်ကို သဘောပေါက်ခဲ့သည် စိုးကျော်ဟောင် မရယ်မိအောင် မနည်းကြီး ချုပ်တည်းအောင့်အည်း နေလိုက်ရလေသည်။

ဖြစ်ရပ်မှန်က ရှောင်ယွဲ့က တောအုပ်ရှေ့မှာ ရပ်စောင့်နေသည်၊ ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးက တောအုပ်အတွင်း ဝင်ပြီးတပိုးတမ ါးသွားနေသည်၊ စိုးကျော်ဟောင်က တောအုပ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရောက်လာသည်။ ဤတွင် ရှောင်ယွဲ့က တိုက်ရိုက်တန်းလိုက်ခြင်းပင်ဖြစ်သည်။

အဖြစ်အပျက်ကလေးက ဤသို့။

စိုးကျိဟောင် အားတုံ့အားနာ ဖြစ်သွားမိသည်။

သို့အတွက် မိန်းကလေးနှစ်ဦးအား ခေါင်းကို အတန်ငယ်ညွှတ်၍တောင်းပန်လိုက်သည်

'ကျုပ် ဒီတောအုပ်ထဲမှာ အမျိုးသမီးတွေရှိနေမှန်း မသိလို့ဝင်လာခဲ့မိတာပါ၊ ကျုပ်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်'

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေး၏နှုတ်ခမ်းအစုံဝယ် ပြုံးရိပ်ကလေးများ သမ်းလာသည်။

'ရှောင်ယွဲ့ မှားတာပါ၊ ဒါကြောင့် ရှောင်ယွဲ့က အစ်ကိုကို တောင်းပန်ရမှာပေါ့'

သူမသည် တစ်ဆက်တည်းမှာ ရှောင်ယွဲ့ဘက်သို့ လှည့်၍ပြောလိုက်သည်။

'ရှောင်ယွဲ့...မင်းကို မမပြောနေတယ်၊ ဟောဒီအစ်ကိုကို လော်ထိလက်ရောက် ပြုမိခဲ့တဲ့အတွက် တောင်းပန်လိုက်ပါ'

ရှောင်ယွဲ့ နှုတ်ခမ်းစူသွားသည်။ သို့သော်ငြားလည်း ချစ်စရာကောင်းနေ၏။

သူမသည် ကိုယ်ကလေးကိုယို့၍ စိုးကျိဟောင်အားဖြည့်ရှိအသေပေးလိုက်သည်။

'ကျွန်မ အစ်ကိုလေးကို ကိုယ်ထိလက်ရောက် စော်ကားမိတဲ့အတွက် တောင်းပန်ပါတယ်ရှင်၊ ခွင့်လွှတ်စေချင်ပါတယ်'



စိုးကျိဟောင်ကလည်း ယဉ်ကျေး သိမ်မွေ့သည့် လူတစ်ယောက်အနေဖြင့် မိန်းကလေးအား ပြန်လည် အရိုအသေပြုလိုက်သည်။

'ကိစ္စမရှိပါဘူးဗျာ၊ ကျုပ် ဘယ်လိုမှ သဘောမထားပါဘူး၊ မိန်းကလေးအပေါ်မှာ ကြမ်းတမ်းတဲ့ အပြုအမူများရှိခဲ့ရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်၊ ကဲ...ကျုပ်ကို ခွင့်ပြုပါဦး'

စိုးကျိဟောင်သည် ပြောရှင်းပြီးပြီမို့ လှည့်ထွက်ရန် ဟန်ပြင်လိုက်သည်။

ဤတွင် သာယာချိုလွင်သော အမျိုးသမီး၏ အသံတစ်သံပေါ်ထွက်လာသည်။

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေး၏ အသံပင်ဖြစ်သည်။

'အစ်ကို...ခဏနေပါဦး'

သူသည် ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးဘက်သို့ လှည့်ကြည့်လိုက်ပြီး 'လက်ဖမိုးဆုပ်ကာ လေးစားသမှု ပြုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ မိန်းကလေး၊ ကျုပ်ကို ဘာများပြောစရာ ရှိလို့ပါလဲ'

ဤတွင် ရှောင်ယဲ့က ဝင်ပြောသည်။

'သခင်မလေးက ပြောစရာရှိလို့ ရှင့်ကိုခေါ်တာပေါ့'

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးသည် ရှောင်ယဲ့ကို ဟန့်လိုက်လေသည်။

'ရှောင်ယဲ့ ...မင်းဝင်မစွက်စမ်းနဲ့'

သူမသည် သူမ၏လေသံအား အတတ်နိုင်ဆုံးပျော့ပျောင်းချိုသာစွာဖြင့် စို့ကျိုဟောင်အား ကြည့်ပြီးပြောလိုက်သည်။

'အစ်ကို့ရဲ့ နာမည်ကလေးပြောပြခဲ့ပါလားရှင်'

သူမသည် စို့ကျိုဟောင်၏ အမည်ကို သိချင်သဖြင့် တကူးတက ခေါ်ပြီး မေးမြန်းခြင်း ဖြစ်သည်ကို သိလိုက်ရသည်။

'ကျုပ်နာမည်က စို့ကျိုဟောင်လို့ ခေါ်ပါတယ်'

ရှောင်ယဲ့က ဝင်ပြောပြန်သည်။

'ကျွန်မတို့ သခင်မလေး နာမည်ကတော့ အန်ဝါကျိုလို့ ခေါ်ပါတယ်'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီး၏ မျက်နှာကလေးသည် ရှက်သွေးဖြာ၍ နီမြန်းသွားသည်။

ထို့ကြောင့် ရှောင်ယဲ့အား လှည့်ကြည့်လိုက်ပြီး ဟန့်တားလိုက်ရသည်။

'ရှောင်ယဲ့၊ မင်း ဝင်ပြောပြန်ပြီလား'



ရှောင်ယဲ့သည် သူမအားသခင်မလေး ဟန့်တားနေသည့်ကြားမှ ဆက်ပြောနေပြန်သည်။

'အို...သခင်မလေးကလဲ သူများနာမည်ကိုပြောပြီးရင် ကိုယ့်နာမည်ကိုလဲ ပြောပြရမှာပေါ့'

ပန်းရောင်ဝတ်စုံနှင့် မိန်းကလေးသည် ရှောင်ယဲ့အား မျက်စောင်းတစ်ချက် ချိတ်လိုက်သည်။

ပြီးနောက် စကားပြောမည့်ဟန် ပြင်လိုက်သည်။

ထိုစဉ်....

ရှောင်ယဲ့သည် ရုတ်တရက် အထိတ်တလန့်ဖြင့် အော်ပြောလိုက်သည်။

'မမလေး၊ ဟို...ဟိုမှာ'

ရှောင်ယဲ့က တောအုပ်အဝင်ဝသို့ လက်ညှိုး ညွှန်ပြလိုက်၏။

ရှောင်ယဲ့ ညွှန်ပြရာဆီသို့ လှည့်ကြည့်လိုက်ကြသည်။

တောအုပ်အတွင်းသို့ လူရှစ်ယောက် ခပ်သွက်သွက်လှမ်းဝင်သွားသည်ကို မြင်လိုက်ရသည်။

မိန်းမလှလေး အန်ဝါကျို၏ မျက်နှာကလေးတစ်ချက် ပျက်သွားသည်။

သူက တုန်ယင်သော အသံကလေးဖြင့် ပြောလိုက်သည်။

'ဟယ်၊ ဦးလေး ကျွန်မတို့ လိုက်ရှာနေပြီ၊ ခက်လိုက်တာ'

ရှောင်ယဲ့ သွက်လက်စွာ ဝင်ပြောလိုက်၏။

'မမလေး၊ ကျွန်မတို့ တောထဲ ခဏ ဝင်ပုန်းနေလိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမယ်၊ တော်ကြာတွေ့သွားလို့ အထင်လွဲပြီး ပြဿနာအကြီးအကျယ်တက်နေပါမယ်'

အန်ဝါကျိက အားတောင့်အားနာ မျက်နှာကလေးဖြင့် စိုးကျိတောင်အား ကြည့်လိုက်သည်။

'အစ်ကို၊ ကျွန်မတို့နဲ့ တောထဲခဏလိုက်ပြီး ပုန်းရှောင်နေရအောင်နော်'

စိုးကျိဟောင်သည် အမျိုးသမီးနှစ်ယောက် ကြောက်လန့်နေပုံကို ကြည့်ပြီး သဘောမပေါက် ဖြစ်နေသည်။

'ကျုပ်က ဘာကြောင့် သူတို့ကို ရှောင်ပုန်းနေရမှာလဲ'

အန်ဝါကျိ သက်ပြင်းချလိုက်မိသည်။

'ကျွန်မရဲ့ ဦးခလေးတော်ဟာ သဘောထား နုပါတယ်ရှင်၊ ဒေါသလဲကြီးပါတယ်ရှင်၊ အခုလို ယောကျ်ားတစ်ယောက်နဲ့ ကျွန်မကို တွေ့သွားရင် အထင်အမြင် လွဲမှာ အမှန်ပါပဲရှင်၊ ဒါ့ကြောင့် ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မတို့နဲ့ တောထဲလိုက်ပြီး သည်းခံပုန်းအောင်းပေးပါလို့ ကျွန်မ တောင်းပန်ချင်ပါတယ်'

စိုးကျိဟောင်သည် အန်ဝါကျိ၏မျက်နှာညှိုးနွမ်းသွားသည်ကို ကြည့်ပြီး သနားသွားသည်။

သနားခြင်းဟူသည် ကြင်နာခြင်း၏ အစ ဖြစ်သည်ကို နှစ်ယောက်စလုံး သတိပြုမိကြဟန် မတူ။

စိုးကျိဟောင်သည် တစ်စုံတစ်ရာ ငြင်းဆန်ခြင်း မပြုတော့ဘဲ ခေါင်းညိတ်ပြလိုက်သည်။



'ကောင်းပါလေ၊ ကျုပ် လိုက်ပြီး ရှောင်ပုန်း နေလိုက်ပါ့မယ်'

အန်ဝါကျိသည် တောက်ပသော မျက်လုံးအစုံဖြင့် စိုးကျိဟောင်အား တစ်ချက်ကြည့်လိုက်သည်။

ပြီးနောက် သုံးဦးသား တောအုပ်အတွင်းသို့ ဝင်ရောက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆၈)

အဆိုပ်ဖြေဆေး လက်ဆောင်ပေးသူ မိန်းမလှလေး

သူတို့နှစ်ယောက်သည် ထူထဲသောချုံကြီးတစ်ချုံ အတွင်းသို့ ဝင်ရောက်ပုန်းကွယ်နေလိုက်ကြသည်။

ခဏကြာလိုက်ပါး စောစောက လူနှစ်ယောက်သည် တောအုပ်ရှေ့သို့ ရောက်ရှိလာသည်။ သူတို့နှစ်ယောက်၏ စကားပြောသံများကိုပင် ချုံကွယ်မှ ကြားနေရသည်။

စိုးကျော်ဟောင်း ချုံအတွင်းမှ အသာအယာ ချောင်းကြည့်လိုက်သည်။

ထိုသူနှစ်ယောက်မှာ မှုဆိုးကသူတို့သုံးဦး ရပ်တန့်နေသောနေရာတွင် ရပ်တန့်နေကြသည်ကို တွေ့လိုက်ရသည်။



ထိုလူနှစ်ယောက်အနက် တစ်ဦးမှာပိန်လှီသော အဘိုးအိုတစ်ဦးဖြစ်သည်။ ဝတ်စုံရှည်ကြီးကို ဝတ်ဆင်ထားသည်။ ခေါင်းတွင်ပိုးစဖြင့် ခေါင်းပတ်သဖွယ် ချည်နှောင်ထားသည်။

အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်လောက်သာ ရှိဦးမည်ဟု ခန့်မှန်းရသည်။

သူ၏မျက်နှာသည် နီမြန်းနေသည်။ ခေါင်းအနည်းငယ်ကုန်းနေသဖြင့် ပခုံးနှစ်ဖက်သည် ချွန်ထွက်နေသည်။

သို့သော်ယင်းအဘိုးအို၏မျက်လုံးအစုံသည် အရောင်တလက်လက် တောက်ပြောင်နေသည်။

ကျောပေါ်တွင် ဆောင်ဓားတစ်လက်ကိုလွယ်ပိုးထားလိုက်သေးသည်။

ယင်းအဘိုးအိုသည် အနံ့ဝါကျီ၏ ဦးလေးဆိုသူ ဖြစ်မည်ဟု စိုးကျော်ဟောင်က အကဲခတ်မိသည်။

အဘိုးအိုနောက်တွင် ဝါလာသောလူရွယ်တစ်ယောက်။

အသက်အရွယ်အားဖြင့် နှစ်ဆယ်ခန့်ရှိလိမ့်မည်ဟု ခန့်မှန်းရသည်။ အဝါရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ရုပ်ရည်ချောမောပြီး မျက်ခုံးခကောင်းသည်။ မျက်လုံးအစုံ ကြယ်ရောင်သဖွယ် တလက်လက်တောက်ပနေသည်။

သူ၏ခါးတွင် ဓားတစ်လက်ကို ချိတ်ဆွဲထားလေသည်။

စိုးကျော်ဟောင်သည် အပြင်သို့ ချောင်းမြောင်းကြည့်ရှုနေစဉ် ညှို့သော ယောက်တစ်ဖက်က သူ၏လက်မောင်းကို ဆုပ်ကိုင်ခြင်း ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နှုးညံ့သောလက်ခမောင်းပိုင်ရှင်မှာ အန်ဝါကျိပင်ဖြစ်၏။ သူမက တုန်ယင်သောလေသံဖြင့် တိုးတိုးညင်းညင်းကလေး ပြောလိုက်သည်။

'အစ်ကို...ခေါင်းအပြင်မထွက်နဲ့လေ၊ တော်ကြာမြင်သွားမှဖြင့်....

စိုးကျိဟောင်က သူ့ခေါင်းကိုအသာအယာ ပုဝင်အောင်လုပ်လိုက်ရသည်။

အန်ဝါကျိသည် စိုးကျိဟောင်၏လက်မောင်းကို ဆုပ်သိုင်းပြီးဆုပ်ကိုင်ထားသည်။

သူမ၏လက်သည် တုန်ယင် နေသည်ကို ထိတွေ့ခံစားမှုတစ်ဆင့် သိနိုင်သည်။

အဘိုးအိုသည် ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေသည်။

'ဒီကောင်မလေးတွေ ဒီဘက်ကို လာတာပဲကွ'

အဘိုးအိုက နှုတ်မှုတ်ခနဲ ပြောလိုက်သည်။

'ဦးလေးပြောတာ မှန်ပါတယ်၊ ဒီနားတစ်ဝိုက်မှာ မတွေ့ရတာဟာ ဘယ်ကိုသွားနေကြလို့လဲ မသိဘူး၊ တစ်စုံတစ်ခုအန္တရာယ်နဲ့များ တွေ့နေသလားပဲ'

လူရွယ်က ရိုသေလေးစားသော ဟန်အမူအရာဖြင့် ပြောလိုက်သည်။

'အို...ဘာမှစိတ်ပူစရာမလိုပါဘူး၊ ဝါကျိဟာ ကိုယ်ခံသိုင်းပညာတတ်မြောက်တဲ့မိန်းကလေး တစ်ယောက်ပဲ၊ ဘယ်သူ့



ရောစော်ကားရဲမှာလဲ၊ ကြည့်ရတာ သူတို့မြို့ဘက်ကိုများ သွားရောက်နေကြသလား မသိဘူး၊ တို့လိုက်သွားကြည့်ရအောင်'

သူတို့နှစ်ယောက်သည် တောအုပ်ရှေ့မှ ထွက်ခွာသွားကြလေတော့သည်။

ဤတွင် စိုးကျိဟောင်စိတ်အစဉ်သို့ စဉ်းစားစရာတစ်ခု ဝင်လာသည်။

သူတို့နှစ်ယောက်ဟာ အန်ဝါကျိတို့ နှစ်ယောက်ကို လိုက်ရှာနေကြတာပဲ၊ အန်ဝါကျိဟာ ဘာကြောင့်များ သူ့ဦးလေးတို့အတွေ့မခံဘဲ ပုန်းကွယ်နေရတာပါလိမ့်။

စိုးကျိဟောင် တွေးနေမိသည်။

အန်ဝါကျိ၏မျက်နှာကလေးကို လှမ်းကြည့်လိုက်မိပြန်လေသည်။

သူ အံ့အားသင့်သွားသည်၊

အန်ဝါကျိ၏ မျက်လုံးအိမ်တွင် မျက်ရည်စများကို မြင်လိုက်ရသောကြောင့်ဖြစ်လည်း။

သူမသည် မျက်ရည်စများကို သုတ်ပစ်လိုက်သည်။ ပြီးနောက် စိုးကျိဟောင်အား ဆုပ်ကိုင်ထားသော လက်တစ်ဖက်ယခုမှပင်လွှတ်တော့သည်၊

အန်ဝါကျိ၏မျက်နှာကလေး နီမြန်းသွားသည်။ သူမသည် ရှက်စနိုးအမူအရာဖြင့် စိုးကျိဟောင်အား မဝံ့မရဲ ပြောလိုက်သည်၊

'ကျွန်မကြောက်လို့ အစ်ကို့လက်ကို ယောင်ယမ်းပြီးကိုင်လိုက်မိတာ စိတ်မဆိုးနဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com

'ကိစ္စမရှိပါဘူးလေ'

စိုးကျော်ဟောင်က မဆိုင်းမတွပင် ပြန်ပြောလိုက်သည်။

သူတို့သုံးယောက်သည် ချုံတွင်းမှ အပြင်သို့ ပြန်လည် ထွက်ခွာလာကြသည်။ အပြင်သို့ ရောက်သည်တွင် စိုးကျော်ဟောင်က အန်ဝါကျီအား မေးမြန်းလိုက်သည်။

'ညီမရဲ့ ဦးလေးက ညီမတို့ကို လိုက်ရှာနေသလားမှ မသိတာ'

အန်ဝါကျီက သူမ၏ ဦးခေါင်းကို နွဲ့ပျောင်း ညင်သာစွာ ခါယမ်းလိုက်သည်။

'ဦးလေးက ကျွန်မကို သိပ်ချစ်ပါတယ်၊ ဒါပေမယ့် ကျွန်မက အိမ်မှာမနေချင်ဘူး'

ရှောင်ယဲ့သည် တောအုပ်စုရှိသို့ တစ်ချက်လှမ်းမျှော်ကြည့်လိုက်သည်။ ထိတ်လန့်တုန်လှုပ်သော လေသံဖြင့် သတိပေးပြောကြားလိုက်သည်။

'သခင်မလေး၊ သခင်ကြီးတို့ ပြန်လှည့်လာရင် ကျွန်မတို့ကို တွေ့သွားမယ်၊ ဒါကြောင့် ကျွန်မတို့ ပြန်ကြပါစို့နော်'

အန်ဝါကျီက ရှောင်ယဲ့အား လှမ်းဟောက်လိုက်သည်။

'ဟဲ...ရှောင်ယဲ့၊ မင်းဝင်မပြောစမ်းနဲ့၊ ငါသိတယ်၊ ငါ အိမ်မပြန်ချင်သေးဘူး'

စိုးကျော်ဟောင်က ဝင်ရောက်ပြောဆိုပြန်သည်၊

'ညီမလေးတို့က ဦးလေးတို့နဲ့ မျက်နှာချင်းမဆိုင်ချင်ရင်လဲ ဒီမှာ ဆက်နေဖို့တော့ မသင့်ဘူးလို့ထင်တယ်'



'အိုရှင်... ခဏလောက်နေလို့တော့ ကိစ္စမရှိပါဘူး၊ အခုလဲ ကျွန်မဦးလေးကို ပုန်းရှောင်နေတာ မဟုတ်ပါဘူး'

သူမက စိုးကျော်ဟောင်အား စေ့စေ့ထေ့ထေ့ကြည့်ရင်း ပြန်ပြောလိုက်သည်၊

'အစ်ကိုဟာ အသက်ငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတယ်၊ သိုင်းသမားတစ်ယောက်ဖြစ်မယ် ထင်ပါရဲ့နော်'

အန်ဝါကျီက မည်သို့စိတ်ကူးပေါက်သည်မသိ၊ စိုးကျော်ဟောင်အား ကြည့်ပြီးမေးမြန်းလိုက်သည်။

စိုးကျော်ဟောင်ကလည်း အလိုက်သင့်ပင် ဦးခေါင်းကို ညိတ်ပြလိုက်သည်၊

'ကျွန်တော်ဟာ သိုင်းသမားတစ်ယောက်ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမယ့် သိုင်းလောကမှာ အခုမှခြေချ လှုပ်ရှားဖို့ ထွက်လာခါစ ရှိသေးတယ်လို့ ဆိုရမှာပဲ'

အန်ဝါကျီလည်း သူမ၏ ချစ်စရာကောင်းသော သွားဖြူဖြူကလေးများ ပေါ်လွင်အောင် ပြုံးရယ်လိုက်သည်။

သူမ၏ လက်တစ်ဖက်သည် ခါးအိတ်အတွင်းသို့ ရောက်သွားသည်။ အိတ်အတွင်း အစိမ်းရောင်အိတ်ရှုံ့ကလေး တစ်လုံးအား ထုတ်ယူလိုက်သည်။ ပြီးနောက် စိုးကျော်ဟောင်လက်သို့ ကမ်းပေးလိုက်၏။

'ကျွန်မနဲ့အစ်ကို တွေ့ဆုံသိကျွမ်းခင်မင်တဲ့ အထိမ်းအမှတ်တစ်ခုအနေနဲ့ ဟောဒီ ကျွန်မရဲ့လက်ဆောင်ကလေးကို လက်ခံပါ အစ်ကို၊ အဲဒီ...အိတ်ကလေးထဲမှာ ကျွန်မတို့ ဘိုးဘွားစဉ်ဆက်ဆွေစဉ်အသုံးပြုနေတဲ့ 'အာရုံကြည်လင်' အဆိပ်ဖြေ ဆေးလုံး

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းပါရှိတယ်၊ ဒီဆေးဟာ အဆိပ်ပြေတယ်၊ မှူးမေ့မိန်းမော စေတဲ့ ဝေဒနာမှန်သမျှကိုလဲ ပျောက်ကင်းစေနိုင်ပါတယ်၊ အစ်ကိုဟာ သိုင်းလောကသား တစ်ယောက်ဆိုတော့ အသုံးဝင်ပါ လိမ့်မယ်၊ အစ်ကိုလိုလိုမည်မည် ဆောင်ထားပေါ့'

သူမသည် ထိုဆေးပုလင်းထည့်သော ပိုး အိတ်ရှုံ့ကလေး သည် သူမကိုယ်တိုင် ရက်ယုပ်ထားကြောင်း စို့ကျိဟောင်အား ပြောမပြလိုက်မိပါချေ။

❖

စို့ကျိဟောင်သည် သူမ လှမ်းပေးသော အိတ်ရှုံ့ကလေး အား လှမ်းမယူသေးဘဲ အတန်ငယ် စူးစိုက် ကြည့်နေလိုက်၏။

'အို...ညီမရဲ့လက်ဆောင် ကဖိုးတန်အိတ်ကို ကျွန်တော်သူ့ရ မှာ အားနာလှပါတယ်၊ လက်မခံပါရစေနဲ့လို့ တောင်းပန်ပါ ရစေ'

အန်ဝါကျိ မျက်နှာကလေး ညှိုးသယောင်ရှိသွားသည်။

'ဒီလက်ဆောင်ကလေးကိုတော့ ယူလိုက်စေချင်ပါတယ်ရှင်၊ အစ်ကိုဟာ သိုင်းလောကမှာ ကျင်လည်လှုပ်ရှား သွားလာနေ မယ့် လူငယ်တစ်ယောက်ပါ၊ ဒီဆေးဟာ အစ်ကိုတို့အတွက် လို အပ် နေမှာပါ'

ရှောင်ယဲ့၏လက် လှုပ်ရှားသွားသည်။



သူမသည် အန်ဝါကျိ၏ လက်ထဲမှဆေးအိတ်ကလေးအား ရုတ်တရက် ဆတ်ခနဲ ဆွဲယူလိုက်သည်။

ပြီးနောက် စို့ကျိဟောင် လက်ထဲသို့ အတင်းထိုးထည့်ပေး လိုက်သည်။

'ကျွန်မရဲ့ မမလေးက အစ်ကို့ကို စေတနာနဲ့ပေးနေတာကို လက်ခံလိုက်ပါ၊ အစ်ကိုက ငြင်းနေရင် မမလေးက ဘယ်စိတ် ကောင်းနိုင်မှာတုံး'

စို့ကျိဟောင် ကပျာကယာဆေးအိတ်ကလေးကို ယူထား လိုက်ရသည်။

'ဒီဆေးအိတ်ကလေးဟာ ကျွန်မရဲ့မမလေးကိုယ်တိုင် 'ရက် ယုပ်ထားတဲ့ပိုးအိတ်ရှုံ့ကလေးတစ်ခုပါပဲ၊ အစ်ကိုက ဒီပိုးအိတ် ရှုံ့ကလေးကိုမြင်တိုင်း မမလေးကို အမြဲသတိရနေလိမ့်မယ်'

ဤတွင် အန်ဝါကျိက ရှောင်ယဲ့အား ဟန့်တား လိုက်ရ ပြန်သည်။

ရှောင်ယဲ့က လျှာကလေးရှေ့ကိုထုတ်၍ဇက်ကလေးပုသွား သာဖြင့် ပြန်ပြောလိုက်သည်။

'ကျွန်မ နောက်ထပ် ဝင်မပြောတော့ပါဘူး သခင်မလေး'

အန်ဝါကျိသည် စို့ကျိဟောင်အား ထေ့ထေ့ကလေး မျှ၍ ချိုလွင်သော အသံကလေးဖြင့် ပြောလိုက်သည်။

သူမ၏ ချစ်စဖွယ်သောမျက်နှာပေါ်ဝယ် ကြင်နာမှုအရိပ် အယောင်များ ထင်ဟပ်နေသည်။

'အစ်ကို၊ သွားလာလှုပ်ရှားနေတဲ့အခါမှာ အထူး ဂရုစိုက်

www.burmeseclassic.com

www.burmeseclassic.com



ပါနော်၊ ကျွန်မတို့ သွားတော့မယ်၊ နှုတ်ဆက်ခဲ့ပါတယ် အစ်ကိုရယ်'

စိုးကျော်ဖောင်သည် အန်ဝါကျော်ပေးသွားသော ပိုးအိတ်ရှုံ့ကလေးကို သူ၏လက်တွင် တယုတယကိုင်ထားရင်း အန်ဝါကျော်၏ မျက်နှာကလေးကို တစိမ့်စိမ့် ကြည့်နေလိုက်မိသည်။

'ညီမကို ကျေးဇူး အများကြီး တင်ပါတယ်၊ အခုလို ဂရုတစိုက် မှာကြားလိုက်တာလဲ ဘယ်တော့မှ မေ့ပျောက်သွားမယ် မဟုတ်ဘူးဆိုတာ အစ်ကို ပြောချင်ပါတယ်၊ ညီမကိုလဲ အစ်ကိုက တလိုက်တလှဲနှုတ်ဆက်ခဲ့ပါတယ်'

အန်ဝါကျော်သည် ရွှောင်ယဲ့နှင့်အတူ ဘောအုပ်ကလေးမှ ထွက်ခွာသွားလေတော့သည်။

ခြေလှမ်း လေး ငါး လှမ်းခန့် သွားမိလျှင် ရွှောင်ယဲ့သည် ရုတ်တရက် နောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

ပြီးနောက် စိုးကျော်ဖောင်ကို လှမ်းပြောလိုက်လေသည်။

'အစ်ကိုလေး၊ ကျွန်မတို့ သွားတော့မယ်နော်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ လိန်လန်းကို ရောက်အောင်လာပြီး ကျွန်မတို့ မမလေးနဲ့ လာရောက်တွေ့ဆုံပါဦးနော်'

ရွှောင်ယဲ့သည် ယင်းသို့ပြောပြီးနောက် သူမ၏ သခင်မလေး အန်ဝါကျော်ကိုတွဲလျက် ဟန်ရွှေ့ရွှေ့ ထွက်သွားလေတော့သည်။

စိုးကျော်ဖောင်သည် အိတ်ရှုံ့ကလေးကိုကိုင်ကာ တောအုပ်တွင် ရပ်လျက် ငေးမောကျန်ရစ်ခဲ့လေသည်။

အန်ဝါကျော်တို့ မြင်ကွင်းမှ တဖြည်းဖြည်း ဝေး၍ဝေး၍ ပျောက်ကွယ်သွားသည်။



သူသည် အန်ဝါကျော်တို့ပျောက်ကွယ်သွားသည်အထိ ငေးမော ကြည့်နေမိသည်။

သူ၏လက်ထဲမှပိုးအိတ်ရှုံ့ကလေးသည် လေတွင် ဝှေ့ယမ်းနေသည်။

ထိုအခါ မိန်းမလှကလေးအန်ဝါကျော်ပေးခဲ့သော ပိုးအိတ်ရှုံ့ကလေးမှ မွှေးရနံ့သင်းသင်းကလေးသည် သူ၏နှာခေါင်းတွင်းသို့ ဝင်ရောက်တိုးဝင်ကြလေသည်။

သူ၏ နားတွင်းဝယ် 'ရွှောင်ယဲ့၏ ပြောဆို မှာကြားသွားသော စကားများကို ကြားယောင်နေမိသည်။

'ဒီအေးအိတ်ရှုံ့ကလေးဟာ ကျွန်မရဲ့ မမလေး ကိုယ်တိုင် ချုပ်လုပ်ပေးလိုက်တဲ့ အိတ်ရှုံ့ကလေး တစ်ခုပါပဲ၊ အစ်ကိုက ဒီအိတ်ကလေးကိုမြင်တိုင်း မမလေးကိုအမြဲသတိရနေလိမ့်မယ်'

စိုးကျော်ဖောင် သက်ပြင်းတစ်ချက်လေးလေးပင်ပင် ချလိုက်သည်။

ဟုတ်သည်၊ ဟုတ်နိုင်ပါသည်၊ ဟုတ်နိုင်ပါလိမ့်မည်၊

စိုးကျော်ဖောင်သည် အန်ဝါကျော်ကို သတိရ လာမ်းတနေမိသေးတော့သည်။

ဆုံး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

### အန္တရာယ်ကိုစိန်ခေါ်သူ

ပိုးအိတ်ရှုံ့ကလေး။

အစိမ်းရောင်ပိုးအိတ်ရှုံ့ကလေးတစ်ခုဖြစ်သည်။

မိန်းမလှလေး အန်ဝါကျို ပေးအပ်ခဲ့သောလက်ဆောင်မွန် တစ်ခု။

စို့ကျိုဟောင်သည် ပိုးအိတ်ရှုံ့ကလေးကိုကိုင်၍ စူးစိုက်စွာ ကြည့်နေမိသည်။ သူ၏မျက်စိအာရုံဝယ် ချစ်စရာကောင်းသော အန်ဝါကျို၏မျက်နှာကလေးကို မြင်ယောင်နေမိသည်။

ထိုစဉ်—

အေးစက်မာကျောသော အသံတစ်ခု ရုတ်တရက်ပေါ်ထွက် လာသည်။

'မိတ်ဆွေ လက်ထဲကကိုင်ထားတဲ့ပစ္စည်းကဘာပစ္စည်းလဲ'



စို့ကျိုဟောင်သည် နားပါးသော သိုင်းသမားတစ်ယောက် ဖြစ်သည်။

သို့သော် ယခုတစ်ကြိမ်တွင် လူတစ်ယောက် သူ့အနီးသို့ ရောက်လာသည်ကိုပင် မသိလိုက်။ အသံဗလံလုံးဝမကြားလိုက် မိ။

ထို့ကြောင့် သူ့အနီးသို့ရောက်လာသူသည် ကိုယ်ဖော့ပညာ အဆင့်မြင့်လှကြောင်း သိသာနိုင်သည်။

စို့ကျိုဟောင်သည် ရုတ်တရက်တော့ တုန်လှုပ်သွားမိသည်။ သူသည် အသံလာရာဆီသို့ လှည့်ကြည့်လိုက်သည်။

အဝါရောင်ဝတ်စုံနှင့်လူကိုတွေ့လိုက်ရသည်။

ထိုလူသည် ခက်ထန်သောဟန်မူရာဖြင့်ကြည့်နေသည်။

အဝါရောင်ဝတ်စုံနှင့်လူက စို့ကျိုဟောင်၏ လက်တွင်းမှအိတ် ကလေးကို အစိကကျကျကြည့်နေသည်ကို တွေ့လိုက်ရသည်။

စို့ကျိုဟောင်သည် ထိုသူအား မြင်လိုက်ရုံဖြင့် ချက်ချင်း မှတ်မိသွားသည်။

ထိုလူငယ်သည် စောစောပိုင်းက အန်ဝါကျို၏ ဦးလေး တော်သူနှင့် လိုက်ပါလာသော လူရွယ်ဖြစ်သည်။

စို့ကျိုဟောင်သည် သူ့လက်ထဲမှ ပိုးအိတ်ရှုံ့ကလေးအား သူ၏ ရင်ဖုံးအင်္ကျီအတွင်းသို့ ထိုးသွင်းသိမ်းဆည်းရန် ဟန်ပြု လိုက်သည်။

ဤတွင်....

www.burmeseclassic.com

www.burmeseclassic.com



ထိုဝတ်စုံဝါနှင့်လူရွယ်က တင်းမာကျော်ထန်သောလေသံဖြင့် ပြောဆိုမေးမြန်းလိုက်သည်။

'နေပါဦး၊ ခင်ဗျားလက်ထဲကပစ္စည်းဟာ ဘယ်သူ့ပစ္စည်းလဲလို့မေးနေတယ်၊ ဖြေဦးမှပေါ့'

စိုးကျော်ဟောင်ဟက်ခနဲရယ်မောလိုက်သည်။

'ကျုပ်လက်ထဲကပစ္စည်းဟာ ကျုပ်ပစ္စည်းပဲပေါ့၊ ခင်ဗျား ဘာကြောင့် စပ်စပ်စုစုလိုက်မေးနေရတာလဲ'

ဝတ်စုံဝါနှင့်လူက အားမလျှော့ ဆက်၍ မေးနေပြန်သေးသည်။

'ကျွန်တော့် အဲဒီပစ္စည်းကို ပြတ္တမ္ဘူးသလိုပဲ၊ ဘာဆိုင်လော့ ကျွန်တော့်ကို မပြနိုင်ဘူးလား'

စိုးကျော်ဟောင် မျက်မှောင်တစ်ချက်ကြုတ်လိုက်သည်။

'ဒါတော့ သည်းခံပါဗျာ၊ ကျုပ်မပြနိုင်ဘူးဗျ'

ဝတ်စုံဝါနှင့်လူ၏မျက်နှာထား ရုတ်ခြည်း တင်းမာသွားသည်။

သူက ရှေ့သို့ ခြေတစ်လှမ်းမျှတိုးလိုက်သည်။

ပြီးနောက် ခေါက်ဆတ်ဆတ်လေသံဖြင့် ပြောလိုက်သည်။

'ခင်ဗျား ကျုပ်ကို ပြမလား၊ မပြဘူးလား'

စိုးကျော်ဟောင်မျက်လုံးများ ရုတ်တရက် အထက်သို့ပင့်တက်သွားသည်။

ထို့နောက် သူက ခပ်ထေ့ထေ့ကလေးပြုံးလိုက်သည်။



'ခင်ဗျားက ကျုပ်ကိုယှဉ်ပြိုင်ချင်လို့ရန်စကားပြောနေတာလား'

ဝတ်စုံဝါနှင့်လူရွယ်သည် စိုးကျော်ဟောင် ပြောလိုက်သောစကားများကို ကြားလိုက်ပုံမပေါ်ပေ။

သူ့အာရုံဖြင့် တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိသည်။

သူ၏နှုတ်ဖျားမှ သူ့ဘာသာသူ ရေရွတ် ပြောဆိုနေပြန်သည်။

'ဒီပစ္စည်းကလေးဟာ သူ့ပစ္စည်းပဲဖြစ်မှာပါ'

သူ....

ဝတ်စုံဝါနှင့်လူရွယ် ရွတ်ဆိုပိုက်သော သူဆိုသူမှာ အနီဝါကျိုပင်ဖြစ်လိမ့်မည်ဟု စိုးကျော်ဟောင်ယူဆလိုက်သည်။

ဝတ်စုံဝါလူရွယ်သည် ရုတ်တရက် ကျယ်လောင်သောအသံဖြင့် အော်ပြောလိုက်သည်။

'ဟုတ်ပြီ...ဟုတ်ပြီ၊ ညီမ ဝါကျို့ရဲ့ပိုးအိတ်ကလေးပဲ၊ ညီမဝါကျိုကိုယ်မှာ အမြဲတမ်းဆောင်ထားတဲ့ ပိုးအိတ်ကလေး အစစ်ပဲ'

ယင်းသို့ပြောပြီး ဝတ်စုံဝါနှင့်လူရွယ်သည် စိုးကျော်ဟောင်အား အတော်ဒေါသဖြစ်တော့မည့် ဟန်ပန်ဖြင့်ကြည့်လျက် အော်ပြောလိုက်သည်။

'ခင်ဗျားလက်ထဲကပိုးအိတ်ကလေး ဘယ်ကရသလဲ၊ မြန်မြန်ပြောစမ်း'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားမေးနေစရာမလိုဘူး၊ ကျုပ်တာကျုပ် ဘယ်ကရရ ပေါ့'

ဝတ်စုံဝါနှင့်လူရွယ်၏ မျက်နှာတွင် ဒေါသအရောင်များ တရိပ်ရိပ် လွှမ်းသွားသည်။

'လိန်လန်းဂေဟာက ပစ္စည်းဟာ ဘာကြောင့်ခင်ဗျားလက် ထဲရောက်နေရသလဲ'

'ကျုပ် လိန်လန်းဂေဟာက ပစ္စည်းတို့ဘာတို့ နားမလည် ဘူး၊ ဒီပစ္စည်းဟာ ကျုပ်ကိုသူများက လက်ဆောင် ပေးခဲ့ တာပဲ'

'ဘယ်သူ ပေးခဲ့တာလဲ'

'မိတ်ဆွေတစ်ယောက်'

စိုးကျော်ဟောင်က ခပ်အေးအေးနှင့်ခပ်ပြတ်ပြတ်ပင် ပြန်ဖြေ လိုက်သည်။

'ကျုပ်မေးနေတာ ဘယ်သူလဲ၊ နာမည်ကို မေးနေတာဗျ'

'ကျုပ်ရဲ့မိတ်ဆွေနာမည်ကို ပြောရင်ရော ခင်ဗျားက သိ မှာလား'

ဝတ်စုံဝါနှင့်လူရွယ်က အခွင့်မပေးဘဲဆက်ခါမေးလိုက် လေသည်။

'ခင်ဗျားရဲ့မိတ်ဆွေ အမျိုးအနွယ်လေးယောက်ရော မသိ ဘူးလား'

'သူ့အမျိုးအနွယ်လား....အန်'



လူရွယ်က ဆက်မေးပြန်သည်။

'ယောကျ်ားလား၊ မိန်းမလား'

သူက ရယ်မောလိုက်သည်။

'ကျုပ်ရဲ့ ညီမဝမ်းကွဲ တစ်ယောက်ပါ'

'ကျုပ်ကို တဆိတ်လောက် မကျေးဇူးပြုပြီး ပေးပါလား၊ ကျုပ်ရဲ့ညီမပစ္စည်း မဟုတ်ရင် ပြန်ပေးပါ့မယ်'

စိုးကျော်ဟောင်က ခေါင်းကိုခါယမ်းပြလိုက်သည်။

'ခင်ဗျားက ကျုပ်ကို အဓမ္မတောင်းဆိုနေတယ်၊ ကျုပ်ကမပြ နိုင်ဘူး'

ဝတ်စုံဝါလူရွယ်၏မျက်နှာ အကြီးအကျယ် တင်းမာခက် ထန်သွားလည်း၊ သူ၏မျက်လုံးအစုံဝယ် မီးဝင်းဝင်းတောက်ဖြတ် သွားသည်။

'ခင်ဗျားဟာ အန္တရာယ်ကို ဖိတ်ခေါ်နေတယ်ပေါ့ ဟုတ် လား'

သူက တစ်ချက်ပြုံးလိုက်သည်။

'တစ်ခါတလေတော့လဲ အန္တရာယ်ကို ကျုပ်ကတွေ့ချင်သား ပဲ၊ ကျုပ်အတွက် အန္တရာယ်ဆိုတာ မရှိရင် တကက်ပဲပျင်းဖို့ ကောင်းတယ်ဗျ'

'ခင်ဗျားက အန္တရာယ်ကို ကြိုဆိုနေတယ်ဆိုရင်လဲ ကျုပ်က ခင်ဗျားဆန္ဒကို ဖြည့်စွမ်းပေးရတော့မှာပေါ့ဗျာ'

✤

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဝတ်စုံဝါနှင့် လူရွယ်သည် ရုတ်တရက် စိုးကျော်ဟောင်ထံသို့ခုန်ဝင်လျက် လက်ဝါးဖြင့်ရင်ဝအား တွန်းထုတ်လိုက်သည်။

ဝတ်စုံဝါ၏ရိုက်ချက်သည် သေနိုင်လောက်သည့် ရင်ဝနှလုံးသားနေရာသို့ ထိုးနှက်လိုက်ခြင်းဖြစ်သည်။

ထိုလူရွယ် တောင်တိုက်ခိုက်သည်နှင့် အသက်ခြွေသည့် သိုင်းကွက်ကို အသုံးပြုလိုက်သည်မှာ စိတ်ဓာတ်ရေးရာအရ ရိုင်းစိုင်းလွန်းလှသည်။

စိုးကျော်ဟောင်က သူ၏ကိုယ်ကို တစ်ဖက်သို့ လှစ်ခနဲရှောင်တိမ်းပေးလိုက်သည်။

ထိုလူရွယ်၏တွန်းရိုက်ချက်သည် လေထဲတွင်အလဟဿဖြစ်သွားသည်။

သူသည် အလျှင်အမြန် ရှောင်တိမ်းလိုက်ပြီး ကိုယ်ကိုတစ်ဖက်လှည့်၍ ရပ်လိုက်သည်။

ဤတွင် သူ၏ရင်ဝသို့ ဟူးခနဲလေရိုက် ခတ်မှုကိုခံစားလိုက်ရသည်။

သူ ထိတ်လန့်သွားမိသည်။ မကြာမီ ရောက်လာတော့မည့် လက်သီးချက်ကို ကာကွယ်ရန် သူ၏လက်နှစ်ဖက်ကို ရင်ဝတွင် ဆီးကာထားလိုက်မိသည်။

သို့သော် တစ်ဖက်လူရွယ်သည် ညာဘက် လက်သီးအား ရင်ဝတွင်ကပ်ထားသည်ကို တွေ့ရပြီး ကျန်လက်တစ်ဖက် ထိုးထုတ်ခြင်းကို မတွေ့ရ။



မည်သည့်အချိန်ကလက်သီးကိုဆန့်ထုတ်ပြီး မည်သည့်အချိန်တွင် ပြန်လည်ရုပ်သိမ်းသွားသည်ကို မမြင်လိုက်ရ။

သည်မျှလျင်မြန်သော လက်သီးထိုးချက်ကို စိုးကျော်ဟောင်က စိတ်ထဲတွင်းမှ ကျိတ်၍ချီးကျူးလိုက်မိသည်။

ထိုလက်သီးချက်သည်ကား....

'အရိပ်မဲ့လက်သီး' ပင် ဖြစ်တော့သည်။

ဝတ်စုံဝါလူရွယ်သည် သူ့အားအံ့ဩသော အမူအရာဖြင့် လှမ်းကြည့်လိုက်သည်။

အဘယ်ကြောင့်ဟူမူ လူရွယ်သည် သူထိုးနှက်လိုက်သော အရိပ်မဲ့လက်သီးချက်သည် စိုးကျော်ဟောင်၏ရင်ဝအား သေချာစွာထိခတ်သွားသည်ကို မြင်ရပါလျက် စိုးကျော်ဟောင်မှာမည်သို့မျှ တစ်စုံတစ်ရာမဖြစ်ဘဲ ရှိနေသည်ကို တွေ့ရသဖြင့် လူရွယ်က အံ့ဩထိတ်လန့်သွားခြင်း ဖြစ်သည်။

လူရွယ်က စဉ်းစားနေမိသည်။

'သူဟာ အတွင်းအားနဲ့ သူ့ကိုယ်သူ ကာကွယ်ထားဟန်တူတယ်'

လူရွယ်က ဤသို့တွေးရင်း တိုက်ကွက်သစ်ဖြင့် သူ့အား တိုက်ခိုက်ရန် ပြင်လိုက်သည်။

သူက ညာလက်ဖဝါးဖြင့် စိုးကျော်ဟောင်၏ ဘယ်ပုခုံးကို ရိုက်ပုတ်ချလိုက်သည်။ တစ်ဆက်တည်းမှာပင် ဘယ်လက်ညှိုးဖြင့် လက်ခလယ်နှစ်ချောင်းဖြင့် စိုးကျော်ဟောင်၏လည်မျိုသို့ထိုးလွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စို့ကျိုဟောင်က ညာလက်ဖြင့် ဝင်လာသည့် တစ်ဖက်လူ၏ တိုက်ကွက်အား 'ဒေါသနဂါးတိမ်ကြားတွန်းမှို' သိုင်းကွက်နှင့် တွန်းလှန်လိုက်သည်။

ဘယ်လက်က လက်ဝါးချောင်းကိုစုလျက် တစ်ဖက်လူ၏ ဝင်လာသော လက်ချောင်းနှစ်ချောင်းကို ဆုပ်ကိုင်လိုက်သည်။ ထို တိုက်ကွက်သည်ကား နဂါးဖမ်းချုပ်သိုင်းကွက်ပင် ဖြစ်သည်။

ဝတ်စုံဝါနှင့်လူရွယ်၏ သိုင်းကွက်နှစ်ကွက်စလုံးသည် တစ်ဆက်တည်း ထစ်ပြိုင်တည်း တစ်ချိန်တည်း တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ထို့အတူ စို့ကျိုဟောင်ကလည်း တိုက်ခိုက်လာသောတိုက်ကွက်နှစ်မျိုးစလုံးအား သိုင်းကွက်နှစ်မျိုးဖြင့် တစ်ပြိုင်တည်း ကာကွယ်လိုက်ခြင်းဖြစ်သည်။

စို့ကျုံဟောင်၏ညာလက်ဝါးနှင့် ဝတ်စုံဝါလူရွယ်၏ ဘယ်လက်ဝါးထိခိုက်သံသည့် ဖတ်ခနဲမြည်သွား၏။

တစ်ဆက်တည်းမှာပင် ဝတ်စုံဝါလူရွယ်၏ လက်ညှိုးနှင့်လက်ခလယ်နှစ်ချောင်းသည် စို့ကျုံဟောင်၏လက်တွင်းဝယ် ဆုပ်မိထားသည်။

စို့ကျုံဟောင်က သူဖမ်းဆုပ်ထားမိသောလက်ကို လိမ်ချိုးချိုးလိုက်သည်။

ဤတွင် တစ်ဖက်လူရွယ်သည် ကိုယ်တစ်ပတ် လည်သွားပြီး



သူ၏ နောက်ကျောသည် စို့ကျုံဟောင်ဘက်သို့ ကျောပေးမိလျက်သားဖြစ်သွားသည်။

စို့ကျုံဟောင်၏ညာဒူးသည်ဝတ်စုံဝါလူရွယ်၏ခါးသို့ ဆောင့်ခနဲ ထိုးတိုက်၏။ ပြီးနောက် ဆုပ်မိထားသော ဘယ်လက်ကိုပြန်လွှတ်ပေးလိုက်သည်။

ဤတွင် ဝတ်စုံဝါလူရွယ်သည် သူ့ကိုယ်သူ မထိန်းနိုင်မသိမ်းနိုင်ဖြစ်ကာ ရှေ့သို့ ဟပ်ထိုးစိုက်ဆင်းလျက် လွင့်စဉ်ထွက်သွားလေတော့သည်။

စိတ်မကောင်းပါဘူးဗျာ၊ ခင်ဗျားအန္တရာယ်တွေ့တော့မယ် သတိလာပြီး တိုက်ခိုက်ပါနော်'

ဝတ်စုံဝါ လူရွယ်သည် ရှေ့သို့ဟတ်ထိုးစိုက်ဆင်းသွားသည်မှာ ခြေလှမ်း ဆယ်လှမ်းခန့်သို့ရောက်သွားပြီးမှ ကိုယ်ကိုထိန်းသိမ်းလိုက်နိုင်သည်။

သူသည် ချက်ချင်းပင် နောက်သို့လှည့်၍ စို့ကျိုဟောင်ကိုနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စို့ကျိဟောင်ကမူ ထိမ်းမနိုင် သိမ်းမရဖြစ်နေသော တစ်ဖက်လူရွယ်အား အခွင့်ကောင်းယူပြီး လိုက်လံတိုက်ခိုက်ခြင်း မပြုဘဲ ရယ်ရယ်မောမောဖြင့် ရပ်ကြည့်နေသည်။

ဝတ်စုံဝါလူရွယ်သည် ရှက်သွေးဖြာပြီး သူ့မျက်နှာကြီး နီရဲသွားသည်။

သူ၏ခါးမှဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်။

ဓားရောင်သည် ဝင်းခနဲ လက်သွားသည်။

ဝတ်စုံဝါလူရွယ်က ရှက်ရက်ဖြင့် ဒေါသထွက်ကာ အောင်ဟစ်ပြောဆိုလိုက်သည်။

'ဒီနေ့အဖို့တော့ ခင်ဗျားရှင်လဲသေမှ၊ ဒါမှမဟုတ် ကျုပ်ရှင်လိုသေမှ အေးမယ်၊ ကျုပ်တို့ ဓားချင်းယှဉ်ပြိုင်တိုက်ခိုက်ကြမယ်...'

ဝတ်စုံဝါလူရွယ်၏မျက်နှာပြင်ဝယ် သတ်လိုစိတ်ဖြတ်လိုစိတ်၏ အရိပ်အယောင်များ ယှက်သမ်းနေသည်။

စို့ကျိဟောင်သည် မျက်မှောင်တစ်ချက် ကြုတ်လိုက်သည်။

'ခင်ဗျားနဲ့ကျုပ် ဓားလက်နက်သုံးပြီး တိုက်ခိုက်ရမယ့်အခြေအနေအထိရောက်ရတော့မှာလား'

ဝတ်စုံဝါနှင့်လူရွယ်၏ အသံများ တဆတ်ဆတ်တုန်ခါသည်။

'ခင်ဗျား လျှာရှည်မနေနဲ့၊ ခင်ဗျားဓားကိုသာ ဆွဲထုတ်လိုက်ပါ'



စို့ကျိဟောင်ကမူ အေးအေးဆေးဆေးပင် ရယ်မောနေလိုက်သေးသည်။

'ခင်ဗျားက ဓားနဲ့တိုက်ချင်သပဆိုလဲ ဟိုက်ပေါ့၊ ကျုပ်ကတော့ ဓားမသုံးပါဘူး'

ဝတ်စုံဝါလူရွယ် အံကို တင်းတင်းကြိတ်လိုက်သည်။

'ကောင်းပြီ၊ ခင်ဗျားသတိထားပြီး ကာကွယ်ပေတော့'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

### ကျော့ကျော့အေးအေး ဖုန်ပြေပေး

တစ်ဖက်လူရှယ်သည် စိုးကျိဟောင်အား ဓားဖြင့် ရှော် တရက် ထိုးထည့်လိုက်သည်။

စိုးကျိဟောင်က အသက်ကို ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး နောက်သို့ ခြေသုံးလှမ်းခန့် ဆန့်ထုတ်လိုက်သည်။

ဝတ်ရုံဝါ၏ ဓားဦးချွန်သည် စိုးကျိဟောင်၏ရင်ဝသို့ ဓား ဝင်ရန် လက်မအနည်းငယ်အကွာထိ ရောက်နေသည်။

စိုးကျိဟောင်က နောက်သို့ ခြေလှမ်းသုံးလှမ်းမျှသာ ဆုတ်လိုက်ရုံဖြင့် သူ၏ဓားချက် လွတ်သွားသည်ကို တစ်ဖက်လူရှယ်က အံ့သြသွားသည်။



စိုးကျိဟောင်သည် သူ၏ဓားကို ယခုအချိန်အထိ ဆွဲထုတ်ပြီး အသုံးမပြုသေးပါ။

ဝတ်စုံဝါလူရှယ်သည် ရှေ့သို့ တစ်ကွက်ပြီးတစ်ကွက် ထိုးတက်လာကာ ဓားချက်သုံးချက်တိတိ ဆက်တိုက် မနားတမ်း လှမ်းထိုးလိုက်သည်။

ဓားရောင်များသည် နေရောင်တွင် ဝင်းခနဲ ဝင်းခနဲ တစ်ဖျတ်ဖျတ် လက်လေသည်။

စိုးကျိဟောင်က ရယ်မောကာဖြင့် အံ့သြစရာတစ်ခုကို လုပ်ပြလိုက်သည်။

သူက တစ်ဖက်လူ ဝင်လာသော ဓားအား လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်ထားလိုက်ခြင်းပင်ဖြစ်၏။

ဝတ်ရုံဝါ၏ဓားသည် ဓားကောင်းတစ်လက်ဖြစ်သည်။

ထက်မြက်သည်။

ထိရောက်သည်။

သို့သော်....

စိုးကျိဟောင်သည် တစ်ဖက်လူ၏ဓားရှက်အား ဖမ်းဆုပ်ဆွဲယူရန် လက်များလှမ်းဝင်လာသည်။

စိုးကျိဟောင်၏လက်နှစ်ဖက်သည် မိမိ၏ထက်မြက်လှသော ဓားအား ဖျက်ဆီးပစ်လိုက်ပြီလော။

တစ်ဖက်လူရှယ်၏စိတ်ဝယ် ဝိုးတဝါး သံသယဖြစ်မိသည်။

သူသည် ဓားကို ရုတ်ခြည်းနောက်သို့ပြန်ရုပ်သိမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ရှောင်လင်နဂါးသိုင်းကွက် ဆယ့်နှစ်ကွက်များနှင့် ဖီလာပြောင်းပြန် ဖြစ်နေခဲ့သည်။

ဝတ်စုံဝါလူရွယ် နောက်သို့ ဆုတ်ခွာသွားစဉ် လူရိပ်တစ်ခုသည် သူတို့၏ အနီးသို့ ရုတ်တရက် ကျရောက်လာသည်။

ထိုလူရိပ်ပုံမှာ လျှင်မြန်လှပြီး အသံ ဗလံများပင် မကြားလိုက်ရ။

'ဟိတ်…အားလုံးရပ်လိုက်ကြ'

ထိုလူက တည်ငြိမ် ခန့်ညားသော လေသံဖြင့် အော်ပြောလိုက်သည်။

စိုးကျော်ဟောင်က အသံလာရာဆီသို့ လှမ်းကြည့်လိုက်၏။

လူတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။

ထိုလူသည်ကား အနီဝါကျော်၏ဦးလေးတော်သူဖြစ်နေသည်ကို စိုးကျော်ဟောင် မှတ်မိလိုက်သည်။

ဝတ်စုံဝါလူငယ်၏မျက်နှာတွင် ဝမ်းသာခြင်းအရိပ်အရောင်များဖြင့် ရွှင်မြူးသွားသည်။

'ဦးလေးလာပြီ'

ဝတ်စုံဝါလူရွယ်က နှုတ်မှရေရွတ်ပြောဆိုလိုက်ရင်း အသ[illegible]အိုအား ဦးညွှတ်အရိုအသေပြုလိုက်သည်။

အဘိုးအို၏မျက်နှာသည် နီမြန်းနေသည်။

ဒေါသကြောင့် နီမြန်းခြင်းတော့မဟုတ်။

မူလပင်ကိုက နီမြန်းနေခြင်းသာဖြစ်သည်။



သူ နိုယ်တိုင်သည် နောက်သို့ ခြေလှမ်း သုံး လေး လှမ်းခန့် ဆုတ်လိုက်မိသည်။

တမ်ဆက်တည်းမှာပင် တစ်ဖက်လူရွယ်၏တိုက်ကွက် ပြောင်းလိုက်သည်။

သူသည် ဓားကို စကြာသဏ္ဍာန် ဝှေ့ယမ်းလိုက်ပြီး စိုးကျော်ဟောင်ထံသို့ တိုးကပ်သွားသည်။

စိုးကျော်ဟောင်သည် နောက်သို့မဆုတ်။ အံ့ဩထိတ်လန့်ဖွယ်ကောင်းအောင်ပင် ရှေ့သို့သာ တွင်တွင်တိုးလာသည်။

တစ်ဖက်လူရွယ်က တရှိုးရှိုး ထနေအောင် လှည့်ပတ်နေသော ဓားကို ဗလာလက်နှစ်ဖက်ဖြင့် အတင်း ဖမ်းဆုပ်နေ၏။

တစ်ဖက်လူ၏ ဓားကို အမိအရဆွဲ၍ လုယူနေသည်။

ဝတ်ရုံဝါနှင့်လူသည် ပိုမိုထိတ်လန့်သွားသည်။

နောက်သို့ ခြေလှမ်း ငါးလှမ်းခန့် ဆုတ်ခွာ ထွက်ပြေးမိသည်။

စိုးကျော်ဟောင် အသုံးပြုလိုက်သောသိုင်းကွက်မှာ ဗလာလက်ဖြင့် 'နဂါးဖမ်းချုပ်'သိုင်းကွက်ပင် ဖြစ်သည်။

ထိုတိုက်ကွက်သည် 'နဂါးဖမ်းသိုင်းကွက် ဆယ့်နှစ်ကွက်'မှ တစ်ကွက်ဖြစ်သည်။

သို့သော် စိုးကျော်ဟောင်သည် ဘယ်လက်ဖြင့် စထင် [illegible]ခြင်းသာ မူလသိုင်းကွက်နှင့်လက်ထွက်ပုံခြင်း မတူညီခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို၏မျက်လုံးအစုံသည် စိုးကျော်ဟောင်အား အတန်ကြာ စူးစိုက်ကြည့်နေသည်။

ပြီးမှ အဝါရောင်ဝတ်စုံနှင့်လူရွယ်ဘက်သို့ လှည့်၍ မေးမြန်းလိုက်သည်။

'သူက ဘယ်သူလဲ'

'ဟောဒီ မိတ်ဆွေဟာ ဘယ်သူ ဘယ်ဝါဆိုတာ ကျွန်တော် မသိပါဘူး၊ သူ့လက်ထဲမှာ ပိုးအိတ်ရှုံ့ကလေးကိုတွေ့လို့ ညီမလေး ပစ္စည်းဖြစ်နေမလားလို့ သူ့ကိုပြန်ခိုင်းမိတာ သူကမပြန်လို့'

စိုးကျော်ဟောင်က လူရွယ်၏ စကားဆုံးအောင်ပင်မစောင့်နိုင်တော့ပဲ အခြေအနေကို ရှင်းပြလိုက်သည်။

'ကျွန်တော့်ပစ္စည်းကို ကျွန်တော်ပြလိုမှပြပါမယ်၊ အတင်းအဓမ္မနည်းနဲ့ အကျပ်ကိုင် အနိုင်ကျင့်လို့ ဘယ်သူက ခံမှာလဲ'

စိုးကျော်ဟောင်က အခြေအနေ အရပ်ရပ်ကို ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်။

'မင်းတို့ လူငယ်ချင်း အထင်မှားလို့ ဖြစ်မိကြတာ၊ တစ်ယောက်ကို တစ်ယောက် ကျေနပ်လိုက်ကြပါ'

အဘိုးအိုက မည်သူတစ်ဦးတစ်ယောက်၏ဘက်ကိုမှ မလိုက်ဘဲ ရန်ပွဲကို ရပ်စဲစေလိုက်သည်။



ပြီးနောက် အဘိုးအိုက စိုးကျော်ဟောင်ဘက်သို့ လှည့်ကာ သူ့ကိုယ်သူ စတင်မိတ်ဆက်ပေးလိုက်သည်။

'ကျုပ်နာမည် အန်အီချောင်လို့ ခေါ်ပါတယ်၊ သူကတော့ လန်းချုန်က စချီချိန်း ဆိုတာပါပဲ'

အဘိုးအိုက အဝါရောင်ဝတ်စုံနှင့် လူရွယ်အား လက်ညှိုးထိုးပြရင်း မိတ်ဆက်စကား ဆိုလာသည်။

အဘိုးအိုသည် မိတ်ဆက်စကားပြောရင်း ဝတ်စုံဝါလူရွယ်ဘက်သို့ လှည့်ကြည့်ကာ မျက်စိတစ်ချက်မှိတ်ပြလိုက်သည်။

ပြီးနောက် စိုးကျော်ဟောင်ဘက်သို့ လှည့်၍ မေးမြန်းလိုက်ပြန်လေသည်။ မမြင်

'ညီငယ်ကကော...ဘယ်ရပ်ဘယ်ရွာကလဲ၊ နာမည်ကရော ဘယ်လိုခေါ်လဲကွယ်' ချိန်တယ်၊

စိုးကျော်ဟောင်က လူကြီးတစ်ယောက်အား တစ်လေးလိုဆိုလိုပင် ပြန်လည်ဖြေကြားလိုက်၏။

'ကျွန်တော့်နာမည်မှာ ကျော်ဟောင်၊ ချင်ကျိုးဒေသကပါ'

'ညီငယ်ရဲ့ လက်ထွက်ပုံသိုင်းကွက်တွေက ဆန်းသစ်ကောင်းမွန်လှပါတယ်၊ ညီငယ်က သိုင်းပြောင်းပြန်ဆရာကြီးနဲ့ ဘယ်လိုများပတ်သက်နေပါသလဲ'

သူ အံ့ဩသွား၏။

အဘိုးအိုသည် သူ၏လက်ကွက်များကို တစ်ခဏသာမြင်လိုက်ရုံဖြင့် မည်သူမည်ဝါနှင့် ပတ်သက်သည်ကို ရိပ်စားမိသွားခြင်းကြောင့် အထူးအံ့ဩနေမိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် သိုင်းလောကအတွေ့အကြုံ စုံလင်သူတစ်ဦး ဖြစ်သည်။ သိုင်းပညာအဆင့်မြင့်မားပုံလည်းရသည်။

သူ၏လက်ကွက်ပုံကြည့်ပြီး သူ၏ဇာစ်မြစ်ကိုမပြောဘဲသိရှိနေသည်။

သို့အတွက် သူက အန်အိချောင်အား အမှန်အတိုင်းဝန်ခံ ပြောကြားလိုက်မိသည်။

'ဆရာကြီးပြောတဲ့အတိုင်းပါပဲ၊ ကျွန်တော့်ဆရာသမားအ ငေါင်းပြောင်းပြန်ဆရာကြီးပါပဲ'

အန်အိချောင်မျက်နှာဝယ် အံ့ဩဖိတ်လန့်သော အရိပ် အမြွက်များ၊ အရေးအစင်းများ အထင်းသားပေါ်လွင်လာ

စိုး

ကုန်ရ

အန်အိချောင်က အနူခြောက်တိုက် ရယ်မောလိုက်သည်။

ပေ 'ကျုပ်ထင်တာ မမှားဘူးပေါ့၊ ညီငယ်က ထူးခြားသူဆ ဆရာကြီးတစ်ဦးရဲ့ တပည့်တစ်ယောက်ပေပဲကိုး၊ မမျှော်လင့်ဘဲ ခုလိုတွေ့ရတာဝမ်းသာလှပါတယ်'

အဘိုးအိုအန်အိချောင်က ဝမ်းပန်းတသာဖြင့် ပြောလိုက် သည်။ တစ်ဆက်တည်းမှာပင် သူက ဆက်လက်မေးမြန်းလိုက် လေသည်။

'ဒါနဲ့ ညီငယ့်ဆရာသမားကော နေထိုင်ကောင်းရဲ့လား အခု သူ ဘယ်နေရာဒေသမှာနေထိုင်ပါသလဲ'



စိုးကျော်ဟောင်မျက်နှာသည် စည်ငြိမ်သွားသည်။

'ဆရာသမားက အသွားအလာ လျှို့ဝှက်တာကြောင့် သူ အခု ဘယ်အရပ်ဒေသမှာရှိတယ်ဆိုတာကို ကျွန်တော် ပြောမပြ နိုင်ပါဘူးခင်ဗျာ'

အန်အိချောင်က သူ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်နေ သည်။

'ညီငယ်ပြောတာဟုတ်ပေတယ်၊ ညီငယ့်ဆရာကသိုင်းလောက မှာ လှုပ်ရှားတုန်းကလဲ တိမ်ကြားမှာပျံတဲ့နတ်နဂါးတစ်ကောင် လိုပါပဲ၊ ဦးခေါင်းပိုင်းကိုမြင်ရပေမယ့် သူ့ရဲ့အမြီးပိုင်းကို မမြင် ရဘူး၊ အမြီးကိုမြင်ပြန်တော့လဲ သူ့ဦးခေါင်းပိုင်းက ပျောက် နေပြန်တယ်၊ သူ့ရဲ့ လှုပ်ရှားမှုတိုင်းဟာ အရိပ်လို မြန်တယ်၊ အဖမ်းရခက်တယ်၊ ကျုပ်ကလဲ အခုလို မေးရတာ ကြုံလို့ဆိုလို့ ပါ၊ တခြားအကြောင်းမရှိပါဘူး'

စိုးကျော်ဟောင်သည် အန်အိချောင်အား လက်ဖမိုးအုပ်ပြီး အရိုအသေပြုလိုက်သည်။

'ကျွန်တော့်မှာ ကိစ္စလေးတွေရှိနေသေးလို့ သွားခွင့်ပြုပါဦး ခင်ဗျာ'

'ကောင်းပါပြီကွယ်၊ ညီငယ်မှာ ကိစ္စရှိတယ်ဆိုရင်လဲ သွား နိုင်ပါပြီ'

အန်အိချောင်က ပြုံးကာရယ်ကာဖြင့်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စို့ကျ ံဟောင်သည် အန်အီချောင်နှင့်စုချီချိန်းတို့အား အရှိအသေပြုလျက် တောအုပ်ရှေ့မှ ရှုတ်တရက်ထွက်ခွာသွားလေတော့သည်။

အန်အီချောင်သည် ဝေး၍ဝေး၍သွားသော စို့ကျ ံဟောင်၏ကျောပြင်အားလှမ်းကြည့်နေသည်။ သူ၏မျက်နှာပေါ်ဝယ် လေးနက်သောအပြုံးရိပ်များ တရိပ်ရိပ်ထင်ဟပ်လာသည်။

'ထို့ သူ့နောက်ကို နောက်ယောင်ခံ လိုက်ကြည့်ကြရအောင်'

အန်အီချောင်က ရှုတ်တရက် လှမ်းပြောလိုက်သည်။

စုချီချိန်းကလည်း သူ၏ထင်မြင်ချက်ကို ပြောပြလိုက်သည်။

'ကျွန်တော်လဲ ဒီလူကို စိတ်ထဲမှာ မသင်္ကာဖြစ်မိတယ် ဦးလေး'

အမှန်စင်စစ်သည်း စုချီချိန်းသည် စို့ကျ ံဟောင်၏ လက်ထဲ အိတ်ရှုံ့ကလေးကို သင်္ကာမကောင်းဖြစ်နေလိမ့်မည် မဟုတ်ပါလော။

အန်အီချောင်သည် အတန်ကြာအောင်ပင်စဉ်းစားနေမိပြီးမှ တစ်ကိုယ်တည်း မြုံးလိုက်သည်။ ထိုနောက် သူသည် ခေါင်းကို တဆတ်ဆတ်ညိတ်နေမိသည်။

'အင်း...အင်း...ကျုပ်အထင် ပြောရရင် ဒီလူ ဒီအရပ်ရောက်လာတာဟာ ထူးခြားတဲ့ကိစ္စတစ်ရပ်လို့ဆိုရမှာပဲ'



အန်အီချောင်သည် ပြောပြောဆိုဆိုနှင့် တောအုပ်ကလေးမှ ထွက်လာသည်။

စုချီချိန်းက နောက်မှလိုက်လာခဲ့သည်။

သူတို့နှစ်ယောက်သည် စို့ကျ ံဟောင်နောက်သို့ နောက်ယောင်ခံလိုက်ကြည့်ကြခြင်းဖြစ်သည်။

သူတို့သည် စို့ကျ ံဟောင်နောက်သို့ ခြေရာကောက်လိုက်ခဲ့ကြသည်။

၏၍

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မျက်တစ်လုံးအဘိုးအိုနှင့် ထပ်ဆင့်ညွှန်ကြားချက်များ!

တောလမ်းကလေး တစ်လျှောက်တွင် လူသူ ရှင်းနေသည်။ တိတ်ဆိတ်ငြိမ်သက်နေသည်။

ကျေးငှက်သာရကာတို့၏ သံစုံဟစ်မြည်အော်သံကလေးများသည် သာယာနာပျော်ဖွယ် ရှိလှသည်။

တောတန်းသည် စိမ်းမြမြရှိနေ၏၊ ပင်ခြေရှင်းနေသည်။

တစ်ချက်တစ်ချက်၊ ဝေ့ဝဲယမ်းတိုက်ခတ်လာသော လေပြည်သည် တောမန်း တောင်ပန်းတို့၏ မွှေးရနံ့ကို သယ်ဆောင်လာသည်။



တစ်တောလုံး မွှေးပျံ့သင်းထုံလျက်ရှိသည်။

ကြည်နူးဆွတ်ပျံ့ဖွယ် ကောင်းလှသည်။

စိုးကျီဟောင်သည် တောလမ်းအတိုင်း လျှင်မြန်စွာလျှောက်လာခဲ့သည်၊ မကြာမီ တောအုပ်ထူထူတစ်ခုရှေ့သို့ ရောက်လာသည်။

စိုးကျုံဟောင်၏ ခြေလှမ်း တုံ့ခနဲရပ်သွား၏၊

သူ၏မျက်လုံးအစုံသည် ဘေးပတ်ဝန်းကျင်တစ်ခို ဝေ့ယမ်းကြည့်ရှုအကဲခတ်လိုက်သည်၊

ပြီးလျှင်.... တောအုပ်အတွင်းသို့ လှမ်းဝင်သွားသည်၊

ခေတ္တခဏ ဝင်ရောက်၍ လူလုံးဖျောက်ခြင်းသာ ဖြစ်သည်၊

သူသည် မျက်တစ်လုံးအဘိုးအိုနောက်သို့ တစ်ကောက်ကောက် လိုက်လာခဲ့သည်။

ခေါက်ဆွဲဆိုင် တစ်ခုတွင် ပြဿနာဖြစ်ခဲ့ရာမှ ဝတ်စုံပြာနှင့် အဘိုးအိုခြင်းကို ခံခဲ့ရသည်၊

ထို့မှတ်ပြောင့်ပင် ပေါ်ပေါ်ထင်ထင် သွားလာလှုပ်ရှားခြင်းကို အထူးဂရုပြုနေရသည်။

သူသည် တောအုပ်အတွင်း ချုံကွယ်တစ်ခုတွင် ရုပ်ဖျက်ရန် စီခဲ့လိုက်သည်၊

သိုင်းပြောင်းပြန် ဆရာကြီးသည် ရုပ်ပြောင်းရုပ်ဖျက်ခြင်း အတတ်ပညာကိုလည်း တတ်မြောက်ထားသူဖြစ်သည်။

ထို့အတွက် စိုးကျုံဟောင်သည်လည်း ဆရာကြီး၏ ရုပ်ပြောင်းရုပ်လွှဲ ရုပ်ဖျက်ခြင်းပညာစွမ်းများကိုပါ အမွေဆက်ခံထားသည့်အပြင် ထူးခြားတတ်မြောက်သူ ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူက နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ဖြူဖွေးနေသော အဘိုးအိုတစ်ဦးအသွင်ဖြင့် ချုံတွင်းမှ ထွက်လာခဲ့သည်။

သူ၏ဓားရှည်ကို အစြင်အင်္ကျီအတွင်း၌ ချိတ်ဆွဲကာ တောအုပ်အတွင်းမှ ထွက်လာခဲ့သည်။

ထိုစဉ်…

တောအုပ်ရှေ့တွင် လူနှစ်ယောက် စကားတပြောပြောနှင့် လမ်းလျှောက်လာသည်ကို လှမ်းမြင်လိုက်ရသည်။

စို့ကျိုဟောင်၏ ခြေလှမ်းများက ရုတ်တရက် ရပ်တန့်သွားပြီး အနီးအနားရှိ သစ်ပင်ကြီးတစ်ပင်နောက်ကွယ်သို့ပြေးဝင်၍ ပုန်းခိုနေလိုက်သည်။

တောအုပ်ရှေ့မှ လူနှစ်ယောက်ကို လှမ်းကြည့်လိုက်၏။

စို့ကျိုဟောင် အံ့ဩသွားသည်။

ထိုလူနှစ်ယောက်သည်ကား…

တစ်ဦးက အန်အိချောင်၊ နောက်တစ်ဦးက စုချိချိန်းတို့ဖြစ်နေလေသည်။

သူတို့နှစ်ဦး၏ ပြောဆိုသော စကားများကိုလည်း သစ်ပင်နောက်ကွယ်မှ စို့ကျိုဟောင်က ရှင်းလင်းပြတ်သားစွာ ကြားနေရသည်။

'ဒီလူလမ်းလျှောက်တာက ရေခဲပြင်ပေါ် လျှောစီးတာကျနေတာပဲ၊ သိမ်ကိုမြန်တယ်၊ ကျွန်တော်တို့ ဒီလောက်မြန်မြန်လိုက်ခဲ့ကြတာ သူ့ကိုဖင်ဖျားတောင်မမြင်ရတော့ဘူး'



စုချိချိန်းက ညည်းညည်းညူညူ ပြောလိုက်သည်။

အန်အိချောင်ကမူ တစ်စုံတစ်ရာ ပြန်မပြော။

တောအုပ်ကလေးကိုဖြတ်ကျော် ခပ်သုတ်သုတ် လျှောက်သွားကြသည်။ မကြာမီ အလှမ်းကွာဝေးကာ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်။

'ဩ်…သူတို့က ငါ့နောက်ကို နောက်ယောင်ခံလိုက်နေကြပါလား၊ ငါ့အဖြစ်က နောက်ကအန္တရာယ်အသွယ်သွယ် အလိုက်ခံနေရတဲ့အဖြစ်ပါလား'

စို့ကျိုဟောင်က တစ်ကိုယ်တည်း နှုတ်မှရေရွတ်လိုက်သည်။

'မင်းတို့ ငါ့ကို နောက်ယောင်ခံလို့များရရင် ငါဟာ သိုင်းပြောင်းမြန်ဆရာကြီးရဲ့တပည့်တစ်ယောက်မလုပ်တော့ဘူးကွ'

စို့ကျိုဟောင်တစ်ယောက်တည်း ကြိမ်းဝါး လိုက်မိသည်။

❖

ထိုပေါ်ခန်းမြို့သို့ မီးထွန်းချိန်လောက်တွင် ရောက်ရှိ ခဲ့ကြသည်။

ထိုဘိုက်ခန်းမြို့၏ မင်းလမ်းမကြီးသည် တောင်နှင့်မြောက်သန်း၍ ဖောက်လုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးတစ်လျှောက်တွင် လူများစည်ကားစွာ သွားလာနေကြသည်။

မြို့တွင်းဝယ် လမ်းမကြီးနှစ်လမ်းသာ ရှိသည်။

မြို့လယ်တွင် တည်းခိုစားသောက်ဆိုင် သုံးဆိုင်လောက်သာရှိသည်။ ကြီးကျယ်ခမ်းနားခြင်းတော့ မရှိ။

သူသည် မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။ ပြီးနောက် လူစည်ကားသော လမ်းထိပ်သို့ ရောက်ရှိလာခဲ့လေသည်။

သူသည် ဟိုဟိုသည်သည် မျက်လုံးဝေ့ကစား၍ ကြည့်လိုက်သည်။ အရက်ဆိုင်တစ်ဆိုင်သို့ အရောက်တွင် သူ၏မျက်လုံးများကစူးစိုက်၍ ကြည့်နေလိုက်သည်။

အရက်ဆိုင်အတွင်း၌ ဝတ်စုံပြာနှင့် သူ၏ တပည့်တို့သည် စားပွဲတစ်လုံးတွင် အရက်သောက်နေသည်ကို တွေ့လိုက်ရလေသည်။

စိုးကျော်ပေါင်သည် ထိုအရက်ဆိုင်မှ ရှောင်ထွက်လာခဲ့သည်။

သူသည် တည်းခိုစားသောက်ဆိုင်များသို့ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ဝင်ရောက်၍ လူတစ်ယောက်ကို စုံစမ်းနေ၏။

ယေဘုယအနည်းငယ် အသုံးပြုလျက် မျက်တစ်လုံး အဘိုးအိုတည်းခိုခြင်းရှိမရှိကို စုံစမ်းသည်။

နောက်ဆုံး တည်းခိုစားသောက်ဆိုင်တစ်ဆိုင်တွင် မျက်တစ်လုံးအဘိုးအို တည်းခိုကြောင်း စုံစမ်းသိရှိရသည်။



သူသည် ယင်းစားသောက် ဆိုင်၏ တည်းခိုဆောင်တွင် အခန်းငှားလိုက်သည်။

သူ ငှားရမ်းရရှိသောအခန်းသည် မျက်တစ်လုံး အဘိုးအိုနှင့်မျက်နှာချင်းဆိုင်အခန်း ဖြစ်နေသည်။

ထိုညတွင် အကြောင်းထူးသည့်ကိစ္စများ တစ်စုံတစ်ရာမရှိခဲ့ပေ။

နောက်တစ်နေ့နံနက်တွင် မျက်တလုံးအဘိုးအို အိပ်ရာမှမထမီမှာပင် သူသည် တည်းခိုရိပ်သာမှ ထွက်ခွာလာခဲ့လေတော့သည်။

သူသည် မြို့ပြင်သို့ရောက်လျှင် ချုံကွယ်တစ်ခုအတွင်းသို့ဝင်ပြီး ရုပ်ပြောင်းရုပ်လွှဲ လုပ်လိုက်သည်။

သူသည် လူရွယ်ကုန်သည်တစ်ဦးအသွင်ဖြင့် ထွက်လာခဲ့လေသည်။

လမ်းတွင် ဆီစိမ်စက္ကူထီးတစ်လက်ကို ဝယ်ယူခဲ့ပြီး သူ၏ဓားကို ထီးအသွင်ဝှက်၍ ယူဆောင်ခဲ့သည်။

ရုတ်တရက်သော် သူ့တွင် ဓားလက်နက်ပါရှိသည်ကို မည်သူမျှ သိရှိနိုင်တော့မည် မဟုတ်ချေ။

သူသည် ကျွမ်းယန်မြို့သို့ ဦးတည်လျှောက်လာခဲ့သည်။

ထိုက်ခန်းမြို့နှင့် ကွမ်းယန်မြို့သည်ခရီးမိုင်ခြောက်မိုင်(တရုတ်မိုင်)မျှကွာဝေးသည်။ သူသည် ခြေလှမ်း ဖြည်းဖြည်း နှေးနှေးလျှောက်လာနေသည်။

နောက်မှလိုက်လာမည့် မျက်တစ်လုံးအဘိုးအိုအား စောင့်ရင်းဖြည်းဖြည်း လျှောက်လာခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်မွန်းတည့်ချိန်လောက်တွင် မျက်တစ်လုံး အဘိုးအို ရောက်ရှိလာသည်။ အဘိုးအိုသည် စိန့်ကျူ ဟောင်အား ကျော်တက်ပြီး သုတ်သုတ်ပျာပျာ ခရီးပြင်းနှင်သွားသည်။

သူသည် မျက်တစ်လုံးအဘိုးအိုအား မျက်ခြည်မပြတ်ကြည့်ကာ နောက်မှ ယောင်လည်လည်ဖြင့် လိုက်ပါသွားခဲ့လေသည်။

နေလုံးမပျောက်မီအချိန်တွင် ကွမ်းယန်မြို့တွင်းသို့ ရောက်ရှိလာခဲ့ကြသည်။

မျက်တစ်လုံး အဘိုးအိုသည် လမ်းသွယ်လေးငါးလမ်းမှ ဖြတ်ကျော် လျှောက်လာခဲ့ပြီးနောက် အရက်ဆိုင် တစ်ဆိုင် အတွင်းသို့ ဝင်ရောက်သွားသည်ကို တွေ့လိုက်ရသည်။

အရက်ဆိုင်သည် 'ဝုဖူကျူး' အမည်ရှိသော အရက်ဆိုင်ပင် ဖြစ်သည်။ ဝုဖူကျူး၏အဓိပ္ပာယ်မှာ 'ချမ်းသာခြင်း ငါးပါး အရက်ဆိုင်' ဟူ၍ အဓိပ္ပာယ်ရရှိသည်။

သူသည် ဝုဖူကျူးအရက်ဆိုင်အတွင်းသို့ဝင်၍ ထက်ကြပ်မကွာလိုက်လာခဲ့သည်။

ဆိုင်တွင်းဝယ် မျက်တစ်လုံးအဘိုးအိုသည် ပြတင်းပေါက် တစ်ခုအနီးရှိစားပွဲတွင် ထိုင်လျက်သား တွေ့မြင်လိုက်ရလေသည်။

သူသည် မျက်တစ်လုံးအဘိုးအိုနှင့် မနီးမဝေးစားပွဲတစ်လုံးတွင် ဝင်ရောက်နေရာယူလိုက်သည်။



မိုးချုပ်လေပြီ။

ဆိုင်တွင်း၌ မီးများထွန်းညှိထားသည်။

အရက် သောက်မည့်လူများလည်း တစ်ယောက်ပြီး တစ်ယောက် ရောက်လာကြသည်။

တဖြည်းဖြည်းနှင့် ဆိုင်တွင်ဝယ်စားသုံးသူများနှင့် စည်ကားဆူညံလာတော့သည်။ မျက်တစ်လုံးအဘိုးအိုသည်တစ်ကိုယ်တည်း အေးဆေးစွာဖြင့် အရက်မော့လိုက်၊ အမြည်းစားလိုက်ဖြင့် ဆက်ရက်မင်းစည်းစိမ်ကို တစိမ့်စိမ့်ခံစားလျက်ရှိသည်။

သို့သော် သူ၏မျက်စိတစ်လုံးသည် ဆိုင်တွင်းသို့ ဝေ့ကာယမ်းကာဖြင့် လှည့်ပတ်ကြည့်ရှုအကဲခတ်နေသည်ကို သတိထားလိုက်မိသည်။

မျက်တစ်လုံး အဘိုးအိုသည်သူသယ်ဆောင်လာသောပစ္စည်းကို မည်သူ့အားပေးရမည်ကို မသိ။

သူ့အား တစ်စုံတစ်ယောက်က လာရောက်ဆက်သွယ်မည်ကိုသာ စောင့်မျှော်နေရခြင်း ဖြစ်သည်။

ထို့ကြောင့် လူစည်ကားသော ဤလိုအရက်ဆိုင်တွင်ပြောင်ပြောင်တင်းတင်း အရက်သောက်ရင်း ဆက်သွယ်လာမည့်သူကို စောင့်မျှော်နေခြင်းပင် ဖြစ်သည်။

မျက်တစ်လုံး အဘိုးအိုထံသို့ မည်သို့သောအသွင်အပြင်မျိုးဖြင့် မည်သည့်လူမျိုး ရောက်လာမည်ကို အဘိုးအိုသည် အရက်တစ်စွတ်စွတ်သောက်ရင်း အမြည်းတမြုံ့မြုံ့စားရင်း စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်တစ်လုံးအဘိုးအိုနည်းတူပင် မည်သို့သောအသွင်အပြင်မျိုးဖြင့် အဘိုးအိုထံ လာရောက်ဆက်သွယ်မည်ကို စိုကျိုဟောင်ကလည်း တိတ်တဆိတ် ချောင်းကြည့်နေမိသည်။

အချိန်တွေကုန်သွားသည်။ စားသောက်ဆိုင်အတွင်း လူရှင်းစပြုလာသည်။

စားသောက်ပြီး၍ တစ်ယောက်ပြီး တစ်ယောက် တစ်စုပြီး တစ်စု ထပြန်ကုန်ကြသည်။

ယခုဆိုလျှင် ဆိုင်တွင်း၌ အရက်သောက်သူ လေးငါးခြောက်ယောက်ခန့်သာ ကျန်တော့သည်။

ယခုအချိန်ထိ မည်သည့်လူ တစ်ဦးတစ်ယောက်ကမျှ မျက်တစ်လုံး အဘိုးအိုထံသို့ လာရောက်ဆက်သွယ်ခြင်း မရှိသေး။

အတော်ကလေးပင် ညဉ့်နက်လာလေသည်။

မျက်တစ်လုံးအဘိုးအိုသည် စိတ်ရှည်တော့ဟန်မတူ၊ အောင့်အည်းသည်းမခံနိုင်တော့သည့်အဆုံးတွင် ထိုင်ရာမှ ရုတ်တရက်ထလိုက်သည်။

ကျသင့်ငွေ ရှင်းပေးပြီး ဆိုင်တွင်းမှ အလျင်အမြန် ထွက်ခွာသွားတော့သည်။

စိုကျိုဟောင်သည်လည်း ကပျာကယာပင် ကျသင့်ငွေရှင်းပေးလိုက်ပြီး ဆိုင်ပြင်သို့ အလျင်အမြန် ထွက်လာခဲ့သည်။

မျက်တစ်လုံးအဘိုးအိုနောက်သို့ မသိမသာ နောက်ယောင်ခံလိုက်လာခဲ့သည်။

မျက်တစ်လုံးအဘိုးအိုသည် ခပ်မှန်မှန် လျှောက်နေရာမှ ရုတ်တရက် ခြေလှမ်းများ ပြောင်းသွားသည်။



သူသည် တောင်ဘက်ပိုင်းသို့ဦးတည်လျက် လျင်မြန်စွာ လျှောက်နေသည်။

တမှတ်မိုင် နှစ်မိုင်ခန့် လျှောက်သွားမိလျှင် ဘုရားကျောင်းဆောင်တစ်ခုရှေ့သို့ ရောက်ရှိလာခဲ့သည်။

မျက်တစ်လုံးအဘိုးအိုသည် ဘေးပတ်ဝန်းကျင်ကို တစ်ချက်လှည့်ပတ်ကြည့်ရှု အကဲခတ်လိုက်သည်။ ပြီးနောက် ဘုရားကျောင်း လှေကားအတိုင်း ခပ်သွက်သွက် တက်ရောက်သွားသည်။

www.burmeseclassic.com

## အခန်း (၂၂)

စိုးကျော်ဟောင်သည် ဘုရားကျောင်းဝင်း အုပ်နံရံညာဘက်သို့ ပြေးဝင်ကပ်လိုက်သည်။ ဘေးပတ်ဝန်းကျင်ကို အတန်ကြာ ကြည့်ရှုအကဲခတ်လိုက်သည်။

ပြီးနောက် စိုးကျော်ဟောင်သည် အုတ်နံရံအား ပေါ့ပါးစွာ ခုန်ကျော်ဝင်ရောက်လိုက်သည်။ ဘုရားကျောင်းဝင်း အတွင်းသို့ ရောက်သည်နှင့် စိုးကျော်ဟောင်သည် ဘုရားကျောင်းဆောင်၏ တံခါးမကြီးဆီသို့ ရုတ်တရက် လှစ်ခနဲ ပြေးဝင်ကပ်လိုက်သည်။

ညာဘက်ကျောင်း နံရံကို မှောင်ရိပ်ခိုပြီး ကပ်သွားသည်။ ကျောင်းဆောင် နံစိုရှိ လေဝင်ပေါက်အတွင်းသို့ ခေါင်းပြူ



ပြီး ကျောင်းဆောင်အတွင်းသို့ ချောင်းမြောင်း ကြည့်လိုက်သည်။

မျက်တစ်လုံး အဘိုးအိုသည် ဘုရားကျောင်း ခန်းမကြီး အတွင်းသို့ ဝင်ရောက်သွားသည်။

သူသည် ဘုရားပလ္လင်ရှေ့ရှိ ဆွမ်းသစ်သီး အစုံရှိသော လှူဖွယ်ပစ္စည်းများတင် ကပ်လှူသည့် ခုံရှည်ကြီး တစ်ခုပေါ်သို့ တက်ရောက်ပြီး ဟန်ကျပန်ကျ လှဲအိပ်ချလိုက်သည်။

ဘုရားကျောင်းဆောင်အတွင်း၌ အထူးပင် တိတ်ဆိတ်နေလေသည်။

တစ်ခါတစ်ရံ အိမ်မြှောင်စုတ်ထိုးသံလေးများကိုပင် ကျယ်လောင်စွာ ကြားနေရသည်။

မကြာမီ....

အသံတစ်သံက ရုတ်တရက် ပဲ့တင်ရိုက်သွားသည်။

ထိုအသံသည် ဘုရားကျောင်းဆောင်အပြင်ဘက်မှ ထွက်ပေါ်လာသောအသံတစ်သံဖြစ်သည်ကို ခန့်မှန်းနိုင်သည်။

ထို့အပြင် ယင်းအသံသည် လူနှစ်ယောက်၏ အော်ဟစ်သံဖြစ်သည်ဟု စိုးကျော်ဟောင် ခန့်မှန်းတွက်ဆလိုက်သည်။

လူနှစ်ယောက် အော်သံကား အနည်းငယ် တိုးညှင်းသည်။ သို့သော် ညသည် တိတ်ဆိတ်နေသဖြင့် ထိုအော်သံကို ဘုရားကျောင်းဆောင်အတွင်းမှ ကြားလိုက်ခြင်း ဖြစ်သည်။

မျက်တစ်လုံး အဘိုးအိုသည် ထိုအော်သံကို ကောင်းစွာ ကြားလိုက်သည်။

အလန့်တကြားဖြင့် ရုတ်ခြည်းပင်ထ၍ ထိုင်လိုက်သည်။ သူ၏

www.burmeseclassic.com



မျက်လုံးသည် ဘုရားကျောင်းခန်းမကြီးဆီသို့ ရောက်ရှိသွားသည်။

ထိုစဉ်...

လူရိပ်သဏ္ဌာန်တစ်ခုသည် ရိပ်ခနဲဘုက်ပေါ် လာခဲ့သည်။

ထိုအရိပ်သည် ဘုရားသရဲတစ်ကောင်အသွား အသံမဲ့ ခြေသံနင်းကြွားခြင်းသူ၏ထံသို့ လျင်မြန်စွာ ရွေ့လျားလာနေသည်ကို လှမ်းမြင်ရသည်။

မျက်စိတစ်လုံး အဘိုးအိုသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သူက ထိတ်လန့်တုန်လှုပ်သောအသံဖြင့် လှမ်း၍ မေးမြန်းလိုက်သည်။

'ဟေ့...ဘယ်သူလဲ'

စိုးကျော်ဟောင်သည် လေဝင်ပေါက်အပိုင်းကလေးမှအသေအချာလှမ်းကြည့်လိုက်သည်။

အနီအရိပ်သဏ္ဌာန်သည် ဘယ်ဘက်လက်တွင် သံသေတ္တာ ကလေးကိုဆွဲကိုင်ထားသော အစိမ်းဆောင်ပတ်စုံနှင့်လူ ဖြစ်နေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိလိုက်ရသည်။

ပတ်စုံစိမ်းနှင့်လူသည် အဘိုးအိုရှေ့သို့ရောက်လျှင် သံသေတ္တာ လှမ်းများကို တိခနဲရပ်တန့်ပစ်လိုက်၏။

သူက မာမာထန်ထန်လေသံဖြင့်ပြောလိုက်၏။

'ကျုပ်...ကျုပ် ခင်ဗျားဆီ စာလာပေးတာ၊ ခင်ဗျား မျက်လုံးအဘိုးအိုမဟုတ်လား'

မျက်တစ်လုံးအဘိုးအိုသည်စိုးရိမ်ထိတ်လန့်မှုများလွှင့်စဉ်သွား



ည်။ သူသည် ဝမ်းသာအားရဖြင့် ခဲ့ပေါ်မှ ခုန်ဆင်းလိုက်သည်။

ပတ်စုံစိမ်းနှင့်လူသည် သူ၏အိတ်အတွင်းမှ စာတစ်စောင်ကို ထုတ်ယူပြီး အဘိုးအိုလက်သို့ ပေးအပ်လိုက်သည်။

'ရော့၊ ယူ'

သူက တိုတောင်းစွာပြောပြီး ဖျတ်ခနဲ လှည့်ထွက်သွားလေသည်။

စိုးကျော်ဟောင် စဉ်းစားလိုက်သည်။

ဤစာသည် ညွှန်ကြားချက်တစ်ခုဖြစ်ရမည်။ မည်သည့်နေရာသို့သွား၍ မည်သူသို့ပေးရမည်ကိုညွှန်ကြားထားသော စာတစ်စောင်ဖြစ်ရမည်။

သူက အတိအကျတွက်ဆလိုက်သည်။

'အင်း...ခုထိ လူမိုးဆုံးကိုမရောက်သေးပါလား'

စိုးကျော်ဟောင်က စိတ်ထဲတွင် ရေရွတ်နေလိုက်မိသည်။

မျက်တစ်လုံးအဘိုးအိုသည်စာအိတ်ပေါ်မှစာကိုသေချာစွာ ကြည့်ရှုလိုက်သည်။

❖

ပြီးနောက် ဘုရားပလ္လင်ပေါ်တွင် အဆင်သင့်ရှိနေသော ဖယောင်းတိုင်ကိုယူပြီး မီးထွန်းညှိလိုက်သည်။

ပြီးလျှင် အမွှေးတိုင်သိုးစိုက်သည့် ခွက်အတွင်းမှ အမွှေးတိုင်တစ်ဂုဏ်ခန့်ရှိသော အမွှေးတိုင်ကို ရွေးချယ်ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအမွေးတိုင်တစ်ဝက်တစ်ပြက်ကို ဖယောင်းတိုင်မီး ညှိလိုက်ပြီး အိုးထဲတွင် စိုက်ထူထားလိုက်သည်။

စိုကျော်ဟောင်သည် ပြတင်းပေါက်ရှိသော အုတ်နံ တရွေ့ရွေ့တံခါးမကြီးဆီသို့ ကပ်လျှောက်လာခဲ့သည်။

သူသည် မျက်တစ်လုံးအဘိုးအို၏ အမူအရာထူးခြားမှုကို ဝင်တစားဖြစ်နေမိသည်။

ထို့ကြောင့် အနီးကပ်ကြည့်ရှုရန် ဝင်ရောက်လာခြင်း သည်။

စိုကျော်ဟောင်သည် ခန်းမအတွင်းရှိ ထုပ်တန်းပေါ်သို့ ပါးစွာ ခုန်တက်လိုက်သည်။

သူသည် ထုပ်တန်းပေါ်မှနေ၍ မျက်တစ်လုံးအဘိုးအို နီးကပ်စေရန် ရွေ့လျားသွားသည်။

အဘိုးအိုအား အထက်စီးမှနေ၍ နီးကပ်စွာ မြင်နိုင် သည်။

သူသည် အမြင်အားကောင်းသူတစ်ယောက်ဖြစ်သည်။

သူ၏အောက်တည့်တည့်ရှိ စားပွဲပေါ်မှ စာအိတ်ပေါ် ရေးထားသော စာလုံးများကို ကောင်းစွာ ဖတ်ရှုနိုင် သည်။

စာအိတ်ပေါ်တွင် ရေးသားထားသည်က....

'စားပွဲပေါ်မှ ဖယောင်းတိုင်ကိုထွန်းပါ၊ ပြီး ထဲမှ အမွေးတိုင် လက်ကျန်များထဲမှ လက်ကျန်တ ဝက်ကိုယူပြီးထွန်းပါ၊ အမွေးတိုင်ကုန်မှ စာအိ ဖောက်ပြီး ဖတ်ရှုပါ'



စာအိတ်ပေါ်မှ ညွှန်ကြားချက်သည် ဤမျှသာဖြစ် အမွေးတိုင်၏လောင်ကျွမ်းမှုသည် မြန်ဆန်လှ မှ ထွက်သော အခိုးအငွေ့များသည် ခန်းမ ပျံလွင့်သွားသည်။

အမွေးတိုင်မှ ရနံ့တစ်မျိုးသည် သင်းသင်းထုံ သည်ကို ရှူရှိုက်လိုက်ရသည်။

မျက်တစ်လုံးအဘိုးအိုသည် အမွေးတိုင်ကုန် ပိုင်နက် စာအိတ်ကိုကောက်ယူပြီး ဖွင့်ဖောက် ည်။

မျက်တစ်လုံးအဘိုးအိုသည် စာအိတ်အတွင်းမှ စာခေါ် နှင့် ဆေးလုံးဖြူဖြူတစ်လုံးကို ထုတ်ယူနေသည်ကို အပေါ် သူ ကောင်းစွာမြင်နေရသည်။

အဘိုးအိုသည် စာခေါက်ကို ဖြန့်၍ဖတ်လိုက်သည်။

စာထဲတွင်....

'ဤစာအိတ်တွင်းမှ ဆေးလုံးဖြူတစ်လုံးကို သောက် လိုက်ပါ၊ ပြီးလျှင် မြို့တောင်တံခါးမှထွက်ပါ၊ ငါးချက် တီးအချိန်အရောက် နဂါးမင်းဘုရားကျောင်းတော်သို့ သွားပါလေ'

မျက်တစ်လုံးအဘိုးအို စာကိုဖတ်ပြီးနောက် သူ့လက်တွင်းမှ ဖြူတစ်လုံးကိုကြည့်လျက် ချီတုံချတုံဖြစ်နေသည်။

ချက်ချင်းပင် ဆုံးဖြတ်ချက်တစ်ရပ်ကိုချလိုက်ဟန်ဖြင့် ဆေး ကို ပါးစပ်အတွင်းသို့ မျိုချလိုက်သည်။

ကြောင်း တွေ့မြင် ည်။ ည်။ သွန်းခိုင်းပြီးမှ စာ ဒီကောင်ခလေး သူဟာ ဘုရား အမျိုးသမီး ပင်ခဲ့မှ

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခါ မျက်တစ်လုံးအဘိုးအိုသည် စာရွက်ကိုယူ ညီလိုက်ပြီး နှိမ်းဖြင့် မီးရှို့ ဖျက်ဆီးပစ်လိုက်သည်။

စိုးကျ ဓ....ဲ

တရွေ့ရွေ့သော အသံကြီး ရုတ်တရက် ပေါ်ထွက်လာသည်

သူသည်စိုးသည် ဘုရားပလ္လင်နောက်မှ လွင့်စဉ်ကျလာ ဝင်တစားဖြူ့ လဲကျသွားသည်ကို မြင်လိုက်ရသည်။

ထိုကြော်လုံးအဘိုးအိုသည် ရုတ်တရက် အသိတ်တလန့် သည်။ ညြ။

နောက်သို့ ခြေလှမ်းငါးလှမ်းခန့်အမြန်ဆုတ်သွားသည်။

ပြီးနောက် သူ၏ မျက်စိ တစ်လုံးတည်းဖြင့် မြေပေါ် ကျနေသော လူအား လှမ်းကြည့်လိုက်သည်။

ဘုရားစင်ရှေ့တွင် လဲကျနေသူကား....

အမျိုးသမီးကလေး တစ်ယောက် ဖြစ်နေသည်ကို အံ့ဩ တွေ့လိုက်ရ၏။

သူမသည် အစိမ်းရောင် ဝတ်စုံကို ဝတ်ဆင်ထား၏။

သူမ မျက်လုံးများသည် စုံမှိတ်ထားသည်။

တစ်စုံတစ်ရာလှုပ်ရှားခြင်းမရှိဘဲ မြေပေါ်တွင် ခွေခွေ လဲကျနေသည်။

သူမ၏ ခါးဝယ် ကျောက်စိမ်းရောင်ဓားရှိုးနှင့် ဓားတ လက်ကိုချိတ်ဆွဲထား၏။

ဤသည်ကို ကြည့်ခြင်းအားဖြင့် သိုင်းပညာ တတ်မြော သော အမျိုးသမီးသိုင်းသမားတစ်ဦးဖြစ်ကြောင်းသိသာနိုင် သည်။



မျက်တစ်လုံး အဘိုးအိုသည် မြေပေါ်ဝယ်လဲကျနေသော အမျိုးသမီးသည် တစ်စုံတစ်ရာ မလှုပ်ရှားနိုင်ကြောင်း တွေ့မြင် ရတော့မှပင် စိတ်သက်သာရာရသွားဟန်တူသည်။

သူသည် တစ်ကိုယ်တည်း ရေရွတ်လိုက်သည်။

'လက်စသတ်တော့ ငါ့ကို အမွေးတိုင် ထွန်းခိုင်းပြီးမှ ခ ကို ဖတ်ခိုင်းတာဟာ အကြောင်းရှိလို့ကိုး။ ဒီကောင်မလေး ငါ့နောက်ကို နောက်ယောင်ခံလိုက်နေတာပဲ။ သူဟာ ဘုရား ပလ္လင်နောက်မှာ ပုန်းကွယ်နေတာပဲ ဖြစ်ရမယ်။ အမျိုးသမီး ဖြစ်နေပေမယ့် ရန်သူဟာ ရန်သူပဲ။ သူ့ကို ငါ သတ်ပစ်ခဲ့မှ နောက်ကြောင်းရှင်းမယ်'

မျက်တစ်လုံးအဘိုးအိုသည် ပြောရင်း ဆိုရင်း ရုတ်တရက် သူ၏ခါးကြားမှ ဓားမြှောင်တစ်လက်ကို ဆွဲထုတ် လိုက်သည်။

လဲကျနေသော စတ်စုံစိမ်းနှင့်အမျိုးသမီးထံသို့ တရွေ့ရွေ့ ချဉ်းကပ်သွားသည်။

ထိုစဉ် အသံတစ်သံသည် ရုတ်တရက်ထွက်ပေါ်လာ၏။

'ရပ်လိုက်စမ်း'

အသံနှင့်အတူ မျက်တစ်လုံးအဘိုးအို၏မျက်နှာအား ကျောက်ခဲ တစ်ချက် ရိုက်ခတ်သွားသည်ကို ခံစားလိုက်ရသည်။

လူရိပ်တစ်ခု အထက်မှ အောက်သို့ ရုတ်ခြည်းကျလာ၏။

ထိုလူရိပ်သည် သူ၏ရှေ့တွင် မားမားမတ်မတ်ရပ်လျက် သူ့ အား စူးစူးစိုက်စိုက်ကြည့်နေသည်ကို အဘိုးအို မြင်လိုက်ရ၏။

မျက်တစ်လုံးအဘိုးအို ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွား ပြီး ထိုလူအား တုန်ယင်စွာ ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက မျက်တစ်လုံးအဘိုးအိုအား အော်ဟေါက်၍ ပြော လိုက်သည်။

'အဘိုးအိုကြီး၊ ကိုယ့်အသက်ကို မသေစေချင်ရင် ဒီက ခု ထွက်သွား'

အဘိုးအိုသည် တာဝန်က ရှိနေသည်။

ထို့ပြင် သူ့ရှေ့တွင်ရောက်နေသောလူ၏ ဘောက်ပြောင် ရှုးရှုသော မျက်လုံး အကြည့်ခံရသည့်ကိုပင် သူ၏ ရင်ဝအား ရှုးရှုထက်မြက်သော ဓားဦးချွန်ဖြင့် သောက်ထား ခံရသည့် အလား ခံစားလိုက်ရသည်။

သူသည် တစ်ဖက်လူ၏ဝေ့းနှယ်ထက်သော မျက်လုံးဒဏ်ကို မခံနိုင်တော့ဘဲ တုန်လှုပ်ထိတ်လန့်လာသည်။

'ဟုတ်...ဟုတ်ကဲ့'

မျက်တစ်လုံးအဘိုးအိုနှုတ်မှ အလိုလို ပြောလိုက်မိသည်။

ပြီးလျှင် နောက်သို့ ချာခနဲလှည့်၍ လျင်မြန်စွာ ထွက်သွား လေတော့သည်။

အခန်း (၂၃)

ဝှင့်ပွင့်လင်းလင်း ဆတ်ဆတ်ကြဲ

အဘိုးအိုအား စူးရှသော မျက်လုံးများဖြင့် ကြည့်နေသူ သည်ကား စိုးကျော်ဟောင်ပင် ဖြစ်သည်။

သူသည် လဲကျနေသော အမျိုးသမီးအနီးသို့ ချဉ်းကပ်သွား သည်။

သူမ၏ မျက်လုံးအစုံမှာ မှိတ်ထားသည်။

မျက်တောင်ကလေးများသည် ရှည်လျားစွာ ကော့စင်းနေ သောသည်။

သူမ မျက်နှာကလေးသည် ပြည့်ဖြိုးလှပနေသည်။

နှုတ်ခမ်းအစုံက ဖူးဖူးကလေး နီရဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးကိုယ်ထည်သည် ထွားကျိုင်းဖွံ့ဖြိုးသည်၊

ယောကျ်ားသား တစ်ယောက်အား စိတ် လှုပ်ရှား သွားစေအောင်ပင် လှပလွန်းသူကလေးတစ်ဦး ...င်၊

မိန်းကလေး၏ အသက်သည် အလွန်ဆုံးရှိလှမှ (၁၇) နှစ်သာသာပင် ဖြစ်ဝေလိမ့်မည်၊

မျက်နှာကလေးသည်ပင် ငယ်ရွယ်မပျောက်သေး၊

မြေပေါ်ဝယ် လဲကျနေသည့်ပုံကလေးမှာ များစွာ သနားစဖွယ်သာ ဖြစ်သည်။

မိန်းကလေး၏ အဖြစ်ကိုကြည့်ပြီး သူက သနားနေမိလေသည်၊

မျက်တစ်လုံးအတိုးအို ထွန်းညှိထားသော အခမွေးတိုင်သည် မူးမေ့မိန်းမောဆေးခပ်ပါသော အမွှေးတိုင်ဖြစ်သည်၊

စက်ကိုစိမ်းနှင့်မိန်းကလေးသည် ထိုအမွှေးတိုင် ပျံ့လွင့်လာသောအငွေ့များကို ရှူရှိုက်မိပြီး ဘုရားပလ္လင်အတွင်းမှခုန်ထွက်သွားခြင်းဖြစ်မည်၊

အပြင်ရောက်မှ မူးမေ့လဲကျသွားခြင်းဖြစ်ဟန်ရှိသည်၊

ပိုင်းသို့ဆိုလျှင် ထိုအမွှေးတိုင်အနံ့ကို မိမိသည်သည်း ရှူရှိုက်မိလိုက်သည်။ သို့သော် မည်သို့မျှမဖြစ်ဘဲရှိနေဘူည်၊

မူးမေ့မိန်းမောဆေးငွေ့သည် မိမိအား အဘယ်ကြောင့် အစွမ်းမပြနိုင်သနည်း၊

မိမိသည်လည်း မူးမေ့မိန်းမောသွားဖို့ ကောင်းသည်၊

စိုကျော်ဟောင် အတန်ကြာအဖြေရှာ စဉ်းစား ကြည့်မိသည်၊



သိတိရလိုက်ပါပြီ၊ သတိရလိုက်ပါပြီ၊

မိးအိတ်ရှို့တလေး၊

မိန်းမလှကလေး လက်ဆောင်ပေးလိုက်သော ပိုးအိတ်ရှို့ကလေး၏အစွမ်းပင် ဖြစ်မည်။

ဟုတ်သည်၊ ဟုတ်ပါသည်၊

အန်ပါကျော် ပြောလိုက်သော စကားများကို သူပြန်လည်သတိရလိုက်သည်၊

အိတ်ရှို့ကလေးအတွင်းမှ ဆေးပုလင်းကလေးထဲတွင် မူးမေ့မိန်းမောသော အဆိပ်ဖြေဆေးများ ပါရှိသည်ဟုအန်ပါကျော်က မှာကြားလိုက်သည်၊

သူသည် ရင်ဖုံးအင်္ကျီအိတ်အတွင်းမှ အိတ်ရှို့ကလေးထုတ်ယူလိုက်သည်၊

အတွင်းမှ ကြွေပုလင်းငယ်တစ်လုံးလို တွေ့ရသည်၊

ထိုပုလင်းမှ အလွန်မွှေးကြိုင်သော အနံ့များသင်းပျံ့ပေါ်ထွက်လာသည်၊

ပုလင်းကလေးကို သေသေချာချာကြည့်ရှုရာ ပုလင်းဝတွင်သေးငယ်သော အပေါက်ကလေးငါးပေါက်ကို တွေ့လိုက်ရသည်၊

ထိုအပေါက်ကလေးများမှ အနံ့များပျံ့လွင့်ထွက်နေခြင်းဖြစ်သည်ကို သိလာရသည်၊

ကြွေပုလင်းအောက်အတွင်း ထွင်းထားလုံးနှင့် စာရေးထားသည်၊

ယင်းစာမှာ....

www.burmeseclassic.com

www.burmeseclassic.com



ပိုက် လိန့်လန်း၏ဟာမှ ထုတ်လုပ်သည့် ဟူ၍ ရေးသွင်းထား
သည်။

တွက် သူသည် ကြေပုလင်းလေးအားဖွင့်ကြည့်လိုက်သည်။ ပုလင်း
ငါ နှစ်ဆင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

ပ အထက်အဆင့်တွင် အဝါရောင်ဆေးမှုန့်များကို တွေ့လိုက်
ရှေ့ရလေသည်။

ရှ ဒုတိယအဆင့်တွင် နှမ်းစေ့ခန့် ဆေးလုံးကလေးကို တွေ့ရ
လာလေသည်။

သူ ဤတွင်မှ စိုးကျော်ဟောင် သဘောပေါက်သွား၏ ပုလင်း
နှင့်၏အထက်အဆင့်မှ ဆေးမှုန့်သည် အပေါက်ကလေးမှ မှုတ်
ပင့်အပြင်သို့ ပျံ့လွင့်ထွက်နေခြင်း ဖြစ်သည်။

မျှ မိမိကိုယ်တိုင် မူးမေ့မိန်းမောဆေး အသင့်မခံရခြင်းဖြစ်
ပြီးသည်ကို သဘောပေါက်မိထားသည်။

ဖော သူသည် ကြေပုလင်းကလေး၏အဝကို လဲကျနေသော မိန်း
ကလေး၏ နှာခေါင်းဝသို့ တေ့ကပ်ပေးလိုက်သည်။

မူးမေ့မိန်းမောနေသော မိန်းကလေးသည် ကြေပုလင်း
အတွင်းမှအနံ့များကိုရှူရှိုက်လိုက်မိသည်နှင့် လူးလွန့်လှုပ်ရှား
လာပြီးမကြာမီမှာပင် သတိရလာတော့သည်။

သူမသည် သတိရလာသည်နှင့် မျက်လုံးအစုံမှာ ပွင့်လာ
သလသည်။



သူမ၏ခေါင်းတွင် ဒူးထောက်လျက် ထိုင်နေသော စိုးကျော်
ဟောင်အား မြင်လိုက်သည်နှင့် ထိတ်လန့်သွားသည်။

သူမသည် ကပျာကယာပင် ထ၍ ထိုင်လိုက်သည်။

'ရှင်—ရှင် ဘယ်သူလဲ၊ ရှင်ကျွန်မကို ဘာလုပ်နေတာလဲ'

သူမ၏မျက်နှာသည် ဖြူရော်နေသည်။

သူမ၏မျက်လုံးအစုံသည် သူ၏လက်တွင်းမှ ကြေပုလင်း
သို့ရောက်သွားသည်။

သူမ သဘောပေါက်သွားသည်။

ထိုသူသည် မိမိအပေါ်တွင် ယုတ်ညံ့သောစိတ်ထား မ
ကြောင်း သူမရိပ်စားမိသွားသည်။

သူက မိန်းကလေး၏မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး ပြ
ပြလိုက်သည်။

'မိန်းကလေး....ကျုပ်ကိုမကြောက်ပါနဲ့၊ စောစောက မိ
ကလေးဟာ မူးမေ့မိန်းမောဆေးမိနေလို့ ကျုပ်က ဖြေဆေး
ဖြေပေးနေတာပါ'

ဝတ်စုံစိမ်းနှင့်မိန်းကလေးသည်ရှန်းလဲ့တောက်ပသော မျ
လုံးအစုံဖြင့် သူ့အား ပြန်ကြည့်နေသည်။

ပြီးနောက် တစ်ချက်ပြုံးလိုက်သည်။

'ဩော်...ဦးလေးက ကျွန်မကိုကယ်ဆယ်ခဲ့တာကိုး၊ ဦးလေ
ကို ကျွန်မကျေးဇူးတင်ပါတယ်'

စိုးကျော်ဟောင်သည် သူ့အားဦးလေးဟု ခေါ်လိုက်သ
အတွက် မကျေမနပ်ဖြစ်သွားမိသည်။

သို့သော် မိမိကိုယ်ကို ရုပ်ပြောင်းထားကြောင်းသတိရလို

www.burmeseclassic.com

www.burmeseclassic.com



မိသည်နှင့် သူ၏နှုတ်ခမ်းများ ပြုံးယောင်ပြုံးတုံ့ ဖြစ်သွားမိတော့သည်။

'ကျေးဇူးတင်စရာ မလိုပါဘူးကွယ် ဒီလိုပဲပေါ့၊ ကျုပ်က မျက်စိတစ်လုံးအဘိုးအိုတစ်ယောက် မိန်းကလေးကိုရန်ပြုမယ် ကြံနေတာတွေ့လို့ ခြောက်လှန့်လွှတ်လိုက်ရတယ်'

မိန်းကလေး၏မျက်နှာတွင် ကြောက်ရွံ့စိုးရိမ်စိတ်၏ အရိပ်လက္ခဏာများ အထင်းသားပေါ်လွင်နေသည်။

'ဦးလေးပြောတာ တကယ်လား၊ အဲဒီ အဘိုးအိုကြီးက ကျွန်မကို ဘာရန်ပြုဖို့ ဒီလိုကြံစည်ရတာလဲရှင်'

စိုးကျော်ဟောင် အတန်ငယ် စဉ်းစားလိုက်သည်။

'ကျုပ်အထင်တော့ မိန်းကလေးဟာ သူ့ရဲ့ လျှို့ဝှက် လုပ်ဆောင်ချက်တွေကို မြင်သွားလို့ နှုတ်ပိတ်အောင် လုပ်မယ် ကြံစည်တာနဲ့ တူတယ်'

မိန်းကလေးက အံ့ဩနေသည်။

သူမ၏မျက်တောင်ကလေးများကိုတဖျပ်ဖျပ်ခတ်နေ၏။

'သူမှာ ဘယ်လို လျှို့ဝှက်ချက်တွေ ရှိလို့လဲ မသိဘူးနော်၊ သိပ်ဆိုးတဲ့ အဘိုးကြီးပဲ'

စိုးကျော်ဟောင်က သွက်လက်ပွင့်လင်းစွာပြောဆိုတတ်သော မိန်းကလေးအား ငေးစိုက်ကြည့်နေမိသည်။

မိန်းကလေးသည် စိုးကျော်ဟောင် စူးစူးစိုက်စိုက်အကြည့်ကို ခံလိုက်ရသဖြင့် ရှက်သွေးဖြန်းဖြာသွားဟန်တူသည်။

သူမ၏ မျက်နှာကလေးနီမြန်းသွားသည်။



ပြီးနောက် ခေါင်းကလေးကို အသာငုံ့ချ၍ မျက်လွှာချထားလိုက်သည်။

'ဦးလေး...ဦးလေးက ဘာကြောင့် ကျွန်မကို ဒါလောက် စိုက်ကြည့်နေရတာလဲ'

သူမက ပွင့်လင်းစွာ မေးလိုက်သည်။

စိုးကျော်ဟောင် ဖျတ်ခနဲလန့်သွားသည်။

မိန်းမသား တစ်ယောက်အား အနေခက်အောင် စူးစိုက်ကြည့်မိလိုက်ခြင်းအတွက် အားနာသွားမိသည်။

စိုးကျော်ဟောင် မျက်နှာပူထူသွားသည်။

ထို့ကြောင့် မေးမိမေးရာမေးလိုက်မိသည်။

'မိန်းကလေး... မိန်းကလေး တစ်ယောက်တည်း ဘာဖြစ်လို့ ဒီဘုရားကျောင်းထဲမှာ ဝင်ပုန်းနေရတာလဲ'

မိန်းကလေးက သွားကလေးများပေါ်အောင်ပင် ပြုံးလိုက်လေသည်။

'ကျွန်မ ဦးလေးက မကြာခဏ သတိပေးမှာပါတယ်၊ မိန်းကလေး တစ်ယောက်တည်း ခရီးထွက်ရင် ဘယ်တော့မှ တည်းခိုခန်းမှာ သွားမတည်းရဘူးတဲ့၊ သူများ စော်ကားတတ်တယ်တဲ့၊ ဒါကြောင့် ကျွန်မက ဘုရားကျောင်းထဲလာပြီးတည်းခိုနေတာပါ'

စိုးကျော်ဟောင်က သဘောကျစွာ ဟက်ခနဲ ရယ်မောလိုက်သည်။

'ခုတော့၊ ဝင်းဟာ ဘုရားကျောင်းထဲမှာလဲ အန္တရာယ်က ရောက်လာတာပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်…ဟုတ်ပြီ၊ ကျွန်မ ဘုရားစင်လိုက်ကာ အကွယ်က တွေ့လိုက်တယ်၊ မျက်စိတစ်ဖက်ကန်းအဘိုးကြီး ဆီကိုလာတဲ့ လူတစ်ယောက်က သရဲတစ္ဆေတစ်ကောင်လိုပဲ၊ သွားလာ လှုပ်ရှားပုံကလဲ လေလိုပဲ လျင်မြန်တယ်၊ သူတို့ ဘာလျှို့ဝှက်မှုတွေ လုပ်နေကြသလဲမသိဘူး၊ ဒါနဲ့ ဦးလေးက မျက်စိတစ်ဖက်ကန်း အဘိုးကြီးကို နောက်ယောင်ခံ လိုက်လာတာလားတင်'

စိုးကျော်ဟောင်က ရယ်လိုက်ပြီးနောက် ခေါင်းကို ခါယမ်း ပြလိုက်သည်။

'ဒီလိုတော့ မဟုတ်ပါဘူး၊ ဘာအကြောင်းမှမရှိဘူး၊ ဒါ ပေမယ့် ကျုပ် သိချင်စိတ် ပြင်းပြတာနဲ့ သူ့နောက်ကို လိုက် ကြည့်မိတာပါ'

'ဦးလေးက ဘယ်လိုထူးခြားမှုတွေကိုတွေ့လို့ ဒီအဘိုးကြီး နောက်ကို လိုက်လာမိတာလဲ'

'ဒီအဘိုးကြီးက ပစ္စည်းတစ်ခုကို လာပို့တာပဲ၊ ဘာပစ္စည်း လဲဆိုတာ ကျုပ်လဲ မသိဘူး'

'ဦးလေးက ဒီအဘိုးကြီး ဘယ်ကိုသွားမယ်ဆိုတာ သိလို့ လား'

စိုးကျော်ဟောင် အတန်ငယ် စဉ်းစားလိုက်သည်။

'အင်း…သူဟာ လုံးဝမ် နဂါးမင်းဘုရားကျောင်းကို သွား လိမ့်မယ်ထင်တာပဲကွယ့်'

စိုးကျော်ဟောင်သည် သူ၏စကားကို ချက်ချင်း ရပ်ဆိုင်း အမျိုးသမီးအား လွန်လွန်ကျူးကျူး စကားများ မပြောသင့် သူက သဘောပေါက်လိုက်မိသောကြောင့်ဖြစ်သည်။



သိုင်းလောကသား၏ အရုပ်တော်ပုံအတွင်းသို့ မိန်းကလေး တစ်ယောက် ပါဝင်ပတ်သက်ခြင်း မပြုစေချင်သောကြောင့်ဖြစ် သည်။

သို့သော် ထိုမိန်းကလေးသည် သိလိုစိတ်၊ စပ်စုလိုစိတ်များ ပြင်းပြနေဟန်တူသည်။

အကယ်၍ သူမသည်သိလိုစိတ်များ၏စေ့ဆော်ချက်ကြောင့် မျက်တစ်လုံးအဘိုးအို၏နောက်သို့လိုက်သွားခဲ့လျှင် ဝတ်စုံပြာတို့ ဆရာတပည့်နှင့် တွေ့ဆုံလျှင် မခက်ပါလော။

ထိုသို့ တွေးမိသည်နှင့် စိုးကျော်ဟောင်သည် စကားလမ်း ကြောင်း ပြောင်းသွားစေရန် လိုးလွဲစကားကို ပြောဆိုလိုက် ပေသည်။

'ဒါနဲ့ မိန်းကလေးရဲ့ နာမည်က ဘယ်လိုခေါ်သလဲ'

သို့သော်…သူမက မျက်တစ်လုံးအဘိုးအိုနှင့် သူ၏ လျှို့ဝှက် ချက်အကြောင်းကို အပျောက်မခံ၊ ထပ်မံ မေးမြန်းလိုက်သည်။

'တောင်ဘက် မြို့တံခါးအပြင်က လုံးဝမ်ဘုရားကျောင်းတဲ့ လား၊ ဦးလေး…အခုနေ ကျွန်မတို့ အဘိုးကြီးနောက်ကိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားရင် မိနိုင်ပါသေးတယ်၊ ကျွန်မတို့ လိုက်သွားကြည့်ရ အောင်…'

ဤတွင် စိုးကျော်ဟောင်က မျှာမျှာသလဲ ပြောလိုက်သည်။

'ဒီမှာ မိန်းကလေး၊ သိုင်းလောကသားတွေ… သိုင်းအဖွဲ့ အစည်းတွေဟာ သူတို့ရဲ့ လျှို့ဝှက်ကိစ္စတွေနဲ့ ကိုယ်စီကိုယ်င ရှိနေတာချည်းပဲ မိန်းကလေး၊ သူတို့ဟာ လူသိ မခံချင်ကြဘူး။ ဒီကနေ လုံးဝပဲအုရားကျောင်းကို သွားမယ်ဆိုရင် အနည်းဆုံး မိုင်ခြောက်ဆယ်လောက် ဝေးတယ်၊ ကျုပ်လဲ သွားလိုစိတ် မရှိတော့ဘူး၊ မိန်းကလေးလဲ စွန့်စားမှုတွေ လုပ်မနေပါနဲ့ တော့၊ ကိုယ်နဲ့လဲ ဆိုင်တာမှမဟုတ်တာ၊ မဟုတ်ဘူးလား ကွယ်…'

ဝတ်စုံစိမ်းနှင့် မိန်းကလေးက ဘစ်ချက်မဲ့ပြလိုက်သည်။

'ကျွန်မက မကြောက်ပါဘူး၊ ဦးလေးမသွားချင်လဲ ကျွန်မ ကတော့ တစ်ယောက်တည်းပဲ သွားလေ့လာကြည့်မှာပဲ၊ ဒီ အဘိုးကြီးကို ကျွန်မ မကျေနပ်ဘူး၊ သူက ကျွန်မကို မူးမေ့မိန်း ဆေးနဲ့ မှိုင်းတိုက်ပြီး သတ်မယ်ဖို့ ကြံစည်ခဲ့တယ်၊ ကျွန်မ ကံသီလို့ သူ့လက်ချက်နဲ့ မသေတာ…'

ခပ်ချဲ့ပြီး ပြောရင်းဆိုရင်း မိန်းကလေးသည် ဒေါသထွက်လာ သည်။

စိုးကျော်ဟောင်သည် မျက်ခုံးများ အထက်သို့ တွန့်တက် သွားသေးတော့သည်။



'မျက်တစ်လုံးအဘိုးအိုဟာ သူရရှိသွားတဲ့ ညွှန်ကြားချက် အတိုင်း ပြုလုပ်တာပါကွယ်၊ မိန်းကလေးကို သက်သက်ရန်ရှာ ဖို့ မူးမေ့မိန်းဆေး မှိုင်းတိုက်တာမဟုတ်ပါဘူး၊ မိန်းက လေးက ဘာဖြစ်လို့ သူတို့လို သိုင်းလောကသားတွေနဲ့ ဖက်ပြိုင် ရန်ဖြစ်ချင်နေတာလဲ၊ အခု မိန်းကလေး တစ်ယောက်တည်း ခရီးထွက်လာတာ မိန်းကလေးမှာ ဆောင်ရွက်စရာ လုပ်စရာ အလုပ်ရှိနေတာပဲ၊ ဒီည…ဒီကျောင်းကြီးထဲမှာ အေးအေး ဆေးဆေး အိပ်စက်အနားယူ၊ မနက်မိုးလင်းတော့ ကိုယ့်လမ်း ကိုယ်သွားတာ အကောင်းဆုံးပဲပေါ့…'

မိန်းကလေးက တခစ်ခစ်နဲ့ ရယ်မောလိုက်သည်။

'ကျွန်မ အပျော်ခရီးထွက်လာတာပါ၊ ကျွန်မဟာ အရေး ကြီးတဲ့ကိစ္စရပ်မရှိပါဘူး၊ ဦးလေးမသွားချင်လဲနေပါ၊ ကျွန်မ လိုက်သွားတော့မယ်'

မိန်းကလေးသည် ရုတ်တရက် လှည့်၍ထွက်သွားသည်။ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် ပြန်လှည့်ကြည့်လိုက်သည်။

'အို…စိတ်မရှိပါနဲ့ရှင်၊ ကျွန်မအသက်ကို ကယ်ခဲ့သူ ရဲ့နာမည် ဘယ်လိုခေါ်ပါသလဲရှင်…'

'ကျုပ်နာမည်… စိုးကျော်ဟောင်'

မိန်းကလေးက ခေါင်းညိတ်လိုက်သည်။

'ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ မှတ်ထားပါမယ်ဦး၊ ကျွန်မကိုခွင့်ပြုပါဦး၊ နောက်လဲ အခါအခွင့်သင့်ရင် တွေ့ ကြသေးတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



စို့ကျိုဟောင်က ရုတ်တရက် လာပြ၍ တားဆီးလိုက်သည်။

'နေပါဦး မိန်းကလေး....'

မိန်းကလေးက သူမ၏ ခြေလှမ်းကို ဆုံ့ခနဲ ရပ်တန့်လိုက်သေသည်။

'ဘာများအမိန့်ရှိလိုပါသလဲ ဦးလေးစို့....'

'နေပါဦး၊ မိန်းကလေးက တကယ်ပဲသွားမယ်ဆိုရင် ကျုပ်လဲ အဖော်အဖြစ် လိုက်ခဲ့ပါမယ်'

မိန်းကလေး ဝမ်းသာသွားသည်၊ သူ၏ မျက်လုံးအစုံသည် ရွှန်းလဲ့တောက်ပနေသည်။

'ဦးလေးစို့၊ ကျွန်မနဲ့အဖော်လိုက်ပါကို ကျေးဇူးတင်ပါတယ်'

မိန်းကလေးက ပြုံးလိုက်သည်၊ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ခြင်းဖြစ်သည်။

သူမ၏အပြုံးသည် လှသည်၊ ချိုသည်၊ ပါးနှစ်ဖက်ဝယ် ဟက်လိုဖွယ်ကောင်းသော ပါးချိုင့်ကလေးများကို တွေ့မြင်လိုက်အံ့သြ...

...ဟောင်သည် သူမ၏အလှအား ကြာကြာမကြည့်ရဲ ...ကြောင့် သူမ၏ အလှများကြားမှ မျက်လုံးအစုံကို ခွါးခွာလိုက်ရသည်။

သည်...ကဲ...မိန်းကလေး၊ ကျုပ်တို့သွားကြစို့....'

သူတို့နှစ်ဦးသည် အတူတကွ ထွက်ခွာသွားကြသည်။



'စို့ကျိုဟောင်သည်တစ်ကိုယ်တည်းသွားလာလှုပ်ရှားနေရာမှ အဖော်တစ်ဦး တိုးလာသည်မို့ စိတ်ထဲတွင် အမျိုးအမည်မသိသော ဝေဒနာကို ခံစားလိုက်ရသည်။

ယင်းဝေဒနာကလေးသည် စို့ကျိုဟောင်၏ရင်ကို လှိုက်ဖိုမောစေသည့် ဝေဒနာတစ်ရပ်ပင် ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

### ဆေးတောင်ဆရာနှင့် ဗိုက်သက်သလော

မိန်းကလေးအသွင်က ဖူးဖူးရွရွကလေး၊ ကြွလို၊ လှလို၊ ခေါင်းမလေးပမာအလား၊

နောက်တစ်ယောက်က…စိုးကျော်ဟောင်၊

သို့မဟုတ် ဦးလေးစိုး၊

သူတို့နှစ်ယောက် အတူတူထွက်လာခဲ့ကြသည်။

ဂုဏ်စိုးစိမ်းနှင့် မိန်းလှလေး ခေါ်ဆောင်လာရာသို့ စိုးကျော်ဟောင် လိုက်လာသည်။

သူမက စိုးကျော်ဟောင်အား ဘုရားကျောင်းဝင်း တံခါးဝသို့ ခေါ်မသွား။ ကျွဲစယ်လိုစိတ်ဖြင့် နံရံဘက်ဆီသို့ ခေါ်ဆောင်သွား၏။



ဝင်းခြံ အုတ်နံရံသို့ ရောက်လာသည်၊ သူမသေး လေးသဖွယ် ပေါ့ပါးစွာ ခုန်လွှားလိုက်သည်။ မူးမျှ မခဲထွ

သူမ၏ကိုယ်လေးသည် ပေါ့ပါးစွာ မြောက်တက် အုတ်နံရံကိုကျော်လွှား၍တစ်ဖက်သို့ ရောက်သွားသင်းက အဖြစ်

စိုးကျော်ဟောင်သည် ကိုယ်ဖော့ပညာကို ရှိ အုတ်နံရံပေါ်သို့ ခုန်လွှားတက်လိုက်သည်၊ ပြီးနောက် အောက်သို့ ခုန်ဆင်းလိုက်သည်။ လူ၏ အဖော်

ဂုဏ်စိုးစိမ်းနှင့်မိန်းကလေးသည် ပေါ့ပါးစွာဖြင့် ကျလာသော စိုးကျော်ဟောင်ကို အံ့ကဲခတ်ကြည့်လိုက်သည်ဟုသတ်

‘ဦးလေး၊ ဦးလေးရဲ့ကိုယ်ဖော့ပညာကလဲ ဘယ်ဆိုလို့

မိန်းကလေးက ကြည့်ရှုပြီး အံ့ကဲခတ်လိုက်သည်။

စိုးကျော်ဟောင်က လေအေးအေးဖြင့်ပင် ပြန်ပြောလိုက်၏။

‘ဒီလောက်လဲ မဟုတ်သေးပါဘူး မိန်းကလေးရဲ့’

မိန်းကလေးသည် ပြုံးကာခေါ်ယကာဖြင့် ခြေလှမ်းမြှင်လိုက်သည်၊ သို့သော် သူမ၏ခြေလှမ်းများသည် ရှေ့သို့ မတိုး နောက်သို့ ရုတ်တရက် ခုန်ဆုတ်လိုက်သည်၊ စိုးကျော်ဟောင်ထံပြေး ကပ်လိုက်သည်၊

သူမ ကြည်လင်သောမျက်နှာကလေးသည်ထိတ်လန့်တုန်လှုပ်သည့်အသွင်သို့ ရုတ်ခြည်းပြောင်းသွားသည်၊ သူမမျက်လုံးအစုံသည် ပြူးကျယ်ဝိုင်းစက်သွားသည်၊

သူမ၏မျက်လုံးများသည် အုတ်နံရံဘေးမှ မှောင်ရိပ် တစ်နေရာသို့ လှမ်းကြည့်နေသည်၊

www.burmeseclassic.com

www.burmeseclassic.com



း၏ဟန်အမူအရာကြောင့် စိုးကျော်ဟောင် အရေး
က်သည်။

လးဘာဖြစ်လို့လဲ၊ ဘာတွေ့လို့လဲ ပြောစမ်း’
းသည် အုတ်နံရံမှောင်ရိပ်တစ်နေရာသို့ ညွှန်ပြ
သာအသံဖြင့်ပြောလိုက်သည်။

ဦးလေး၊ လူနှစ်ယောက်လဲနေတယ်’
ာင်က သူမညွှန်ပြရာအုတ်နံရံဆီသို့လှမ်းမျှော်ကြည့်
ည်။

တို့နှင့် မနီးမဝေးအုတ်နံရံဘေးတွင် လူနှစ်ယောက် လဲ
နသည်ကို တွေ့လိုက်ရသည်။

‘ကျုပ် သွားကြည့်လိုက်ဦးမယ်၊ မင်း ဒီမှာနေခဲ့၊ သူတို့နှစ်
ယောက်ဟာ ဘယ်သူတွေလဲဆိုတာသိရအောင် ကျုပ်သွားကြည့်
လိုက်မယ်’

စိုးကျော်ဟောင်၏မျက်လုံးများသည် အားကောင်းလှသည်။
သူသည် ထိုလူနှစ်ယောက်၏မျက်နှာကို တွေ့မြင်လိုက်ရုံနှင့် တစ်
ယောက်မျက်နှာကိုမှတ်မိလိုက်သည်။

ထိုလူသည်ကား...ခေါက်ဆွဲဆိုင်တွင်တွေ့ခဲ့ရသော သူကယ်
ဆယ်ခဲ့သည့် ဝတ်စုံညိုနှင့်လူဖြစ်နေသည်ကို ထွေရှိလိုက်ရသည်။

ဝတ်စုံညိုဘေးတွင် လဲနေသောလူကိုမူ တစ်ခါမှ မတွေ့
မမြင်ဖူး၍ မသိပါချေ။

စိုးကျော်ဟောင်သည် ဘုရားကျောင်းဆောင်အတွင်းက အဖြစ်
အပျက်ကို သတိရလိုက်သည်။

ကျောင်းဝင်းအတွင်းသို့ ဝတ်စုံစိမ်းနှင့်လူနှစ်ယောက် အော်
သံကို ကြားခဲ့ရသည်။ ထိုအော်သံသည် ဝတ်စုံညိုလူ၏ အော်
သံ အော်သံပင်ဖြစ်သည်။

သူတို့နှစ်ယောက်အား ဝတ်စုံစိမ်းနှင့်လူက တိုက်ခိုက်သတ်
ဖြတ်သွားခဲ့လေသလော၊

စိုးကျော်ဟောင်သည် လဲနေသော လူနှစ်ယောက်ထံသို့ ချဉ်း
ကပ်တိုးသွားသည်။

လဲနေသောလူနှစ်ယောက်ကို သေသေချာချာကြည့်ရှုလိုက်
သည်။

နှစ်ယောက်စလုံး အသက်ပျောက်နေပြီဖြစ်သည်။

သူတို့နှစ်ယောက်သည် အဆိပ်သင့်၍ သေဆုံးသွားကြသည်
ကို တွေ့ရသည်။

ဝတ်စုံညိုနှင့်လူ၏ အဝတ်ဦးထုပ်သည် မြေပေါ်တွင် လွင့်
ထွက်ကျနေသည်၊ သူ၏ဦးခေါင်းမှာ ခေါင်းတုံးရိပ်ထား
သည်။

အမာရွတ်ကလေးများကိုလည်း တွေ့ရှိရသည်။

စိုးကျော်ဟောင်သည် စိတ်ထဲတွင် ကျိတ်၍ ရေရွတ်လိုက်မိလေ
သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရွှေလင်သိုင်းသမားကြီးတစ်ယောက်ပါလား၊ မျက်စိတစ်လုံးအတိုးအိုး ပို့ဆောင်နေတဲ့ ပစ္စည်းဟာ ရွှေလင်ကျောင်းကသိုင်းသမားကြီးနဲ့ ပတ်သက်နေသလားပဲ၊ ဆေးတောင်ဆရာပျောက်ဆုံးမှုနဲ့လဲ သက်ဆိုင်နေသလား'

ဝတ်စုံစိမ်းနှင့်မိန်းကလေးက ဝေးဝေးမှ လှမ်းမေးလိုက်တော့သည်။

'ဦးလေးကြီး၊ အဲဒီနှစ်ယောက် ဘာဖြစ်နေတာလဲ'

စိုးကျော်ဟောင်က ကိုယ်ကိုမတ်မတ်ရပ်လိုက်သည်။

'သူတို့ သေနေတယ်'

'သူတို့ကို မျက်တစ်လုံးအတိုးအိုးက သတ်သွားတာလား'

သူက ခေါင်းခါယမ်းပြလိုက်သည်။

'မဟုတ်နိုင်ပါဘူးကွယ်၊ သူတို့ကို သတ်သွားတာ ဒီပြင်လူတစ်ယောက် ဖြစ်ပါလိမ့်မယ်'

'ဒါဖြင့် စောစောကဝင်လာတဲ့ ဝတ်စုံစိမ်းနဲ့လူများ ဖြစ်နေမလား မသိဘူး'

စိုးကျော်ဟောင်က သူ၏ခေါင်းကို ဖြည်းလေးစွာညိတ်ပြလိုက်လေသည်။

'အဲဒီလူပဲ ဖြစ်နိုင်ပါတယ်'

စိုးကျော်ဟောင်သည် ဤမိန်းကလေး ဆက်လက်စပ်စုနေသောကြောင့် ထိုအသေအလောင်းများအနီးမှ ပြန်လည် ထွက်ခွာလာခဲ့သည်။

'ကဲ...တို့သွားကြရအောင်'



သူတို့နှစ်ယောက်သည် မြို့တောင်ဘက် တံခါးသို့ အပြေးအလွှား ထွက်လာခဲ့ကြသည်။

'လုံးဝမ ဘုရားကျောင်းသည် တရုတ်မိုင် ခြောက်ဆယ်ဝေးကွာသည်ဟု ပြောရသော်လည်း ခရီးဝေးကွာလှသည်ဟုလည်းမဆိုသာ၊

ညအခါဖြစ်သဖြင့် လူသွားလူလာ ရှင်းနေသည်၊

လူသူကင်းရှင်းသော လမ်းမကြီးပေါ်၌ ကိုယ်ဖော့ပညာကိုအသုံးပြုပြီး အလျင်အမြန် ပြေးနှင်နေကြသည်။

ဝတ်စုံစိမ်းနှင့် မိန်းကလေးသည်ခရီးအတန်ငယ် ပြေးလွှားမိသည်တွင် မျက်နှာကလေး နီမြန်းလာသည်၊ အနည်းငယ်မောဟိုက်လာသည်ကို တွေ့ရသည်။

သို့သော် သူမသည် အံကလေးတင်းကာ ဆက်လက်ပြေးလွှားနေသည်။

စိုးကျော်ဟောင်၏ ကိုယ်ဖော့ပညာမှာ လူ့ထက်ပို၍ အဆင့်မြင့်မားသည်။

သူသာပညာကုန်ပြေးလွှားလျှင် မိန်းကလေး လိုက်မီလိမ့်မည်မဟုတ်။

သို့အတွက် သူ၏ပြေးနှုန်းကို ရာခိုင်နှုန်းအနည်းငယ်လျှော့ချ၍ပြေးနှင်နေခြင်းဖြစ်သည်။

ထို့ကြောင့် မိန်းကလေးသည် လူနှင့် ရင်ပေါင်တန်း ပြေးလိုက်နေနိုင်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘူတကူ ပြေးနေရင်းမှ မိန်းကလေး နှုတ်က အငြိမ်မနေ...။

စကားလုံးပြောနေပြန်သည်။

'ဦးလေးစို့...ဦးလေးစို့ ကိုယ်ဖော့ပညာဟာ ကျွန်မရဲ့ဦးလေးထက် အဆင့်မနိမ့်လှဘူး'

သူမ၏ဦးလေးဆိုသူလား မည်သူဖြစ်လေသနည်း။

စိုးကျော်ဟောင်မသိ။ စိုးကျော်ဖောင်က မေးလိုက်သည်။

'ဒီမိန်းကလေးရဲ့ ဦးလေးက သိုင်းပညာအဆင့်မြင့်သလား'

'ကျွန်မ ဦးလေးရဲ့သိုင်းပညာအဆင့်ဟာ သိပ်ပြီး ကောင်းမွန်ပါတယ်။ ကျွန်မနဲ့ ကျွန်မရဲ့အစ်မငမ်းကွဲကို ဦးလေးကပဲသိုင်းပညာသင်ပေးပါတယ်၊ ကျွန်မအစ်မက ကျွန်မထက်တော့တယ်၊ ကျွန်မကတော့ ညံ့လှပါတယ်ရှင်'

'မိန်းကလေးဟာ ဒီလောက် အသက် ငယ်ငယ်ရွယ်ရွယ်နဲ့အခုလို သိုင်းပညာအဆင့်မျိုး ရရှိနေတာဟာ သိပ်မဆိုးလှပါဘူး...'

မိန်းကန်လေးက ဆက်ပြောပြန်သည်။

'ကျွန်မရဲ့အစ်မက ကျွန်မထက် တစ်နှစ်ကြီးတယ်၊ ကျွန်မထက်လဲလှတယ်၊ နှာမိမယ်ကလေးတမျှလှတယ်၊ သူ့ကိုမြင်တဲ့လူတိုင်းဟာ စိတ်လှုပ်ရှားကြမှာ အမှန်ပဲရှင်...'

မိန်းကလေး၏အစ်မက သိပ်လှသည်ဟုဆိုသည်။ သူ့ထက်မင်လှသေးသည်ဟု ပြောသည်။ သူမကိုယ်တိုင်ပင် သည်မျှလှနေလျှင် သူမထက် လှပသော သူမ၏အစ်မသည် မည်မျှ လှပလေမည်နည်း။



စိုးကျော်ဟောင်သည် သူမ၏အစ်မကိုလည်း မတွေ့ဖူး၊ မမြင်ဖူး၊ သို့အတွက် အလိုက်သင့်နားထောင်ရင်း ပြန်ပြောနေရသည်။

ဤသို့ဖြင့် စကားတပြောပြောနှင့် ခရီးပြင်း နှင်လာခဲ့ရာဗုံစည်လေးချက်တီးအချိန်ခန့်တွင် 'လုံးဝမ်' ဘုရားကျောင်းသို့ ရောက်ရှိလာခဲ့ကြသည်။

'လုံးဝမ်' ဘုရားကျောင်း တည်နေပုံသည် ကွမ်းယန်းမြို့၏တောင်ဘက်တွင် ရှိသည်၊ ချင်ချူးမြို့၏မြောက်ဘက်သည်လည်းဖြစ်သည်။

လုံးဝမ်ဘုရားကျောင်းသည် နှစ်ပေါင်းများစွာကြာမြင့်သည်အထိ ပြုပြင်မွမ်းမံမှုများ မရှိခဲ့သဖြင့် အချို့နေရာများတွင်အတော်အတန် ပျက်စီးနေလေပြီ...။

ဝင်းတံခါးဝသည် သံချေးများတက်၍ ပျက်စီးစ ပြုနေသည်။

ဝင်းနံရံအချို့နေရာများတွင်လည်း အုတ်များပဲ့ကျနေလေသည်။

နှစ်ယောက်သား ဝင်းတံခါးမှ ဝင်ရောက်လာကြသည်။

ဤတွင် ဝင်းတံခါးနှင့် မလှမ်းမကမ်းတွင် လူတစ်ယောက်ခွေခွေကလေး လဲကျနေသည်ကို လှမ်းမြင်လိုက်ရသည်။

ထိုလူသည် တစ်စုံတစ်ရာ လှုပ်ရှားခြင်းမရှိဘဲ အမှောင်ရိပ်တွင် လဲကျနေခြင်းဖြစ်သည်။

ဝတ်စုံစိမ်းနှင့်မိန်းကလေး၏ ခြေလှမ်းများက ရုတ်တရက်ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ထိတ်လန့်သော အသံဖြင့် စိုးကျော်ဟောင်အား လှမ်း၍မေးသည်။

'ဦးလေးစိုး ...လဲကျနေတဲ့လူဟာ လူသေလား'

စိုးကျော်ဟောင်က တစ်စုံတစ်ရာ ပြန်မပြော၊ ထိုလဲကျနေသူ ထံသို့ ခပ်သွက်သွက် လျှောက်သွားသည်။

အနီးသို့ရောက်သည့်တွင် ထိုသူမှာ အားလျားမှောက်လဲကျ နေသည်ကို တွေ့ရသည်။ စိုးကျော်ဟောင်က ထိုလူအား ပက် လက်လှန်လိုက်သည်။

စိုးကျော်ဟောင် အံ့ဩထိတ်လန့်သွားသည်။

ရုတ်တရက် နှုတ်မှပင် ခုအော်ဟစ်ပြောလိုက်မိသည်။

'ဟာ ...မျက်တစ်လုံးအဘိုးကြီးပါလား'

အခန်း (၂၅)

ခြေရာလည်းပျောက် ရေလည်းနောက်

မျက်တစ်လုံး အဘိုး အိုသည် တစ်ကိုယ်လုံး အေးစက်တောင့် တင်းနေပြီး ဖြစ် သည်။

အဘိုးအို၏ မျက်နှာတွင် ညိုမည်းနေသည်။

သူ၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီး ကျနေသည်ကို တွေ့ရှိရသည်။

သူ၏ ဘယ်ဘက်မျက်လုံးသည် အပြင်သို့ ထွက်ကျလုမတတ် ပြူးကျယ်နေပြီး မျက်နှာကြီးတစ်ခုလုံးသည် ကြောက်မက်ဖွယ် ကောင်းအောင်ပင် ရှုံ့မဲ့ ရွဲ့စောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေမျိုးကို ထောက်ချင့်ခြင်းအားဖြင့် မျက်တစ်လုံးအဘိုးအိုသည် အဆိပ်မိပြီး သေဆုံးရခြင်း ဖြစ်ကြောင်း ထင်ရှားနေသည်။

ဤတွင် စိုးကျော်ဟောင် စဉ်းစားလိုက်သည်။

ဝတ်စုံစိမ်းနှင့် လူဟာ မျက်တစ်လုံးအဘိုးအိုအား နှုတ်ပိတ်လိုက်လေသလား။

စိုးကျော်ဟောင်သည် မျက်တစ်လုံးအဘိုးအို၏ ကိုယ်ခန္ဓာအနှံ့ အပြားကို ဒဏ်ရာဒဏ်ချက် ရှာကြည့်သည်။ မည်သည့် ဒဏ်ရာ တစ်ခုတစ်လေမျှ မတွေ့ရ။

မျက်တစ်လုံးအဘိုးအိုနောက်သို့ နှစ်ရက်တိတိ နောက်ယောင် ခံလိုက်ခဲ့သည်။

ယခုမူ လမ်းဆုံးသို့ရောက်ခဲ့လေပြီ။

မျက်တစ်လုံးအဘိုးအိုထံမှ သူသိချင်သောလျှို့ဝှက်ချက်များ သည်လည်း ဆိတ်သုန်းသွားခဲ့လေပြီ။

သူ၏ နောက်ယောင်ခံမှုသည် ဤတွင် နိဂုံးတံ ခဲ့လေပြီ။

မည်သည့် အရပ်ဒေသသို့ မည်သူ့အား ခြေရာခံ လိုက်ရဦး တော့အံ့နည်း။

ဝတ်စုံစိမ်းနှင့် မိန်းကလေးက လှမ်းမေးပြန်သည်။

'ဦးလေး စိုး.... သူ ဘယ်သူလဲ၊ သူ့ကို ဦးလေး စိုး သိသလား'

'သူ မျက်စိတစ်ဖက်... န်းနဲ့အဘိုးကြီးပဲ'

'ဟင်'

မိန်းကလေးက အံ့သြသံဖြင့် အာမေဋိတ်သံပြုလိုက်သည်။



'သူ သေသွားပြီလား ဦးလေး စိုး'

စိုးကျော်ဟောင်က ခေါင်းညိတ်ပြလိုက်သည်။

အမျိုးသမီးက မှတ်ချက်ပြုလိုက်ပြန်သည်။

'သူ့ပစ္စည်းကိုယူပြီး သူ့ကိုနှုတ်ပိတ်သွားတာ ဖြစ်မှာပေါ့'

ဤတွင် စိုးကျော်ဟောင် သတိရလိုက်သည်။

စိုးကျော်ဟောင်သည် ရုတ်တရက် အဘိုးအိုဆီရင်ဖုံးအင်္ကျီအိတ် အတွင်းသို့ နှိုက်ကြည့်မိသည်။

သို့သော် မည်သည့်ပစ္စည်းတစ်စုံတစ်ရာကိုမျှ မတွေ့ရတော့။

စိုးကျော်ဟောင်သည် ကိုယ်ကို မတ်လိုက်သည်။

ပြီးနောက် မိန်းကလေးဘက်သို့ လှည့်၍ လှမ်းပြောလိုက် သည်။

'သူဟာ ဒီကိုရောက်မှအဆိပ်တက်ပြီးသေသွားတာဖြစ်မယ်၊ အဆိပ် တက်စေနိုင်တဲ့ ဆေးလုံးကို ဟိုဘုရားကျောင်းထဲမှာ ကတည်းက စားထဲကညှန်ကြားချက်အတိုင်း မျိုချခဲ့တယ်မဟုတ် လား'

'အဲဒီ ဆေးလုံးဟာ မှုံမေ့ မိန်းမောဆေး မမိအောင် ကာ ကွယ်တဲ့ဆေး မဟုတ်ဘူးလား'

စိုးကျော်ဟောင်က ငိုင်၍ စဉ်းစားလိုက်သည်။

'ကျုပ် အထင်တော့ သူသောက်ခဲ့တဲ့ ဆေးလုံးဟာ နှစ်ထပ် ဆေးလုံးဖြစ်နိုင်တယ်၊ အပြင်ဘက်မှာရှိတဲ့ဆေးရဲ့ အာနိသင်ဟာ မှုံမေ့ မိန်းမောဆေးမမိအောင်ကာကွယ်ထားပြီး အတွင်းဘက်

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ပြင်းထန်တဲ့ အဆိပ် ဖြစ်လိမ့်မယ်၊ သူတို့ဟာ ဆေးလုံးကို စေ့စပ်သေချာစွာ အချိန်ကိုက်ပြုလုပ်ထားတာ ဖြစ်ဟန်တူတယ်’

ဝတ်စုံစိမ်းနှင့် မိန်းကလေးက မေးမြန်းလိုက်သည်။

‘သူလာမို့တဲ့ပစ္စည်းကိုယူသွားကြပြီ မဟုတ်လားဦးလေးစိုး။ ကျွန်မတို့ သူတို့နောက်ကို စုံစမ်းပြီး လိုက်ကြရအောင်’

စိုးကျော်ဟောင်က အလေးအနက် စဉ်းစားနေသည်။

ရွှေလင်ဆရာကြီးနဲ့ လူတစ်ယောက် အသတ်ခံရသည်ကို တွေ့ရှိစဉ်ကပင် မျက်ထစ်လုံးအဘိုးအိုထံမှပစ္စည်းသည် ရွှေလင်ကျောင်းမှ ဆေးတောင် ဆရာကြီး ပျောက်ဆုံးသွားမှုနှင့် ပတ်သက်နေသည်ကို သဘောပေါက်ခဲ့ပြီးဖြစ်သည်။

မျက်တစ်လုံးအဘိုးအိုသည် ယုံးဝမ် ဘုရားကျောင်းအတွင်းသို့ပင် မရောက်သေး၊ အဝင်အဝမှာပင် သူတို့က နှုတ်ပိတ်လိုက်ကြလေသလား။

မျက်တစ်လုံးအဘိုးအိုယူဆောင်လာခဲ့သာပစ္စည်းသည် ယုံးဝမ် ကျောင်းတွင်းရောက်လျှင် လမ်းဆုံး လေပြီလော။

သို့မဟုတ် ဟိုမှတစ်ဆင့် ဆက်လက်ပို့ဆောင်ရန် ရှိနေသေးသလော။

ယင်းသို့ဆိုလျှင် မျက်တစ်လုံးထံမှတစ်ဆင့် ပစ္စည်းယူဆောင်သွားသူသည် အိပ်ဝေးဝေးကိုတော့ရောက်နိုင်မည်မဟုတ်သေး

စိုးကျော်ဟောင်က တွေးမိပြန်သည်။



ဝတ်စုံပြာနှင့် ဝတ်စုံစိမ်းတို့နှစ်ဦးကို သတိရလိုက်သည်။

သူတို့နှစ်ဦးအား ရှာဖွေတွေ့လျှင် မျက်တစ်လုံးအဘိုးအိုထံမှ ပစ္စည်း လက်ဆင့်ကမ်း ယူဆောင်သွားသူကို တွေ့ရှိနိုင်မည် ဖြစ်သည်။

ထိုသို့ တွေးပြီး စိုးကျော်ဟောင်အည် သူ၏ဦးခေါင်းကို ခါယမ်းပြလိုက်သည်။

ပြီးနောက် မိန်းကလေးဘက်သို့ လှည့်၍ ပြောလိုက်သည်။

‘ကျုပ်က သိချင်စိတ်ပြင်းပြလို့ အခုလို မိန်းကလေးနဲ့အတူ ဒီအထိ လိုက်ကြည့်တာပါ။ အခုတော့ မျက်တစ်လုံး အဘိုးအိုလဲ သေသွားပြီ၊ လမ်းစလဲပျောက်သွားပြီ၊ တယ်သူ့နောက်ကို ဘယ်လိုထပ် လိုက်လို့ ဖြစ်တော့မှာလဲ’

စိုးကျော်ဟောင်က အတန်ငယ် စဉ်းစားနေလိုက်ပြန်သည်။

ပြီးမှ သူကဆက်၍ပြောနေသည်။

‘ဒီမှာ မိန်းကလေး၊ သိုင်းလောကရဲ့ အရှုပ်တော်ပုံတွေကို မင်း လိုက်ပြီး မစပ်စုချင်စမ်းပါနဲ့၊ အကောင်းဆုံးကတော့ မင်း အိမ် မင်းပြန်ပြီး အေးအေးချမ်းချမ်းနေရင် ပကောင်းပေဘူးလား၊ ကျုပ်လဲ ကျုပ်ကိစ္စရှိသေးလို့ ခရီးဆက်ရဦးမယ်၊ မင်းကလေးနဲ့ဆက်ပြီး အဖော်မလုပ်နိုင်တော့ဘူးကွယ်၊ ရှေ့မှာဆိုရင် ချင်ချူးမြို့ပဲ၊ ကျုပ်က မိန်းကလေးကို ချင်ချူးမြို့ထဲရောက်တဲ့အထိ လိုက်ပို့ပေးမယ်၊ မကောင်းဘူးလားမိန်းကလေး’

မိန်းကလေးက မျက်တောင်ကားလေးပုတ်ခတ်ပုတ်ခတ်လုပ်၍ ငြိမ်းနေသည်။

www.burmeseclassic.com



'ဦးလေးစို့…ဦးလေးစို့…ကိစ္စရှိရင်လဲ သွားနှင့်ပါ၊ ကျွန်မဟာ ကလေးတစ်ယောက်မှ မဟုတ်တော့၊ ကိုယ့်ဘာသာကိုယ် သွားတတ်ပါတယ်'

ပြော၍ပြောဆိုဆိုနှင့် မိန်းကလေးက ချာခနဲလှည့်၍ ထွက်ပြေးသွားလေသည်။

❖

စိုးကျီဟောင်သည် သက်ပြင်းတစ်ချက် လေးတွဲ့စွာချလိုက်သည်။

သူ့အား မိန်းမလှလေးတစ်ယောက်က ဦးလေးစို့ ဟု ခေါ်ဝေါ်ခံရခြင်းကို အခံရခက်နေသည်။ အောင့်သက်သက် ခံစားမိသည်။

စိုးကျီဟောင်သည် အမှောင်တွင်းဝယ် ပျောက်ကွယ်သွားသော ဝတ်စုံစိမ်းနှင့် အမျိုးသမီးအား လှမ်းကြည့်ရင်း ရင်ဝယ် ဟာသလိုဖြစ်သွားသည်။ အမျိုးအမည်မသိသောဝေဒနာ တစ်ရပ်ကို ခံစားနေမိသည်။

အမှန်ဆိုလျှင် ဝတ်စုံစိမ်းနှင့် မိန်းကလေးအား မြင်မြင်ချင်း နှစ်သက်နေမိသည်။ ကြင်နာမှုကလေး ရင်မှာပွားလာမိသည်။

အမျိုးသမီးကလေးသည် သွက်လက်ချက်ချာသည်၊ သူ၏ စိတ်သဘောထားသည် ကလေးဆန်ပုံရသည်။



ကျသည်ကိုပင် စိုးကျီဟောင် သဘောကျနေမိခြင်းဖြစ်၏။ အရှေ့လောကဓာတ်တွင် ရောင်နီပျို့အနံ့ ဖြစ်သည်။

မကြာမီ မိုးလင်းတော့မည်။

နံနက်ဦး၏သန့်ပြန့်သောလေသည် စိုးကျီဟောင်၏ မျက်နှာအား ရှပ်တိုက်သွားသည်။

စိုးကျီဟောင်က အားတက်သွားသည်၊ လန်းဆန်းသွားသည်၊ စိတ်တွင်ကြည်နူးသွားသည်။

သူသည် တစ်ကိုယ်တည်း လုံးဝမ်ကျောင်းတွင်းသို့ဝင်ရောက်လာခဲ့သည်။

ဘုရားကျောင်း၊ အတွင်းသို့ရောက်လျှင် စိုးကျီဟောင်သည် သူ၏ပခုံးထက်မှ ခရီးဆောင်အထုပ်ကိုဖြုတ်၍ချလိုက်သည်။

သူသည် သမ်တလင်းပေါ်တွင် ထိုင်ချလိုက်သည်၊ သူ စဉ်းစားနေလိုက်ပြန်သည်။

မျက်စစ်လုံးအဘိုးအိုထံမှ ပစ္စည်းကို ယူဆောင်သွားသော သူသည် မည်သည့်အရပ်သို့သွားလေသနည်း။

သူက ချက်ချင်းတွက်ကြည့်မိသည်၊ မှန်းဆကြည့်နေမိသည်။

လုံးဝမ်ဘုရားကျောင်းမှ အနောက်ဘက်သို့သွားသော် စွမ်းရှေ့မြို့ပြီးနောက် တိမ်စင်မြို့တို့ရှိသည်။

တောင်ဘက်သို့လာသော် ချင်ချူးမြို့နှင့် လိမ်းချွမ်းမြို့၊ အရှေ့ဘက်တွင် ထိုက်ဟိုမြို့နှင့် ကုယမ်းမြို့တို့ရှိသည်။

ခိုင်ဖုန်းမြို့မှအထွက် လမ်းမကြီးသည် အရှေ့တောင်အရပ်သို့ ရှေ့ရှုဖောက်လုပ်ထားသော လမ်းမကြီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ထိုက်ဟိုနှင့် ကုယမ်းမြို့ဘက်သို့လိုက်လျှင် မမှား နိုင်ဟု သူကတွက်ချက်ကြည့်လိုက်သည်။ သူသည် အရှေ့ဘက်သို့ လှမ်းကြည့်လိုက်သည်။

ရောင်နီပေါ်ခဲ့လေပြီ။

မိုးစင်စင်လင်းတော့မည်။

သူသည် သူ၏အင်္ကျီရင်ဖုံးအိတ်အတွင်းမှ သေတ္တာဘူးလေး ကို ထုတ်ယူလိုက်သည်။

ထိုသေတ္တာဘူးလေးထဲတွင် ရုပ်ပြောင်း ရုပ်လွှဲ လုပ်သည့် ပစ္စည်းကိရိယာနှင့် ဆေးလုံးကလေးများ။

သူသည် သေတ္တာဘူးကလေးကိုဖွင့်ပြီး ရုပ်ပြောင်းရန် ပြင် ဆင်လိုက်သည်။

## အခန်း( ၂၆ )

### နှုတ်ဆက်ထွက်ခွာ ကလေးဆိုးကြီးပမှာ

ပထမဦးစွာ သူက အဝတ်စဖြင့် သူ၏မျက်နှာပေါ်မှ ဆေး ရောင်များကို သုတ်ပစ်လိုက်သည်။

ဤတွင် သူ၏ မူလနဂိုရုပ်ပေါ်လာသည်။

ခိုကျိဟောင်က သေတ္တာဘူးကလေးထဲမှ အညိုရောင်ဆေး ခဲတစ်လုံးကို ရွေးယူပြီး လက်ဖဝါးတွင်းသို့ထည့်ကာ ချေပစ် လိုက်၏။ပြီးနောက် မျက်နှာပေါ်သို့ လိမ်းရန် ဟန်ပြင်လိုက် သည်။

ထိုစဉ်....

'ခစ်....ခစ်....ခစ်'

www.burmeseclassic.com

www.burmeseclassic.com



ရယ်ဒမောသံလွင်လွင်ကလေးကို နံနက်ဦးအခွင် ကြားလိုက်ရသည်။ အမျိုးသမီးတစ်ဦး၏ ရယ်မောသံပင်ဖြစ်သည်။

စိုးကျော်ဟောင်၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။ အသံလာရာဆီသို့ လှမ်းကြည့်လိုက်ပြီး ခက်ထန်သောလေသံဖြင့်မေးလိုက်သည်။

'ဖော ... ဘယ်သူလဲ'

ခက်ထန်သော စိုးကျော်ဟောင်၏အသံနှင့် မဆွေမနွေးဘင်းမှာပင် သာယာချိုလွင်သော အသံကြည်ကြည်လေးတစ်သံ ပေါ်ထွက်လာသည်။

'ဦးလေးစိုး၊ ကျွန်မပါ'

သွယ်လျသော ကိုယ်နေဟန်ထား အရိပ်တစ်ခုသည် ဘိုင်ကွယ်တစ်ခုမှ ထွက်လာသည်။

ထိုအရိပ်ရှင်သည်ကား ဝတ်စုံစိမ်းနှင့် မိန်းကလေးပင် ဖြစ်သည်။

စိုးကျော်ဟောင် အံ့အားသင့်စွာဖြင့် မေးလိုက်သည်။

'ဟင်...မင်းကလေး ဒီကမသွားသေးဘူးလား'

မိန်းကလေးက ခိုးခိုးခစ်ခစ် ရယ်မောနေသည်။ ပြီးတော့ သူ့အားအတန်ကြာ စူးစိုက်ကြည့်နေသည်။ သူမ၏ မျက်လုံးအစုံသည် ဝိုင်းစက်နက်မှောင်နေသည်။

ပြီးနောက် သူမ၏မျက်နှာကလေး နီထွေးသွားလေတော့သည်။



အဘယ်ကြောင့်ဟူမူ သူမက ယခုတွေ့မြင်ရသော စိုးကျော်ဟောင်သည် ဦးလေးကြီးအရွယ်မဟုတ်တော့။

လူငယ်လူရွယ်တစ်ယောက် ဖြစ်နေသောကြောင့် ရှက်စိတ်တို့လေးများ ဝင်သွားမိခြင်းဖြစ်၏။

မိန်းကလေးက နှုတ်ခမ်းကလေးကို ရှေ့သို့ပစ်၍ စူထားလိုက်၏။

'ဪ...ရှင်က လက်စသတ်တော့ ရုပ်ဖျက်ထားတာကိုး၊ ရှင့်ရုပ်ရည်အစစ်ကို ကျွန်မကမမြင်တော့ ရှင့်ကို ဦးလေးစိုးလို့ ခေါ်လိုက်ရတာ၊ ရှင်ပြောတဲ့ စိုးကျော်ဟောင်ဆိုတဲ့ နာမည်သဲ အစစ်မဟုတ်ရဲလား၊နာမည်လိမ်ကြီးများ ဖြစ်နေမလားမပြောတတ်ပါဘူး'

သူက တဟက်ဟက် ရယ်မောနေသည်။

'ကျွန်တော့်နာမည် စိုးကျော်ဟောင်အစစ်ပါ။ နာမည်ရင်းအစစ်ပါ'

ဝတ်စုံစိမ်းနှင့်မိန်းကလေးက သူ့အား ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်သည်။

'ရှင့်ကိုကြည့်ရတာ ဘစ်ခုခုကိုလျှို့ဝှက် လိုက်နေသလိုပါပဲ၊ ရှင် ရုပ်ဖျက်ထားတာ မျက်စိတစ်ဖက် ကန်းနေတဲ့ အဘိုးကြီးနောက်ကို လိုက်ချင်လို့မဟုတ်လား'

သူ့အဖြစ်က ဘူးပေါ်သလိုပေါ်နေပြီမို့ သူ အမှန်အတိုင်းပင် ဝန်ခံပြောဆိုလိုက်၏။

'ဟုတ်တယ်၊ ဘျူပ်က ဒီရည်ရွယ်ချက်နဲ့ ရုပ်ဖျက်ခဲ့တာ'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် သူမေးသမျှကို စိုးကျော်ဟောင်က အလွယ်တကူ အဖြေပေးနေသည်ကို ဆီနေသည်။

ထို့ကြောင့် သူမက ငှမ်းခွန်းများကို တစ်ခုပြီးတစ်ခု အားမနာတမ်း မေးမြန်းနေတော့သည်။

'ဒါဖြင့်ရင် မျက်စိကန်းနေတဲ့အဘိုးအိုက ဘာပစ္စည်းတွေ များသယ်ဆောင်လာတယ်ဆိုတာကို ရှင်သိလို့လား'

သူက ခေါင်းခါယမ်းပြလိုက်၏။

'ကျုပ် လုံးဝမသိပါဘူးဗျာ'

'ဒါဆိုရင် သူတို့ဟာ ဘယ်အသင်း ဘယ်အဖွဲ့ကလဲဆိုတာ ရှင်သိမှာပေါ့'

'ဒါလဲ ကျုပ်မသိပါဘူးဗျာ'

ဝတ်စုံစိမ်းနှင့် မိန်းကလေး၏မျက်ခုံးအစုံသည် အထက်သို့ မြင့်တက်သွားသည်။

ထိုအခါ ရှုန်းလဲ့နေသော သူမ၏ မျက်ဝန်းကလေးသည် ပြူးကျယ်ဝိုင်းစက်သွားသည်။

'ရှင်က သူတို့ကိုလဲ မသိဘူး၊ ဘာအကြောင်း ဆိုတာလဲ မသိဘဲနဲ့ ဘာကြောင့် သူတို့နောက်ကို ရှင်က လိုက်နေရတာလဲ'

ဤတွင် စိုးကျော်ဟောင်က သူ နောက်ယောင်ခံ လိုက်ခဲ့ရတဲ့ အကြောင်းကို ကကြီးမှ အအထိ အကြောင်းစုံ ရှင်းပြလိုက်သည်။



မိန်းကလေးသည် သူ ပြောပြသည်များကို စိတ်ဝင်တစား မျက်လုံးကလေး ကလယ်ကလယ်ဖြင့် ငြိမ်သက်စွာ နားထောင်နေသည်။

'ဟာ...သိပ်စိတ်ဝင်စားဖို့ကောင်းတဲ့ အကြောင်းရပ်တွေပဲ နော် ဦးလေး'

သူမသည် ဦးလေးစိုးဟု ခေါ်လိုက်မည် ပြုပြီးမှ သတိရသဖြင့် ဦးလေးဟုခေါ်ပြီး ရပ်ထားလိုက်သည်။

အမှန်သော် သူမသည် စိုးကျော်ဟောင်အား ဦးလေးစိုးဟု ခေါ်ခြင်းက နှုတ်ကျိုးနေ၏။

စိုးကျော်ဟောင်က နှစ်ခြိုက်စွာ ရယ်မောလိုက်၏။

'ကျုပ်ကို ဦးလေးစိုးလို့ မခေါ်တော့ဘူးလား'

'ဟင်း'

ဝတ်စုံစိမ်းနှင့် မိန်းကလေး၏နှုတ်ခမ်းဖူးဖူးကလေးက ရှေ့သို့အစွမ်းကုန်ပစ်၍ စူထားလိုက်၏။

'ဟင်....ရှင့်ကို ဘယ်လိုလုပ်ပြီး ဦးလေးစိုးလို့ ခေါ်ရမှာလဲ၊ ရှင့်အသက်က ကျွန်မအသက်ထက် အလွန်ဆုံးကြီးလှမှ သုံးလေးနှစ်ပေါ့၊ အဲဒီတော့ ရှင့်ကို နာမည်ပြောင်း ခေါ်ရမယ်၊ အစ်ကိုကြီးစိုးလို့ခေါ်ရင် သဘာဝကျလိမ့်မယ်'

သူက ရယ်မောရပြန်သည်။

'မိန်းကလေး ခေါ်ချင်သလိုသာ ခေါ်ပေတော့၊ မိုးလင်းတော့မယ်၊ ဒီနေရာမှာ ကြာကြာဆက်နေရင် မကောင်းတော့ဘူး၊ မိန်းကလေးခဏစောင့်၊ ကျုပ်ပြောင်းလိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ခေါင်းကလေး ဆတ်ပြလိုက်သည်။

စိုးကျော်အောင် ရုပ်ဖျက်နေသည်ကို အနားမှ စောင့်ကြည့်နေသည်။

စိုးကျော်အောင်သည် သူ၏လက်အတွင်းမှ အညိုရောင်ဆေးလုံးကလေးဖြင့် သူ၏မျက်နှာကို သုတ်သိမ်းလိုက်သည်။

မကြာမီတွင် သူ၏မျက်နှာသည် ညိုညစ်ညစ်ဖြင့် မျက်နှာထားတင်းမာသော လူလတ်ပိုင်းအရွယ် ရုပ်မျိုးပေါ်လွင်လာသည်။

မိန်းကလေးသည် စိုးကျော်အောင်၏ လှုပ်ရှားမှုများကို ဖိုင်းစက်သော မျက်လုံးရွဲကြီးဖြင့် ငြိမ်သက်စွာ ကြည့်နေသည်။

မိန်းကလေးက ခစ်ခနဲ တစ်ချက်ရယ်လိုက်သည်။

'ဟင်းဟင်း.... မိန်းကလေးတွေ မျက်နှာအလှပြင်သလိုပါပဲလား'

သူမတစ်ကိုယ်တည်း သဘောကျစွာ ရယ်မောရင်း ပြောလိုက်သည်။

စိုးကျော်အောင်သည် မိန်းကလေး ပြောနေသည်များကိုအရေးမထား။ သူလုပ်စရာရှိသည်များကိုသာ အစဉ်တစ်စိုက် လုပ်ကိုင်နေသည်။

သူသည် သေတ္တာဘူးကလေးအတွင်းမှ အနက်ရောင်ဆေးခဲတုံးကလေးကိုယူပြီး မျက်ခုံးမွေးဆွဲလိုက်သည်။ သူ၏မျက်ခုံးမွေးအား မညီးနက်ထူပိန်းနေအောင်ပဲ ဖြစ်နေသည်။



ဤတွင် မူလရုပ်ရည်အသည် လုံးဝပျောက်သွားတော့သည်။ အသွင်တစ်မျိုးဖြင့် လူသစ်တစ်ယောက် တစ်ဖြစ်လဲ ဖြစ်သွားတော့သည်။

❖

မိန်းကလေးက ထပ်မံမေးလာပြန်သည်။

'ရှင်က.... ရုပ်ပြောင်းရုပ်လွဲပညာကို ဘယ်သူ့ဆီက သင်ခဲ့တာလဲဟင်'

စိုးကျော်အောင်သည် ရုပ်ပြောင်းရုပ်လွဲပစ္စည်းများကိုသေတ္တာဘူးကလေးထဲသို့ ပြန်လည် ထည့်သွင်းလိုက်သည်။

ကျုပ်ဆရာသမားက သင်ပေးတာပေါ့'

'ရှင့် ဆရာသမားက ဘယ်သူလဲ'

'စိတ်မရှိပါနဲ့ မိန်းကလေး။ ကျုပ်ရဲ့ဆရာဟာ သူ့နာမည်ကို လူသိမခံချင်ပါဘူး၊ ဒါကြောင့် ကျုပ်မပြောပါရစေနဲ့'

ဝတ်စုံစိမ်းနှင့် မိန်းကလေးက ပျာပျာသလဲပင် ပြန်ပြောလိုက်သည်။

'စိတ်မရှိပါနဲ့ရှင်၊ ကျွန်မ မမေးတော့ပါဘူး'

မိုးစင်စင်လင်းသွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မျက်တစ်လုံးအဘိုးအို၏အလောင်းမှာလည်းဘုရားကျောင်း အပြင်တွင် ရှိနေသည်။ လမ်းသွားလမ်းလာများမြင်လျှင် သူတို့အပေါ် ပြဿနာတက်နိုင်သည်။

ဤသည်ကို စိုးကျိုဟောင်က စဉ်းစားလိုက်မိသည်။ သို့အတွက် ဝတ်စုံစိမ်းနှင့် မိန်းကလေးအား လှမ်း၍ ပြောလိုက်သည်။

'ကျုပ်တို့ ဒီမှာ ကြာကြာဆက်ပြီးနေလို့ မဖြစ်တော့ဘူး။ ဒီတော့ မိန်းကလေးလဲ သွားမယ့်လမ်းသွားပေတော့၊ ကျုပ်လဲ ကျုပ်လမ်းကျုပ် သွားတော့မယ်'

ယင်းသို့ပြောပြီးနောက် စိုးကျိုဟောင်သည် ကျောင်းတံခါးဝသို့ လျှောက်သွားလေတော့သည်။

'ဟဲ့...ရှင်ခဏနေပါဦး'

ဝတ်စုံစိမ်းနှင့် မိန်းကလေးသည် စိုးကျိုဟောင် နောက်သို့ ပြေးလိုက်လာသည်။

'ရှင်...ကျွန်မနဲ့အတူတူ မသွားတော့ဘူးလား'

'ကဲ...မိန်းကလေးက ဘယ်ကိုသွားမှာလဲ'

ဝတ်စုံစိမ်းနှင့် မိန်းကလေးက အတန်ငယ်စဉ်းစားလိုက်လေသည်။

'ရှင်...ရှင်၊ ခု ရုပ်ဖျက်ပြီး သူတို့နောက် လိုက်စုံစမ်းမလို့ မဟုတ်လား...'

စိုးကျိုဟောင်က ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်'





မိန်းကလေးက စိုးကျိုဟောင်အား တောက်ပရွှန်းလဲ့သော မျက်လုံးများဖြင့် ငေးကြည့်လိုက်သည်။

'ကျွန်မ ရှင်နဲ့အတူ လိုက်ခဲ့မယ်၊ ဘယ့်နှယ်လဲ'

စိုးကျိုဟောင် ခေါင်းခါပြသည်၊

'မဖြစ်ပါဘူးဗျာ၊ မင်းဟာ မိန်းကလေး တစ်ယောက်ပဲ၊ ကျုပ်နဲ့အတူ သွားလာလှုပ်ရှားနေလို့ ဖြစ်ပါ့မလား'

ဝတ်စုံစိမ်းနှင့် မိန်းကလေးက နှုတ်ခမ်းထော် သွားသည်။

'ရှင်... ကျွန်မကိုခေါ်ဖို့ စိတ်မကူးဘဲ ဘာကြောင့် ဒီအကြောင်းတွေကို ထုတ်ပြောရတာလဲ...'

စိုးကျိုဟောင်က မျက်ခုံးတစ်ဖက် တွန့်တက်သွားသည်။

'ဒါတော့ မိန်းကလေး သိသင့်တာဖြစ်လို့ ပြောပြမိတာပဲ၊ သိုင်းလောကရဲ့ကိစ္စရပ်တွေကို မစပ်စုပါနဲ့လို့ ကျုပ်သတိပေးပါရစေ'

'အို...ကျွန်မကလဲ သိလေ စပ်စုချင်လေပဲ၊ ဒီတော့ ဒီကိစ္စကို ကျွန်မ သိရအောင် စုံစမ်းမယ်'

'မဖြစ်ပါဘူး မိန်းကလေးရယ်၊ သိုင်းလောကသားတွေရဲ့ အရှုပ်တော်ပုံကို မိန်းကလေးတစ်ယောက်က ဝင်မစွက်ချင်စမ်းပါနဲ့၊ အန္တရာယ်သိပ်ပြီး ကြီးမားလှပါတယ်၊ ပြီးတော့ မိန်းကလေးနဲ့ ကျုပ်နဲ့ အတူတူသွားရင်....'

'ရှင်က မခေါ်ချင်တိုင်း အကြောင်းတွေ အမျိုးမျိုးပြပြီး ပြောနေတာပဲ၊ ရှင်မခေါ်ချင်ရင်လဲနေပါ၊ ကျွန်မ ဘာသာ ကျွန်မ....'

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံစိမ်းနှင့်မိန်းကလေးသည် ဒေါကလေးပွကာ ချာခနဲ လှည့်ထွက်ကာ ဘုရားကျောင်းပြင်သို့ ပြေးထွက်သွားလေတော့သည်။

စိုးကျော်ဟောင်သည် သူ၏ခေါင်းကို အခါခါယမ်းလျက် ကျန်ရစ်ခဲ့တော့သည်။

စိုးကျော်ဟောင်၏ရင်တွင် ဟာသွားသည်။ ပြီးနောက် လိုက်ဖို့ မေ့သွား၏။

'ဪ...မိန်းကလေးရယ်၊ ကလေးဆိုးကြီး သဖွယ်ပါလား....'

သူသည် ညှိမျှသာ နှုတ်မှရေရွတ်လိုက်နိုင်တော့သည်။

ဝတ်စုံစိမ်းနှင့် မိန်းကလေးကမူ ဟိုအဝေးတွင် သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့လေပြီတည်း။

အခန်း (၂၇)

ထန်ရေဟာမှ သိုင်းသမားနှင့်တွေ့ဆုံခြင်း

နေမွန်းတည့်လေပြီ။

ကျဲစုံမြို့သို့ ရောက်ရှိလာကြသည်။

သူသည် နံနက်မိုးစင်စင်လင်းကတည်းက မနားတမ်းအပြေးနှင်ခဲ့ရသည်။

နေမွန်းတည့်ချိန်ရောက်မှ ကျဲစုံမြို့သို့ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

ကျဲစုံမြို့သည် အနောက်ဝေးနယ်စပ်မြို့ ဖြစ်သည်။

စိုးကျော်ဟောင်သည် မြို့တွင်း လမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ရှေ့မှ ဝတ်စုံပြာ ဖျင်ကြမ်းအင်္ကျီကို ဝတ်ဆင်ထားသောလူတစ်ယောက် လျှောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုသူ၏လက်တွင် ဆွဲခြင်းတောင်းတစ်လုံးကို ကိုင်ထား၏။ ဆွဲခြင်းတောင်းအား အဝတ်ဖြင့် ဖုံးအုပ်ထား၏။

ထိုလူသည် စို့ကျိုဟောင်၏အနီးသို့ရောက်လျှင် သူ့အား မျက်လုံးဝင့်၍ ကြည့်လိုက်သည်။

'ပေါက်စီပူပူနွေးနွေးရှိမယ်၊ ဝယ်ဦးမလား မိတ်ဆွေ'

ဆွဲခြင်းတောင်း ဆွဲလာသူက သူ့အား လှမ်း မေးလိုက်လေသည်။

စို့ကျိုဟောင်က ညင်သာစွာဖြင့် ခေါင်းခါယမ်းပြလိုက်သည်။

သို့ရှိစဉ်....

ထိုလူသည် သူ၏လက်ထဲ ဆွဲခြင်းတောင်းအားအောက်သို့ ရုတ်တရက် လွှတ်ချလိုက်သည်။

သူ၏လက်သည် ဈေးမြန်စွာလှုပ်ရှားသွားသည်။

ဝင်းလက်သော အလင်းတန်းတစ်ခုသည် သူ၏လည်ပင်းဆီသို့ တန်းတန်းမတ်မတ် အရှိန်အဟုန်ဖြင့် ဝင်လာသည်ကို လှစ်ခနဲ မြင်လိုက်ရသည်။

ပေါက်စီရောင်းသူသည် လက်နက်ပုန်းဖြင့် သူ့အား ရုတ်တရက်တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။



စို့ကျိုဟောင်သည် မျက်စိတစ်မှိတ်အတွင်းမှာပင်သူ၏ကိုယ်ကို ဘေးသို့အနည်းငယ် တိမ်းရှောင်လိုက်သည်။

တစ်ချိန်တည်းမှာပင် သူကလျှပ်တစ်ပြက် ဝင်ရောက်လာသော အလင်းရောင်တန်းအား သူ၏ ညာလက်ဖြင့် ဆီး၍ ထောက်လွှတ်လိုက်သည်။

'ထန်း'

ဟူသောအသံနှင့်အတူ အဆိပ်အုပ်ဓားချောင်းသည် ဘက်သို့ လွင့်စဉ်ထွက်သွားသည်။

အဖြစ်အပျက်များသည် မြန်ဆန်လွန်းလှသည်။

စို့ကျိုဟောင်သည် အကြီးအကျယ်ဒေါပွသွားသည်။ သို့အတွက် ပြင်းထန်သောလေသံဖြင့် အော်ပြောလိုက်၏။

'ဟိတ်....ခင်ဗျားက ဘာကြောင့် ကျုပ်ကို အန္တရာယ်ပြုရတာလဲ'

ပေါက်စီရောင်းသူသည် တစ်စုံတစ်ရာ ပြန်မပြော။

စို့ကျိုဟောင်အား စူးစိုက်ကြည့်လိုက်ရင်း သူ၏ခါးမှ ဓားမြှောင်တိုတစ်ချောင်းကို ဆွဲထုတ်လိုက်၏။

ပြီးလျှင် နောက်သို့ ခြေသုံးလှမ်းခန့် ဆုတ်ခွာသွား၏။

တိုစဉ် လမ်းဘေးသစ်ပင်တစ်ပင်၏ နောက်ကွယ်မှ ဝတ်စုံပြာနှင့် ဖျင်ကြမ်း အင်္ကျီဝတ်ဆင်ထားသော လူထွားကြီး နှစ်ယောက် ရုတ်တရက် ပေါ်ထွက်လာသည်။

သူတို့နှစ်ဦးသည် စို့ကျိုဟောင်ထံသို့ ဦးတည်၍ပြေးဝင်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လက်ထဲတွင်ကား အဆောင်တလက်လက် ဝင်းပြက်နေသော ဓားဆောင်ဓားကိုယ်စီ ကိုင်ထားကြသည်။

သူတို့နှစ်ယောက်သည် ပေါက်စီရောင်းသူနှင့် ပေါင်းမိပြီး အင်အားသုံးယောက် ဖြစ်သွားသည်။

သူတို့သုံးယောက်သည် စိုးကျော်ဟောင်အား ဖိုခနောက်ဆိုင် ဝိုင်းရံထားလိုက်သည်။

သူသည် ဓေါ်သတကြီးဖြင့် မြေပေါ်တွင်ကျနေသော ဆွဲခြင်းတောင်းဖြင့် စောစောကလက်နက်ပုန်းနှင့်တိုက်ခိုက်လာသူအားတစ်အားပစ်ပေါက်လိုက်သည်။

စိုးကျော်ဟောင်ပစ်ခတ်လိုက်သည်တွင် အတွင်းအားပါရှိမည်ကိုတင်ဖက်လူက ရိပ်စားမိလိုက်သဖြင့် ထိတ်လန့်တကြား ရှောင်မြန်စွာရှောင်တိမ်းလိုက်သည်။

ဆွဲခြင်းတောင်းသည် ထိုသူ၏ပခုံးအထက်မှ ကျော်ဖြတ်တိုး ထွက်သွားခဲ့သည်။

ဆွဲခြင်းတောင်းသည် ဆယ်ပေခန့်ဝေးကွာသော လမ်းဘေးသစ်ပင်တစ်ပင်သို့ ထိမှန်သွားတော့သည်။

ဘေးမှ ဓားကိုင်ရပ်နေသော လူတစ်ယောက်ကပြောလိုက်လေ၏။

'ခင်ဗျားလက်ချက်က တယ်ပြင်းပါလား'

စိုးကျော်ဟောင်က အေးစက်တည်ငြိမ်သော လေသံဖြင့် ပြန်ပြောလိုက်သည်။

'ခင်ဗျားတို့သုံးယောက်က ဘာသဘောလဲ'



အလယ်လူက မားမားရပ်၍ပြန်ပြောပြန်သည်။

'ခင်ဗျား ဘယ်ကိုသွားမှာလဲ'

'ကျုပ်ဘာသာကျုပ် ဘယ်သွားသွား၊ ခင်ဗျားတို့အပူလား'

စိုးကျော်ဟောင်က ဘုတောလိုက်သည်။

'ကျုပ်တို့ညီအစ်ကိုတွေက ခင်ဗျားကို ဒီကနေ စောင့်နေကြတာ ကြာသွားပါပြီ'

စိုးကျော်ဟောင်၏ ထူထဲသောမျက်ခုံးများ တွန့်တက်သွား၏။

'ခင်ဗျားတို့က ကျုပ်ကိုသိနေလို့လား'

'ကျုပ်တို့သိတာ ခင်ဗျားကိုမဟုတ်ဘူး၊ ခင်ဗျားအိတ်ထဲက ပစ္စည်းကိုသိတာ'

'ကျုပ်အိတ်ထဲက ဘာပစ္စည်းပါလို့လဲ'

အလယ်ကရပ်နေသောလူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ခင်ဗျားဟန်ဆောင်ပြီး ပြန်မေးမနေနဲ့တော့၊ အိတ်ထဲက ပစ္စည်းကိုသာ ထုတ်လိုက်ပါ'

စိုးကျော်ဟောင်ဒေါသထွက်သွားသည်။

'မိတ်ဆွေတို့က ကျုပ်ကို လက်နက်ပုန်းနဲ့လဲ တိုက်တယ်၊ ကျုပ်သွားမယ့်လမ်းကိုလဲ ပိတ်ထားတယ်၊ ကျုပ်မေးစမ်းပါရစေ၊ ခင်ဗျားတို့သုံးယောက်ရဲ့ရည်ရွယ်ချက်က ဘယ်လိုလဲ၊ ရှင်းရှင်းပြောစမ်းပါ'

အလယ်တွင် ရပ်နေသောလူက ဟက်ခနဲ တစ်ချက်ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ...ကျုပ်ပြောပြမယ်၊ ကျုပ်တို့ အခုပြုနေရတဲ့ ရည်ရွယ်ချက်က မိတ်ဆွေရဲ့အိတ်ထဲကပစ္စည်းကို လိုချင်လို့ပဲ၊ ဒီလောက်ပြောရင် ခင်ဗျားသဘောပေါက်ကောင်းပါရဲ့'

စိုးကျော်ဟောင်က စဉ်းစားလိုက်သည်။

အိတ်တွင်းမှာက အဆိပ်ဖြေဆေးပုလင်းတစ်လုံး၊ အဆိပ်စုပ်ယူနိုင်သောပုလဲတစ်လုံးဖြစ်သည်။

နောက်ပြီး အန်ဝါကျော်လက်ဆောင်ပေးလိုက်သော အိတ်ရှုံ့ကလေးအတွင်းမှာ အဆိပ်ဖြေဆေးပုလင်းတစ်လုံး ပါရှိ၏။

ဤတွင် စိုးကျော်ဟောင် ရိပ်စားမိသွားလေတော့သည်။

ထိုလူသုံးယောက်သည် စချီချီနီးဆိုတဲ့လူရဲ့ စေခိုင်းချက်အရ အန်ဝါကျော် လက်ဆောင်ပေးလိုက်သော အိတ်ရှုံ့ကလေးကို တောင်းနေခြင်းဖြစ်သည်ကို သိလိုက်ရတော့သည်။

ထိုသို့ စဉ်းစားမိသည်နှင့် စိုးကျော်ဟောင်က သူ၏ခေါင်းကို တစ်ချက်ညိတ်လိုက်သည်။



'အင်း...တော်ပြီ၊ ခင်ဗျားတို့ လိုချင်တဲ့ပစ္စည်းဟာ ကျုပ်ဆီမှာ ရှိပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့က ကျုပ်ဆီက ရအောင် ဘယ်လိုယူကြမလဲ'

အလယ်လူက မဆိုင်းမတွပင် မေးလိုက်သည်။

'မိတ်ဆွေက ကျုပ်တို့နဲ့ တိုက်ခိုက်ချင်တဲ့သဘောလား'

စိုးကျော်ဟောင်က ဟက်ခနဲ အသံထွက်အောင်ပင် ရယ်မောလိုက်သည်။

'အိုး...ကျုပ်က ခင်ဗျားတို့ကို လက်နှစ်ဖက်နဲ့လာပြီးဆက်သရဦးမှာလား၊ မထင်နဲ့...မရဘူး မိတ်ဆွေတို့'

အလယ်မှလူက ဆတ်ခနဲ ခေါင်းတစ်ချက်ညိတ်လိုက်သည်။

'ကောင်းပြီ၊ ကျုပ်သဘောပေါက်ပြီ၊ ခင်ဗျား ဓားကိုသာ ထုတ်လိုက်တော့'

'ကျုပ် ဓားထုတ်စရာမလိုဘူး၊ ခင်ဗျားတို့သာ ကျုပ်ကိုစပြီး တိုက်ပါ'

အလယ်မှ လူထွားကြီးက ထေ့ထေ့ပြုံးလိုက်သည်။ ပြီးနောက် သူ၏ဓားကို ဝှေ့ယမ်းလိုက်သည်။

ထိုလူသည် စိုးကျော်ဟောင်ထံသို့ လှစ်ခနဲခုန်ဝင်လာပြီး စိုးကျော်ဟောင်၏ရင်ဝသို့ ဓားဦးချွန်ဖြင့် လှမ်းထိုးလိုက်သည်။

စိုးကျော်ဟောင်က သူ၏ကိုယ်ကို တစ်ဖက်သို့ရှောင်တိမ်းပေးလိုက်သည်။

ထိုလူ၏ဓားသည် စိုးကျော်ဟောင်၏ဘေးမှ ဖြတ်ကာသီကာ လွဲချော်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးကျော်ဟောင်က တစ်ဖက်လူ၏ ဓားကိုင်လက်ကို ဖမ်းဆုပ်လိုက်ပြီး ဆောင့်တွန်းထုတ်လိုက်သည်။

ဓားကိုင်လူသည် 'အား' ခနဲတစ်ချက်အော်ကာ ဓားတခြားလူတခြားဖြစ်သွားသည်။ သူသည် နောက်သို့လန့်၍ လွင့်ထွက်သွားသည်။

လက်ထဲမှဓားသည်လည်း မြေပေါ်သို့ လွင့်ကျသွားသည်။ သူ့ကိုယ်ကိုပင် မြေပေါ်သို့လဲမကျသွားစေရန် အနိုင်နိုင်ထိန်းနေရသည်။

ထိုစဉ်....

ဝဲယာနှစ်ဖက်မှလူနှစ်ယောက်သည် ကွက်ခနဲမျက်နှာပျက်သွားကြသည်။

သူတို့နှစ်ယောက်သည် ဓားရောင်တသက်သက်ဖြင့် စိုးကျော်ဟောင်အား သူတို့၏ဓားများဖြင့် နှစ်ယောက်ပြိုင်တွဲခုတ်ပိုင်းချလိုက်သည်။

စိုးကျော်ဟောင်က အပြုံးမပျက်ပင် လှုပ်ရှားလိုက်သည်။

သူသည် မည်သို့လွတ်ထွက်သွားသည်ကို မည်သူတစ်ဦးတစ်ယောက်မျှ မမြင်လိုက်။

သူ၏ထံသို့ ဦးတည်လာသော ဓားနှစ်လက်သည် မြေပေါ်သို့ 'တချွမ်းချွမ်း' လွင့်စဉ်ထွက်ကျသွားသည်ကိုသာ မြင်လိုက်ရ၏။

စိုးကျော်ဟောင်အား ညှပ်တိုက်ကြသောလူနှစ်ယောက်သည် ဘယ်လက်က ညာလက်ကိုအုပ်လျက်ဆုပ်ကိုင်ထားပြီး မျက်နှာများ ရှုံ့မဲ့သွားသည်။



သူတို့နှစ်ယောက်သည် နောက်သို့ အလျှင်အမြန် ဆုတ်ခွာသွားကြလေသည်။

သူတို့၏မျက်နှာများသည် နီမြန်းနေသည်။ တင်းမာနေသည်။ ခက်ထန်နေသည်။

သူတို့သည် အံကိုတင်းတင်းကြိတ်လျက် နဖူးကြောကြီးများ ထောင်ထလာသည်။ မျက်နှာများကမူ ရှုံ့မဲ့လျက် ခံစားနေရဟန်ရှိသည်။

အမှန်စင်စစ် စိုးကျော်ဟောင်၏ လက်ဝါးစောင်းရိုက်ချက်ကို ခံလိုက်ရသဖြင့် နာကျင်မှု ဝေဒနာကို ခံစားနေခြင်းဖြစ်သည်။

စိုးကျော်ဟောင်ကမူ မည်သို့မျှမဖြစ်သလို အသာမင်ရပ်လျက် သူတို့အား ကြည့်နေသည်။

စိုးကျော်ဟောင်က ယဲ့ယဲ့ကလေး ပြုံးလိုက်ပြီး လှမ်း၍မေးလိုက်သည်။

'ခင်ဗျားတို့ ကျုပ် အိတ်ထဲက ပစ္စည်းကို လုချင်ကြသေးသလား'

စိုးကျော်ဟောင်သည် ဤသို့ မေးမြန်းလိုက်ရင်း သူ၏မျက်လုံးအစုံသည် အလယ်မှလူထံသို့ရောက်သွားသည်။

'ခင်ဗျားကတော့ ခေါင်းဆောင်လို့ ထင်ရတာပဲ။ ခင်ဗျားဟာ ကျုပ်ကို ပေါက်စီရောင်းလို့ဟန်ဆောင်ပြီး ချဉ်းကပ်တယ် လက်နက်မှုန်းနဲ့ တိုက်ခိုက်တယ်။ အခု ကြည့်ဦး.... ခင်ဗျားတို့ ဓားသွားမှာလဲ အဆိပ်တွေ သုတ်လိမ်းထားတယ်။ ခင်ဗျားတို့ သုံးယောက်ဟာ တစ်စုံတစ်ယောက်သောသူရဲ့ စေခိုင်းချက်နဲ့ ကျုပ်ကိုတိုက်ခိုက်တယ်လို့ ကျုပ် ယူဆလို့ ခင်ဗျားတို့ရဲ့ လက်

www.burmeseclassic.com

www.burmeseclassic.com



ဖျံရိုးတွေကိုပဲ ချိုးပစ်လိုက်တာ၊ ဟင်း...ဟင်း... ခင်ဗျားတို့ရဲ့ ညာလက်တွေဟာ နောက်ဆိုရင် ဓားကို ကောင်းကောင်းကိုင်နိုင်မှာ မဟုတ်တော့ပါဘူး၊ ကျုပ်က အသက်ကို အန္တရာယ်မပေးလိုက်ပါဘူး၊ မှတ်လောက်သားလောက်ရုံ သတိပေးလိုက်တာပါ'

ထိုလူသုံးယောက်သည် စိုကျိဟောင်က သူတို့၏လက်ဖျံရိုးများကို ရိုက်ချိုးပစ်လိုက်သည်ဟု ပြောလိုက်သဖြင့် မျက်နှာများ ညှိုးပုတ်သွားကြသည်။

သူတို့မျက်လုံးဝယ် သတ်ဖြတ်လိုသည့် အရိပ်အယောင်များ တရိပ်ရိပ်တက်နေသည်၊

သူတို့အထဲမှ ခေါင်းဆောင်လုပ်သူက အံကိုကြိတ်လျက်မေးလိုက်သေးသည်၊

'မိတ်ဆွေရဲ့ နာမည်ကို သိပါရစေ'

စိုကျိဟောင်က တစ်ချက်မဲ့လိုက်သည်၊

'ခင်ဗျားတို့ဟာ ကျုပ်နာမည်ကို သိဖို့လောက် အရည်အချင်း မရှိကြပါဘူး၊ ဒါကြောင့် ကျုပ်နာမည်ကို မပြောပြတော့ဘူး'

ထိုလူသုံးယောက်၏ မျက်နှာများသည် သုန်သုန်မှုန်မှုန်တင်းမာနေသည်၊

ခေါင်းဆောင်လုပ်သူက ချာခနဲ လှည့်ထွက်သွားလေသည်၊

'ဓိဟ့...ပြန်ကြမယ်'

ကျန် နှစ်ဦးကလည်း နောက်သို့ ချာခနဲ လှည့်ထွက် သွားလေသည်၊



ဤတွင် စိုကျိဟောင်က လှမ်း၍ ပြောလိုက်သည်၊

'ဟိတ်... နေကြဦး၊ ခင်ဗျားတို့ ဓားတွေကို ယူသွားကြဦး'

သူတို့ သုံးယောက်သည် တစ်စုံတစ်ရာမျှမပြောတော့ဘဲ ဓားများကို ကုန်း၍ ကောက်ရန်ဟန်ပြင်လိုက်စဉ် သူတို့၏မျက်လုံးက တောအုပ်ဆီသို့ ရောက်ရှိသွားပြီး ကိုယ်ကို ကိုင်းညွှတ်ထားလိုက်ကြသည်၊

အကြောင်းမှာမူ သူတို့သည် တောအုပ်အတွင်း သစ်ပင်တစ်ပင်အောက်မှ ထွက်လာသော လူတစ်ယောက်အား အရှိအသေပေးလိုက်ကြခြင်းပင် ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

### ပျို့သန်းပေဦးခေါ် ငှက်ခါးလေးရယ်

တောအုပ်တွင်းမှထွက်လာသော လူသည် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ကိုယ်နေဟန်မှာ ပိန်လှီလှသော အဘိုးအို တစ်ဦးပင် ဖြစ်သည်။

အဘိုးအိုသည် အသားကလည်း မည်းမဲသေး၊ သည်ကြားထဲ ပိန်ကပ်နေလိုက်သေးသည်။

သူ၏မျက်နှာမှာမူ လူသေကောင်၏မျက်နှာကဲ့သို့ အမှုအရာကင်းမဲ့နေသည်။

အဘိုးအိုသည် စိုးကျော်ဟောင်တို့ ရပ်နေသည့်နေရာသို့ရောက်လာသည်။



အနီးသို့ရောက်လျှင် တုံ့ခနဲ ရပ်လိုက်သည်။

ပြီးနောက် အေးစက်သော မျက်လုံးများဖြင့် သူ၏လူ သုံးယောက်အား ကြည့်လိုက်သည်။

'ဘယ်လိုလဲ၊ မင်းတို့ သူ့ကိုမနိုင်တဲ့အပြင် မင်းတို့ရဲ့လက်တွေ ရိုက်ချိုးပစ်လိုက်ပြီ မဟုတ်လား'

ခေါင်းဆောင်လုပ်သူက ဝတ်စုံနက်နှင့်အဘိုးအိုအား ခေါင်းကို ညွှတ်၍ အရိုအသေပြုလိုက်ရင်း ပြန်ပြောလိုက်သည်။

'အစီရင်ခံပါရစေ ဆရာကြီးခင်ဗျား၊ ဒီလူဟာ လက်စလက်န သိပ်မြင့်တဲ့ လူတစ်ယောက်ပဲ၊ ကျွန်တော်တို့ သူ့ရဲ့လက်ရည်ကို မမီပါဘူးခင်ဗျား၊ သူ့ကို နိုင်ဖို့ အခြေအနေ လုံးဝမရှိပါဘူး ခင်ဗျား'

ဝတ်စုံနက်နှင့်အဘိုးအိုက ထိုခေါင်းဆောင်လုပ်သူ၏ ရှင်းချက်ကိုနှစ်မြို့ပုံမရ၊ ခေါက်ဆတ်ဆတ်လေသံဖြင့် ပြန်ပြောလိုက်လေ၏။

ဝတ်ရုံနက်နှင့်လူသည် စိုးကျော်ဟောင်ဘက်သို့ လှည့်လိုက်လေသည်။

'ဒီမှာသူငယ်၊ မင်းနာမည်ဘယ်လိုခေါ်သလဲ'

စိုးကျော်ဟောင်ကသူ၏ခေါင်းကိုမော့လျက် ဂရုမထားဟန်ဖြင့် ပြန်ပြောလိုက်သည်။

'ကျွန်တော်က ခင်ဗျားနာမည်ကိုအရင်သိချင်ပါတယ်'

ဝတ်စုံနက်နှင့်လူ၏မျက်နှာသည် ကွက်ခနဲပျက်သွားသည်။

သူက အေးစက်စက်နိုင်လွန်းသောလေသံဖြင့် ရယ်မေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ သူငယ်၊ မင်းလေသိကတော့ ခပ်တင်းတင်းပါလား၊ ကျုပ်နာမည်ကို ပြောပြလိုက်မယ်၊ မင်းကြားဖူးလား၊ သရဲကတွေ့ရင်တောင် ကြောက်လန့်ရှောင်ဖယ်ရတဲ့ ထန်ချီယွဲ့ ဆိုတဲ့ နာမည်ကို မင်းကြားဖူးရဲ့လား'

စိုးကျုံဟောင်က ခပ်အေးအေးပင်ပြန်ပြောလိုက်၏။

'ကျွန်တော် မကြားဖူးပါဘူး'

သရဲပင်ကြောက်ရသော ထန်ချီယွဲ့သည် အဖတော်ပင် မကျေမနပ်ဖြစ်သွားသည်။

'မင်းကိုကြည့်ရတာ သိုင်းလောကကို ခုမှ ခြေဖချတဲ့ လူသစ်တစ်ဦးနဲ့တူတယ်'

စိုးကျုံဟောင်သည် ဝတ်စုံနက်နှင့် အဘိုးအို၏အမေးကိုမဖြေဘဲ သူက ပြန်မေးလိုက်သည်။

'ဒီလူသုံးယောက်က ခင်ဗျားလွှတ်လိုက်တဲ့လူတွေလား'

'ဟုတ်တယ်၊ ကျုပ်လွှတ်လိုက်တာပဲ၊ သူတို့ကို ဒီကစောင့်ပြီး ပစ္စည်းယူခိုင်းလိုက်တယ်'

'ဒါပေမယ့် သူတို့ဟာ ကျွန်တော့် ဆီကပစ္စည်းကို ရအောင်မယူနိုင်ကြဘူးခင်ဗျ'

'ဟုတ်တယ်လေ၊ ဒါကြောင့် ကျုပ်ကိုယ်တိုင် ထွက်လာတာ'

'အဟင်း... ခင်ဗျားကိုယ်တိုင် လာလို့ကော အကြောင်းထူးမှာတဲ့လား'

ထန်ချီယွဲ့က ခြောက်ကပ်ကပ်ရယ်မောလိုက်သည်။



'မင်း ခုမေးလိုက်တာ သိပ်ကောင်းတယ်၊ ငါက ပြောလိုက်မယ်၊ ဟောဒီမယ် မင်းရဲ့အသက်ကိုနှမြောတယ်ဆိုရင်မင်းအိတ်ထဲကပစ္စည်းကို အသာတကြည်ထားခဲ့ပြီးတော့ လိုရာခရီးကို ဆက်သွားနိုင်တယ်'

ဤတွင် စိုးကျုံဟောင်က အော်ဟစ်၍ ရယ်မောလိုက်သည်။

'သရဲက ခင်ဗျားကိုတွေ့ရင် ကြောက်ရင် ကြောက်မယ်၊ လူကတော့ ခင်ဗျားကို ကြောက်ချင်မှကြောက်မှာဗျ၊ ဒါကို ခင်ဗျား မစဉ်းစားမိခဲ့လေရော့သလား'

ထန်ချီယွဲ့က တစ်ချက်ပြုံးလိုက်သည်။

'ဟေ့ သူငယ်၊ မင်းက တကယ့်ကို ဘာမှ နားမလည်သေးတဲ့ လူငယ်လေးတစ်ယောက်ပါလား၊ မိုးကောင်းကင်က ကျယ်ပြန့်တယ်ကွ၊ ပထဝီမြေကြီးကထုတယ်၊ အဲဒီ သဘောတရားကို မင်း နားလည်ရဲ့လား'

ထန်ချီယွဲ့စကားအဆုံးတွင် ကိုယ်က ရှုတ်တရက် လှုပ်ရှားသွားတော့သည်။

www.burmeseclassic.com



သူ၏ဘယ်လက်က လျှပ်ပြက်သလို ဖျတ်ခနဲ စိုးကျော်ဟောင်၏ ပခုံးအားဖမ်းဆွဲလိုက်သည်။ သူ၏ လှုပ်ရှားမှုများက မျက်စိ တစ်မှိတ်အတွင်း လှုပ်ရှားလိုက်ခြင်းဖြစ်သည်။

စိုးကျော်ဟောင်သည် သူ၏ပခုံးအား ဆုပ်ဆွဲမိရန် အနည်းငယ်အလိုတွင် လှစ်ခနဲ ရှောင်ရှားလိုက်သည်။

ထိုအခါ ထန်ချိယွဲ၏လက်သည် လေကိုထိုးမိကာ ဟူးခနဲ အသံမြည်သွားသည်။

သူသည် စိုးကျော်ဟောင်အား တွေ့စကပင် အရေးမထားခဲ့။

သူက သူ့လက်သည် မလွဲမသွေ စိုးကျော်ဟောင်၏ပခုံးအား ဖမ်းကိုင်မိနိုင်မည်ဟု တွက်ဆထားခဲ့သည်။

သူ၏လက်ထွက်ချက်အား ဒေတာ်ရုံ ဆရာကြီး သမားကြီး များပင် ရှောင်ရှားရန်ခဲယဉ်းသည်။

သို့သော် သူ့၏ရှေ့မှလူငယ်သည် အသက် နှစ်ဆယ်ကျော် သေးမည့်မဟုတ်သော လူငယ်လေးတစ်ယောက်သာဖြစ်သည်။

သူ၏လက်သည် လေကိုသာလျှင် ဖမ်းဆုပ်မိခဲ့သည်။

တစ်ဖက်မှ ဓားနှင်းထွက်လာသည့် လက်ဝါးသိုင်းကွက် ရိုက် ချက်ဖြင့် ပြန်လည်တွန်းလှန်တိုက်ခိုက်ခြင်းကို ကြုံလိုက်ရသေးသည်။

ယင်းတိုက်ကွက်မှာ နဂါးကိမ်သိုထိုးတက်သိုင်းကွက်ပင်ဖြစ်သည်။

ထန်ချိယွဲသည် သိုင်းလောကတွင် အတွေ့အကြုံ ရင့်ကျက်သော လူတစ်ယောက်ဖြစ်သည်။



သူသည် တစ်ဖက်သို့ လျင်မြန်စွာ ရှောင်တိမ်းလိုက်ပြီး အတွင်းအားများကို စုစည်းကာ သူ၏ညာလက်ဖြင့် တစ်ဖက်မှ ဝင်လာသော တိုက်ကွက်အား ရိုက်ဖျက်လိုက်ရလေသည်။

ထန်ချိယွဲက ဝူတိန်တောင်ဖြို လက်ဝါးသိုင်းကွက်ဖြင့် ရိုက်ဖျက်လိုက်ခြင်းဖြစ်သည်။

ထန်ချိယွဲ၏လက်ဝါးရိုက်ချက်သည် အတွင်းအား စုစိုင်နှန်း ပါရှိသည်။

ထို့ကြောင့် စိုးကျော်ဟောင်၏လက်နှင့် ထန်ချိယွဲ၏လက်ချင်း ပြင်းထန်စွာ ထိခတ်မိကြသည်။

'ဖြုန်း' ခနဲ လက်ချင်းထိခတ်သံများ ပေါ်ထွက်လာတော့၏။

ထန်ချိယွဲ၏ ညာလက်သည် လျှပ်စီးလက်လိုက်သကဲ့သို့ ထုံကျဉ်တက်သွားသည်။

သူသည် နောက်သို့ ခုန်ဆုတ်လိုက်၏။

ထိုသို့ ခုန်ဆုတ်သွားပြီး သူ၏ ခြေများသည် မခိုင်တော့ဘဲ ယိုင်လုမတတ်ဖြစ်နေသည်ကို တွေ့ရသည်။

ထန်ချိယွဲ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ထိတ်လန့်တုန်လှုပ်သည့်အရေးအခင်းများ သူ့မျက်နှာပေါ်တွင် ပေါ်လွင်နေသည်။

သူသည် စိုးကျော်ဟောင်အား ခြေဆုံးခေါင်းဆုံး ကြည့်၍ အကဲခတ်လိုက်သည်။

'မင်းပညာမဆိုးဘူး....'

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် သူက လှုပ်ရှားလိုက်ပြန်သည်။

'သူသည် ဟစ်ဟုန်ဘိုး ခုန်လွှားလိုက်ပြီး ဘယ်လက်ဖြင့် စိုးကျော်ဟောင်၏ရင်ဝကို ထိုးပက်လိုက်သည်။

စိုးကျော်ဟောင်က ညာလက်ကိုပင့်တင်ကာ 'နဂါးဦးမော့' သိုင်းကွက်ဖြင့် ကာကွယ်လိုက်သည်။

ထန်ချိုယွဲ့သည် သူ၏လက်အား ရိုက်လိုက်ပြီးနောက် ခြေနှစ်လှမ်းခန့် ဆုတ်လိုက်၏။

ဤတစ်ချီတွင် ထန်ချိုယွဲ့ ထိုးနှက်လိုက်သော တိုက်ကွက်က လျင်မြန်လွန်းလှသည်။

သူ၏လက်သည် ထွက်သည်နှင့် လှစ်ခနဲ ပြန်ရုပ်သွားသည်။ စိုးကျော်ဟောင်ပင် သူ၏လက်နှင့် ထိတွေ့ခြင်းမရှိသည်ကို တွေ့ရှိလိုက်ရလေသည်။

ဤတွင် စိုးကျော်ဟောင်၏ လက်မောင်းဝယ် ရုတ်ခြည်းပင် တဆစ်ဆစ်နာကျင်သော ဝေဒနာကို ခံစားမိလေသည်။

သူ၏လက်ချောင်းကလေး ငါးချောင်းသည်လည်း ထုံကျဉ်လာသည်။

ထန်ချိုယွဲ့က မဲ့ပြုံးကလေး တစ်ချက်ပြုံးလိုက်သည်။

'သူငယ်... အခု မင်းရဲ့လက်မောင်းကို ငါ့ရဲ့ အဆိပ်အပ်နဲ့ ထိုးမိသွားပြီ။ ငါက အခုအချိန်ကစပြီး ရေတွက်လိုက်မယ်။ တစ်ကနေ ခုနစ်အထိ ရောက်ရင် မင်းဒီနေရာကနေ လဲကျတော့မယ်'



'အဖြစ်အပျက်သည် မျက်စိတစ်မှိတ်အတွင်း ဖြစ်ပျက်သွားခြင်းဖြစ်သည်။

စိုးကျော်ဟောင်၏ တစ်ကိုယ်လုံးသည် တဖြည်းဖြည်း ထုံကျဉ်မှုဝေဒနာကို ခံစားနေရသည်။ ဤတွင် စိုးကျော်ဟောင် ထိတ်လန့်သွားသည်။

စိုးကျော်ဟောင် စဉ်းစားနေမိပြန်သည်။

တစ်ဖက်လူသည် မည်သို့သော အဆိပ်ကို အသုံးပြုလိုက်လေသနည်း။ အဆိပ်၏ အာနိသင်သည် အလွန်လျင်မြန်လှသည်။ အစွမ်းပြလာလေပြီ။

စိုးကျော်ဟောင်သည် ရုတ်တရက် သူ၏အိတ်တွင်းမှ အဆိပ်ဖြေပုလဲကို ထုတ်ယူလိုက်သည်။

သူသည် သူ၏ လက်မောင်းတွင် အဆိပ်အပ် စူးဝင်ခဲ့သော ဒဏ်ရာကလေးအား ထိုအဆိပ်ဖြေ ပုလဲလုံးနှင့် အုပ်ထားလိုက်သည်။ ယင်းသို့ပြုလုပ်ရန် သူ၏ဆရာသမားမှ သင်ကြားပြောဆိုမှာကြားထားခဲ့သည်။

ထိုပုလဲလုံးသည် အဆိပ်အမျိုးမျိုးကို စုပ်ယူနိုင်သည်။ ကိုယ်တွင်ဆောင်ထားက အဆိပ်နှင့်မျိုးစုံ ကာကွယ်ပေးသည်။ အဆိပ်နှင့်ကြောင့် လူကိုအန္တရာယ်မဖြစ်စေနိုင်။

စိုးကျော်ဟောင်အားကြည့်၍ ထန်ချိုယွဲ့ ရယ်မောနေသည်။

'ငါ့ရဲ့ လက်ဝါးက အဆိပ်အပ်စူးမိရင် ငါ့ရဲ့မှိုင်းအဆိပ်ဖြေဆေးနဲ့ ပျောက်ကင်းနိုင်တယ်ကွ။ မင်းဘယ်လိုမှ အသက်မရှင်နိုင်တော့ဘူး....'

www.burmeseclassic.com

www.burmeseclassic.com



စို့ကျိုဟောင်က ထန်ချိယွဲ၏ ပြောစကားကို အရေးမထားမိပေ။

အဆိပ်မြေပုလဲလုံးဖြင့် သူ၏လက်မောင်းမှ ဒဏ်ရာပေါ်သို့ အုပ်ကာ ပွတ်ပေးနေသည်။

❀

ဤတွင် သူ၏ခန္ဓာကိုယ်အတွင်းမှ သွေးကြောများ ပြန်လည်ပွင့်သွားသည့်နှယ် တဆစ်ဆစ်နာကျင်မှုများသည် တဖြည်းဖြည်း ပျောက်ကင်းစ ပြုလာသည်။

သူ၏ လက်ဝါးချောင်းတွင် ထုံကျဉ်မှုဝေဒနာများ လျော့ပါးသွားတော့သည်။

စို့ကျိုဟောင်သည် ဝေါသတကြီးဖြင့် အော်ဟစ် မေးမြန်းလိုက်တော့သည်။

'ကျွန်တော်ဟာ ခင်ဗျားနဲ့ ဘယ်လိုရန်ငြိုးရှိခဲ့လို့ အခုလို အဆိပ်လက်နက်နဲ့ အသေသတ်ရတာလဲ'

ထန်ချိယွဲက ခေါင်းကို မော့လျက် မသိသောဟန်ဖြင့် ပြန်ပြောလိုက်သည်။



'ကျုပ်ဟာ သေတော့မယ့်လူတစ်ယောက်နဲ့ လေကုန်ခံပြီး ဘယ်တော့မှ စကားကြာကြာ မပြောဘူး၊ ကျုပ်နဲ့လိုလုပ်ရတာလဲ ဘဲကိုသတ်ပြီး ဖမ်းထဲက ဉကို ယူတယ်ဆိုတဲ့ သဘောပဲ'

သူ၏ ဆိုလိုရင်းမှာ စို့ကျိုဟောင်သေလျှင် စို့ကျိုဟောင်၏အိတ်တွင်းမှပစ္စည်းကို အလွယ်တကူ ရယူမည်ဆိုသည့်သဘောပင်ဖြစ်သည်။

စို့ကျိုဟောင်မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ဒေါသပြင်းစွာ ထွက်သွားသည်။

'ဟိတ်.... အဘိုးကြီး၊ ခင်ဗျားကို မှည့ာနည်းနည်းပေးဦးမှ နို့မို့ရင် ခင်ဗျားအဆိပ်အပ်ကို လူတိုင်းခံနေရမယ်၊ လူတိုင်းကြောက်နေရမယ်လို့များ ထင်နေသလား....'

စို့ကျိုဟောင်သည် သူ၏ဘယ်လက်ကိုလွှန့်လျက် လျှပ်ပြက်သလို လျင်မြန်စွာဖြင့် ထန်ချိယွဲထံသို့ခုန်လွှားကာ ထန်ချိယွဲ၏ ညာဘက်ပခုံးအား ရိုက်ပုတ်ချလိုက်သည်။

ထန်ချိယွဲသည် သူ့အားယင်းကဲ့သို့လျင်မြန်စွာ တိုက်ခိုက်နိုင်လိမ့်မည်ဟု မမျှော်လင့်ခဲ့။

သူ၏အဆိပ်ဒဏ်ထိထားသော လူတစ်ယောက်သည် မကြာမီအချိန်အတွင်းမှာပင် မြေပြင်သို့ဗုန်းဗုန်းလဲကျဖို့သာလျှင်ရှိလေသည်။

www.burmeseclassic.com



ယခုတော့ စိုးကျော်ဟောင်သည် သူ့အား ရုတ်တရက်ကြိုက်နိုက်လိုက်ပြီဖြစ်သည်။

ထန်ချိုယွဲ့က ရှောင်လိုက်ပါသေးသည်။ သို့သော် အချိန်မရလိုက်။

တုန်းခနဲမြည်သံ ထွက်ပေါ်လာပြီးနောက် မြည်သံနှင့်တစ်ဆက်တည်းမှာပင် ထန်ချိုယွဲ့၏ရင်ဝသို့ ထိခတ်တွန်းပုတ်ခြင်းကို ခံလိုက်ရသည်။

ထန်ချိုယွဲ့၏ရင်သည် ကျဉ်တက်သွား၏။

သူ၏မျက်လုံးထဲတွင် မိုက်ခနဲဖြစ်သွားကာ မှောင်အတိကျသွားသည်။

သူ၏ပါးစပ်သည် ဟသွားကာသွားပြီး ပွက်ခနဲ သွေးတစ်ပွက်အန်ကျသွားသည်။ ထိုနောက် သူ၏ရင်ဘတ်အား လက်နှစ်ဖက်ဖြင့်ဖိအုပ်လျက် ယိုင်ထိုးယိုင်သိုးဖြင့် နောက်သို့ဆုတ်သွားလေသည်။

ဝတ်စုံပြာနှင့်လူသုံးယောက်သည် သူတို့၏ဆရာကြီး မြေပေါ်သို့လဲကျမသွားစေရန် ကပျာကယာပြေး၍ ဖေးမတွဲထားလိုက်ကြသည်။

ထန်ချိုယွဲ့၏မျက်နှာသည် ကျောက်ဖြူ တစ်ချပ်ကဲ့သို့ ဖြူရော်ရော်ဖြစ်နေသည်။

သူ၏တပည့်သုံးယောက်က ဝဲယာနှစ်ဖက်ညှပ်ပြီး တွဲထားရသည်။



သူ၏ ပါးစပ်ထောင့်တစ်နေရာမှသွေးစက်လေးများအနည်းငယ်ယိုစီးကျနေသည်။

သူက မျက်လုံးဖြူးမျက်ဆန်ပြူးလျက် တုန်ယင်သော လေသံဖြင့်မေးမြန်းလိုက်သည်။

'မင်း...မင်းလေးဟာ အဆိပ်မတိုးဘူးလား၊ ဒါမှ မဟုတ် ငါ့ရဲ့အဆိပ်အပ်ဟာ မင်းလက်ကို မထိမိဘူးလား'

စိုးကျိုဟောင်၏ညာလက်ကို မြှောက်ပြလိုက်သည်။

'ထိပါတယ်၊ ခင်ဗျားအဆိပ်က ကျုပ်ရဲ့လက်ကို ကောင်းကောင်းထိသွားတယ်၊ဒါပေမယ့်ခင်ဗျားကြီးရဲ့ အဆိပ်ကို ကျုပ်ဘာသာကျုပ် ဖြေနိုင်တယ်၊ ဒါကြောင့် ကျုပ်ဘာမှ မဖြစ်တာပေါ့'

စိုးကျိုဟောင်က သူ၏လက်ကို ဝှေ့ယမ်းလိုက်ရင်း ပြောလိုက်သည်။

'ခင်ဗျားတို့ ဒီက ထွက်သွားကြပါတော့၊ကျုပ်မှာ ရေးဆက်စရာရှိသေးတယ်'

ပြောပြောဆိုဆိုဖြင့် စိုးကျိုဟောင်က ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

ထန်ချိုယွဲ့က နောက်မှလှမ်းပြောလိုက်၏။

'စိုးကျိုဟောင်တဲ့ မှတ်ထားကြ'

'အေး...အေး၊ ပျော်လေတဲ့ငှက်ခါး လေးရယ်၊ မင်းကိုတော့ ငါမကျေနပ်ဘူး၊ နေနှင့်ဦးပေါ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com



ထန်ချီယဲ့သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ရင်း အံကိုတင်းတင်းကြိတ်ထားသည်။

သူ၏မျက်လုံးများကမူ ခပ်ဝေးဝေးသို့ ရောက်သွားပြီဖြစ်သော စိုကျိဟောင်၏ကျောပြင်ကို လှမ်းမျှော်ကြည့်နေမိလေသည်။

မကြာမီမှာပင် သူသည် မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

## အခန်း(၂၉)

တိုက်ဟိုမြို့မှ ထူးခြားသောဖိတ်ခေါ်မှု

အချိန်အလွန် ဖင့်နွှဲခဲ့ရသည်။

ထန်ချီယဲ့ဘိုကို တိုက်ခိုက်နေသဖြင့် အချိန်ကြန့်ကြာသွားခဲ့သည်။

နံနက်မိုးသောက် အရုဏ်ကျင်းကထည်းက လုံးဝမ်ဘုရားကျောင်းမှ ထွက်လာခဲ့သည်။

တစ်လမ်းလုံး တောက်လျှောက် ခရီးပြင်းနှင်ခဲ့၏။

လမ်းတစ်လျှောက် ရေပင်မသောက်ခဲ့မိ၊ ဝမ်းဗိုက်ဟာနေပြီ၊ ဆာလောင်မွတ်သိပ်လွန်းသဖြင့် တကြုတ်ကြုတ် မြည်နေလေပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ယည်ကြားထဲ နာနေ့ခင့်အယုက်က ပေါ်လာသေး၏။

ထန်ချိယဲ့တို့လူစုမှာ အလွန်စိတ်ထားယုတ်ညံ့သူများ ဖြစ်ကြသည်။

ထစ်ခနဲဆို အစသသတ်ချင်ကြသည်။

သူတို့ကို မှတ်လောက် သားလောက် ပညာပေးနိုင်ခဲ့သဖြင့် ကျေနပ်မိသည်။

သူသည် လမ်းဘေး စားသောက်ဆိုင်တခုသို့ ဝင်ခဲ့ပြီး ကာခနေသောဝမ်းအား ဖြည့်တင်းလိုက်ရသည်။

သူသည် ပေါက်စီများဝယ်စားပြီး အချိန်မနှောင်းမီ ခရီးဆက်လက်ထွက်ခွာလာခဲ့၏။

တစ်လမ်းလုံး မျက်တစ်လုံးအဘိုးအို အကြောင်းကို စဉ်းစားလာမိသည်။

လောလောဆယ်အားဖြင့်ဆိုလျှင် မျက်တစ်လုံးအဘိုးအိုထံမှ ပစ္စည်းကို လက်ဆင့်ကမ်း ယူဆောင်သွားသူများသည် မည်သူမည်ဝါများ ဖြစ်သည်ကို စိုးစဉ်းမျှ မခန့်မှန်းနိုင်ခဲ့ချေ။

သို့စေကာမူ ဝတ်စုံပြာနှင့် စတ်စုံစိမ်းတို့ ဆရာတပည့် နှစ်ယောက်ကို ခတွေ့လျှင် လမ်းစပေါ်နိုင်သည်။

မျက်တစ်လုံးအဘိုးအိုထံမှ ပစ္စည်းကို လက်ဆင့်ကမ်း သယ်နေဆောင်သွားသည့်ဓာတ်လည်း တစ်ပါတည်း တွေ့မြင်နိုင်လိမ့်မည်ဟု ခန့်မှန်းရသည်။

ဖိုးကျော်ဟောင်သည် ခရီးပြင်း နှင်ရင်း အမျိုးမျိုး အဖုံဖုံ တွေးတော၍ စဉ်းစားလာခဲ့သည်။



ထိုက်ဟိုမြို့ အဝင်သို့ ရောက်သည့်အခါ နေဝန်းနီနီသည် အနောက်ဘက် တောင်တန်းပေါ်တွင် မေးတင်နေလေပြီ။

သူသည် မဆိုင်းမတွ ပင် မြို့တွင်းသို့ ဝင်ရောက်ခဲ့သည်။

မြို့တွင်း မင်းလမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။

သူ့ရှေ့တူရူမှ လူတစ်ယောက်သည် သူ့ထံသို့ တန်းတန်း မတ်မတ်လာနေသည်ကို သတိပြုမိလိုက်သည်။

ထိုလူသည် မီးခိုးရောင် ဝတ်စုံကို ဝတ်ဆင်ထား၏။

သူသည် ဖိုးကျော်ဟောင်အနီးသို့ ရောက်လျှင် ခြေလှမ်းမှုသ ရပ်တန့်သွားသည်။

ပြီးနောက် ဖိုးကျော်ဟောင်အား အသေအချာ ကြည့်ရှု အကဲခတ်နေသည်။

'ဒီက မိတ်ဆွေရဲ့နာမည်က ဖိုးကျော်ဟောင်ပါလား ခင်ဗျာ'

'ဟုတ်ပါတယ်၊ မိတ်ဆွေက ဘယ်သူလဲ၊ ကျုပ်နာမည်ကို ဘယ်လိုလုပ် သိနေတာပါလိမ့်'

ထိုလူက တစ်ချက် ပြုံးလိုက်သည်။

'ကျွန်တော်တို့သခင်ကြီးရဲ့ စေခိုင်းချက်အရ ဒီကမိတ်ဆွေကို လာခေါ်ကြိုဆိုတာပါ၊ ကျွန်တော် ဒီနေရာမှာ စောင့်နေတာ ကြာပါပြီ'

ဖိုးကျော်ဟောင် မျက်မှောင်တစ်ချက်ကြုတ်သွားသည်။

'မိတ်ဆွေတို့ရဲ့သခင်ကြီးဆိုတာ ဘယ်သူလဲ'

ထိုလူက သက်ပြင်းတစ်ချက်မသိမသာချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့သခင်ကြီးဟာ' မိတ်ဆွေကို အိမ်မှာစောင့်နေပါတယ်၊ မိတ်ဆွေကြီး ရောက်ရင် သိပါလိမ့်မယ်၊ လိုက်သာလိုက်ခဲ့ပါ'

စိုးကျော်ဟောင်သည် တစ်ချက်မျှ အလေးအနက် စဉ်းစားလိုက်သည်။

မည်သူက ဖိတ်ခေါ်သနည်း။

မည်သည့်အကြောင်းများ ရှိနေလေသနည်း။

အကောင်းလော၊ အဆိုးလော။

မည်သို့ပင်ဖြစ်စေ၊ ထူးခြားသော ကြိုဆိုဖိတ်ခေါ်မှုကိုလက်ခံလိုက်သည်။

စိုးကျော်ဟောင်သည် စိုးရိမ်စိတ်ကင်းကင်းဖြင့် ခေါင်းညိတ်ပြလိုက်သည်။

'ကောင်းပြီ၊ မိတ်ဆွေရှေ့ကသွား၊ ကျုပ်နောက်ကလိုက်ခဲ့မယ်'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်'

ထိုလူက ရှင်ပျူစွာပြောလိုက်ရင်း ချာခနဲလှည့်၍ ရှေ့မှထွက်လာခဲ့သည်။

စိုးကျော်ဟောင်က အခြေအနေကို အကဲခတ်လျက် နောက်မှလိုက်လာခဲ့သည်။

လမ်းသွယ်နှစ်ခုကို ဖြတ်ကျော်လာခဲ့ပြီးနောက် ကြက်ခြေခတ်သဏ္ဌာန် လမ်းဆုံခွတစ်နေရာသို့ ရောက်ရှိလာခဲ့သည်။



ထိုလမ်းဆုံဘေးတွင် ဝင်းခြံကြီးနှင့် အိမ်ဂေဟာမြင့်မြင့်ကြီးတစ်ဆောင်ကို လှမ်းမြင်ရသည်။

ယင်းအိမ်ကြီး၏ တည်ဆောက်ထားပုံမှာ ခမ်းနားထည်ဝါလွန်းလှသည်။

မီးခိုးရောင်နှင့်လူသည် စိုးကျော်ဟောင်အား ထိုအိမ်ကြီးဆီသို့ ခေါ်ဆောင်လာခဲ့သည်။ သူတို့အသည် ဘေးဝင်းတံခါးတစ်ခုမှ အတွင်းသို့ ဝင်ရောက်လာခဲ့သည်။

ထိုဘေးဝင်းတံခါးကို အဆင်သင့် ဖွင့်ထားသည်ကို တွေ့ရှိရသည်။

ဝင်းတံခါး၏ ဘေးတစ်ဖက်တစ်ချက်တွင် လူနှစ်ယောက် ရပ်လျက်စောင့်နေကြသည်။

သူတို့နှစ်ယောက်ဝင်ရောက်လာသည်ကိုမြင်လျှင် ထိုအစောင့်နှစ်ယောက်က ဦးညွှတ်အရိုအသေပေးလိုက်သည်။

အိမ်အတွင်း မြေကွက်လပ်တစ်ခုကို ကျော်ဖြတ်လာခဲ့ပြီးနောက် ဧည့်ခန်းဆောင်တစ်ခုသို့ရောက်ရှိလာခဲ့သည်။

ဧည့်ခန်းဆောင်ကျော်လျှင်အနောက်ဘက်ဆောင်ကိုရောက်လာသည်။

အနောက်ဘက် ခန်းမဆောင်၏ တံခါးဝသို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com



တံခါးဝတွင် မီးခိုးရောင်ဝတ်စုံနှင့်လူနှစ်ယောက် ရပ်စောင့်နေသည်ကို တွေ့ရသည်။

ထိုလူနှစ်ယောက်သည် သူတို့နှစ်ယောက်အား မြင်လိုက်ရသည်နှင့် ခါးကိုကိုင်းညွတ်လျက်အရိုအသေပေးလိုက်သည်။

'ကျေးဇူးတော်စောင့်ပါမိတ်ဆွေ၊ ကျွန်တော် ချက်ချင်းသင်ကြီးဆီသွားပြီး အကြောင်းကြားပေးပါ့မယ်'

စိုးကျော်ဟောင် ခေါင်းညိတ်လိုက်၏။

အစောင့်လူရွယ်သည် တံခါးကိုတွန်းဖွင့်ပြီး အခန်းတွင်းသို့ ဝင်သွားသည်။

ခဏအကြာတွင် ထိုလူရွယ်သည် စိုးကျော်ဟောင်ထံသို့ပြန်လည်ရောက်ရှိလာ၏။

'သခင်ကြီးက အတွင်းကိုကြွပါတဲ့ခင်ဗျာ'

အစောင့်လူငယ်က စိုးကျော်ဟောင်အား ပြောလိုက်ရင်းလက်တစ်ဖက်ဖြင့် တံခါးကိုတွန်းဖွင့်ပေးလိုက်သည်။

စိုးကျော်ဟောင် အတွင်းသို့လှမ်းဝင်လိုက်၏။

ရှင်းနှီးဖော်ရွေသောမိတ်ဆွေ၏သံကို ကြားလိုက်ရသည်။

'ဟော… ညီလေး လာပြော့'

စိုးကျော်ဟောင် မျက်လုံးအစုံက အသံရှင်ထံသို့ ရောက်သွားသည်။

အသံရှင်မှာ အသက်အိုတစ်ယောက်ဖြစ်၏။

မျက်နှာနီနီ၊ မုတ်ဆိတ်ဖြူဖြူနှင့်အဘိုးအိုက ပြုံးကာ ရယ်ကာဖြင့် ဆီးကြိုနေသည်။



စိုးကျော်ဟောင် ကြောင်အမ်းအမ်းဖြစ်သွားတော့သည်။

အကြောင်းမှာ အဘိုးအိုသည် သူမြင်ဖူးသိကျွမ်းဖူးသူ ဖြစ်နေသောကြောင့်ဖြစ်သည်။

ထို့ကြောင့် သူမှားစွာ အံ့အားသင့်သွားရလေ၏။

'ဟော…ဆရာကြီးကျောင်း ထိုက်ဟိုမြို့ကိုရောက်နေမှကိုး'

သူက အဘိုးအိုအား မမျှော်လင့်ဘဲတွေ့လိုက်ရသဖြင့်-နှုတ်မှ ရေရွတ်လိုက်မိခြင်းဖြစ်၏။

ဆရာကြီးကျောင်းဆိုသူမှာ ခိုင်ဖုန်းမြို့မှ အပေါင်ဆိုင်သူဌေးကြီး ကျောင်းခိုင်ထိုက်ဆိုသူဖြစ်၏။

သူဌေးကြီးကျောင်းခိုင်ထိုက်သည် စိုးကျော်ဟောင်အား ပြုံးရွှင်စွာကြည့်၍ ခေါင်းတညိတ်ညိတ်လုပ်နေလေ၏။

'ညီလေးရို့၊ တို့ အသဲကိုဝင်ကြရအောင်'

သူက ဆရာကြီးကျောင်းခိုင်ထိုက် ခေါ်ဆောင်ရာနောက်သို့ လိုက်ပါလာခဲ့သည်။

သန့်ရှင်းကျယ်ဝန်းသော အခန်းကြီးတစ်ခန်းသို့ရောက်ရှိလာကြသည်၊ အခန်းကျယ်ကြီးအတွင်း၌ သဘာဝ၏ အလင်းရောင်သည်လည်း ကောင်းစွာပင် ရရှိလေသည်။

အခန်းကြီး၏အလယ်တွင်စားပွဲဝိုင်းသေးတစ်လုံးရှိ၏။

စားပွဲ၏ပတ်ပတ်လည်တွင် ကုလားထိုင်လေးလုံး ခင်းရံထားလေသည်။

www.burmeseclassic.com



စားပွဲပေါ်တွင် ကြွေကရားအိုးတစ်လုံးနှင့် အကြမ်းပန်းကန်လုံးများကို လင်ဗန်းတစ်ခုတွင်ထည့်လျက် ချထားသည်ကို တွေ့ရသည်။

သူတို့နှစ်ယောက်သည် စားပွဲဘေးရှိ ကုလားထိုင်များတွင် အသီးသီးနေရာယူလိုက်ကြသည်။

ထိုစဉ် လူတစ်ယောက်အခန်းတွင်းသို့ဝင်လာသည်ကို တွေ့ရသည်။

ထိုလူ၏မျက်နှာဝယ်အပြုံးရိပ်များ ထင်နေ၏။

သူသည် အစိမ်းရောင် အပေါ်အင်္ကျီရှည်ကို ဝတ်ဆင်ထားလေသည်။

အသက်အားဖြင့် ငါးဆယ့်ငါးနှစ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။

ကိုယ်လုံးကိုယ်ထည် ပိန်ပိန်ပါးပါးဖြင့် ထက်မြက်မည့်အသွင်ရှိသည်။

အထူးသဖြင့် သူ၏မျက်လုံးအစုံသည် စူးရှ တောက်ပနေသည်။

ကိုယ်လက်လှုပ်ရှားမှုကို အကဲခတ် ကြည့်ရှုလိုက်ရခြင်းအားဖြင့် အဆင့်မြင့် သိုင်းသမားတစ်ဦးဖြစ်ကြောင်း သိသာနိုင်သည်။

ဆရာကြီး၊ကျွန်းခိုင်ထိုက်က ထိုအင်္ကျီစိမ်းနှင့်လူအား ပြုံးလျက်ကြည့်လိုက်ပြီး သူနှင့် မိတ်ဆက်ပေးလိုက်သည်။



'ညီလေးကို မိတ်ဆက်ပေးရဦးမယ်၊ ဟောဒီပုဂ္ဂိုလ်ကြီးက ကျုပ်တို့ရဲ့ သိုင်းညီအစ်ကိုတော်ပဲ၊ အမည်ကတော့ အော့စုဟန်လို့ခေါ်တယ်၊ သူ့ကိုလူအများက လက်များတဲ့လူဝံလို့ ဘွဲ့အမည်ပေးထားကြတယ်၊ ဟောဒီ ရွှေပန်းအိုးစားသောက်ဆိုင်ရှင်သူဌေးကြီးတစ်ယောက်ပေါ့'

ဤတွင်မှ စို့ကျဲဟောင်သည် သူရောက်နေသော အိမ်ဂေဟာမှာ စားသောက်ဆိုင်ကြီးတစ်ဆိုင် ဖြစ်နေသည်ကို သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးကျင်းနိုင်က စိုးကျိဟောင်ဘက်သို့ လှည့်ကြည့်လိုက်ပြီး မိတ်ဆက်ပေးလိုက်ပြန်သည်။

'ဟောဒီ ညီငယ်ကတော့ စိုးကျိဟောင် ဆိုတာပဲ၊ ကျုပ် စောစောက ပြောခဲ့တဲ့လူငယ်ပေါ့'

စိုးကျိဟောင်သည် ရှက်တရက် မက်တတ်ရပ်လိုက်ပြီး လက်ဖမိုးအုပ်၍ အောင့်စုဟန်အား အရိုအသေပြုလိုက်သည်။

'ဆရာကြီး အောင့်ရဲ့ အမည်သတင်းကို ကျွန်တော် ကြားမှုနေတာတော့ ကြာပါပြီ၊ အခုလို လူကိုယ်တိုင် တွေ့ဆုံခွင့် ရတဲ့အတွက် ဝမ်းသာပါတယ်'

အောင့်စုဟန်ကလည်း လက်ဖမိုးအုပ်လျက် အရိုအသေပြန်ပြုလိုက်သည်။

'ညီငယ် စိုးကို အခုလို တွေ့ဆုံသိကျွမ်းရတာ ကျုပ်အနေနဲ့ အများကြီး ဝမ်းသာပါတယ်၊ ညီငယ် စိုးရဲ့ ပညာအရည်အချင်းကိုလဲ ဟောဒီက အစ်ကိုကြီးပြောမှပဲ သိနေပါတယ်'

ဆရာကြီး ကျင်းနိုင်ကမူ တွင်တွင်သာ ရယ်မောနေသည်။ ဝမ်းသာရွှင်လန်းနေပုံရသည်။

'ကဲပါလေ...အားလုံးထိုင်ကြပါ၊ လူစိမ်းသူစိမ်းတွေမှမဟုတ်ကြတာပဲ'

သူတို့ သုံးဦးသား စားပွဲဝိုင်းဟောင် ထိုင်လိုက်ကြသည်။ စိုးကျိဟောင်က စကားစတင်ပြောဆိုလေသည်။

www.burmeseclassic.com

အခန်း (၃၀)

ပုလဲအမိန့်၏ သတင်းကြွင်းဆက်များ

ရွှေပန်းအိုစားသောက်ဆိုင်ကြီးသည် အဆောင်ကြီး ငါးခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်၏။

ဝင်းတံခါးပေါက် ငါးပေါက်ထားရှိပြီး စားသောက်ဆိုင်၏ မျက်နှာစာကို လမ်းမကြီးဘက်သို့ လှည့်၍ ဆောက်ထားလေသည်။

သို့ဖြစ်၍ စားသောက်ဆိုင်သို့ လာရောက် စားသောက်ကြသူများသည် လမ်းမကြီးဘက် ဝင်းတံခါးပေါက်မှ ဝင်ရောက်ရသည်။

www.burmeseclassic.com



'ဆရာကြီး ကျွင်းကို တစ်ခုမေးပါရစေ၊ အခုလို ထိုက်ဟိုး
ကို ဆရာကြီး ရောက်လာတာဟာ ပုလဲအမိန့်(၂)ကို စုံစမ်း
ဖြစ်လိမ့်မယ်လို့ ယူဆမိပါတယ်၊ လမ်းစကလေး ဘာလေးမျာ
ရပြီလား ဆရာကြီး'

ဆရာကြီး ကျွင်းခိုင်ထိုက်၏ မျက်နှာမှာ တည်ငြိမ်စွာ ရှိနေ
သည်။

သူက ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြလိုက်သည်။

'အင်း....လမ်းစတွေ့ပါပြီလို့လဲ ဆိုနိုင်တယ်၊ မတွေ့သေးဘူး
လို့လဲ ဆိုနိုင်တယ်'

စိုးကျိုဟောင်သည် ဆရာကြီးကျွင်းခိုင်ထိုက်၏စကားကြော
နားရှုပ်သွားရသည်။

'ဆရာကြီး ပြောလိုက်တာ ကျွန်တော်တော်င် မျက်စိလည်
သွားပြီ၊ ဆရာကြီးကျွင်းက ဘာကို ဆိုလိုတယ်ဆိုတာ အမိန့်ရှိပ
ဦး ခင်ဗျာ'

ဆရာကြီး ကျွင်းခိုင်ထိုက်က ပြုံးလိုက်ရင်းမှ—

'ညီလေး စိုး....မှတ်မိဦးမှာပေါ့၊ ညီလေးကို ကျုပ် ပြော
ခဲ့ဖူးတယ် မဟုတ်လား၊ ဝေ့ချမ်းနယ်က ထန်ဂေဟာနဲ့ လိ
လန်းနယ်က အန်မိသေးစုတို့ကလွဲရင် သိုင်းလောကမှာအ
နည်းပညာနဲ့ ပတ်သက်ပြီး တော်တော်စွမ်းတဲ့ မိသားစုရှိသေး
တယ် ဆိုတာ၊ ညီလေးမှတ်မိသေးရဲ့လား'



စိုးကျိုဟောင်က ခေါင်းညိတ်ပြလိုက်၏။

'ဟုတ်ကဲ့ ကျွန်တော်မှတ်မိပါတယ်၊ လုံမေစမ်းရွာက မိသား
စုကို ပြောတာ မဟုတ်လား ဆရာကြီး'

ဆရာကြီးကျွင်းသည် အားရကျေနပ်စွာဖြင့် ခေါင်းတဆတ်
ဆတ်ညိတ်နေသည်။

'ဟုတ်တာပေါ့၊ ညီလေးပြောတာ မှန်တယ်၊ အခု သုံးလ
အတွင်းမှာ သိုင်းလောကမှ ထင်ရှားတဲ့ စေ့ချမ်းနယ်က ထန်
ဂေဟာနဲ့ လိန်လန်းက အန်ဂေဟာက ပညာရှင်နှစ်ဦးနဲ့ ဆေး
ဘောင်ဆရာတို့ပျောက်ဆုံးခဲ့ရတယ်မဟုတ်လား၊ ဒါပေမယ့် လုံ
မေစန်းရွာက အိမ်ရှင်အရှင်သခင်တစ်ယောက်ပဲကျန်တယ်၊ ပုလဲ
အမိန့်(၂)က လုံမေစန်းရွာက အိမ်ထောင်စုကို လျစ်လျူရှုထား
ခဲ့လေသလားလို့ စဉ်းစားစရာဖြစ်လာတယ်၊ ဒီတော့ ကျုပ်
ဆက်ဆကြည့်မိတယ်၊ ဒီပုလဲအမိန့်(၂)ဆိုတာဟာ လုံမေစမ်းရွာ
ကလူတွေနဲ့များပတ်သက်နေသလားဆိုတာ သံသယဖြစ်မိတယ်၊
ဒါကြောင့် လုံမေစမ်းအိမ်ထောင်စုကို သတိထားပြီးကြည့်ဖို့
ကျုပ် ညီလေးကိုမှာလိုက်တာပေါ့'

'ဟုတ်ပါတယ် ဆရာကြီးကျွင်း၊ ကျွန်တော်လဲဆရာကြီးကျွင်း
တစ်ထပ်တည်း သဘောပေါက်မိပါတယ်'

ဆရာကြီးကျွင်းခိုင်ထိုက်က သဘောကျစွာပြုံးလိုက်ပြီး ဆက်
ပြောပြန်၏။

'ဟိုတစ်နေ့က ညီလေးပြန်သွားပြီတဲ့နောက် ကျုပ်ဆီကို
သတင်းတွေရောက်လာတယ်၊ အဲဒီသတင်းကတော့ခိုင်နှုန်းမြို့မှာ
ဆက်ာစရာ သိုင်းလောကသားတွေ ရောက်ရှိလာပြီးတော့လုပ်

www.burmeseclassic.com

www.burmeseclassic.com



ရှားနေတယ်ဆိုတဲ့သတင်းမဲ့၊ ဒီညမှာပဲ လျှောင်ဝူလို့ခေါ်တဲ့သိုင်းဆရာကြီးတစ်ယောက်နဲ့ သူ့ရဲ့တပည့်တစ်ယောက်က ကျူပ်ဆီကို ရောက်လာပြီး သတင်းပို့သွားတယ်၊ သတင်းကတော့ သူတို့ဆရာတပည့်နှစ်ယောက်ကို နောက်ယောင်ခံ လိုက်လာတယ်လို့ဆိုတယ်၊ အဲဒီ ဆရာတပည့်နှစ်ယောက်ဟာ သိုင်းပညာ အဆင့်မြင့်မားတယ်လို့သိရတယ်၊ သူတို့နှစ်ယောက်ဟာအသွားအလာလျှို့ဝှက်တယ်၊ ပုလဲအမိန့်နဲ့ ပတ်သက်တယ်လို့ ယူဆတယ်၊ ဒါကြောင့် အဲဒီ ဆရာတပည့်နှစ်ယောက်ကို လှိုယမ်းမြို့ကစပြီး နောက်ယောင်ခံ လိုက်လာခဲ့ကြတယ်လို့ဆိုတယ်ကွယ့်'

စို့ကျိုဟောင် မျက်လုံးပြူးသွားတော့၏၊ သူက သူကိုယ်တိုင်တွေ့ခဲ့သည်များကို ပြန်လည် စဉ်းစားကြည့်လိုက်မိသည်။

ဆရာတပည့်နှစ်ယောက်ဆိုသည်မှာ ဝတ်စုံပြာနှင့် သူ့တပည့် ဝတ်စုံစိမ်းများလော။

တစ်စုံတစ်ခုကို စဉ်းစားမိလိုက်ပြန်သည်။

ဤတွင် 'ဟာ'ခနဲ ပါးစပ်ဖျားမှ အလိုအလျောက် အာမေဋိတ်သံ ထွက်သွားမိသည်။

အကြောင်းသော်ကား....

ဘုရားကျောင်းမြင်တွင် အသတ်ခံရသော ရှောင်လင်သိုင်းသမားနှင့် လူတစ်ယောက်ကို သတိရလိုက်သောကြောင့်ပင် ဖြစ်သည်။



ယင်းသိုင်းသမားကြီးနှင့်တပည့်တို့သည် ဆရာကြီးကျောင်းပြောသည့် လျှောင်ဝူနှင့်တပည့်တို့များဖြစ်နေမည်လော။

သို့သော်ငြားမူ စို့ကျိုဟောင်သည်လည်း အထက်ပါကိစ္စနှင့်ပတ်သက်၍ ဆရာကြီးကျောင်းအား မပြောမပြမိသေး၊ ဆရာကြီး၏စကားများမပြတ်သေးသည့်အတွက် ဆက်လက်နားထောင်နေရလေသည်။

ဆရာကြီးကျောင်းနိုင်ထိုက်သည် ဆက်လက်ပြောပြနေဆဲပင်ဖြစ်သည်။

'နောက်တစ်နေ့ရောက်တော့ ကျုပ်ဆီကို သတင်းတစ်ခုရောက်လာတယ်၊ မြို့ထဲကို ရောက်လာတဲ့ အဲဒီလူတွေဟာ မိုးလင်းတာနဲ့ အားလုံး ဒီမြို့ထဲကထွက်သွားကြပြီဆိုတဲ့သတင်းပဲ၊ သူတို့အားလုံးဟာ တူညီအရပ်ဆီကိုပဲ အားလုံး ရွေ့ရှသွားကြတယ်လို့သိရတယ်၊ အဲဒီနေ့မှာပဲ လိနံ့လန်းက အန်လောင်အောင် သူတို့ လူလေးငါးယောက်နဲ့အတူ ဒီမြို့ကို ရောက်လာပြန်တယ်....

'လိနံ့လန်းဂေဟာက အန်လောင်အော့ဟာ မကြာမကြာဒီမြို့

www.burmeseclassic.com



ကိုလာတတ်တယ်၊ ဒါပေမယ့် ဒီတစ်ခေါက် ရောက်လာပုံက တော့ ကျုပ်စိတ်ထဲမှာ ထူးခြားသလိုပဲ၊ သူတို့အားလုံးဟာ ပုလဲဒူးမိန္နဲ့ပတ်သက်ပြီး လှုပ်ရှားနေကြတယ်လို့ ကျုပ်ထွေးမိ တယ်၊ ကျုပ်ကိုယ်တိုင် စုံစမ်းမယ်ဆိုပြီး ဒီကိုရောက်လာတာပဲ ကွယ့်'

စို့ကျိုဟောင်သည် ဆရာကြီးကျင်း၏စကားများကို စိတ်ဝင် စားစွာ နားထောင်နေမိသည်၊ ဆရာကြီး၏စကား ပြတ်သွားမှ သူက မရှင်းလင်းသည့်အချက်များကိုမေးမြန်းလိုက်သည်၊

'ဆရာကြီးကျင်း၊ မရှင်းတာတစ်ခုလောက်မေးပါရစေ'

ဆရာကြီးကျင်းက သူ့အား ကြည့်လိုက်ရင်းမှ ပြောလိုက် သည်၊

'မေးပါ...မေးပါ၊ တို့တတွေအားလုံး လူရင်းတွေဖြစ်နေ ကြပြီပဲ၊ ပွင့်ပွင့်လင်းလင်းပြောဆိုကြတာပေါ့'

'ကျွန်တော်က ခိုင်ဖုန်းမြို့ကနေ ဒီမြို့ကိုရောက်တဲ့အထိ သုံး ကြိမ်တိတိရုပ်ဖျက်ခဲ့ပါတယ်၊ ကျွန်တော့်ကို ဘယ်လိုလုပ်ပြီး ဆရာကြီးကျင်းကသိနေတာပါလဲ'

ဆရာကြီးကျင်းခိုင်ထိုက်သည်သူ၏မုတ်ဆိတ်များကို လက်ဖြင့် စမ်းသပ်ရင်းမှ ခွက်ထိုးခွက်လန်ရယ်မောလိုက်လေသည်၊

'ညီလေးရဲ့ရုပ်ပြောင်းရုပ်လွှဲပညာဟာ ကောင်းမွန်ပါတယ်၊ သုံးကြိမ်ရုပ်ပြောင်းတာဟာ သုံးမျိုးစီကွဲသွားပါတယ်၊ ဘယ် သူမှ မမှတ်မိနိုင်ပါဘူး၊ ဒါပေမယ့် ညီလေးဟာ ခုမှ သိုင်း လောကထဲကို ခြေချတဲ့လူဆိုတော့ အတွေ့အကြုံနုနယ်သေးတဲ့ သဘောမှာရှိတယ်၊ ညီလေးဟာ ရုပ်ပြောင်းရုပ်လွှဲ လုပ်တဲ့နေ



ရာမှာ တစ်ခုသတိမမူမိဘူး၊ ဒါကြောင့် ညီလေးရုပ် ဘယ်လိုပဲ ထ ပြောင်းပြောင်း ကျုပ်တို့လို အတွေ့အကြုံရင့်တဲ့လူတွေကတော့ ရိပ် ညီလေးကို သိနေမှာပဲ'

... ပါတယ်'

စို့ကျိုဟောင် ရှက်ပြုံးပြုံးလိုက်သည်၊ ...းလိုက်ရ

'ကျွန်တော်ဟာ သိုင်းလောကအတွေ့အကြုံနုနယ်သေးတယ် ဆိုတာကို ဝန်ခံပါတယ်၊ ကျွန်တော့်ကို ဘယ်ပုံ ဘယ်နည်း မှတ်မိနေတယ်ဆိုတာကို ပြောပါဦး ဆရာကြီးကျင်း'

ဆရာကြီးကျင်းက ပြုံးယောင်ပြုံးတုံ့ဖြင့် ပြန်ပြောပြလိုက် လေသည်။

'ညီလေးဟာ တစ်လမ်းလုံး ရုပ်သုံးခါပြောင်းခဲ့ပေမယ့် လူ တစ်ယောက်ဟာ ညီလေးရဲ့ခရီးဆောင် အဝတ်ထုပ်အပေါ်မှာ အမှတ်အသားပြုလုပ်သွားခဲ့တာကို ညီလေး မသိခဲ့ဘူး မဟုတ် လား'

စို့ကျိုဟောင် မျက်လုံး ပြူးသွားရသည်၊ အကြီးအကျယ် လည်း အံ့ဩသွားမိသည်၊

'အံ့ဩစရာပဲ၊ ကျွန်တော့်ရဲ့ခရီးဆောင်အဝတ်ထုပ်ပေါ်မှာ လူတစ်ယောက်က အမှတ်အသားပြုခဲ့တယ်...ဟုတ်လား ဆရာ ကြီးကျင်း'

စို့ကျိုဟောင်တွင် ခရီးဆောင်လွယ်အိတ်တစ်လုံးပါရှိသည်၊ အစိမ်းရောင် လွယ်အိတ်တစ်လုံးနှင့် ဓားကို ဖွက်ယူလာခဲ့သော ဆိစိမ်းထီးတစ်လက်သာပါရှိသည်၊

ခရီးဆောင် လွယ်အိတ်အတွင်းတွင် ရုပ်ဖျက် ... ရိယာနှင့် အဝတ်အစားသုံးစုံထည့်ထားခဲ့သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူက ခရီးဆောင်လွယ်အိတ်အား အသေအချာ စစ်ဆေး ကြည့်ရှုသည်။

ထင်ရှားသည့်အမှတ်အသားများကို မတွေ့ရ၊ သည်အတွက် မကျေမနပ်ဖြင့် ထပ်မံမေးမြန်းလိုက်သည်။

ကျွန်တော့် လွယ်အိတ်ပေါ်မှာ ဘာအမှတ်အသားကိုမှ ထင်ထင်ရှားရှားမတွေ့ရပါဘူး ဆရာကြီးကျောင်း

ဆရာကြီးကျောင်းက ဟက်ဟက် ပက်ပက် ရယ်မောလိုက်ပြီး စိုးကျော်ဟောင်း၏ လွယ်အိတ်အောက်ခြေသို့ လက်ညှိုးထိုးပြရင်း ရှင်းပြလိုက်သည်။

ညီလေး ဘယ်သတိထားမိမလဲ၊ ညီလေးရဲ့ခရီးဆောင်အိတ်ရဲ့ အောက်ခြေမှာ အပေါက်ငယ်ကလေးသုံးပေါက်ရှိနေတယ်၊ အဲ့ဒီ အပေါက်ငယ်ကလေးဟာ သေးငယ်လွန်းတော့ ဘယ်သတိပြုမိနိုင်မှာလဲကွယ့်၊ အမှတ်အသားပြုလုပ်တဲ့လူတစ်ယောက် အနေနဲ့ပဲ သိနိုင်တယ်၊ ဟား...ဟား...ဟား

ဆရာကြီးကျောင်းက သူ့ဘာသာသူရှင်းပြပြီး သဘောကျစွာ ရယ်မောလိုက်ပြန်သည်။

ထိုအခါကျမှ စိုးကျော်ဟောင်းက သူ၏လွယ်အိတ်အောက်ခြေကို အသေအချာကြည့်ရှုလိုက်မိသည်။

လွယ်အိတ်အောက်ခြေတွင်အပ်ပေါက်ရာကလေးသုံးပေါက်ကို တွေ့ရှိလိုက်ရတော့သည်။

စိုးကျော်ဟောင်း အားပါးတရ ရယ်မောလိုက်မိတော့သည်။

အို့ရော...အို့ပါရော ဆရာကြီးကျောင်းရယ်၊ ဆရာကြီးကျောင်း ပြောမှပဲ ကျွန်တော် သိတော့တယ်၊ ကျွန်တော်ဟာ အတွေ



အကြုံ အလွန်နုသေးတယ်ဆိုတာကို ကျွန်တော် ဝန်ခံပါတယ်၊ ကျွန်တော့်ရဲ့အိတ်ကို တစ်ဖက်လူက အခုလိုနည်းနဲ့ အမှတ် အသားပြုသွားတာကို ကျွန်တော် နည်းနည်းကလေးမှ မရိပ် စားမိခဲ့ဘူး၊ ကျွန်တော် ဆရာကြီးကျောင်းကို ကျေးဇူးတင်ပါတယ်

ထိုအချိန်တွင် အပြင်ဘက်မှ ခြေသံသဲ့သဲ့ကို ကြားလိုက်ရ လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၁)

### ပါကွန်းစန်းတောင်ခြေမှ စိန်ခေါသံ

အော့စုဟန်က ဦးခေါင်းကိုမော့ပြီး အခန်းဝသို့ လှမ်းကြည့်လိုက်သည်။

အသံကြားရရုံဖြင့် အော့စုဟန်က မည်သူမည်ဝါ ဖြစ်နေကြောင်းကို သိရှိနေသည်။

'ဟော....ထိန်အောင်း၊ ဘာကိစ္စရှိလို့လဲ'

ခြေသံသည် အခန်းအပြင်ဘက်တွင် ရပ်သွားသည်။

ပြီးနောက် လူငယ်တစ်ဦး၏အသံထွက်ပေါ်လာသည်။

'ဆရာကြီး....ရှမ်းယမ်းက အလုပ်သမားတစ်ယောက်က မိုးသွားတယ်၊ ဆရာလွှော်စိုကျိဟောင်ကို ပေးပါလို့ ပြောသွားပါတယ်'



စိုကျိဟောင် အံ့အားသင့်သွားသည်။ စိုကျိဟောင်သာမက ဆရာကြီးကျင်းပါ မျက်လုံးပြူးသွားသည်။

စိုကျိဟောင်သည် ယခုမှပင် ထိုက်ဟိုမြို့သို့ ရောက်ရှိမျှ သေးသည်။

မည်သူက မည်သို့စုံစမ်းပြီး မည်သည့်ကိစ္စအတွက် စာလာ ပေးရလေသနည်း။

စဉ်းစားမရဖြစ်သွားသည်။

အော့စုဟန်က အပြင်မှ အသံရှင်အား လှမ်း၍ ပြောလိုက်သည်။

'ဝင်ခဲ့စမ်း'

အခန်းတွင်းထဲ လူရွယ်တစ်ဦး ဝင်ရောက်လာသည်။

သူသည် ဝတ်စုံစိမ်းကို ဝတ်ဆင်ထားသည်။

ထိုလူရွယ်သည် ဦးခေါင်းကိုညွှတ်၍ အော့စုဟန်အား အ အသေ ပြုလိုက်သည်။

အော့စုဟန်က ထိုလူရွယ်အား မေးမြန်းလိုက်သည်။

'ရှမ်းယမ်း ဧည့်ဆောင်က စာလာပို့တဲ့အလုပ်သမားကော'

'ပြန်သွားပါပြီခင်ဗျာ'

ဆရာကြီး ကျင်းက ဝင်ပြောလိုက်သည်။

'ဒီစာကို ဘယ်သူက ပေးခိုင်းတယ် ဆိုတာ အဲဒီ စာပို့ အလုပ်သမားက ပြောမသွားဘူးလား'

ဝတ်စုံစိမ်းနှင့် လူရွယ်က ကိုယ်ကိုညွတ်လျက် ပြန်လည်၍ ပြုလိုက်သည်။

'ကျွန်တော် မေးပါသေးတယ် ဆရာကြီး၊ သူပြောချက်အ

www.burmeseclassic.com

www.burmeseclassic.com



ကတော့၊ သူတို့ ဧည့်ဆောင်မှာ လာရောက်တည်းခိုတဲ့ဧည့်သည် တစ်ယောက်က ပို့ခိုင်းတယ်လို့ ပြောသွားပါတယ်၊ နာမည်ကို တော့ သူလဲ မသိဘူးလို့ ပြောသွားပါတယ်'

အောင်စိုးဟန်သည် လူရွယ်၏လက်မှ စာကို လှမ်းယူ လိုက် သည်။

ပြီးလျှင် သွားနိုင်ပြီဟူသော သဘောဖြင့် လက်ကိုယမ်းပြ လိုက်လေ၏။

ဝတ်စုံစိမ်းနှင့် လူရွယ်သည် ခေါင်းကိုညွတ်ကာ အရိုအသေ ပေးလိုက်ပြီး ချာခနဲ လှည့်ထွက်သွားလေတော့သည်။

အောင်စိုးဟန်က သူ့လက်ထဲမှ စာကို စို့ကျိဟောင်သို့ လှမ်း ပေးရင်း တစ်ဆက်တည်း မေးမြန်းလိုက်သည်။

'ညီလေးက ရှမ်းယမ်းတည်းခိုဆောင်မှာအသိအကျွမ်းရှိလို့ လား'

စို့ကျိဟောင်က စာအိတ်ကို လှမ်းယူရင်းမှ ခေါင်းကို ခါယမ်းပြလိုက်သည်။

'ကျွန်တော် ဆိုက်ဟိုမြို့ကို အခုမှ ရောက်လာတာပဲ၊ အသိ အကျွမ်းလဲ မရှိပါဘူး'

ဆရာကြီး ကျင်းခိုင်ထိုက် မျက်ခုံးနှစ်ဖက် ကုတ်တက်သွား၏။ စဉ်းစားရ ခက်သွားဟန်တူသည်။

'ဒီလိုသာဆိုရင် ထူးဆန်းနေပြီ'

သူက စို့ကျိဟောင်ဘက်သို့ လှည့်ကြည့်ပြီးနောက် ပြော လိုက်သည်။



'ညီလေး စို့၊ စာထဲမှာ ဘာတွေရေးထားတယ်ဆိုတာဖတ် ကြည့်လိုက်ပါဦး'

စို့ကျိဟောင် ချက်ချင်းပင် စာအိတ်ကိုဖောက်ပြီး အတွင်း မှ စာခေါက်ကို ဆွဲထုတ်လိုက်သည်။

စာရွက်ခေါက်ကို ဖြန့်ကြည့်လိုက်ရာ...

စာကြောင်းများ အဓိပ္ပာယ်မပါ ရေးထားသည်ကို တွေ့ လိုက်ရသည်။

စာမှာ စို့ကျိဟောင်အတွက် များစွာ အရေးကြီးသော စာဖြစ်နေသည်။

မိတ်ဆွေကြီး စို့ကျိဟောင်...

မိတ်ဆွေကြီးရဲ့အမေ ကျွန်တော်တို့ဆီမှာရောက်နေ ပါတယ်၊ ဧည့်သည်လိုသဘောထားကြီးကြီးနဲ့ ကောင်း မွန်စွာ ပြုစုထားပါတယ်၊ စိတ်မပူပါနဲ့၊ အကယ်၍ မိတ် ဆွေ တန်ဖိုးထား အလေးထားဆုံးဖြစ်တဲ့ ပစ္စည်းနဲ့လာ ရောက်ပြီး လဲလှယ်ရွေးယူမည်ဆိုရင် ဝမ်းပန်း တသာ ကြိုဆိုနေပါတယ်....

မနက်ဖြန် နေဝင်ချိန် 'ပါ့ကူနီစမ်း' တောင်ခြေကို လာခဲ့ပါ။

အထူးမှာ မိတ်ဆွေကြီး၏ညီမ အချောအလှလေး ကိုလည်း ကျွန်တော်တို့ ခေါ်ထားပါတယ်၊ ခုထိ တော့ သူ့ကိုလက်ဖျားနှင့်မတို့ရသေးပါဘူး၊ မိတ်ဆွေ ကြီး အရောက်နောက်ကျမယ် ဆိုရင်တော့ သူ့ကံကြမ္မာ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ဖြစ်သွား ပါလိမ့်မယ်၊ အဲဒီ ကိစ္စ အားလုံး
မိတ်ဆွေကြီးအပေါ် တည်နေပါတယ်၊ မိတ်ဆွေကြီးရဲ့
အမေဟာလည်း အသက် လေးဆယ်ကျော်တယ် ဆိုပေ
မယ့် ခုအချိန်အထိ ငယ်ရွယ်နုပျိုစိုလန်းတုန်းပါပဲ၊
မိတ်ဆွေကြီးကို စောင့်မျှော်လျက်

'ဒုန်း'

စာကိုဖတ်ပြီး ဒေါသကို မထိန်းနိုင်ဘဲ စိုးကျော်ဟောင် ဒုန်းခနဲ မတ်တတ်ထရပ်လိုက်မိသည့်အဖြစ် ဖြစ်ရသည်။

စာက စိုးကျော်ဟောင်၏ သိက္ခာကို စော်ကားထားသည်၊ စာကို သူ၏ အမည်၊ ဧည်သူမည်ဝါဖြစ်ကြောင်းမသိရချေ။

စာပါ အကြောင်းအရာအရ စိုးကျော်ဟောင် လိုက်လံရှာဖွေနေသော အမေ၏ သတင်းအစအနကို ရရှိပြီ ဖြစ်သော်လည်း စော်ကားသည့် စကားများ ပါနေသည်။

ပြီးတော့ စိုးကျော်ဟောင်၏ ညီမ ဆိုသည့်ကိစ္စ၊

စိုးကျော်ဟောင်မှာ ညီမမှ မရှိတာဘဲ၊

စိုးကျော်ဟောင်က တစ်ကောင်ကြွက်၊

အမေနှင့် အဖေက စိုးကျော်ဟောင် တစ်ယောက်ထဲကိုသာ မွေးဖွားထားခဲ့သည်။

ဝမ်းကွဲညီမတွေများလား။ ဒါဆိုလည်း စိုးကျော်ဟောင်နှင့် အများကြီးစိမ်းနေပါသေးသည်။

အမေ ကိုစာပါအကြောင်းအရာအရ မိမိတွင်ရှိသောပစ္စည်းနှင့် အလဲအလှယ်လုပ်ရန် 'ပါကုန်းစန်း' တောင်ခြေသို့ မနက်ဖြန် ညနေအရောက် ချိန်းဆိုထားခြင်းဖြစ်သည်။



လဲလှယ်ရမည့်ပစ္စည်းသည် မည်သည့်ပစ္စည်းနည်း။

မိမိတွင် ရှိသော အဆိပ်ဖြေ ဆေးလား။ ဒါမှမဟုတ် မိမိကိုယ်နှင့်မကွာ အမြဲရှိနေသည့် ပုလဲလုံးကို ရည်ညွှန်း လေသည်လား။

ပုလဲအဆိပ်ဖြေဆေးကား မိမိတို့ မျိုးနွယ်၏အသက်ဖြစ်သလို မိမိ၏ သိုင်းပြောင်းပြန်ဆရာကြီး ထိုင်ထုံး၏ အားအထားဆုံး ပစ္စည်းဖြစ်သည်။

ဆွေဌေးရွှေပြားအိုးသိုင်းဆရာကြီး ကျင်းခိုင်ထိုက်နှင့် အောင်စုဟန်တို့က စိုးကျော်ဟောင်၏အမူအရာကြောင့် စိတ်ဝင်စားစွာဖြင့် လှမ်းချိကြည့်နေကြသည်၊

စိုးကျော်ဟောင်က မထိုင်နိုင်သေးဘဲ စာရွက် ကိုင်ထားရာက ငိုင်၍ရပ်နေမိသည်။

'ညီလေး စိုးကျော်ဟောင်။ ဘယ်သူ့ဆီကစာလဲ'

သူက စာရွက်ကို ဆရာကြီးကျင်းအား လှမ်းပေးလိုက်သည်။

'ဆရာကြီးကျင်းပဲ ဖတ်ကြည့်ပါတော့'ဟု စိတ်ပျက်လက်ပျက်ဖြင့် လှမ်းပြောလိုက်သည်။

'ညီလေး...ထိုင်ပါဦးလေ၊ ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် အစ်ကိုကြီးတို့နဲ့တိုင်တိုင်ပင်ပင်လုပ်ကြတာပေါ့ကွယ်'

အိမ်ရှင်ဖြစ်သော အောင်စုဟန်က သွေးအေးအေးနှင့် ဖျောင်းဖျစကားဆိုသည်။

'ပထမတော့ ကျွန်တော် အမေသတင်းရလို့ ကျွန်တော် ဝမ်းသာသွားခဲ့တာ၊ ဒါပေမယ့် သူ့စာတွေက သိပ်ပြီးစော်ကား

www.burmeseclassic.com

www.burmeseclassic.com



လွန်းအားကြီးနေတယ်၊ ကျွန်တော် သူတို့ကို ခုပဲသွားပြီးရင်ဆိုင် လိုက်ချင်တယ်'

'အေးအေးဆေးဆေးလုပ်ပါ ငါ့ညီ၊ ဒီကိစ္စက ငါ့ညီ ကိစ္စတစ်ခုတည်းမဟုတ်ဘူး၊ သိုင်းလောကတစ်ခုလုံးနဲ့ ပတ်သက် နေနိုင်တယ်'

အောင်စုဟန်က စို့ကျိဟောင်စိတ်ပြေအောင်ပြောသည်။

ဆရာကြီးကျင်းက စို့ကျိဟောင်ထံမှစာကို လှမ်းယူလိုက်ပြီး စာပါအကြောင်းအရာကို ဖတ်ကြည့်လိုက်သည်။

ဖတ်ကြည့်ရင်းက မျက်မှောင်ကြီးကြုတ်သွားသည်။ စာကို အလေးအနက်ထား၍ ဖတ်နေခြင်းလည်းဖြစ်ပုံရသည်။

စာဖတ်ပြီးသွားတော့ မျက်နှာကြီးမှာ ပြုံးယောင်ယောင် ဖြစ်သွားသည်။

ပြီးမှ အတွေးကြောင့် မျက်နှာကြီး သုန်မှုန်သွားပြန်သည်။

'ဟုတ်တယ်၊ ညီလေးအမေရဲ့ ရွှေရာကို ခံမိတာတော့ ဝမ်း သာစရာပဲ၊ ဒါပေမယ့် စာက စော်ကားလွန်းနေတယ်၊ ဒီစာ ကို အောင်စုဟန်ကော ဖတ်ခွင့်ရှိသလား'

ပြောရင်းက လှမ်းအမေး စို့ကျိဟောင် ခွင့်ပြုလိုက်သည်။

'ဖတ်ခွင့်ရှိပါတယ်ဆရာကြီးကျင်း၊ ကျွန်တော်တို့သုံးယောက် ရှိနေတုန်း ဒီစာရောက်လာတာပဲ'



စာကို ဖတ်ကြည့်ပြီးနောက် ဆရာကြီး ကျင်းခိုင်ထိုက်၏ မျက်နှာသွင်ပြင်သည် ပြောင်းလဲနေသည်။

သူက စာကိုဖတ်လိုက်ပြီး အောင်စုဟန်ဘက်သို့ လက်ဆင့် ကမ်းလိုက်ပြန်သည်။

'ဒီစာကိုဖတ်ကြည့်လိုက်ပါဦး ညီလေးအောင်၊ ဒီစာပို့တဲ့လူ ဘယ်သူတွေ ဖြစ်နိုင်မလဲ၊ သူတို့ဟာ ဘျုပ်တို့ကို ငုတ်တုတ်ထား ပြီး မထိမဲ့မြင်ပြုလုပ်တဲ့သဘောပဲ'

အောင်စုဟန်က ဆရာကြီးကျင်း ကမ်းပေးလိုက်သောစာကို လှမ်းယူပြီး ဖတ်ကြည့်လိုက်၏။

စာဖတ်နေရင်းမှလည်း သူ၏မျက်ခုံးနှစ်ဖက် တွန့်တက်သွား သည်။

'ဒီဒေသတစ်ဝိုက်မှာတော့ တရားမဲ့ ဆိုးသွမ်းသူတွေ မရှိပါ ဘူး၊ ပါကုန်းစန်တစ်ဝိုက်မှာတော့ ဝူးဂေဟာ အဆောင်တစ် ဆောင်ရှိတယ်၊ ဒါပေမယ့် ဝူးဂေဟာကဝူးညီအစ်ကိုနှစ်ယောက် က အင့်မတန်စည်းကမ်းရှိတဲ့ သိုင်းသမားနှစ်ယောက်ပဲ....

သူတို့နှစ်ယောက်ဟာ ကောင်းချောင်းကောင်းဝယ် လုပ်ကိုင် စားသောက်ပြီး ဒီမြို့ထဲမှာဆိုရင်လဲ ဆိုင်တွေ အတော်များ များ ရှိတယ်၊ ဒီလိုကိစ္စမျိုးတွေကိုတော့ လုပ်ကြလိမ့်မယ် မထင် ဘူး....'

ဤတွင် ဆရာကျင်းခိုင်ထိုက်က ဝင်ရောက် ပြောဆိုလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီလေးအော့ ပြောတာ ဝူးဘွန်ဝေ့းတို့ ညီအစ်ကိုနှစ်ယောက်ကို ပြောတာလား'

အော့စုဟန်က ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ် အစ်ကိုကြီး'

ဆရာကြီး ကျင်းခိုင်ထိုက်ကတော့ အော့စုဟန်အား မေးလိုက်ပြန်၏။

'ညီလေးအော့.... သူတို့ညီအစ်ကိုနှစ်ယောက်နဲ့ ရင်းနှီးတဲ့လူချင်းဆိုတော့ သူတို့ဆီသွားပြီး မေးစမ်းကြည့်ရင် မကောင်းဘူးလား'

စိုးကျိုဟောင်က စဉ်းစဉ်းစားဖြင့် ဝင်ပြောလိုက်သည်။

'သူတို့ကို မေးသာမေးရမှာ၊ ကျွန်တော့်မှာ နှမအရင်းတစ်ယောက်မှ မရှိပါဘူး'

ဆရာကြီး ကျင်းခိုင်ထိုက် အံ့ဩသွားရသည်။ အစဉ်းစားရခက်ဟန်ဖြင့်လည်း မေးမြန်းလိုက်သည်။

'ဒီလိုဆိုရင် သူတို့ ဖမ်းထားတယ်ဆိုတာ ညီလေးစိုးရဲ့နှမ မဟုတ်ဘူးပေါ့၊ ဒါနဲ့ ညီလေးစိုးဆီက ဘယ်လိုပစ္စည်းများ တောင်းနေတာလဲ'

စိုးကျိုဟောင်သည် သက်ပြင်းတစ်ချက်ကို ရှည်လျားစွာမှုတ်ထုတ်လိုက်သည်။

'ကျွန်တော့်အထင်ပြောရရင်တော့ သူတို့ဟာ ကျွန်တော့်ဘိုးဘွားပိုင်ပစ္စည်းဖြစ်တဲ့ အဆိပ်ဖြေပုလဲလုံးကို လိုချင်ကြတယ်'



ဆရာကြီး ကျင်းခိုင်ထိုက်၏ မျက်နှာတွင် အံ့ဩမှုအရိပ်အယောင်များ ဖြတ်သန်းသွားသည်။

'အဆိပ်ဖြေပုလဲလုံး၊ ဟုတ်လား'

စိုးကျိုဟောင်က ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ် ဆရာကြီးကျင်း၊ ခိုင်ဖုန်းမြို့မှာတုန်းက ကျွန်တော် ဆရာကြီးကျင်းဆီမှာပေါင်ခဲ့တဲ့ပုလဲလုံးကို ပြောတာပါ၊ ကျွန်တော်ဆယ်ငယ်ကတည်းက ကိုယ်မှာ ဆောင်ထားခဲ့တာပါ၊ အခု ကျွန်တော့်အမေ ပျောက်ဆုံးမှုနဲ့ ခရီးထွက်ခါနီးကာမှ အဲဒီပုလဲအဆိပ်အမျိုးမျိုး ဖြေနိုင်တယ်လို့ ကျွန်တော့်ဆရာက ပြောပြလို့ သိခဲ့ရတာပါ'

ဆရာကြီး ကျင်းခိုင်ထိုက်သည် သူ၏ မုတ်ဆိတ်မွေးများကို သပ်ရင်း အတန်ကြာစဉ်းစားနေသည်။ ပြီးမှ တစ်လုံးချင်းမေးမြန်းလာသည်။

'ညီလေး စိုး ခရီးထွက်လာတုန်းက အဲဒီအဆိပ်ဖြေပုလဲလုံးကို တစ်စုံတစ်ယောက်ကများ မတွေ့သွားခဲ့လေသလား'

စိုးကျိုဟောင်က သူ၏ ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြလိုက်သည်။

'ကျွန်တော် ခိုင်ဖုန်းမြို့က ထွက်လာကတည်းက ပုလဲလုံးကို အိတ်ထဲမှာထည့်ပြီးယူလာခဲ့တာ'

စိုးကျိုဟောင်က ထိုသို့ပြောရင်းမှ ရုတ်အရက်မနေ့လယ်ကအဖြစ်အပျက်ကို သတိရသွားသည်။ သို့အတွက် သူ့နှုတ်ဖျားမှ အလိုအလျောက် ရေရွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အို...ဟုတ်ပြီ... ဟုတ်ပြီ... ထန်ချီယဲ့တို့အဖွဲ့များ ဖြစ်နေမလား'

စိုးကျီဟောင်နှုတ်မှ ရုတ်တရက်ထွက်ပေါ်လာသော စကားကို ဆရာကြီးကျင်းခိုင်ထိုက်ကြားလိုက်ရသည်။

၍တွင် ဆရာကြီးကျင်းက ကောက်ကာငင်ကာမေးမြန်းလိုက်သည်။

'ထန်ချီယဲ့ ဟုတ်လား၊ ညီလေးတို့ပြောတာ ထန်ဂေဟာက လောင်ချီကိုပြောနေတာလား၊ ညီလေးက ဘယ်လိုကြောင့်သူတို့ကို စဉ်းစားမိတာလဲ၊ သူတို့နဲ့ ဘယ်လိုပတ်သက်လာလို့လဲ'

စိုးကျီဟောင်က မဆိုင်းမတွပင်ပြန်ဖြေလိုက်သည်။

'နေ့သယ်က သူတို့နဲ့ကြုံခဲ့ရပါတယ်၊ သူတို့က ကျွန်တော်သွားရာလမ်းကိုပိတ်ထားပြီး တားဆီးကြတယ်၊ သူတို့က ကျွန်တော်ကို အနှောင့်အယှက်ပြုလို့ သူတို့နဲ့ တိုက်ခိုက်ခဲ့ရတယ်၊ ထန်ချီယဲ့ဆိုတဲ့လူနဲ့ သူ့လူတွေ ဒဏ်ရာရသွားခဲ့ကြတယ်'

ဆရာကြီးကျင်းခိုင်ထိုက်၏မျက်နှာ တည်ငြိမ်သွားသည်၊ သူသည် အောစုဟန်ဘက်သို့လှည့်၍ ပြောလိုက်သည်။

'ထန်ဂေဟာကလူတွေတောင် လိုက်လာကုန်ကြပြီ၊ အခုလို သူတိုလိုက်လာတာကို ထောက်ချင့်ကြည့်မယ်ဆိုရင် အကြောင်းထူးကိစ္စတွေရှိလာပြီဆိုတာ တွက်ဆလို့ရနိုင်ပြီ'

ထိုနောက် ဆရာကြီးကျင်းသည် စိုးကျီဟောင်ဘက်သို့ လှည့်ပြောလိုက်ပြန်သည်။



'ဒါနဲ့ ညီလေးကိုမေးရဦးမယ်၊ ဘယ်လိုကြောင့် စေချမ်းနယ်က ထန်ဂေဟာကလူတွေနဲ့ ပြဿနာဖြစ်ခဲ့ကြတာလဲ'

စိုးကျီဟောင်က အဖြစ်အပျက်ကို အစမှအဆုံးပြန်ပြောပြလိုက်သည်။

'သူတို့က ကျွန်တော့်သွားလမ်းကို ပိတ်ပြီးကျွန်တော့်အိတ်ထဲကပစ္စည်းကိုထားခဲ့ဖို့ အတင်းအဓမ္မ တောင်းဆိုကြတယ်'ဟု အစချီကာ ဖြစ်ပျက်ပုံအလုံးစုံကို ရှင်းပြလိုက်သည်။

စိုးကျီဟောင် ရှင်းပြပြီးသည်နှင့် ဆရာကြီးကျင်းခိုင်ထိုက်သည် တဟိုးဟိုးဘဟားဟားရယ်မောလိုက်လေတော့သည်။

'အိုးဟိုးဟိုး...အထင်မှားအမြင်မှားတွေ ဖြစ်ကုန်ကြပြီထင်ပါရဲ့၊ ထန်ဂေဟာက လောင်ချီဟာ ညီလေးကိုလူမှားပြီး အတင်းအဓမ္မပစ္စည်းတောင်းနေတာဖြစ်မှာပါ'

စိုးကျီဟောင်က ဆရာကြီးကျင်း၏စကားကို နားမလည်လေဟန်ဖြင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။

'လူမှားတာ ဟုတ်လား ဆရာကြီးကျင်း'

ကျင်းခိုင်ထိုက်က သူ၏မုတ်ဆိတ်ကိုပွတ်သပ်ရင်း ရယ်မောလိုက်ပြန်သည်။

'ညီလေးကိုကျုပ်ပြောနေတယ်မဟုတ်လား၊ ကျုပ်တို့ဆီကလျှောင်ဝူနဲ့သူ့တပည့်တို့ဟာ လိုယမ်းကနေ ထူးခြားတဲ့ ဆရာတပည့်နှစ်ယောက်ကို နောက်ယောင်ခံလိုက်ခဲ့ကြတယ်၊ အဲဒါ ဆရာတပည့်နှစ်ယောက်ထံမှာ ပစ္စည်းတစ်ခုပါတယ်လို့ ဆိုတယ်၊ သူတို့တာ အဲဒီပစ္စည်းနဲ့အတူ သွားလာမှုကျိုက်ပြီ ထူးခြားနေတယ်...

www.burmeseclassic.com



'ဒါကြောင့် သိုင်းလောကသားတွေက သူတို့နှစ်ယောက်ကို တိတ်တဆိတ် နောက်ယောင်ခံလိုက်နေကြတာ နေမှာပေါ့၊ အခုလို ဆန်ဂေဟာ လူတွေက ညီလေးကို လူမှားပြီးပစ်ခတ်ခြင်း တောင်းတာ ဖြစ်မှာပေါ့'

ထိုအခါ စိုး ကျီဟောင်ကလည်း ပြန်ပြောလိုက်သည်။

'ကျွန်တော်လဲ အဲဒီ ထူးခြားတဲ့လူနှစ်ယောက်ကို နောက်ယောင်ခံလိုက်နေခဲ့တာပဲ'

ကျင်းခိုင်ထိုက်က ရုတ်တရက်ဟက်ခနဲရယ်လိုက်ပြန်သည်။

'အိုး...ဟုတ်လား၊ ညီလေးက ဒီသတင်းကို ရရှိထားတယ်ပေါ့'

'ကျွန်တော် အစကဒီကိစ္စကိုမသိခဲ့ပါဘူး၊ ခိုင်ဖုန်းမြို့အသွက်မှာ လူနှစ်ယောက်က ကျွန်တော့်ကို စွဲတစ်စောင် မှားယွင်းပေးခဲ့ရာကစပြီး သိခဲ့ရတယ်ဆိုပါတော့'

## အခန်း (၃၂)

### သိုင်းလောကအကွေ့အကောက်၊ အတိမ်အနက်

စိုး ကျီဟောင်က ဖြစ်ပျက်ပုံအလုံးစုံကို ရှင်းပြလိုက်ပြန်သည်။ သို့သော် လမ်းတွင် အန်ဝါကျီဆိုသည့် အမျိုးသမီးကမိမိအား အဆိပ်ရှိပြွေးဆေးဝါလင်းပါသော ပိုးသားအိတ်ရှိုကလေး လက်ဆောင်ပေးခဲ့သည်ကိုမူ မပြောဘဲ ချန်ရစ်ထားခဲ့သည်။

ကျင်းခိုင်ထိုက်က စိုး ကျီဟောင် ရှင်းပြနေသည်ကို ခေါင်းတညိတ်ညိတ်ဖြင့်နားထောင်နေသည်။

'ညီလေးပြောတာတွေအားလုံးဟာ တို့သိတာနဲ့သိပ်မကွာလှဘူး၊ ဘျူပ်အထင်ပြောရရင် ဒီပစ္စည်းဟာ အရှေ့လောက်ဆိုရင် သိုမှင်းဒေသကို ရောက်လာနေပြီ'

www.burmeseclassic.com



ဤတွင် စိုးကျော်ဟောင်က အံ့ဩသောလေသံဖြင့် မေးလိုက်သည်။

'ဒါဖြင့် ဆရာကြီးကျောင်းကိုယ်တိုင်ခရီးထွက်လာတာဟာ အဲဒီ ပစ္စည်းပို့တဲ့နေရာကို အတိအကျသိပြီးလို့လား'

ကျောင်းခိုင်ထိုက်က လေးလေးနက်နက်ကြည့်၍ပြောလိုက်လေသည်။

'ညီလေး...စိတ်မပူနဲ့၊ ကျုပ်က အခုလို ညီလေးကိုစောင့်ကြိုခေါ်ခဲ့ရတာ အကြောင်းရှိတယ်၊ ညီလေးရဲ့သွားလာလှုပ်ရှားမှုပေါ်နေတာကို သိစေချင်တာက တစ်ကြောင်း၊ နောက်ပြီး ညီလေးကိုပြောစရာရှိနေတာကတစ်ကြောင်းကြောင့်ပဲ၊ ညီလေး မသိတာတွေအများကြီးရှိသေးတယ်၊ သိုင်းလောကမှာသွားလာလှုပ်ရှားမှုတွေကိုသိပ်သတိထားရတယ်၊ အန္တရာယ်ဆိုတာ အချိန်မရွေး ပေါ်လာနိုင်တယ်၊ နောက်တစ်ကြောင်းက ကျုပ်တပည့်လေးဘော်ကို အလှည့်ကျလွှတ်ပြီး မျက်စိတစ်ဖက်ကန်း အဘိုးအိုနောက်ကို နောက်ယောင်ခံ ခိုင်းထားတယ်၊ ဒီတော့ ညီလေး ပင်ပင်ပန်းပန်းဆက်ပြီးလိုက်စရာမလိုတော့ဘူးပေါ့'

စိုးကျော်ဟောင် အတန်ငယ် စဉ်းစား လိုက်ပြီးမှ ပြန်ပြောလိုက်သည်။

'အဲဒီ မျက်တစ်လုံး အဘိုးအိုဟာ လုံးဝမ် ဘုရားကျောင်းဆောင်မှာ အသတ်ခံရတယ်၊ ဒါကြောင့် သူတို့နောက်ကို ဆက်လိုက်စရာ လိုတော့မယ် မထင်ဘူး'

ကျောင်းခိုင်ထိုက်က ရယ်မောလိုက်ပြန်သည်။



'ဟုတ်တယ်၊ ဒါပေမယ့် သူ့ဆီကပစ္စည်းကိုလူတစ်ယောက်က ဆက်ပြီး ယူဆောင်သွားတယ်၊ အဲဒီ ဆက်ပြီးယူသွားတဲ့လူဟာ မျက်စိတစ်ဖက်ကန်းနဲ့လူပဲ၊ အသတ်ခံရတဲ့လူက ဘယ်ဘက်မျက်စိတစ်ဖက်ကန်းတယ်၊ အခု ပစ္စည်းကိုဆက်လက်ပြီးယူသွားတဲ့လူက ညာဘက်မျက်စိတစ်ဖက်ကန်းတယ်၊ ဒါပဲကွာတယ်'

စိုးကျော်ဟောင်က သဘောပေါက်သွားသည်။

'ဪ....ဪ....ဒီလိုကိုး'

ထိုစဉ် အခန်းတွင်းသို့ ဝတ်စုံစိမ်းနှင့် လူတစ်ယောက် ဝင်ရောက်လာသည်။

သူက အဘွားစုဟန်အား အရိုအသေပေးလိုက်လေသည်။

'ဆရာကြီး၊ အစားအသောက်တွေ စုံစုံလင်လင်ပြင်ပြီးပါပြီခင်ဗျာ'

'အစ်ကိုကြီး ကျောင်းနဲ့ ညီလေး စိုး....၊ ကျွန်တော်တို့ အပြင်ဆောင်ထွက်ပြီး အစား အသောက် စားရင်း စကားပြောကြတာပေါ့'

ကျောင်းခိုင်ထိုက်က မတ်တတ်ရပ်ရင်း ရယ်ရယ်မောမောပြောလိုက်သည်။

'အို...အာလုံးဟာ ကိုယ့်လူတွေပဲ၊ ဘာမှ အားနာစရာမလိုပါဘူး၊ ကဲ...ညီလေး စိုး၊ ညီလေး အဘွားရဲ့ဂေဟာမှာ လက်ရာကောင်းကောင်း ချက်နိုင်တဲ့ စားဖိုမှူး ရှိတယ်၊ သူဟာ ဟိုအရင်တုန်းက ဆိုရင် နေပြည်တော် ရွှေနန်းတော်ကြီးမှာ စားတော်ကဲ အလုပ် လုပ်ခဲ့ဖူးတယ်၊ အခု ညီလေး အဘွားဆီရောက်

www.burmeseclassic.com

www.burmeseclassic.com



လာတာ၊ ဒီနေ့တော့ သူ့ရဲ့လက်ရာမွန်ကို အရသာရှိရှိ မြည်းစား ကြည့်ဖို့ အခွင့်အရေးရလာတာပေါ့ကွာ၊ ဟား...ဟား'

သူတို့အားလုံး အပြင်ဆောင်သို့ ထွက်လာကြသည်။ အပြင်ဆောင်တွင် ညော်ခန်းတစ်ခုရှိ၏။

ယင်း ညော်ခန်းအား သေသပ်လှပစွာ ပြင်ဆင်ထားသည်။ အခန်း၏အလယ်တွင် စားပွဲရှည် တစ်လုံးရှိပြီး စားပွဲပေါ်တွင် ဟင်းလျာမျိုးစုံစွာ တည်ခင်းထားသည်။

စားပွဲပေါ်တွင် အကောင်းစား အရက် ကရားအိုးများကို လည်း တွေ့ရှိလေသည်။

သူတို့ သုံးယောက်သည် စားသောက်ပွဲတွင် နေရာယူ ထိုင် လိုက်ကြသည်။

ဝတ်စုံစိမ်းနှင့်လူသည် အရက်ကရားအိုးကို ကိုင်က၁ အရက် ခွက်ထဲသို့ ငှဲ့ထည့်ပေးနေသည်။

စိုးကျိဟောင်က အရက် ထည့်ပေးနေသော ဝတ်စုံစိမ်းနှင့် လူအားကြည့်ပြီးပြောလိုက်သည်။

'ဒီကမိတ်ဆွေလဲ တစ်ခါတည်း ဝင်စားလိုက်ပါလား'



အောစုဟန်က ဝင်ပြောလိုက်သည်။

'အို...ကိစ္စမရှိပါဘူး၊ သူက ကျုပ်ရဲ့တပည့် ကျဲထိန်အင်းတဲ့ သူ့ကို ညီလေး အားမနာနဲ့၊ ညီလေး ဘာ့သာစားပါ၊ အဝ စားနော်'

စားပွဲပေါ်တွင် ခင်းကျင်းထားသော စားသောက်ဖွယ်ရာ များမှာ စုံလင်လှသည်။

ကြည့်လိုက်ရုံဖြင့် အလွန်အရသာရှိမည်ဖြစ်ကြောင်း ခန့်မှန်း နိုင်သည်။

သူတို့သုံးယောက်သားသည် အရက် သုံးလေးခွက်မျှဆင့်၍ သောက်လိုက်ကြသည်။

အောစုဟန်သည် စိုးကျိဟောင်အား လှည့်ကြည့်ပြီး စကား ဆိုလိုက်သည်။

'ညီလေးတို့၊ ညီလေးဆီကို ရောက်လာတဲ့စာနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်မယ် စိတ်ကူးထားသလဲ'

ကျင်းခိုင်ထိုက်က အားရပါးရ ရယ်မောရင်း ဝင်မေးလိုက် လေသည်။

'ညီလေးတို့မှာ ညီမ မရှိဘူးလို့ပြောထားသားပဲ၊ သူတို့ဟာ လူမှားနေတာတော့ အမှန်ပဲ၊ ခုရက်အတွင်းမှာ လိန်နဲ့လန်းက ဟန်ဝေ့ဟာအဖွဲ့သားတွေနဲ့ စေ့ချမ်းက ထန်ဂေဟာ အဖွဲ့သား တွေဟာ ဒီလမ်းတစ်လျှောက်မှာ လှုပ်ရှားနေကြတယ်၊ ဒီမြို့ပြင် ဆိုင်းလောကသားတွေလဲ ဒီသတင်းကိုကြားရင် သူတို့လဲရောက်

www.burmeseclassic.com

www.burmeseclassic.com



လာကြတော့မှာပဲ၊ ဒီတော့ ကျုပ်တွက်ကြည့်တယ်၊ မကြာခင် ရက်အတွင်းမှာပဲ ကြီးကျယ်တဲ့ကိစ္စရပ်တွေပေါ်ပေါက်လာလိမ့် မယ်လို့ ကျုပ်ထင်တယ်၊ ညီလေး စိုး ဆီရောက်လာတဲ့စာနဲ့ပတ် သက်လို့လဲ စာပို့တဲ့ လူနာမည်လဲ မပါဘူး၊ သွားတွေ့စရာလဲ မလိုတော့ဘူးလို့ ထင်တယ်၊ တကယ်တော့ သူတို့ဖမ်းထားတယ် ဆိုတာ ညီလေးရဲ့ ညီမမှ မဟုတ်တာပဲ'

စိုးကျော်အောင်က ခေါင်းကိုကုတ်ကာ အကြံအိုက်ဟန်ဖြင့် စဉ်းစားနေသည်။

'ကျွန်တော် ဆန္ဒပြောရရင် သူတို့ချိန်းတဲ့နေရာကို သွား ကြည့်ချင်သေးတယ်၊ သူတို့ဖမ်းထားတာ ကျွန်တော့်ညီမမဟုတ် ပေမယ့် သူတို့ပို့တဲ့စာဟာ ကျွန်တော့်နာမည် တပ်ထားတယ် မဟုတ်လား....'

ကျင်းခိုင်ထိုက်က စဉ်းစဉ်းစားစားနှင့် ပြောလိုက်သည်။

'ထန့်ဂေဟာက လှောင်ချိဟာ စိတ်သဘောထား ယုတ်ညံ့ တယ်၊ ရက်စက်ကြမ်းကြုတ်တယ်၊လက်မရွံ့သမားတစ်ယောက် ပဲ၊ ဒါကြောင့် သူ့ကိုသရဲကြောက်တဲ့ ထန့်ချိယွဲ့လို့ခေါ်တယ်၊ ညီလေးစိုးဟာ ထန့်ဂေဟာကလူတွေနဲ့တော့ ရန်မီးမပွားစေ ချင်ဘူး'

စိုးကျော်အောင်က ခေါင်းကို ညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ် ဆရာကြီးကျင်း၊ ထန်လှောင်ချိဟာ ကျွန် တော့်ကို စတွေ့တာနဲ့ ရက်ရက်စက်စက် စတင်တိုက်ခိုက်တယ်၊



ဒါပေမယ့် ကျွန်တော်ကတော့ ညှာပါတယ်၊ အခုသူဖြစ်နေတာ လဲ ကျွန်တော့်အကြောင်း မလွန်ပါဘူး၊....

အခု သူတို့ လူဖမ်းပြီး ကျွန်တော့်ဆီက ပစ္စည်းတောင်းတဲ့ ကိစ္စ ၊ သူတို့ဖမ်းထားတဲ့လူဟာ ကျွန်တော့်ညီမတစ်ယောက် တော့မဟုတ်ဘူး၊ ဒါပေမယ့် အမျိုးသမီးတစ်ယောက်ကို ဖမ်း ထားတာတော့ သေချာတယ်၊....

'ဒါကြောင့် ဒီကိစ္စကို ဖြေရှင်းဖို့ ကျွန်တော့်မှာ တာဝန် ရှိလာတယ်၊ ကျွန်တော့်အတွက်ကြောင့် ဘာမှမဆိုင်တဲ့ အမျိုး သမီးတစ်ယောက်ကို ဒုက္ခရောက်မှာကို ကျွန်တော် မလိုလား ဘူး၊ ဒီတစ်ခါ ထန်လှောင်ချိနဲ့တွေ့ရင်တော့ သူ့ကို တစ်နှစ် လောက်အိပ်ရာထဲမှာလဲနေအောင် ကျွန်တော် ဆုံးမလိုက်မယ်'

ကျင်းခိုင်ထိုက်သည် စိုးကျော်အောင် ပြောဆိုသည့်စကား များကိုနားထောင်ရင်း စိတ်တွင်းမှ မှတ်ချက်ပြုလိုက်မိသည်။

'အင်း....ဒီသူငယ်ဟာ စိတ်ဓာတ် အလွန်ပြင်းထန်လှတယ်၊ နောက်ပြီး မဟုတ်မခံ စိတ်ဓာတ်ပါပဲလား'

သူက ထိုသို့မှတ်ချက်ပြုလိုက်ရင်း စိုးကျော်အောင်အား စူးစိုက် ကြည့်နေလိုက်သည်။

'ညီလေးသွားမယ်ဆိုရင်တော့ ကျုပ်လဲလိုက်ခဲ့မယ်၊ ထန့် ဂေဟာနဲ့ ကျုပ်နဲ့က ဆက်ဆံရေးကောင်းမွန်ပါတယ်၊ တကယ် လို့များ အထင်မှားအမြင်မှားမှုတွေ အမှန်ဖြစ်ခဲ့ရင် ကျုပ် ပြေ လည်အောင် ဆွေးနွေးနိုင်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



စို့ကျိုဟောင်က ဦးခေါင်းကို ဖြည်းလေးစွာ ခါယမ်းလိုက်သည်။

'ကျွန်တော့်အနေနဲ့ကတော့ ဆရာကြီးကျိုင်းကို ဒုက္ခမပေးလိုတော့ပါဘူး၊ တကယ်လို့များ ထန်လောင်ချီဟာ ဆရာကြီးနဲ့ ရင်းနှီးနေခဲ့ရင်လဲ သူ့ကို ကျွန်တော် ထိခိုက်ဒဏ်ရာရအောင် မလုပ်ခဲ့ပါဘူး'

ကျိုင်းခိုင်ထိုက်သည် ရှောင်လင်ကျောင်း၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်သည်။ သိုင်းလောကတွင် ရွှေပြားအိုးအမည်ရ ကျော်ကြားသော သိုင်းပညာရှင်ကြီးတစ်ဦးလည်း ဖြစ်သည်။ နှစ်ပေါင်းများစွာအတွင်း ၎င်းအား မယီမဲ့မြင် ပြုမူစော်ကားဝံ့သူမရှိခဲ့ချေ။

ယခု စို့ကျိုဟောင်၏ ဖြတ်သားသော စကားများကို နားထောင်ရင်း သူ၏ စိတ်ထဲဝယ် စိတ်ထိခိုက်သလို ဖြစ်သွားမိသည်။

ထန်လောင်ချီဆိုသူမှာ ရက်စက်ကြမ်းကြုတ်သူတစ်ယောက်။ လက်မရွံ့ သိုင်းသမားတစ်ယောက်။

ထန်ဂေဟာထွက် သိုင်းသမားတွေရဲ့ အဆိပ်လက်နက်ပုန်းများသည် ထူးဆန်းသည်။ အစွမ်းထက်မြက်သည်။ တစ်ဖက်လူကို တာဝကွယ်ရန် အချိန်ပေးမှု နည်းပါသည်။

ဒီဆူဝယ်ဟာ အတွေ့အကြုံနည်းပါးတဲ့ လူတစ်ယောက် ဖြစ်သည်၊ သိုင်းလောကဟာ အတွေ့အကြုံနည်းပါးတဲ့ လူတစ်



ယောက်ကို အန္တရာယ်နဲ့ မတွေ့စေလို့၊ ကိုယ့်ကိုကိုယ် အိပ်အထင်ကြီးလွန်းနေသည်။ အပြောအဆို ဖြတ်သားလွန်းလှသည်။

ဆရာကြီး ကျိုင်းခိုင်ထိုက်သည် ဤသို့ စဉ်းစားရင်း စိတ်မကောင်း ဖြစ်မိလေသည်။

❖

သူတို့သုံးဦးစလုံး အရက်မူးကုန်ကြသည်။ ဝမ်းဗိုက်များလည်း ပြည့်နေကြလေပြီ။

စို့ကျိုဟောင်သည် မတ်တတ်ရပ်လိုက်ပြီး ကျိုင်းခိုင်ထိုက်နှင့် အောစုဟန်တို့အား လက်ဖမိုးအုပ်၍ အရိုအသေပေးလိုက်လေသည်။

'ကျွန်တော့်ကို အခုလိုကျွေးမွေးဧည့်ခံတဲ့အတွက် ကျေးဇူးအများကြီးတင်ရှိပါတယ်၊ ခုချိန်ဆိုရင် အချိန်လဲ အတော်ညဉ့်နက်သွားပြီ၊ ကျွန်တော့်ကိုပြန်ခွင့်ပြုပါဦးခင်ဗျာ'

အောစုဟန်က ပျာပျာသလဲ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီလေးစိုးကို ညွှန်သည့်အဖြစ် ပြုစုရတာ အထူးပဲဝမ်းသာပါတယ်၊ အခုညီလေးစိုး ပြန်တော့မလို့လား၊ ဆန္ဒရှိမယ်ဆိုရင် ကျုပ်ဆီမှာ တစ်ညလောက်တည်းခိုပြီးမှ ခရီးဆက်ပါလား'

စိုးကျီဟောင်က ထပ်မံ၍ လက်ဖမိုးအုပ်အရိုအသေပြုလိုက်ပြန်သည်။

'အစ်ကိုကြီးတို့ ကျွန်တော့်အတွက် အလုပ်ရှုပ်နေပါမယ်၊ ခုလိုညွှန်ပြုစုတာကိုပဲ အားနာလှပါပြီ၊ တစ်ဖက်လူတွေက ကျွန်တော့်ကိုခြေရာမခံနိုင်အောင် ညတွင်းချင်း ခရီးထွက်မယ်လို့ စိတ်ကူးထားပါတယ်'

'ပါကုန်းစန်းတောင်ခြေကိုလဲ ကြိုကြိုတင်တင် ရောက်ချင်တယ်၊ ဒါမှသူ့ကိုဖမ်းထားတဲ့လူဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာနဲ့ ဘာရည်ရွယ်ချက် ရှိတယ်ဆိုတာကို ကြိုကြိုတင်တင် ဖော်ထုတ်လှမ်းလို့ ရနိုင်မယ် မဟုတ်လား'

ကျင်းခိုင်ထိုက်သည် စိုးကျီဟောင် ပြောပြချက်ကို နားထောင်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေလိုက်သည်။

'ညီလေး စိုးပြောတာ မှန်ပါတယ်၊ ကျုပ်တို့မတားတော့ပါဘူး၊ နောက် ပြောချင်တာကတော့ မျက်စိတစ်ဖက်ကန်းအတိုးအိုသယ်ဆောင်သွားတဲ့ ပစ္စည်းဟာ ဘယ်လိုပစ္စည်းဆိုတာကိုတော့ ခုအထိမသိသေးဘူး....



'အန်ဂေဟာနဲ့ ခေချမ်းဂေဟာက သိုင်းလောကသားတွေ လှုပ်ရှားနေတယ်ဆိုတော့ ဒီကိစ္စဟာ ပုလဲအမိန့်နဲ့ ပတ်သက်ပြီး လှုပ်ရှားမှုတွေကို ကျုပ်တို့သိနိုင်မှာပါ၊ ကျုပ်တပည့်တွေကို လျှို့ဝှက်ဆက်သွယ်မှု သင်္ကေတသုံးမျိုးပေးထားတယ်၊ ညီလေးကို ကျုပ်ပြောပြလိုက်မယ်၊ ညီလေးမှတ်ထားပါ၊ အဲဒီလျှို့ဝှက်သင်္ကေတသုံးခုနဲ့ ကျုပ်တပည့်တွေဆီမှာ အကူအညီတောင်းနိုင်တယ်၊ ဆက်သွယ်နိုင်တယ်'

'ကျင်းခိုင်ထိုက်က လျှို့ဝှက်သင်္ကေတသုံးခုကို ပြောပြလိုက်လေ၏။

စိုးကျီဟောင်ကလည်း သေသေချာချာ မှတ်သားထားလိုက်၏။

ထိုနောက် သူက ဆရာကြီးကျင်းနှင့်အော့စုဟန်တို့အား နှုတ်ဆက်ပြီး ထွက်ခွာရန် ဟန်ပြင်လိုက်သည်။

အော့စုဟန်က ရုတ်တရက် ဟန့်တားလိုက်၏။

'ညီလေးစိုး.... ပါကုန်းစန်း တောင်ခြေကို သွားမယ်ဆိုရင် ဒါနည်းဆုံး မိုင် ၂၀၀ (တရုတ်မိုင်) လျှောက်ရလိမ့်မယ်၊ ဒါကြောင့် သက်သက်သာသာ မြင်းနဲ့သွားပါလား ညီလေး၊ ကျုပ် ထိအင်းကို မြင်းပြင်ခိုင်းလိုက်မယ်'

သူတို့ ခေါင်းခါလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အို....နေပါစေတော့ အစ်ကိုကြီး၊ အစ်ကိုကြီး အော့ရဲ့ စေတနာကို လေးစားပါတယ်၊ ဒါပေမယ့် ထင်ထင်ပေါ်ပေါ် မသွားချင်လို့ပါ၊ လျှို့ဝှက်သွားတာ ကောင်းပါတယ်'

စိုးကျော်ဖောင်သည် ဆရာကြီးကျင်းနှင့် အော့မုဟန်တို့အား နှုတ်ဆက်အရိုအသေပြုကာ တချိုတည်း လှည့်ထွက်လာခဲ့လေသည်။

တစ်ညလုံးခရီးပြင်းနှင်ရဦးတော့မှာပါကလား။

အခန်း(၃၃)

ပန်းစိုက် ဘုရားကျောင်းဝင်းတွင် တွေ့ဆုံခြင်း

အလှန့်ပင် ညဉ့်နက်လှပြီဖြစ်၏။

လမ်းမကြီး တစ်လျှောက်တွင် လူသွားလူလာ အတန်ငယ် ရှင်းနေသည်။

သူသည် မြို့တံခါးမကြီးဆီသို့ ဦးတည်လျက် ပေါပါးသော ခြေလှမ်းများဖြင့် ခပ်သွက်သွက်လျှောက်လာခဲ့သည်။

မြို့ရိုးတံခါးမကြီးတစ်ခု အနီးသို့ရောက်လျှင် အရိပ်တစ်ခု ပြေးလွှားနေသည်ကို လှမ်းမြင်နေရသည်။

ထိုအရိပ်သဏ္ဌာန်ပြေးလွှားနေပုံမှာ ပေါ့ပါးလျင်မြန်လှ၏၊ မြို့ရိုးတံခါးအနီးသို့ ရောက်သည်နှင့် ရုတ်တရက် ခုန်လွှားတက် လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရိပ်သည် မည်သို့သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လေမည်နည်း။

သူ၏ ကိုယ်ဖော့ပညာသည်လည်း အတော်ပင် အဆင့်မြင့်လွန်းလှသည်။

သူ စဉ်းစားနေမိသည်။

သိုင်းလောကသား အတော်များများရောက်ရှိနေပြီ ဟူ၍ ဆရာကြီးကျင်းက ပြောခဲ့သည်။ ဤသည်ကို သူပြန်လည်သတိရမိသည်။

စူးစမ်းချင်စိတ်များ သူ၏ရင်တွင် တဖွားဖွားပေါ်ပေါက်လာ၏။

သူသည် မြို့ရိုးတံခါးအနီးသို့ပြေးသွား၏။

လျင်မြန်လိုက်သည့်ဖြစ်ခြင်း။

စောစောကအရိပ်သဏ္ဍာန်သည်မြို့ရိုးအနီးတွင်မတွေ့ရတော့ပေ။

ဟိုးအဝေး မြို့ပြင်တစ်နေရာသို့ရောက်ရှိသွားသည်ကို လှမ်းမြင်လိုက်ရသည်။ ထိုလူရိပ်သဏ္ဍာန်သည် ပေနှစ်ရာကျော်ခန့် ကွာဝေးသွားခဲ့ပေပြီ။

စိုးကျိုဟောင်သည် မဆိုင်းမတွပင် အောက်သို့ခုန်ဆင်းလိုက်ပြီး လူရိပ်ပြေးရာသို့ နောက်ယောင်ခံပြီးလိုက်လာခဲ့သည်။

လူရိပ်က ရှေ့မှပြေးနေသည်။ သူကနောက်မှ အပြေးလိုက်သည်။ လိုက်တမ်းပြေးတမ်း ကစားနေကြသည့်နှယ် ရှိတော့သည်။

လမ်းတစ်လျှောက်တွင် ရှေ့မှလူရိပ်သည် ပြေးနေရင်းမှ



နောက်သို့ တစ်ကြိမ်နှစ်ကြိမ်ပြန်လှည့်ကြည့်သေးသည်။ သို့သော် စိုးကျိုဟောင်က မမြင်အောင် ပုန်းကွယ်လိုက်နိုင်သည်။

သူက ရှေ့မှလူရိပ်နှင့် ပေနှစ်ရာခန့်အကွာမှ လိုက်လာခဲ့၏။ ညအမှောင်ထုက ဖိတ်ဆီးထားသဖြင့် နောက်မှလိုက်လာသောသူကို ရုတ်တရက် မမြင်နိုင်ခြင်းဖြစ်သည်။

ဤသို့ဖြင့် ရှေ့မှ ပြေးသူကပြေး၍ နောက်မှ လိုက်သူကလိုက်ရင်း ခရီးပြင်းနှင်လာခဲ့ကြရာ ညသုံးချက်တီးအချိန်တွင် ကုယမ်းမြို့အဝင်တံခါးအား လှမ်းမြင်ရတော့၏။

ထိုစဉ် ရှေ့မှပြေးနေသောအရိပ်သည် ရုတ်တရက် အရှေ့ဘက်သို့ ချိုးကွေ့ထွက်သွားသည်။

အရိပ်သဏ္ဍာန်သည် တောအုပ်ကလေးတစ်ခုအတွင်းသို့ပြေးဝင် ပျောက်ကွယ်သွားလေတော့သည်။

စိုးကျိုဟောင်သည် နောက်မှ အပြေးလိုက်သွားခဲ့သည်။ တောအုပ်ရှေ့သို့ ရောက်လျှင် တောအုပ်အတွင်းမှ မီးရောင်တလက်လက်ကို လှမ်းမြင်ရသည်။

သူသည် မီးရောင်လက်လက်မြင်ရာသို့ သစ်ပင်များကို အကာအကွယ်ယူပြီး သတိဖြင့် တိုးဝင်လာခဲ့သည်။

တဖြည်းဖြည်းဖြင့် မီးရောင်နှင့် နီးကပ်လာခဲ့သည်။ ထိုမီးရောင်သည် ဘုရားကျောင်းဆောင်တစ်ခုအတွင်းမှထွက်ပေါ်နေခြင်းဖြစ်သည်ကို တွေ့ရှိရတော့သည်။

ထိုဘုရားကျောင်းသည် ချပ်ဝါးဘုရားကျောင်းပင် ဖြစ်၏။ ချပ်ဝါးဘုရားကျောင်း၏ အဓိပ္ပာယ်မှာ ပန်းစိုက်ဘုရားကျောင်း ဟူ၍ အနက်အဓိပ္ပာယ်ရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုကျူ ဟောင်သည် ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ယမ်းကြည့်လိုက်ရင်းအကဲခတ်လိုက်သည်။ လူရိပ်လူခြည်တစ်စုံတစ်ရာမမြင်ရ။ သို့အတွက် ဘုရားကျောင်း၏ အတွင်းသို့ပေါ့ပေါ့ပါးပါးခုန်ကျော်ဝင်ရောက်လာခဲ့သည်။

အတွင်းဘက်သို့ရောက်လျှင် အမှောင်ရိပ်အတွင်းသို့ တိုးဝင်ပုန်းကွယ်လိုက်ပြီး ငြိမ်သက်စွာဖြင့် တောင်ဘောင်အီအီကိုအကဲခတ်ကြည့်ရှုလိုက်ပြန်သည်။

ထိုနောက် ဘုရားကျောင်းခန်းမကြီးဆီသို့ လှမ်းကြည့်လိုက်သည်။

ခန်းမကြီးအလယ်တွင် စားပွဲရှည်ကြီးတစ်လုံးကိုမြင်ရသည်။

စားပွဲပေါ်တွင် ဖယောင်းတိုင်ကြီးတစ်တိုင်ကို ထွန်းထားသည်။

ထိုစားပွဲအနီးတွင် အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက် ထိုင်လျက်စကားစမြည် ပြောဆိုနေကြသည်ကိုတွေ့ရသည်။

အမျိုးသမီး၏အသက်မှာ နှစ်ဆယ့်လေးနှစ်ခန့်ရှိမည်ဟု ခန့်မှန်းရ၏။

ချောမောလှပသော မျက်နှာသွင်ပြင်နှင့် ကိုယ်နေဟန်ထားပြေပြစ်သော အမျိုးသမီးတစ်ဦးပင်ဖြစ်သည်။

ထိုအမျိုးသမီးသည် ပန်းရောင်အင်္ကျီကို ဝတ်ဆင်ထားပြီး ဆံထုံးကို ထုံးဖွဲ့ပြုပြင်ထားသည်။

သူမ၏ဆင်ယင်ထုံးဖွဲ့မှုမှာ နန်းတွင်းသူတစ်ဦးနှင့် တူနေသေးတော့သည်။



သူမ၏ရှေ့တွင် ထိုင်နေသောယောကျ်ားမှာ ဝတ်စုံပြာနှင့်လူဖြစ်ကြောင်း အံ့သြစွာတွေ့မြင်လိုက်ရသည်။

စိုကျူဟောင်သည် အနီးသို့ အသာအယာ တိုးကပ်ကြည့်လိုက်ရာ သူတို့နှစ်ဦး၏အနီး တံခါးမကြီးကွင်လည်း လူတစ်ယောက်ရပ်နေသည်ကိုလည်း တွေ့ရှိရပြန်သည်။

ထိုလူမှာ ဘယ်ဘက်တွင် သံလက်ဝါး တပ်ဆင်ထားသည့် ဝတ်စုံစိမ်းနှင့်လူဖြစ်နေသည် တအံ့တသြတွေ့မြင်ရပြန်သည်။

သူတို့ ပြောသံဆိုသံများကို နားထောင် ကြည့်ရှုခြင်းအားဖြင့် ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးသည် ဝတ်စုံပြာနှင့်လူထက် သိုင်းပညာအဆင့်မြင့်မားသည်ကို ခန့်မှန်းသိရှိနိုင်လေသည်။

စောစောက မိမိ နောက်ယောင်ခံလိုက်လာသော လူရိပ်သည် ထိုအမျိုးသမီးပင်ဖြစ်မည်လော။

စိုကျူဟောင်က ဤသို့ စဉ်းစားကြည့်မိသည်။

သူသည် သတိဝီရိယဖြင့် ခြေကိုလုံလုံထားကာ ရှေ့သို့ တိုးကပ်လာခဲ့သည်။

ထိုအခါ ဘုရားကျောင်းဆောင်အတွင်းမှ စကားပြောသံများကို သဲကွဲစွာကြားရတော့သည်။

ဝတ်စုံပြာနှင့်လူ၏စကားပြောသံကို စတင်ကြားရ၏။

'ဒေါ်လေးချူ အခုလို လိုက်လာတာ ဖေဖေက ဘာများအကြောင်းထူးမှာလိုက်သေးသလဲ'

'ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးက အားယူ၍ပြုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းရဲ့ဖေဖေက မင်းတို့ စိတ်မချဘူး၊ ဒါကြောင့် မင်းဆီကို ငါ့ကိုလွှတ်ပြီး ကြည့်ခိုင်းတာပေါ့'

ဝတ်စုံပြာနှင့်လူသည် အားတက်သရော တက်ကြွသွားဟန် ရှိသည်၊

'ဒေါ်လေးချူ သိုက်လာတာလဲ ခပ်ကောင်းကောင်းပဲ၊ ကျွန်တော့်မှာ ပြောစရာတွေရှိနေတယ်'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီး၏မျက်လုံးများသည် ဝင်းလက်တောက်ပြောင်နေသည်။

'အင်း...ဆိုစမ်းပါဦး၊ ဘာယ်လိုအကြောင်းထူးတွေများလဲ ကွယ့်'

ဝတ်စုံပြာနှင့်လူ မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်၏။

'ဒေါ်လေးချူကို အထူးခြားဆုံးသတင်းတစ်ခုပြောရမယ်၊ အခုတလော ကျွမ်းယန်မြို့နယ်ဘစ်ဂိုက်မှာ လိန်လန်းနယ် အန်ဂေဟာက လူတော်တော်များများ လှုပ်ရှားနေတာကို မြင်ရတယ်'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီး၏ နှုတ်ခမ်းအစုံတွင် ပြုံးယောင်သမ်းသွားသည်။

'ဘာလဲ...အန်အိလေဂက်ကိုပြောတာလား',

ဝတ်စုံပြာနှင့်လူက အံ့သြလျက် ပါးစပ်အဟောင်းသားဖြစ်သွားသည်၊

ဒေါ်လေးချူ သူတို့နဲ့တွေ့ခဲ့လို့လား'

သူမက ပြန်မဖြေ ရယ်မောလျက် ဆက်မေးလိုက်ပြန်၏၊

'နောက်ထပ်ကော ဘယ်သူတွေနဲ့ တွေ့ခဲ့သေးသလဲ'



ဝတ်စုံပြာနှင့်လူက မဆိုင်းမတွ ဖြေလိုက်သည်၊

'စေ့ချမ်းနယ် ထန်ဂေဟာက လောင်စန်းနဲ့ လျှောင်ချိုတို့လဲ ရောက်နေကြတယ်'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးက အားပါးတရရယ်မောရင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်၊

'အင်း...မင်းက အားလုံးကို တွေ့မြင်ပြီးပြီကိုး၊ ဒါပေမယ့် မင်းမသိသေး မမြင်သေးတာတွေ ရှိသေးတယ်ကွယ့်'

'ဘယ်သူတွေလဲ ဒေါ်လေးချူ၊ ဘယ်အဖွဲ့အစည်းတွေက များလဲ'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီး၏မျက်နှာသည် တည်ငြိမ်သွားသည်၊ တစ်စုံတစ်ခုကို အလေးအနက်ပြု၍ ပြောဆိုမည့်ပုံပေါ်နေသည်၊

သူမက တစ်လုံးချင်းပြောလိုက်သည်၊

'ဟို...ရွှောင်...လင်...ကျောင်း'

ဝတ်စုံပြာနှင့်လူက ရုတ်တရက် ရယ်မောလိုက်သည်၊

'ဟို...ရွှောင်လင်ကျောင်းက အဆင့်သုံးလောက်ရှိတဲ့ သိုင်းသမားကြီးကိုပြောတာလား၊ သူက လိုယမ်းမြို့က လိုက်လာခဲ့တာပဲ၊ ကျွန်တော်ကတောင် သူ့လက်ပေါ်းကိုလွှတ်ပြီး ချင်းခိုင်း လိုက်ရသေးတယ်'

ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးက ရယ်မောနေပြန်သည်၊

'မင်းပြောတာ လိုသေးတယ်'

ဝတ်စုံပြာနှင့်လူက ထပ်မံပြောလိုက်ပြန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်ယောက်ရှိသေးတယ်၊ သူ့နာမည်က စိုးကျော်ယောင်လို့ခေါ်တယ်၊ သိုင်းပညာအဆင့်လဲ အတော်မြင့်မားတယ်၊ ဒါပေမယ့် သူဟာ ဘယ်သမ်းကလိုက်ပြီး လျှပ်ရှားနေတယ်တော့မသိဘူး'

စိုးကျော်ယောင်၊

ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးက တိုးညင်းသောလေသံဖြင့် ရေရွတ်လိုက်သည်၊ သူမကိုယ်တိုင် အံ့သြသွားဟန်တူသည်၊

'အဲဒီလူရဲ့ နာမည်ကို တစ်ခါမှ မကြားဖူးပါလား၊ သူက ဘယ်လိုလူလဲ၊ ငါ့ကိုပြောစမ်းပါဦး'

ဝတ်စုံပြာနှင့်လူက စိတ်ရှည်လက်ရှည်ရှင်းပြနေသည်၊

'အဲဒီလူဟာ အသက်နှစ်ဆယ်လောက်ပဲရှိဦးမယ်၊ ရုပ်ရည်တော်တော်ကလေးချောမောတယ်၊ သူဟာ ဘယ်ဘက်သက်ကို အသုံးချတတ်တဲ့အကျင့်ရှိတယ်လို့ ကျွန်တော် အကဲခတ်မိတယ်'

အမျိုးသမီးက မျက်တောင်ကော့ကလေးကို တဖျပ်ဖျပ်ခတ်ရင်း စိတ်ဝင်စားစွာနားထောင်နေလေသည်၊

'လှုပ်ရှားမှု အကြောင်းရင်းကို မသိသေးတဲ့ လူသစ်တစ်ယောက်ပဲပေါ့၊ ဒါပေမယ့် ငါဆိုလိုတာက ကျင်းခိုင်ထိုက်ဆိုတဲ့ လူကြီးကိုပြောနေတာ'

ဤတွင် ဝတ်စုံပြာနှင့်လူ၏မျက်နှာဝယ် ထိတ်လန့်မှု၏အရိပ်အယောင်များ ဖြတ်ဘန်းသွားသည်။

'ကျင်းခိုင်ထိုက်...ဟုတ်လား၊ ဒေါ်လေးချူ၊ သူလဲ ဒီကို ရောက်နေပြီလား'

ပန်းရောင်အမျိုးသမီးက တစ်ကိုယ်ရေအနေနှင့် ပြုံးနေ၏၊



'ကျင်းခိုင်ထိုက်ဟာ အခုဆိုရင် ထိုက်ဟိုမြို့က ရွှေမန်းအိုးစားသောက်ဆိုင် ဧည့်ခန်းဆောင်မှာရှိနေတယ်'

စိုးကျော်ယောင်က တိတ်တဆိတ် နားထောင်နေရာမှ သူတို့၏ လှုပ်ရှားမှုကို အထူးဖင်အံ့သြနေမိသည်၊ အမျိုးသမီးအား စိတ်ထဲမှကြိတ်ပြီး ချီးကျူးနေလိုက်မိသည်၊

'ထောက်လှမ်းရေးတော်တော်ကောင်းတဲ့ အမျိုးသမီးတစ်ယောက်ပဲ၊ ဆရာကြီးကျင်း တယ်နေရာမှာ ရှိနေတယ်ဆိုတာကိုတောင် အတိအကျပြောနိုင်နေပါလား'

ဝတ်စုံပြာနှင့်လူ၏မျက်နှာဝယ် ဒေါသရိပ်များတလိပ်လိပ်တက်နေသည်ကို တွေ့မြင်လိုက်ရသည်၊

'သူတို့တွေဟာ ကျွန်တော်တို့ကို နောက်ယောင်ခံလိုက်နေကြပြီ၊ ကျွန်တော်သွားမယ့် ခရီးဆုံးထိအောင်များ လိုက်လာခဲ့ရင် ကျွန်တော်တို့ရဲ့လုပ်ငန်းတွေ ထိခိုက်ပျက်ပြားတော့မှာ အမှန်ပဲ၊ သူတို့ကို အကြောင်းပြလိုက်မှဖြစ်တော့မယ်'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးက ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်၊

'အဲဒီအဖွဲ့သုံးဖွဲ့က လူတွေအားလုံးဟာ တန်ပြန်တိုက်ခိုက်ဖို့ မလွယ်ဘူးကွယ့်၊ ဒီတော့ အကောင်းဆုံး နည်းလမ်းကယော့မင်းအလုပ်ကို ပြီးအောင်သာ ဆက်လုပ်၊ ဖြစ်ပေါ်လာခဲ့အနှောင့်အယှက် အတားအဆီးတွေကိုတော့ ငါ့တာဝန်ဘာမဟုတ်ဘူးလား'

ဝတ်စုံပြာနှင့်လူက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်၊

'ဒီလိုဆိုရင် ကျွန်တော် စိတ်ချသွားပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံပြာနှင့်လူက ရုတ်တရက် တိုင်ရာမှ ထရပ်လိုက်သည်။

'ဒေါ်လေးချူ… နောက်ထပ် မှာကြားစရာမရှိရင် ကျွန်တော်တို့ သွားတော့မယ်'

မန်းရောင်ဝတ်စုံနှင့်အမျိုးသမီးကသူ့ အောင်းကို ပျော့ပျောင်းစွာ ညိတ်ပြလိုက်သည်။

ဝတ်စုံပြာနှင့်လူသည် ကိုယ်ကို ကိုင်းညွတ်၍ အမျိုးသမီးအား အရိုအသေပြုလိုက်ပြီး ဘုရားကျောင်း ခန်းမဆောင်မှ ခြေလှမ်းကျဲကြီးများဖြင့် လှမ်းထွက်သွားလေတော့သည်။

တံခါးဝတွင် ရပ်နေသော ဝတ်စုံစိမ်းဝတ် သံလက်ဝါးသည်လည်း ဝတ်စုံပြာနောက်သို့ လိုက်ပါသွားလေတော့သည်။

✻

## အခန်း (၃၄)

### မိန်းမလှကလေးနှင့်လျှို့ဝှက်သက်နက်ဆန်း

ဝတ်စုံပြာနှင့် ဝတ်စုံစိမ်းတို့နှစ်ယောက် ထွက်ခွာသွားသည်တွင် စိုးကျော်ဟောင်သည် ပုန်းကွယ်နေရာမှ တိတ်တဆိတ် ထွက်လာခဲ့သည်။

ဝင်းနံရံအနောက်တွင် ဘုရားကျောင်းဆောင် အတွင်းသို့ လှမ်းကြည့်လိုက်သည်။

လူရိပ်လူယောင် တစ်စုံတစ်ရာကိုမျှ မရှိတော့သည်ကိုတွေ့ရှိရသည်။ မန်းရောင်ဝတ်စုံနှင့် အမျိုးသမီးလည်း ပျောက်ကွယ်သွားလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



စို့ကျိုဟောင်သည် ဝင်းနံရံအစး ခုန်လွှားကျော်တက်လိုက်သည်။ တစ်ဖက်မြေပေါ်သို့ အသာအယာ ကျသွားသည်။

ဤတွင် ရယ်မောသံလွင်လွင်ကလေးကို ကြားလိုက်ရသည်။

သည့်နောက်တွင်ကား ချိုလွင်သော စကားပြောသံ ပေါ်ထွက်လာသည်။

'သွားတော့မလို့လား၊ နေပါဦးရှင်— စကားလေး ဘာ လေး ပြောရအောင်....'

စို့ကျိုဟောင် မျက်လုံးပြူးသွားသည်။ သူသည် ဆည်းလည်းသံကလေးလာရာဆီသို့ မှန်းမျှော်ကြည့်လိုက်သည်။

သူ တွေ့လိုက်သည်။

ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးသည် သူနှင့် မလှမ်းမကမ်းတွင်ရပ်လျက် ရယ်မောနေသည်။

သူ၏မျက်နှာပေါ်တွင် အပြုံးပန်းများ ပန်ဆင်ထားသည်။ ရွှန်းလဲ့တောက်ပသော သူမ၏မျက်လုံးအစုံသည် စို့ကျိုဟောင်အား စူးစိုက်ကြည့်ခန်၏။

စို့ကျိုဟောင် ရင်သည် ခုန်နေ၏။ လှုပ်ရှားခန်၏။

သူမ၏ လှုပ်ရှားမှုများသည် လေကဲ့သို့ လျင်မြန် ပေါ့ပါးလှပေသည်။

စို့ကျိုဟောင်က ရှက်ကိုးရှက်ကန်းဖြင့် ရယ်မောနေသည်။ ပြီးမှပြောမိပြောရာ ပြောလိုက်၏။

'မမလေးရဲ့ ကိုယ်ဖော့ပညာဟာ တော်တော့်ကို အဆင့်မြင့်တယ်နော်....'



ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီး၏ မျက်နှာထားသည်ပြောင်းလဲသွားပြန်သည်။

မျက်နှာပေါ်တွင် အပြုံးရိပ်ကလေးများ ပျောက်ကွယ်သွားသည်။

'ရှင် ဘယ်သူလဲ၊ ရှင့်ကို ဘယ်သူက စေလွှတ်လိုက်တာလဲ'

စို့ကျိုဟောင်က အမျိုးသမီး၏မျက်နှာကို တစ်ချက်လှမ်းကြည့် အကဲခတ်လိုက်ရင်း ပေါ့ပေါ့တန်တန်ပင် ပြောလိုက်၏။

'ကျွန်တော် ဒီတောအုပ်ကို ဖြတ်ပြီး လျှောက်လာရင်း မီးရောင်မြင်တာနဲ့ ဝင်ကြည့်မိတာပါ၊ ဘာအကြောင်းမှ မရှိပါဘူး—'

ပန်းရောင်ဝတ်စုံ ဝတ်ဆင်ထားသော မိန်းကလေးသည် ထေ့ခထေ့ ကလေး ပြုံးလိုက်၏။

'ဟင်း... ရှင်ဟာ ထိုက်ဟိုမြို့ကနေပြီး ကျွန်မကို နောက်ယောင်ခံလိုက်လာတာ မဟုတ်လား၊ ရှင်က ကျွန်မကို မသိဘူးများ မှတ်နေသလား'

စို့ကျိုဟောင် နောက်ယောင်ခံလိုက်လာသူသည် ပန်းရောင်ဝတ်စုံဝတ်အမျိုးသမီးဖြစ်နေလေသည်။

စို့ကျိုဟောင်ကငြင်းချက်ထုတ်မနေတော့၊ အသာတကြည်ပင် ပန်ခံလိုက်သည်။

'ကျွန်တော် အမှန် အတိုင်း ပြောပါ့မယ်၊ ထိုက်ဟိုမြို့က အထွက်မှာ ရှေ့က ပြေးလွှားနေတဲ့ အရိပ်တစ်ခုကို လှမ်းမြင်လိုက်ရတယ်၊ ပြေးလွှားပုံကလေးက လေလို လျင်မြန်ပေါ့ပါးလွန်းလို့ ကျွန်တော် တအံ့ တဩ ဖြစ်နေမိတာပါ၊ ဘယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဝါဆိုတာ၊ သိချင်တဲ့စိတ်ပြင်းပြနေတာနဲ့ နောက်ယောင်ခံလိုက်လာမိတာပါ၊ အခုတော့ အဲဒီအရိပ်ဟာ မမလေးဖြစ်နေတယ်၊ တခြားရည်ရွယ်ချက်တစ်စုံတစ်ရာမရှိပါဘူး၊ အခုလို ပြုမိတဲ့အတွက် မမလေးအနေနဲ့ အနှောင့် အယှက် ဖြစ်မယ်ဆိုရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါရစေ'

စိုးကျော်ဟောင်သည် အမျိုးသမီးအား လက်ဖမိုးအုပ်၍အရိုအသေ ပြုလိုက်သည်။

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးက သူ့အား စေ့စေ့ကြည့်လိုက်သည်။

'တယ်လွယ်ပါလား...၊ ဒီလို လွယ်လွယ်ပြောလို့ ပြီးစတမ်းလား'

စိုးကျော်ဟောင် မျက်မှောင်ကြုတ်သွားသည်။

'မမလေးက ဘာဆိုလိုတာလဲ'

အမျိုးသမီးက ရယ်ကျဲကျဲဖြင့် ပြောလိုက်ပြန်သည်။

'ရှင် ကျွန်မနဲ့လိုက်ခဲ့'

စိုးကျော်ဟောင် ဟက်ဟက်ပက်ပက် ရယ်မောလိုက်၏။

'မဖြစ်နိုင်တာ မမလေးကလဲ...၊ ကျွန်တော့်ကို စနေတာလား'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးမျက်နှာ ထင်းမာသွားသည်။

'ကျွန်မက ဘယ်သူ့ကိုမှ မနောက်တတ်၊ မပြောင်တတ်ဘူးရှင့်'

စိုးကျော်ဟောင် စဉ်းစားမိသည်။



အမျိုးသမီး၏မျက်နှာသည် အပြောင်းအလဲမြန်သည်။ ခုပြုံးလိုက်၊ ခုရယ်လိုက်၊ ခုမဲ့လိုက်နှင့် အပြောင်းအလဲ အလွန်များသည်။

စိတ်သဘောထားသည်လည်း ထိုနည်းနှင်နှင်ရှိတော့မည်။

ထို့ကြောင့် အမျိုးသမီးထံမှ အမြန် ထွက်ခွာသွားလျှင် ကောင်းမည်ဟု စိုးကျော်ဟောင် စိတ်ကူးမိသည်။

သို့ရှိနေစဉ် စိုးကျော်အောင်၏နောက်မှ တစ်စုံတစ်ရာလှုပ်ရှားမှုကြောင့် လေဟာပ်သွားသည်ကို သိလိုက်ရသည်။

ထို့ကြောင့် နောက်သို့ ရှုတ်တရက်လှည့်ကြည့်လိုက်မိသည်။

လှုရိပ်နှစ်ခု လှစ်ခနဲ သူ့အနားသို့ ရောက်ရှိလာသည်ကို တွေ့လိုက်ရတော့၏။

ရှုတ်တရက်သော် သူသည် ထိတ်လန့်သွားမိသည်။ ချက်ချင်းပင် သူ့ကိုယ်သူ ကာကွယ်ရန် ဟန်ပြင်လိုက်သည်။

ပန်းရောင်ဝတ်စုံဝတ် အမျိုးသမီးက လက်တစ်ဖက်ဖြင့် ဝှေ့ယမ်းပြရင်း ခပ်ထန်ထန်လေသံဖြင့် ပြောလိုက်သည်။

'ဟိတ်...မင်းတို့နဲ့မဆိုင်ဘူး၊ နောက်ဆုတ်ကြ'

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရိပ်နှစ်ခုသည် ချက်ချင်းပင် လေ၏လျှပ်မြန်ခြင်းမျိုးဖြင့် နောက်သို့ ဆုတ်ခွာပျောက်ကွယ်သွားလေတော့၏။

ထိုလူရိပ်နှစ်ခုသည် မည်သူတွေဖြစ်လေသနည်း။ ရွေ့လျား လှုပ်ရှားမှုသည် လျင်မြန်လွန်းလှသည်။

သူသည် စိတ်တွင်းမှ ကျိတ်၍ ချီးကျူးနေမိပြန်သည်။

ပန်းရောင်ဝတ်စုံဝတ်အမျိုးသမီးက စိုးကျော်ဟောင်အား စိုက် ကြည့်ရင်းမှ ပြုံးယောင် ပြုံးဟန်ဖြင့် မေးမြန်းလိုက်သည်။

'ရှင် ရှုပ်ဖျက်ထားသလား'

သူက အေးစက်စက်ဖြင့်ပြန်ပြောလိုက်သည်။

'ကျွန်တော် မှာ အချိန်မရှိတော့လို့ ခွင့်ပြုပါဦး'

ပြောပြောဆိုဆိုပင် သူသည် ထွက်ခွာသွားရန်ဟန်ပြင်လိုက် သည်။

ပန်းရောင်ဝတ်စုံဝတ် အမျိုးသမီးက ခိုးခိုးခစ်ခစ် ရယ်မော နေပြန်သည်။

'နေပါဦး ရှင့်၊ ရှင် ကျွန်မမေးခွန်းကို မဖြေသေးဘူးလေ ဒီလိုသွားလို့ ဘယ်ဖြစ်ပါမလဲ၊ ရှင်သွားလို့မရသေးပါဘူးရှင်'

ရုတ်တရက် သူမ၏ လက်တစ်ဖက်က လှုပ်ရှားသွားသည်။

သူမ၏ ညာဘက်လက်သည် အထက်သို့ မြောက်တက်သွား သည်ကို တွေ့လိုက်ရ၏။

ဤတွင် သူမ၏ ညာလက်အင်္ကျီလက်ပွအတွင်းမှသေးသေး မျှင်မျှင် ချည်မျှင်ကြိုးစတစ်စ လွင့်ပါး၍ထွက်လာသည်။ စိုးကျော် ဟောင်၏ခြေထောက်ကို လာရောက်ရစ်ပတ်လေတော့သည်။



သူ၏အသိစိတ်တွင် သေးမျှင်သော ချည်မျှင်စလေးတစ်စက သူ၏ခြေထောက်အား တင်းတင်းဆွဲထားသည်ဟု ထင်မှတ်လိုက် မိသည်။ ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးသည် ခစ်ခနဲ တစ်ချက် ရယ်လိုက်၏။

ပြီးနောက် သူမ၏နှုတ်ဖျားမှ ချိုလွင်သော အသံကလေး ထွက်ပေါ်လာပြန်သည်။

'ရှင် မသွားတော့ဘူးလား၊ ဘာဖြစ်လို့ရပ်နေတာလဲ'

စိုးကျော်ဟောင် အံ့သြသွားသည်။

မမလေးက 'ဘာတွေနဲ့များ ကျွန်တော့်ကို ဖမ်းဆွဲထားရ တာလဲ'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးက ထေ့ထေ့ကလေး ပြုံး ရယ်နေပြန်သည်။

'ပန်းနုရောင် ချည်မျှင်ကြိုးကလေးပါ'

တစ်ဖန် သူမ၏ ဘယ်ဘက်လက်သည် လျင်မြန်စွာလှုပ်ရှား လိုက်ပြန်သည်။ သူမ၏လက်မှ သေးမျှင်သော အနက်ရောင်ချည် မျှင်ကြိုးစတစ်စသည် စိုးကျော်ဟောင်၏ခေါင်းဆီသို့ တိုးဝင်သွား သည်ကို တွေ့လိုက်ရ၏။

သူသည် ရုတ်တရက် ရှောင်ရှားလိုက်သော်လည်း အချိန် မရလိုက်ဘဲရှိတော့၏။ သူ၏ဦးခေါင်းဆံထဲသို့ တစ်စုံတစ်ခုက နှင့်ခနဲဝင်သွားသည်ကို ခံစားလိုက်ရ၏။

စိုးကျော်ဟောင်၏ စိတ်ထဲတွင် သူ၏ဆံစတွင်းသို့ လက်နက်ကို ပုန်းတစ်ခုစုးဝင်နစ်မြုပ်သွားသည်ဟု တစ်ထစ်ချ မှတ်ယူမိများ သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်း ဟင်း ဟင်း'

အမျိုးသမီး၏ရယ်သံက လှောင်သလိုလို မြှောင်သလိုလို ထွက်ပေါ်လာသည်။

'ရှင် သိပ်ကြောက်သွားသလား၊ ရှင် ဘာမေးချင်သလဲ၊ ကျွန်မက ရှင့်ဦးခေါင်းကို ဘာနဲ့မစ်တယ်ဆိုတာကို သိချင်သေးသလား၊ သိချင်ရင် ကိုယ့်လက်နဲ့ကိုယ် ဖြုတ်ယူ ကြည့်ပါလား ရှင်....'

စိုးကြီဟောင်က သူ၏ဦးခေါင်းထိပ်ထိုးတွင် ဖူးဝင်နေသော အရာကိုလက်ဖြင့် စမ်းယူကြည့်လိုက်၏၊ သေငယ်သော လက်နက်ပုန်းလေးတစ်ချောင်း ဖြစ်နေသည်။

တိတိပပပြောရလျှင် လက်မဝက်ခန့်ရှိသော ပန်းထိုးအပ်ကလေးတစ်ချောင်းသာတည်း။

မျှင်း
ဟော:

# အခန်း (၃၅)

## အတားအဆီးဟူသမျှ ကျော်ဖြတ်မည့်သူ

အပ်နဖားတွင် ကြိုးမျှင်အနက်စကလေး ချည်နှောင်ထားသည်။ ချည်ကြိုးမျှင်၏ တစ်ဖက်စမှာ ထိုအမျိုးသမီးလက်ဝယ်ကိုင်ထားသည်။

ယင်းအပ်ကလေးတွင် ပြင်းထန်သောအဆိပ်များ လိမ်းကျံထားလိမ့်မည်ဟု သူ တွက်ဆမိသည်။

အမျိုးသမီးသည် ရုတ်တရက်သူမ၏ လက်နှစ်ဖက်စလုံးကို တစ်ပြိုင်တည်း လှုပ်ရှားလိုက်ပြန်၏။ သူမ၏ချည်မျှင်ကြိုးစများကို ပြန်လှည့်ရုပ်သိမ်းလိုက်ခြင်းပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခြေတွင် ရစ်ပတ်နေသော ကြိုးစသည် ပြေလျော့ပါသွားလေတော့သည်။ စိုးကျော်ဟောင်လက်တွင် ကိုင်ထားသော အပ်ကလေးသည်လည်း လွှစ်ခနဲ လက်မှ လွတ်ထွက်သွားလေတော့သည်။

သူမ၏မျက်နှာတွင် အောင်နိုင်သူ၏ အပြုံးပန်းများ ပွင့်နေသည်။

'ရှင် နတ္တုပြီမဟုတ်လား၊ ကျွန်မရဲ့ ချည်မျှင်ကြိုးစကလေးရဲ့ ထိပ်မှာ အပ်ကလေးရှိတယ်၊ အပ်ကလေးဆိုလို့ အထင်မသေးနဲ့နော်၊ အဲဒီအပ်ကလေးစူးမိရင် အဆိပ်က သိပ်ပြင်းတယ်၊ ဘုန်းခနဲ လဲကျသွားနိုင်တယ်....

ရှင့်ခြေထောက်မှာ ရစ်ပတ်နေတဲ့ ချည်မျှင်စက ရှင့်ဖိနပ်ကိုစူးနေတာပါ၊ ဒါကြောင့် ရှင့်အသက်ကိုသေမှာ မစိုးရိမ်ရပါဘူး'

သူက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

'မမလေးက ကျွန်တော့်ကိုတားဆီးနေတာ ဘာမေးချင်လို့လဲ၊ မေးစရာရှိရင်မေးပါ'

အမျိုးသမီးက ရယ်မောလိုက်ပြန်သည်။

'အို...မေးစရာတွေက အများကြီးပေါ့၊ ကဲ...ကျွန်မ မေးပါပြီတဲ့၊ ရှင့်နာမည် ဘယ်လိုခေါ်သလဲ၊ ဘယ်အဖွဲ့ကလဲ၊ ဘယ်သူကစေခိုင်းလို့ ကျွန်မနောက်ကို လိုက်လာတာသဲ၊ ကဲ...ဖြေစမ်းပါဦး၊ ကျွန်မနားရှင်းအောင်ဖြေရှင် ရှင့်ကို ကျွန်မ ပြန်လွှတ်မယ်'



သူက ခပ်တည်တည်ဖြင့် တုံးတိတိဖြေလိုက်သည်။

'ကျွန်တော် ဖြေဖို့မလိုပါဘူး'

အမျိုးသမီးလေး ဒေါပွသွားသည်။ လှပသော မျက်နှာကလေးတင်းမာသွား၏။

'အင်း...ရှင်က ကျွန်မကိုဒီလိုပဲဖြေတယ်ပေါ့ ဟုတ်လား'

စိုးကျော်ဟောင်က ခပ်အေးအေး ခပ်တိုတိုပင် ပြန်ဖြေလိုက်လေသည်။

'ဟုတ်တယ်'

အမျိုးသမီးက တဟားဟားဖြင့် ကျယ်လောင်စွာ ရယ်မော လိုက်သည်။

'ရှင် ကျွန်မ ဘယ်သူဘယ်ဝါ ဆိုတာ မသိသေးဘူး ထင်တယ်'

သူက ခေါင်းကို ခါယမ်းပြလိုက်သည်။

'သိဖို့မလိုပါဘူး၊ ဒါပေမယ့် ကျုပ် တစ်ခုတော့ သိတယ် ခင်ဗျားဟာ သိပ်လှတယ်'

အမျိုးသမီး၏မျက်နှာသည် ရုတ်ခြည်း နီမြန်းသွားသည်ကို စိုးကျော်ဟောင်သတိပြုမိလိုက်သည်။

သူမက စိုးကျော်ဟောင် ပြောလိုက်သည့်စကားကို မကြား သယောင်ပြု၍ ဆက်ပြောလေသည်။

'ကျွန်မနာမည်ကိုရှင်သိရင် ကျွန်မရဲ့လက်စသတ်သော သိ လောကမှာ ဘယ်လောက်ကျော်ကြားခဲ့သလဲဆိုတာ ရှင်သိလိ မယ်'

www.burmeseclassic.com

www.burmeseclassic.com



စို့ကျော်ဟောင်က ခပ်ပြုံးပြုံးပင်၊

'ကျွန်တော် အချိန်သိပ်မရတော့ဘူး၊ ဒါကြောင့် ခင်ဗျားနဲ့ ဆက်စကားမပြောနိုင်တော့ဘူး'

ဤတွင် ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးက စို့ကျော်ဟောင်ရှေ့သို့ကာဆီးပိတ်ဆို့ရပ်နေလိုက်သည်၊

'ရှင် သွားလို့မဖြစ်သေးဘူး၊ ကျွန်မကို ရှင်ဘာမှမပြောသေးဘဲနဲ့ ထွက်သွားဖို့ စိတ်မကူးလိုက်ပါနဲ့'

စို့ကျော်ဟောင် မျက်ခုံးများ တွန့်တက်သွား၏၊ သူသည် အမျိုးသမီးကို အတန်ငယ် စိုက်ကြည့်လိုက်သည်၊

'ကျွန်တော်သွားမယ်ဆိုရင် ဘယ်သူမှတားဆီးလို့မရဘူး'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးကလည်း စို့ကျော်ဟောင်နည်းတူ သူမ၏ လှပသော မျက်ခုံးကလေးများကိုပင့်တင်ပြီး ပြုံးနေလိုက်သည်၊

'ဒီလိုဆိုရင် ရှင်စမ်းကြည့်ပါလား'

စို့ကျော်ဟောင်က အမျိုးသမီး၏မျက်နှာကိုစိုက်ကြည့်ပြန်၏၊ ကြောက်စရာအသွင်မမြင်၊ ချစ်စဖွယ်သာမြင်သည်။

'ခင်ဗျား ကျွန်တော်နဲ့ယှဉ်ပြိုင်မယ်ဆိုတဲ့သဘောလား'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးက ကိုယ်ကလေး လှုပ်ရှားသွားအောင်ရယ်မောလိုက်သည်၊

'အဟင်း....ရှင်က ကျွန်မနဲ့ ပြိုင်ဖက်မှ မဟုတ်တာပဲ၊ ရှင်ကျွန်မကို နိုင်မှာတဲ့လား'

သူက အားစက်စက် ရယ်မောလိုက်၏၊ အမျိုးသမီး၏ တစ်ဖက်သတ်အထင်ကြီးမှုကြောင့် မခံချိမခံသာဖြစ်နေမိ၏၊



'ဟဲ...ဟဲ...ကျွန်တော်ကတော့ ဒီလိုမထင်မိပါဘူး'

ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးသည် တောက်ပသော မျက်တောင်ကော့ကလေးများဖျပ်ဖျပ်ခတ်ရင်း သူ့ကိုပြုံး၍ကြည့်နေလေသည်၊

'ကောင်းပြီ၊ သိုင်းကွက်ဆယ်ကွက်ပြည့်အောင် ခုခံတိုက်ခိုက်နိုင်မယ်ဆိုရင် ကျွန်မတို့ ရှင့်ကို သွားခွင့်ပြုမယ်'

ရုတ်တရက် သူမ၏လက် စထွက်လာသည်။ ဘယ်လက်ကို မြှောက်လိုက်ပြီး လေ၏ အလျင်နှုန်းဖြင့် စို့ကျော်ဟောင်အနီးသို့ တိုးဝင်လာ၏။

❖

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၃၆)

လက်ရည်စမ်းသည့် တိုက်ပွဲဇာရေး

အမျိုးသမီး၏ ဘယ်လက်သည် ရိုက်တော့မလို၊ ထုတ်တော့မလို ဟန်အမျိုးမျိုးအယောင်ပြရင်း စိုးကျော်ဟောင်၏ ပခုံးဆီသို့ လှစ်ခနဲထိုးသွင်းလိုက်တော့သည်။

စိုးကျော်ဟောင်က ကိုယ်ကို အနည်းငယ်တိမ်းပေးလိုက်၏။ တစ်ချိန်တည်းမှာပင် သူ၏ညာလက်က ရုတ်တရက် ဆန့်ရင်း ဟန်ပြင်လိုက်သည်။

ကောင်းကင်မှလာသော တိမ်တိုက်အခည်း'တွင်သည့် သိုင်းကွက်ကို ပြင်လိုက်ခြင်းဖြစ်သည်။



ပန်းရောင်အမျိုးသမီး၏လက်သည် စိုးကျော်ဟောင်၏ ပခုံးကို မဆုပ်မိဘဲ လေကိုသာ ထိုးမိသွားလေသည်။ သူမ၏ လက်ကို ရုတ်ခြည်းပြန်သိမ်းလိုက်၏။

တစ်ဆက်တည်းမှာပင် စိုးကျော်ဟောင်၏ ဘယ်ဘက်ခါးကို ညာလက်ဝါးဖြင့် ရိုက်ချလိုက်သည်။

စိုးကျော်ဟောင်က တစ်ဖက်သို့တိမ်းရှောင်လိုက်ပြီးဘယ်လက်ဖြင့် အမျိုးသမီး၏ရိုက်ချက်အား တွန်းလှန်ရိုက်ပုတ်ထုတ်လိုက်သည်။

အမျိုးသမီးသည် ရုတ်တရက်နောက်သို့ခုန်ဆုတ်သွားသည်။ သူမသည် ချက်ချင်းပင် တိုက်ကွက်ကိုပြောင်းလိုက်သည်။

အမျိုးသမီး နောက်ထပ်တိုက်ခိုက်လာသောတိုက်ကွက်များသည် ဆန်းပြားလှသည်။

လျင်မြန် ပေါ့ပါးသွက်လက်သည်။

သူ၏လက်ဝါးရိုက်ချက်များသည် စိုးကျော်ဟောင်ထံသို့ လျှပ်စီးအောင်ပင် ကျရောက်လာသည်။

သူမ၏ရိုက်ချက်များသည် လေကဲ့သို့ လျင်မြန်လှသည်။

စိုးကျော်ဟောင်သည် အနည်းငယ် ထိတ်လန့်တကြားဖြစ်သွားမိသည်။

အတွင်းအားများကို စုစည်းလျက် သူက အမျိုးသမီးအား လျှပ်တစ်ပြက် တိုက်စစ်ဆင်လိုက်ရသည်။

အမျိုးသမီးသည် သူမ၏လက်နှစ်ဖက်ဖြင့် ခုခံကာကွယ်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးသည် စို့ကျိဟောင်၏ လက်ပြန်တိုက်ကွက်များကို တစ်ကွက်ပြီးတစ်ကွက် ခုခံနေရသည်။

စို့ကျိဟောင်၏တိုက်ကွက်ဆန်းများကို တစ်စ တစ်စ မျက်ဝါးထင်ထင် မြင်လာသည်။

နောက်ဆုံးတွင် သူမသည် ကိုယ်ကလေးကို နွဲ့စောင်းကာ တစ်ဖက်သို့ ရှောင်ထွက်သွားတော့သည်။

သူက စို့ကျိဟောင်အား ရွှန်းရွှန်းစားစား လှမ်းကြည့်၏။

'ရှင့် ဆရာသမား ဘယ်သူလဲ'

စို့ကျိဟောင်က အသာအယာခေါင်းခါလိုက်သည်။

'ကျွန်တော်မပြောနိုင်တာ ဝမ်းနည်းပါတယ်၊ ကျွန်တော့်ဆရာသမားဟာ သူ့ရဲ့အမည်ကို လူသိမခံလိုပါဘူးခင်ဗျာ'

ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးက ခစ်ခနဲတစ်ချက်ရယ်လိုက်သည်။

'ရှင့် လက်ကွက်တွေကို နောက်ထပ်အကဲခတ်ကြည့်ရင် ရှင့်ဆရာ ဘယ်သူလဲဆိုတာ သိနိုင်ပါတယ်'

အမျိုးသမီးသည် ရုတ်တရက် စို့ကျိဟောင်ထံသို့ ခုန်လွှားရောက်ရှိလာသည်။

သူမ၏လက်နှစ်ဖက်စလုံး တစ်ပြိုင်တည်းထွက်လာပြီး စို့ကျိဟောင်၏ ပခုံးနှစ်ဖက်အား လှမ်းဖမ်းလိုက်သည်။

သူမ၏ လက်အစုံသည် ပျော့ပျောင်းလှသည်။ သူမ၏လက်ဆယ်ချောင်းစလုံးတွင် ချွန်ထက်သော လက်သည်းများရှိသည်။

ထိုလက်သည်းချွန်များ ထားရှိခြင်းသည် ထူးခြားသည်ဟု



စို့ကျိဟောင် ထင်မိ၏။ လက်သည်းချွန်များတွင် အဆိပ်ရည်များ သုတ်လိမ်းထားနိုင်သည်။

ဤတွင် စို့ကျိဟောင်သည် ရုတ်တရက်ခြေတစ်လှမ်းနောက်သို့ ခုန်ဆုတ်လိုက်၏။

သူ၏ညာဘက်လက် မြောက်တက်သွားပြီး အားဖြင့်ရိုက်ချလိုက်သည်။

တစ်ဆက်တည်းမှာပင် ဘယ်လက်ကို ဆန့်ထုတ်လိုက်ပြီး အမျိုးသမီး၏ညာလက်ကို ဖမ်းဆုပ်လိုက်သည်။

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးသည် အထိတ်တလန့်ဖြင့် သူမ၏လက်များကို အလျှင်အမြန်ရုပ်လိုက်၏။

စို့ကျိဟောင်သည် သူမ၏လက်အား မဆုပ်မိသော်လည်း တစ်မုဟုတ်ချင်းပင် သူမ၏ထုတ်ပြီးသားလက်ကို ပြန်ရုပ်သိမ်းခြင်းမပြုဘဲ လက်ငါးချောင်းကိုကွေးလျက် သူ၏ပခုံးအားလှမ်းဆွဲလိုက်သည်။

အမျိုးသမီးက သူမ၏ပခုံးအား ရုတ်တရက် အောက်သို့နှိမ့်၍ သူမ၏ကိုယ်ကိုပါ လှစ်ခနဲ တိမ်းရှောင်လိုက်တော့သည်။

တစ်ဆက်တည်းမှာပင် စို့ကျိဟောင်၏ လက်တစ်ဖက်အား သူမ၏ညာလက်ဖြင့် ရိုက်ချလိုက်သည်။

ဖတ်ခနဲအသံမြည်သွားသည်။

သူမ၏လက်နှင့် စို့ကျိဟောင်၏လက်တို့ ထိခတ်မိသွား၏။

သို့သော် ရိုက်ချလိုက်သော သူမ၏လက်ကို စို့ကျိဟောင်၏ လက်တွင် ဖမ်းဆုပ်ထားသား ဖြစ်သွားသည်။

ဤတွင် စို့ကျိဟောင်၏လက်သည် အင်အားကုန်သုံးသည် သူမ

www.burmeseclassic.com

www.burmeseclassic.com



၏လက်မောင်းတစ်ချောင်းအတွင်းသို့ စူးဝင်သွားသည်။ လျှပ်စစ်နှင့် တို့ထိမိလိုက်သည့်အလား ကျဉ်တက်သွားသည်။

သူမသည် ထိတ်လန့်တုန်လှုပ်သွားသည်။

ချက်ခြင်းပင် ရှုန်းဖယ်၍ နောက်သို့ အလျင်အမြန်ခုန်ဆုတ်ဖယ်ခွာသွားတော့သည်။

✽

သူမသည် စိုးကျော်ဟောင်အား စိမ်းစိမ်းကြည့်လိုက်မိသည်။ ပြီးနောက် သက်ပြင်းတစ်ချက် လေးလေးဖင့်ဖင့် ချလိုက်၏။

'ရှင့်နာမည် စိုးကျော်ဟောင် မဟုတ်လား'

စိုးကျော်ဟောင် အံ့ဩသွားသည်။ မိမိ၏နာမည်ကို မည်သို့သိရှိထားသည်ကို မတွေးတတ်အောင် ဖြစ်သွား၏။

ပြီးမှ စဉ်းစားမိတော့သည်။ အပြာရောင် ဝတ်စုံနှင့်လူက သူမအား မိမိအကြောင်းကို ပြောသွားခဲ့သည်။

စိုးကျော်ဟောင်ဆိုသော လူတစ်ယောက်သည် ဘယ်လက်ကို အသုံးပြုတတ်သည်ဟု ပြောပြသွားသည် မဟုတ်ပါလား။

သို့အတွက် မိမိ၏အမည်ကို ခန့်မှန်းပြောဆိုခြင်းဖြစ်မည်ဟု သူက တွက်ဆကြည့်လိုက်မိသည်။

စိုးကျော်ဟောင်က ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ဟုတ်တယ်၊ ကျွန်တော့်နာမည် စိုးကျော်ဟောင်'

အမျိုးသမီးက ဧထဲ့ဧထဲ့ကလေး ပြုံးကြည့်နေလိုက်၏။



'သြော်...စိုးကျော်ဟောင်တဲ့လား။ ဟင်း...ဟင်း၊ ရှင့်ကို ပြောပြရဦးမယ်၊ ရှင့်လက်ဖမိုးမှာ ကျွန်မရဲ့လက်သည်းနဲ့ ခြစ်မိသွားတဲ့ ဒဏ်ရာလေး ရသွားတယ်၊ သွေးတောင် စို့နေတယ် ကြည့်လိုက်ပါဦး'

သို့သော် စိုးကျော်ဟောင်က မကြည့်၊ မမှုသည်ဟန်ဖြင့်ပြုံးလျက် ပြန်ကြည့်နေလိုက်သည်။

'လက်သည်းနဲ့ ခြစ်မိတာလေးများ ဘာဖြစ်မှာကျနေတာပဲ၊ ဒါလေးလောက်နဲ့ ကျွန်တော့်ကို နိုင်ပြီလို့ ဆိုချင်ဘာထား...'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီး၏မျက်နှာသည် ဖိုးလမင်းသဖွယ် ကြည်လင်နေသည်။

သူမသည် လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်ပြလိုက်၏။

သွယ်ပြောင်းသော သူမ၏လက်ချောင်းဆယ်ချောင်း၏ချွန်ထက် မှည်လျှားသော လက်သည်းများသည် ဖုန့်ရုံဝါဓါဇာမကိုနှတ်မနဲ့ရည်များဆိုးထားသဖြင့် နီရဲနေသည်။

ချွန်ထက် ရှည်လျှားသော လက်သည်းနီများကို ကြည့်ပြီး အသည်းယားမိသေးသည်။

စိုးကျော်ဟောင်က သူမ၏လက်သည်းများကိုကြည့်ပြီး ပခုံးတစ်ချက် တွန့်ပြလိုက်သည်။

'ကျွန်တော်သိပါတယ်၊ ခင်ဗျားရဲ့လက်သည်းမှာ အဆိပ်တွေ သုတ်လိမ်းထားတယ်မဟုတ်လား'

အမျိုးသမီးမှာက ဝင့်ဝါသောအပြုံးများဖြင့် ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ...ဟဲ...၊ ရှင်သိတယ်ဆိုရင် ပြီးတာပါပဲ၊ ကျွန်မလက်သည်းက အဆိပ်ဟာ နည်းနည်းကလေးဒဏ်ရာရရုံနဲ့ မကြာမီမှာ လဲကျသေဆုံးသွားနိုင်တယ်နော်...'

စိုးကျော်ဟောင်က သူ၏လက်ဖမိုးကလေးကိုမြှောက်၍ လက်သည်းဖြင့်ခြစ်မိသောဒဏ်ရာကို ကြည့်လိုက်သည်။

'ဩော် –ဩော် အတော်ပြင်းတဲ့ အဆိပ်ပါလား'

ပန်းရောင်းအမျိုးသမီးက ပျာပျာသလဲ ပြောလိုက်သည်။

'ဒါပေမယ့်...ရှင့်ကို ကျွန်မ ဖြေဆေးပေးပါ့မယ်၊ ရှင်ကသာ ကျွန်မမေးတာတွေကို...'

စိုးကျော်ဟောင်က သူမ၏စကားဆုံးအောင်ပင် နားမထောင်တော့၊ ကြားဖြတ်ဝင်ပြောလိုက်သည်။

'မလိုပါဘူး၊ ကျွန်တော် အဆိပ်မကြောက်ပါဘူး'

အမျိုးသမီးက ထေ့ထေ့ကလေး ကြည့်ရင်း မဲ့ပြုံးပြုံးလိုက်သည်။

'ဟဲ...ဟဲ...' ဒါဆိုလဲ ရှင်းသွားနိုင်ပါပြီ'

စိုးကျော်ဟောင် ရုတ်တရက် လှည့်ထွက်လာခဲ့သည်။

လူသည် လျင်မြန်ပေါ့ပါးသော ခြေလှမ်းများဖြင့် ထွက်ခွာခဲ့သည်။

သူသည် အမျိုးသမီးအား တစ်ချက်ကလေးမှ လှည့်မကြည့်မိတော့။



ပန်းရောင်းဝတ်စုံဝတ် အမျိုးသမီးမှ သူ၏ နောက်ကျောပြင်ကို လှမ်းကြည့်နေသည်။

သူမ၏မျက်နှာသည် တည်ငြိမ်စွာရှိသည်၊ မျက်နှာပြင်ဝယ် စိုးရိမ်မှုအရိပ်အယောင်များ ယှက်သမ်းနေသည်။

မကြာမီ သစ်ပင်များကြားတွင် စိုးကျော်ဟောင်၏မြင်ကွင်းကား ပျောက်ကွယ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

### အဆင့်မြင့်သိုင်းသမားဏ်ဆီးတားမှု

မိုးစင်စင်လင်းရန် အချိန် အတော်လိုသေးသည်။

မိုးသောက်ရောင်နီပင် မပေါ်သေး။

စိုးကျော်ဟောင်သည် ခပ်သုတ်သုတ်လျှောက်လာခဲ့ရာ တော စပ်သို့ပင် ရောက်လာသည်။

ဤတွင် နောက်မှ လူတစ်ယောက်၏ခေါ်သံ ရုတ်တရက် ပေါ်ထွက်လာသည်။

'ဟိတ်...သူငယ် နေပါဦး'

စိုးကျော်ဟောင်က အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။

သူ၏နောက်မှ ဆယ်ပေခန့်အကွာတွင် လူရိပ်တစ်ခုကို မြင် လိုက်ရ၏။



လူရိပ်မှာ မြင့်မားသည်ကို တွေ့ရှိရ၏။

လူ့ပိတ်စ်ပြက်အတွင်းမှာပင် ထိုလူရိပ်သည် သူ၏ရှေ့တည့် တည့်သို့ ရောက်လာသည်။

ထိုလူသည် အရပ် ထောင်ထောင်မောင်းမောင်းနှင့် ကိုယ် ခန္ဓာမှာ ကြီးထွားတုတ်ခိုင်သည်။

သူ၏မျက်နှာသည် အညိုရောင်သမ်းပြီး ကြေးရောင်ပေါက် နေသည်။

မျက်ခုံးတိုပြီးမျက်ပေါက်ကျဉ်းသည်။ သို့သော် ပါးစပ်ကျယ် ပြီး နှခေါင်းကြီးမှာ ကြီးမားကျယ်ပြန့်ပြီး ပြားသယောင် ရှိသည်။

ထိုလူကြီးသည် နူးဆစ်ဖုံး အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထား သည်။ သူ၏ခြေထောက်တွင် ကြေးကွင်းထိုးခိုမ်နပ်ကို စီးနင်း ထားသည်။

သူ၏ဝတ်စားဆင်ယင်ပုံနှင့် သူ၏ရှင်သွစ်ပြင်လက္ခဏာများ သည် မြင်ရုံဖြင့် လူတစ်ယောက်အား ကြောက်လန့်သွားစေနိုင် သည်။

စိုးကျော်ဟောင်သည် ထိုလူကြီးအား အံ့ဩအဆန်းသဖွယ် စမ်းကြည့်ရှုနေမိသည်။

'ကျွန်တော့်ကိုခေါ်တာ ခင်ဗျားလား'

လူကြီးက ကျဉ်းမြောင်းသော မျက်လုံးအိမ်အတွင်းမှ မျက် လုံး ပြူးပြူးသေးသေးကလေးဖြင့် စိုးကျော်ဟောင်အား အကဲ ခတ်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏မျက်လုံးပြူးကလေးမှ အရောင်များ တောက်နေလေသည်။

ပြီးမှ လူကြီးသည် သူ၏ဦးခေါင်းကို ဖြည်းလေးစွာညိတ်ပြလိုက်သည်။

'မင်းကို ကျုပ်ကမခေါ်လို့ ဒီနေရာမှာ ဘယ်သူ ရှိသေးလို့လဲ'

စိုးကျော်ဟောင်က လူကြီးကို ခြေဆုံးခေါင်းဆုံး ကြည့်နေပြန်သည်။

'ခင်ဗျားဘယ်သူလဲ၊ ဘယ်လိုအကြောင်းကြောင့်ကျွန်တော့်ကို ခေါ်ရတာလဲ'

ထိုလူကြီးက ရှုတ်ခြည်းရယ်မောလိုက်သည်။

သူ၏လည်ချောင်းအတွင်းမှ အစ်ချွထွက်လာသော ခြောက်ကပ်ကပ်အသံကြီးသည် တစ်တောလုံး မြည်ဟိန်းသွားတော့သည်။

မာကျောင်းဆိုးရွားတစ်ကောင် အော်လိုက်သည့်အလား ကြောက်မက်ဖွယ်ကောင်းလှတော့သည်။

'ဟိတ်...လူငယ်၊ မင်း သိပ်မိုက်ရိုင်းနေပါလား၊ ငါ့စည်းကမ်းချက်က ငါမေးတာကို ဖြေရတယ်၊ ငါ့ကို ပြန်မမေးရဘူး သိပြီလား'

စိုးကျော်ဟောင်က ထိုသူ၏ပြောစကားများကို ရယ်ချင်လာသည်။

သို့သော်...လူကြီးမို့ အောင့်အည်းလိုက်ရသည်။

www.burmeseclassic.com



'အဲဒါတွေက ခင်ဗျားရဲ့စည်းကမ်းချက်ပဲ၊ ကျွန်တော့်မှာလဲ အဲဒီလိုပဲ စည်းကမ်းချက်တွေထားတာ၊ ခင်ဗျားသိသလား'

ထိုလူကြီး၏မျက်လုံးကျဉ်းကျဉ်းကလေးသည် ပြူးကျယ်သွားသည်၊ သူက စိုးကျော်ဟောင်အား စိုက်ကြည့်နေလိုက်သည်။

'ဩော်...မင်းမှာလဲ စည်းကမ်းချက်တွေဘာတွေ ရှိနေတာကိုး'

စိုးကျော်ဟောင်က ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်သည်။

'ရှိတာပေါ့၊ ကျွန်တော့် စည်းကမ်းချက်က ဘယ်သူမဆို နာမည်အရင်းပြောရတယ်၊ ဒါမှလဲ ကျွန်တော်က အဲဒီလူကို စကားသက်ခံပြောတယ်'

စိုးကျော်ဟောင်က ထိုစည်းကမ်းချက်များကို တမင်ပင် မိမိဘာသာမိမိ ချမှတ်လိုက်ခြင်းဖြစ်သည်။

ထိုလူကြီးသည် စိုးကျော်ဟောင်၏ စည်းကမ်းချက်များကို ကြားရသောအခါ တဟားဟားဖြင့် ကျယ်လောင်စွာ ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီး၏ကျယ်လောင်စွာရယ်မောသံကြီးသည် တစ်တော လုံး တစ်တောင်လုံးသို့ ပဲ့တင်ရိုက်ခတ်သွားသည်။

နားနားသို့ကပ်၍ လင်းကွင်းကြီးနှစ်ချက်တီးလိုက်သည့်နှယ် နားအူမတတ် ဆူညံသွားလေတော့၏။

စိုးကျိုဟောင်သည် ထိုလူကြီး၏ကိုယ်နေကိုယ်ဟန်ကိုကြည့်ရှုခြင်းအားဖြင့် အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်သည်ကို နားလည်လိုက်သည်။

လူကြီးက စိုးကျိုဟောင်အား စိမ်းစိမ်းကြည့်နေသည်။

"စည်းကမ်းချက်တွေက အသီးသီးရှိကြတော့ ဘယ်သူ့စည်းကမ်းချက်က ပိုပြီးထက်မြက်တယ်ဆိုတာ ကြည့်ကြသေးတာပေါ့ မဟုတ်ဘူးလား"

ထိုလူကြီးက စတင်လှုပ်ရှားလာသည်။

သူ၏ညာဘက်လက်တစ်ချောင်းသည် တဖြည်းဖြည်းမြောက်တက်သွားသည်။

သူ၏ အင်္ကျီလက်ဝအတွင်းမှ ကြေးနီရောင် အဆင်းရှိသော ထူးဆန်းသည့် လက်ကြီးတစ်ချောင်းပေါ်ထွက်လာသည်။

လက်ဝါးချောင်း၏ထိပ်တွင် လက်မဝက်ခန့်ရှည်သောလက်သည်းများကို တွေ့ရသည်။

လက်သည်းများသည် ချွန်မြနေသည်။

သူက ယင်းကြေးလက်ချောင်းကြီးများကို လေတွင် တဝှီးဝှီးမြည်အောင် ဝေ့ယမ်း၍ ဟန်ရေးပြနေသည်။

"ဟိတ်…သူငယ်၊ မြင်တယ်မဟုတ်လား၊ အဲဒါ ကြေးလက်ချောင်းကွ"



စိုးကျိုဟောင်သည် ထိုလူကြီး၏ကြေးလက်ချောင်းကိုလည်းကောင်း၊ လက်ဝါးပြင်ကိုလည်းကောင်း သေချာစွာကြည့်ရှုနေမိသည်။

ကြေးဖြင့်ပြုလုပ်ထားသည်နှင့်အမျှ သေသပ်မှုလည်းရှိသည်။ လက်ချောင်းနေရာကလေးများတွင် အဆစ်ကလေးများ ပါရှိသဖြင့် ကွေးနိုင် ဆန့်နိုင် ကုတ်ဖဲ့နိုင်သည်ကို ခလယ်သာ တွေ့ရှိရသည်။ တကယ့်လက်ဖဝါးနှင့်မခြား လှုပ်ရှားနိုင်သည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

## ကြေးလက်ချောင်း သိုင်းသမားကြီး

ထိုစဉ် အဝေးမှ ပျံ့လွင့်လာသော အသံတစ်သံသည်သူ၏ နားတွင်းသို့ ဖောက်ထွင်းဝင်ရောက်လာသည်။

အသံသည် အဝေးမှ ပျံ့လွင့်လာသော်လည်း သူ၏နားတွင် ကပ်၍ပြောနေဘိသကဲ့သို့ ကွဲကွဲပြားပြားကြားနေရသည်။

ထိုအသံသည် အမျိုးသမီး တစ်ဦးဦးယောက်၏ အသံ လွင်လွင်ကလေး ဖြစ်သည်ကို သူ သိလိုက်သည်။

'မောင်လေး၊ နောက်ကိုအမြန်ဆုတ်လိုက်'

အမျိုးသမီး၏ အသံကို ကျက်မိနေသည်။

သူ၏ ရှေ့မှ လူကြီးသည် ကြေးလက်ချောင်းကို တဝှီးဝှီး ဝှေ့ယမ်းလျက် ရှေ့သို့ခုန်လွှားတိုးကပ်လာသည်။



သူသည် နောက်သို့မဆုတ်၊ ကြေးလက်ချောင်း၏ရိုက်ချက်ကို ညာလက်ဖြင့် ဆီးရှဲလိုက်သည်။

ဤတွင် သူ၏လက်ချောင်းအား သံချောင်းကြီးနှင့်ဆီးရိုက်လိုက်သည့်နှယ် ခံစားလိုက်ရ၏။

သူ၏ လက်မောင်းတစ်လျှောက် ကျဉ်တက်သွားတော့၏။

'ဟော့….စောစောက စကားပြောတဲ့သူဘယ်သူလဲဗျ'

ဤတွင် နောအုပ် အတွင်းမှ အရိပ်တစ်ခု လျင်မြန်စွာဖြင့် ခုန်လွှားရောက်လာပြန်သည်။

သူတို့နှစ်ယောက်ရှေ့သို့ ရောက်ရှိလာသူမှာ ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးပင် ဖြစ်သည်။

ကြေးလက်ချောင်းနှင့်လူကြီးက အမျိုးသမီးအား သေချာစွာ စူးစိုက်ကြည့်နေသည်။

'မင်း….ဘယ်သူလဲ'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးက ရယ်မောလိုက်၏။

'ရှင် ကျွန်မကို မသိဘူးလား၊ ရှင်က မသိပေမယ့် ကျွန်မက ရှင့်ကို သိပါတယ်'

ထိုလူကြီးက အံ့အားသင့်သွားသည်။

'မင်းက ငါ့ကို သိတယ်ဟုတ်လား၊ ဒါဖြင့် ငါ ဘယ်သူလဲ ပြောစမ်းပါဦး'

'ရှင်ဟာ လန်းကျန်း နယ်သက ကြေးလက်ချောင်း သိုင်းသမား မဟုတ်လား'

'ကြေးလက်ချောင်းသိုင်းသမား ဆိုပါလား'

သူသည် နှုတ်မှရေရွတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း...ဘုန်းကြော်မျှား ငါ့ဆရာက သူ့အကြောင်းတွေ ပြောမပြ ထားသလဲ မသိဘူး၊ ဒီအမည်ကို ငါလဲ တစ်ခါမှ မကြားဖူးပါလား'

သူသည် အတန်ငယ်ငြိမ်၍ စဉ်းစားနေမိသည်။

ကြေးလက်ချောင်းသိုင်းသမားက အမျိုးသမီး၏မျက်နှာကို စေ့စေ့ကြည့်နေသည်။

'အလို... အလယ်ပိုင်း ဒေသက သိုင်းသမားတွေ ထဲမှာလဲ ကျုပ်ကို သိတဲ့လူတွေ ရှိသေးသားပဲ'

သူက ဤသို့နှုတ်မှရေရွတ်ရင်း ခေါင်းကိုတဆတ်ဆတ်ညိတ်ပြီး ကျေနပ်စွာ ပြုံးနေသည်။

'အင်း...အင်း ကောင်းတယ်၊ ကျုပ်မင်းကို အနှောင့်အယှက်မပေးပါဘူး၊ မင်းသာဒီက အမြန်ထွက်သွားစမ်း'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးသည် မခိုးမခန့်ရယ်မောနေသည်။

'ကျွန်ုပ်က ရှောင်နေချင်ရင် ရှင်တို့ရှေ့ကို ဘယ်လာတော့မှာလဲရှင့်...ဟင်း ဟင်း'

ကြေးလက်ချောင်း သိုင်းသမားက အမျိုးသမီး၏မျက်နှာကို တစ်ချက်ကြည့်လိုက်၏။

'ခင်းမှာ ဘာကိစ္စရှိလို့လဲ'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးက ကြေးလက်ချောင်းသိုင်းသမားအား အရေးမထား၊ စိုးကျော်အောင်ဘက်သို့ လှည့်၍ ပြုံးကြည့်နေသည်။



'မောင်လေးက အဆိပ်မကြောက်ဘူး ထင်တယ်၊ အဆိပ်မတိုးတဲ့ကိုယ်ခံပညာရှိသလား'

စိုးကျော်အောင်က ခပ်တည်တည်ပင် အမျိုးသမီးအား လှမ်းပြောလိုက်၏။

'ကျွန်တော်ပြောပြီးပြီပဲ၊ ကျွန်တော်ဟာ ဘယ်အဆိပ်မျိုးကိုမှ မကြောက်ပါဘူး'

အမျိုးသမီးကမူ အပြုံးမပျက်။ ကြည်လင်သော အသံကလေးဖြင့် ပြန်ပြောလိုက်သည်။

'ကျွန်မ စိတ်ကောင်းစေတနာနဲ့ ရှင့်ကို အဆိပ်ဖြေဆေးပေးမလို့ လိုက်လာတာပါ'

အမျိုးသမီး၏စကားကြောင့် စိုးကျော်အောင်သည် အမျိုးသမီးအား အားတော့်အားနာ ဖြစ်သွားမိ၏။

သူ၏တောက်ပသော မျက်လုံးများက ကြည်လင် ရှင်းလဲ့သောအမျိုးသမီး၏ မျက်နှာကလေးအား တွေ့ရှိကြည့်နေမိလေ၏။

သူမ၏ စိတ်ရင်းစေတနာသည် စိုးကျော်အောင်စိတ်အစဉ်ကို နူးညံ့သွားစေသည်။ ပျော့ပျောင်းသွားစေသည်။

သူသည် ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးအား လက်ပိုက် အုပ်လျက် တလေးတစားဖြင့် အရိုအသေပေးလိုက်မိ၏။

'ကျွန်တော် မမလေးကို အထင်လွဲမိပါတယ်၊ တောင်းပန်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



သူ၏အသံသည် ပျော့ပျောင်းလွန်းလှ၏။ သူ့ကိုယ်သူပင် အံ့ဩသွားမိသည်။

အမျိုးသမီးက ပြုံးကာရယ်ကာဖြင့် သူ့အား ပြန်၍ကြည့်နေသည်။

'ကျွန်မရဲ့စေတနာကို ရှင်သိရင်တော်ပါပြီ'

* * *

## အခန်း( ၃၉ )

### ကျားသစ်နှလုံးသားစားပြီးမွေးဖွားလာသူများ

သူမသည် ကြေးမှုက်ချောင်း သိုင်းသမားဘက်သို့ တစ်ချက်စောင်းကြည့်လိုက်သည်။ ပြီးနောက် စို့ကျုံဟောင်ဆာက်သို့လှည့်လိုက်ပြန်သည်။

'ရှင် အဆိပ်မမိရင်လဲ ဒီနေရာက မြန်မြန် ထွက်သွားပါတော့လား'

ဤတွင် ကြေးလက်ချောင်း သိုင်းသမားကြီးက လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

သူက မေးနေသော မျက်လုံးများကို အစွမ်းကုန်ပြူးကျယ်လျက် အမျိုးသမီးအား ဒေါသမာန်ဖြင့် လှမ်းကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဒီကောမလေးကို သွားခွင့်မပြုသေးဘူးဆိုတာမင်း မသိဘူးလား'

မန်းရောင်ဝတ်စုံနှင့် အမျိုးသမီးက ပြုံးစေ့စေ့ဖြင့် ကြေးလက်ချောင်း သိုင်းသမားကြီးအား ကြည့်နေလိုက် လေတော့သည်။

'ကျွန်မ သူ့ကိုသွားခွင့်ပြုနေတာရော ရှင်မကြားဖူးလား'

ဤတွင် ကြေးလက်ချောင်းသိုင်းသမားကြီးဒေါသအမျက် ချောင်းချောင်း ထွက်လေတော့သည်။ သူ၏ အသံမှာလည်း မာထန်နေသည်။

'ဒီမှာ မိန်းကလေး၊ မင်းဟာ ငါ့ရဲ့ဘွဲ့အမည်ကိုသိထားရင် ငါ့ရဲ့စွမ်းရည်တွေကိုလဲ သိမှာပေါ့၊ ငါ့အလုပ်ထဲ ဝင်စွက်ဖက်တာက မင်းကိုယ်မင်း ကျားသစ်အသည်းနှလုံးစားပြီး မွေးဖွားလာတယ်များ အောက်မေ့နေသလား'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီး၏မျက်ခုံးအစုံသည်အထက်သို့ တွန့်တက်သွား၏။

သူမ၏မျက်နှာ တစ်စက်လေးမှမပျက်။

မခိုးမခန့်နှင့် လှောင်ပြုံးကာလေး ပြုံးလျက် ကြည့်နေလေသည်။

'ရှင်ပြောတာ မမှားဘူး၊ ကျွန်မမှာရဲရင့်တဲ့ အသည်းနှလုံး ရှိတယ်၊ ရှင်ပြောသလို ကျားသစ် အသည်းနှလုံးစားပြီး မွေးလာတဲ့သူတစ်ယောက်ပဲ၊ ဒါကြောင့် ကျွန်မက သူ့ကိုသွားခွင့် ပြုခဲ့တာပေါ့ရှင်'



ဤတွင် စို့ကျိုဟောင်သည် ငြိမ်မနေနိုင်တော့ဘဲ ကြားက ဝင်လိုက်ရသည်။

'ဒီမှာ ကြေးလက်ချောင်း သိုင်းသမားကြီး၊ ကျွန်တော် သဘောနဲ့ကျွန်တော် သွားချင် သွားမယ်၊ လာချင်လာမယ်၊ ကျွန်တော့်ကို ဘယ်သူကမှ တားဆီးလို့မရဘူးဆိုတာနားလည် ထားလိုက်စမ်းပါ'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီးသည် ခပ်တည်တည်ဖြင့် ကြေးလက်ချောင်းဘက်သို့ လှည့်ကြည့်လိုက်၏။

'ဒီမှာရှင့်ရှင်က သူ့ကိုတားဆီးပြီး ဘာလုပ်ချင်လို့လဲ ပြောလေ'

'ကျုပ် သူ့ကို မေးစရာရှိလို့'

စို့ကျိုဟောင်က စိတ်ဝင်တစား ဖြစ်သွားသည်။

'ခင်ဗျားက ဘာများမေးချင်လို့လဲ'

ကြေးလက်ချောင်းသိုင်းသမားကြီးက အတန်ကြာအောင် စဉ်းစားနေသည်။

'လူတစ်ယောက်အကြောင်း ကျုပ်သိချင်တယ်၊ မင်းသိမှာ ပါကွာ'

စို့ကျိုဟောင် အံ့အားသင့်သွားသည်။ ထူးဆန်းသွားသည်။ နားမလည်ဟန်ဖြင့် ကြေးလက်ချောင်းသိုင်းသမားအား စိုက်၍ ကြည့်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူ့ဆီကကြောင်းများလဲ'

'သိုင်းပြောင်းပြန်ဆရာကြီး'

စိုးကျော်ဟောင် ပို၍အံ့သြသွားရပြန်သည်။

'ခင်ဗျားက သူ့ကိုမေးပြီးတာလုပ်ချင်လို့လဲ'

ကြေးလက်ချောင်း သိုင်းသမားကြီးက စိုးကျော်ဟောင်၏ အမေးကိုမဖြေ၊ သူကသာ ဆက်လက်မေးနေသည်။

'သူက အခု ဘယ်မှာနေသလဲ'

စိုးကျော်ဟောင်က ရယ်မောလိုက်ပြီး သူက ခပ်ပြတ်ပြတ်ပင် ဆက်ဆံလိုက်သည်။

'မသိဘူး'

ကြေးလက်ချောင်းသိုင်းသမားက သူ့ကို စေ့စေ့ကြည့်နေသည်။

'မင်းဟာ သူ့ရဲ့တပည့်ပဲ၊ မင်းသိရမှာပေါ့'

စိုးကျော်ဟောင်၏မျက်နှာသည် ဒေါသကြောင့် နီမြန်းသွားသည်။

သူက ဘုကျကျလေသံဖြင့်ပြန်ပြောလိုက်သည်။

'ကျွန်တော်သိပါတယ်၊ ဒါပေမယ့် မပြောနိုင်ဘူး'

ကြေးလက်ချောင်းသိုင်းသမားကြီး၏မျက်နှာသည် ညိုမည်းသွားသည်။



သူက အားလုတ်သံကြီးဖြင့် တဟားဟား ရယ်မောလိုက်သည်။

'မင်းနဲ့အမျိုးသမီးယှဉ်ပြိုင်နေတာကို မြင်ပါတယ်၊ မင်းလက်ကက်ထွက်ပုံတွေဟာ ခါးပြခေါင်းဆိုးကြီးရဲ့ လက်သိုင်းကွက်တွေပဲ၊ ငါသိတာပေါ့'

စိုးကျော်ဟောင် အကြီးအကျယ်ခေါ်ပွသွား၏။ သူ၏ဆရာကိုပင် ခါးပြခေါင်းဆိုးကြီးဟူ၍ စော်ကားမော်ကား အခေါ်ခံလိုက်ရသည်ကို မကျေမနပ်ဖြစ်နေမိသည်။ ထို့ကြောင့် ဒေါသဖြင့် အော်ပြောလိုက်သည်။

'မှားတယ်ပါတယ်၊ ကျွန်တော်ဟာ သိုင်းပြောင်းပြန်ဆရာကြီးရဲ့ တပည့်အရင်းပါ၊ ခင်ဗျားဟာ ဘာကိစ္စရှိလို့ ကျွန်တော့်ဆရာကို မေးနေတာလဲ၊ ကိစ္စရှိရင် ကျွန်တော့်ကိုပဲပြော၊ အတူတူပဲ'

'သိုင်းပြောင်းပြန်ဆရာကြီးရဲ့တပည့်ဆိုပါလား'

ပန်းရောင်ဝတ်စုံနှင့် အမျိုးသမီး၏စိတ်တွင်းမှ ရှေ့သွတ်ရင်း စိုးကျော်ဟောင်၏မျက်နှာကို စေ့စေ့ကြည့်နေမိသည်။

ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြေးလက်ချောင်း သိုင်းသမားကြီးက ကြောက်မက်ဖွယ် အသံဆိုးကြီးဖြင့် တဟိုးဟိုးတဟားဟား ရယ်မောလိုက်သည်။

'အဟိုး...ဟိုး ဟိုး...မင်းဟာ တကယ့်ကို ဓားပြခေါင်းတုံး ကြီးရဲ့တပည့်ကိုး၊ ကောင်းပြီ...ကောင်းပြီ၊ မင်းဆရာ ခေါင်း တုံးကြီး၊ အခု ဘယ်မှာလဲကွ'

စိုးကျော်ဟောင် အသားများတဆတ်ဆတ်တုန်နေသည်။ သူ သည် ဒေါသအလွန်ထွက်နေမိသည်။

သို့တစေ လူပင်ငယ်သော်လည်း ဒေါသကိုမျိုသိပ်ထားလိုက် သည်။

'ကျွန်တော့်ဆရာဟာ ဘယ်နေရာမှာမှ အတည်တကျမနေ ဘူး၊ ဒါကြောင့် သူ ဘယ်မှာနေတယ်ဆိုတာမပြောနိုင်ဘူး'

ကြေးလက်ချောင်းသိုင်းသမားသည် စိုးကျော်ဟောင်အား လက်ညှိုးတငေါက်ငေါက်ဖြင့်ထိုးရင်း ဒေါပွနေသည်။

'မင်းက ဓားပြခေါင်းတုံးကြီးရဲ့ တပည့်ရင်းတစ်ယောက်ပဲ ကွ၊ သူ ဘယ်မှာ ပုန်းနေတယ်ဆိုတာ မင်းမသိဘဲနေပါ့မလား၊ မင်းလိမ်ပြောမနေနဲ့၊ မှန်မှန် ပြောရင်ပြော၊ မပြောရင် ငါ့ အကြောင်းကောင်းကောင်းသိစေ့မယ်'

စိုးကျော်ဟောင် မျက်နှာပေါ်ဝယ် ဒေါသရိပ်များတလိပ်လိပ် တက်လာသည်။



သူ၏ အသံမှာလည်း ဒေါသသံ လွှမ်းမိုးလာသည်။

'ကျွန်တော် မပြောဘူး၊ ခင်ဗျားဘာလုပ်မလဲ'

ဤတွင် ကြေးလက်ချောင်း သိုင်းသမားကြီးသည် သူ၏ ကြေးလက်ချောင်းကို မြှောက်လျက် လက်ချောင်းကလေးများ ကို ကွေးချည်ဆန့်ချည် လုပ်ပြနေသည်။

'ဒီမှာတွေ့လား၊ ဟောဒီ ကြေးလက်ချောင်းတွေနဲ့ မင်းကို ကုတ်လိုက်ရင် ဆရာတွက်လာရမှာပေါ့၊ ဟား...ဟား...ဟား'

ပြောရင်းဆိုရင်း ကြေးလက်ချောင်း သိုင်းသမားကြီးက လှုပ်ရှားလာတော့သည်။ သူက စိုးကျော်ဟောင်ထံသို့ ခုန်လွှား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ဤတွင် ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးက ရှတ်တရက်လှမ်း၍ တားဆီးလိုက်သည်။

ကြေးလက်ချောင်း သိုင်းသမားသည် ခုန်လွှားတော့မည် ပြုပြီးမှ အသာ အရှိန်သတ်လိုက်သည်။

သို့သော် သူ၏ ကြေးလက်ချောင်းကို အထက်တွင်မြှောက် ထားဆဲ—မြှောက်ထားမြဲ။

'မင်းက ဘာပြောချင်လို့လဲ'

ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးက တစ်ချက်မဲ့ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က သူ့ဆရာနဲ့တွေ့ချင်ရင် ကိုယ့်အစွမ်းအစနဲ့ကိုယ် ရှာပါလား၊ ရှင်ဟာ ကြေးလက်ချောင်းသိုင်းသမားတွဲကိုမှ အားမနာဘူး၊ ဒီလိုပဲ သူများတပည့်တစ်ယောက်ကို အနိုင်ကျင့်ထဲ့သတော လုပ်ရသလား၊ ရှင်မမျက်ဘူးလား'

ကြေးလက်ချောင်း သိုင်းသမား ဒေါပွ သွားပြန်သည်၊ ကျယ်လောင်သော အသံကြီးဖြင့် ပြန်ပြောလိုက်သည်။

'ကျုပ် ဒါတွေနားမလည်ဘူး၊ ကျုပ်ဟာ ဓားပြခေါင်းတုံးကို အနှစ်သုံးဆယ်ကျော်ရှာခဲ့ရတယ်၊ မတွေ့သေးဘူး၊ အခု သူ့တပည့်ကိုတွေ့ပြီ၊ ကျုပ်က လမ်းစအပျောက်မခံနိုင်ဘူး'

ပန်းရောင်ဝတ်စုံဝတ် အမျိုးသမီး၏မျက်နှာသည် တင်းမာနေသည်။

'မဖြစ်ဘူး၊ ကျွန်မ သူ့ကို အတင်းသွားခိုင်းရမယ်'

ကြေးလက်ချောင်းသိုင်းသမားသည် မျက်လုံးမှေးမှေးဖြင့် ပန်းရောင်ဝတ်စုံ အမျိုးသမီးအား စားတော့ဝါးတော့ မတက်ကြည့်နေသည်၊

'မင်း သိပ်ပြီး ဝင်စွက်နေပါလား'

ချက်ချင်းပင်ပန်းရောင်ဝတ်စုံဝတ် အမျိုးသမီးဘက်သို့ ကြေးလက်ချောင်းသိုင်းသမား ခြေဦးလှည့်လိုက်သည်။



စောစောက စို့ကျုံဟောင်အား တိုက်ခိုက်ရန် ပြင်းထန်နေခဲ့သော စိတ်အစဉ်သည် အမျိုးသမီးဘက်သို့ ရောက်ရှိလာသည်။

ဤသည်ကို ရိပ်စားမိသော စို့ကျုံဟောင်က သူ့ခရီးဆောင်အဝတ်ထုပ်ရှည်အတွင်းမှ ဓားကို ရှမ်းခနဲ အလျှင်အမြန် ဆွဲထုတ်လိုက်သည်။

ပြီးနောက် နှုတ်မှလည်း အောင်ပြောလိုက်သည်။

'ရပ်လိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

### သိုင်းပြောင်းပြန်နှင့် ကြေးလက်ချောင်း

ကြေးလက်ချောင်း သိုင်းသမားကြီးက စို့ကျိုဟောင်ဘက်သို့ လှည့်လိုက်ပြီး ပြုံးလိုက်၏။

'မင်းက ငါ့ကို မင်းဆရာဆီ ခေါ်သွားဖို့ ဆုံးဖြတ်ပြီးပြီလား'

စို့ကျိုဟောင်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။ သူ၏ကိုယ်ကို မတ်မတ်ရပ်လိုက်သည်။

'အခုကိစ္စက ဒီအမျိုးသမီးနဲ့မဆိုင်ဘူး၊ ခင်ဗျားက ကျွန်တော့်ဆရာနဲ့တွေ့ချင်ရင် ကျွန်တော့်ကို နိုင်အောင် တိုက်ပေါ့'



ကြေးလက်ချောင်း သိုင်းသမားက စို့ကျိုဟောင်၏ လက်မှဓားကို စွေ့ချိုကြည့်လိုက်၏။ ပြီး—တစ်ချက် ပြုံးလိုက်သည်။

'ကောင်းပြီ...မင်းကို နိုင်အောင်တိုက်မှ မင်းက ငါ့ကို မင်းဆရာဆီ လိုက်ပို့မယ်ဆိုတော့ အိန့်လိုက်၊ မင်းကို ငါက ကောင်းကောင်းကြီး ပညာပေးလိုက်မယ်'

ပန်းရောင်ဝတ်စုံဝတ် အမျိုးသမီးက ဝင်စွက်လိုက်ပြန်သည်။

'မောင်လေး...မောင်လေးက သူ့ရဲ့ပြိုင်ဖက် မဟုတ်ဘူး၊ နောက်ဆုတ်လိုက်ပါ'

သူကနောက်မဆုတ်၊ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

'မမလေးနောက်ဆုတ်လိုက်ပါ၊ ဒီကိစ္စက မမလေးနဲ့ ဘာမှ မပတ်သက်ဘူး'

ကြေးလက်ချောင်းသိုင်းသမားသည် သူတို့နှစ်ယောက်ကို ကြည့်ပြီး အမြင်ကတ်သွားပုံရ၏။

'မင်းတို့နှစ်ယောက်က အဖြစ်သဲနေလိုက်ကြတာလွန်ရော၊ တစ်ယောက်ကိုတစ်ယောက် စိုးရိမ်စိတ်ကလဲလွန်ကဲနေလိုက်ကြတာ၊ စေတနာတွေလွန်ကဲပြီး ကြင်နာနေကြတယ်ထင်ပါရဲ့'

ပန်းရောင်ဝတ်စုံဝတ်အမျိုးသမီး၏မျက်နှာတွင် ရှက်သွေးကလေးများဖြာသွားသည်။

သူမသည် ဒေါကလေးပွကာ လက်ညှိုး တငေါက်ငေါက်ဖြင့် ကြေးလက်ချောင်းသိုင်းသမားအားရှုန်တွေ့တော့၏။

'ရှင် သေကာနီးမှ ဘာတွေလျှောက်ပြောနေတာလဲ'

ကြေးလက်ချောင်း သိုင်းသမားသည် အမျိုးသမီးအား

www.burmeseclassic.com

www.burmeseclassic.com



ခွန်းတုံ့မပြန်တော့ဘဲ စိုးကျော်ဟောင်ဘက်သို့လှည့်လိုက်သည်။

"ဟိတ်…သူငယ်၊ မင်း သတိထားပေတော့"

ချက်ချင်းပင် ကြေးလက်ချောင်းလှုပ်ရှားသွားသည်။ ကြေးလက်ချောင်းအား ရုတ်တရက်ရှေ့သို့ဆန့်ထုတ်လိုက်သည်။ ပြီးနောက် လှပ်ခနဲ စိုးကျော်ဟောင်ထံသို့ ခုန်လွှား ဝင်ရောက်လာလေသည်။

စိုးကျော်ဟောင်က ဓားသိုင်းကွက်ဖြင့် ခုခံကာကွယ်ရန် ပြင်ဆင်လိုက်သည်။

သူ၏ ဓားသိုင်းပညာသည် ဘိုးဘွားစဉ်ဆက် မူပိုင်သိုင်းကွက်များဖြစ်၏။

သူ ခရီးထွက်ခါနီးတွင် သူ့ဆရာက မှာကြားလိုက်၏။

မသုံးမဖြစ်သော အခြေအနေရောက်မှသာ ဘိုးဘွားမူပိုင်ဓားသိုင်းကွက်ကိုဖော်ထုတ်အသုံးပြုရန်မှာကြားခဲ့သည်။

ယခုအခြေအနေအရ မသုံးမဖြစ်၍ ဓားကိုင်အသုံးပြုရလေသည်။

❖

ကြေးလက်ချောင်းသိုင်းသမားနှင့် ရင်ဆိုင်နေရလေပြီ။

ကြေးလက်ချောင်းသိုင်းသမားကြီး၏ ပညာစွမ်းသည် မြင့်မားလှသည်ကို ရိပ်စားမိပြီးဖြစ်၏။



သူ၏ ကြေးလက်ချောင်း ကြေးလက်ဝါးသည် ထူးခြားသော တိုက်ခိုက်ရေး လက်နက်ကောင်းတစ်ခုဖြစ်နေသည်။

ထို့ကြောင့် ကြေးလက်ချောင်း သိုင်းသမားလို အဆင့်မြင့်သိုင်းပညာရှင်တစ်ဦးနှင့် ယှဉ်ပြိုင်ရာတွင် ဘိုးဘွားပိုင်မူ ဓားသိုင်းကွက်ကို ဖော်ထုတ်အသုံးပြုရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ကြေးလက်ချောင်းသိုင်းသမားသည် သူ၏ညာဘက်ကြေးလက်ချောင်းကို ဆန့်တန်းလျက် စိုးကျော်ဟောင်ထံသို့ တိုးဝင်လာသည်။

❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

ဆွေးနွေးလိုသူမိန်းမလှလေး

စို့ကျိုဟောင်က စိတ်တွင်းမှ ရေရွတ်ပြောလိုက်မိသည်။

'ခင်ဗျားကြီးရဲ့ညာလက်က ဓားမကြောက်ပေမယ့် ကျန်တဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေကတော့ သွေးသားတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာမို့ ဓားကို အန်တုလို့ရမတဲ့လား'

စို့ကျိုဟောင်က သူ့ထံသို့ တန်းတန်းဝင်လာသော ကြေးလက်ချောင်းကိုရပ်လျက် ကိုယ်ကို ဘေးသို့ တိမ်းရှောင်းပေးလိုက်သည်။

လျှပ်တစ်ပြက်အတွင်းမှာပင်ကြေးလက်ချောင်း၏ဘက်ဘက်သို့ ရောက်ရှိသွားသည်။



သူ၏လက်မှ ဓားသည် ကြေးလက်ချောင်း သိုင်းသမား၏ ဘယ်နံဘေးသို့ ထိုးသွင်းလိုက်သည်။

ဓားချက်သည် မှန်၍အလွန်လျင်မြန်မှုလည်းရှိသည်။

ပန်းရောင်ဝတ်စုံဝတ်အမျိုးသမီးသည် စို့ကျိုဟောင်၏ ဓားချက်ကို မျက်လုံးကလေး ကလယ်ကလယ် ရင်လေးတမမဖြင့် ကြည့်နေသည်။

သိုင်းပြောင်းမြန်ဆရာကြီးသည် ဓားကိုဖသုံး၊

သို့သော် သူ့တပည့်သည် ဓားကိုကျင်လည်စွာ အသုံးပြုနေသည်။

ကြေးလက်ချောင်း သိုင်းသမားသည် စို့ကျိုဟောင်၏ ဓားချက်ကို လျှင်မြန်စွာရှောင်ရှားလိုက်နိုင်သည်။

သူက သူ့အတွက် အန္တရာယ်ဖြစ်လာပြီ ဖြစ်သော ဓားကို ညာဘက်မှ ကြေးလက်ဝါးဖြင့် ဖမ်းဆုပ်ရန်ကြိုးစားနေသည်။

ဓားချက်သုံးချက်မြောက်တွင် စို့ကျိုဟောင်၏ဓားသည် ကြေးလက်ချောင်းသိုင်းသမား၏ ကြေးလက်ဝါးတွင် မြဲမြဲမြံမြံ ဆုပ်မိသွားတော့သည်။

ထိုသို့ ဓားကိုဖမ်းဆုပ်ထားရင်းမှ ကြေးလက်ချောင်း သိုင်းသမား၏ ဘယ်လက်သည် စို့ကျိုဟောင်၏ပခုံးအား ဖမ်းကုတ်ဆွဲလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူ၏ပခုံးဆီသို့တိုးဝင်လာသော ကြေးလက်ချောင်း သိုင်းသမား၏လက်ချောင်းတွင် ကြေးလက်သည်းများ စွပ်ထားသည်ကို သတိထားလိုက်မိသည်။

ကြေးလက်သည်းများသည် ချွန်မြနေသည်။

စိုးကျီဟောင် ထိတ်လန့်သွားသည်။

သူသည် ခေါင်းကိုလက်မှလွှတ်ပစ်လိုက်သည်။

'အလင်းကိုဖြတ်သန်းသောအရိပ်'ဟူသော အကွက်ကိုအသုံးပြုပြီး လှစ်ခနဲ နောက်သို့ ခုန်၍ဆုတ်လိုက်၏။

ကြေးလက်ချောင်းသိုင်းသမားသည် စိုးကျီဟောင်၏ခေါင်းကို ညာလက်ကြေးလက်ချောင်းများတွင် ဆုပ်ကိုင်လျက် ဘယ်လက်ဖြင့် ခုန်လွှားပြီး စိုးကျီဟောင်၏ ပခုံးအား ဆွဲကုတ်ရန် ရှေ့သို့ တိုးကပ်လာသည်။

သူသည် ကစ်ဖက်သို့ လျှင်မြန်စွာ တိမ်းရှောင်လိုက်၏။

ဤတွင် ကြေးလက်ချောင်းသိုင်းသမားသည် သူ၏ ကြေးလက်ချောင်းများအား ကြွေးကာ စိုးကျီဟောင်ထံသို့ တောက်လွှတ်လိုက်သည်ကို တွေ့ရှိရသည်။

သူ၏ ပါးစပ်မှလည်း ရေရွတ်လိုက်သေးသည်။

'ထိလိုက်စမ်းကွာ'

ကြေးရောင်ဝင်းလက်သော အလင်းတန်းတစ်ခုသည် စိုးကျီဟောင်၏ရင်ဝသို့ တိုးဝင်လာသည်။



ပန်းရောင်ဝတ်စုံနှင့်အမျိုးသမီးက ငြင်ငြင်ပြောလိုက်၏။

'မောင်လေး သတိထား'

စိုးကျီဟောင်ကလည်း သတိရှိပါသည်။ သူသည် တိုးဝင်လာသော အလင်းရောင်တန်းအား သူ၏ ဘယ်လက်ညှိုး အားဖြင့် ပြန်တောက်လွှတ်လိုက်သည်။

'ထန်း' ဟူသော အသံထွက်ပေါ်လာသည်။ အသံနှင့်အတူ ကြေးကွင်းရှည်တစ်ချောင်းသည် တစ်ဖက်သို့ လွင့်စင်ထွက်သွားသည်ကို တွေ့မြင်လိုက်ရသည်။

ထိုကြေးကွင်းသည်ကား ကြေးလက်ချောင်းသိုင်းသမား၏ ဘယ်ဘက်လက်ညှိုးတွင် စွပ်ထားသော လက်သည်းကွင်းစွပ်ပင် ဖြစ်သည်။

ကြေးလက်ချောင်းသိုင်းသမားသည် သူ၏ ဘယ်ဘက်လက်ညှိုးမှ လက်သည်းကွင်းစွပ်ဖြင့် တောက်ပစ်လိုက်ခြင်းဖြစ်သည်။

အကယ်၍ သတိမထားမိလျှင် ထိုလက်သည်းကွင်းစွပ်၏ထိပ်မှ ကြေးလက်သည်းချွန်သည် တစ်ဖက်လူ၏ ရင်ဝအားစူးစိုက်မိသွားမည်ဖြစ်သည်။

စိုးကျီဟောင် အသုံးပြုလိုက်သော လက်ကွက်မှာ ရွှေဝင်းလင်ကျောင်း၏ သိုင်းကွက်ခုနစ်ဆယ့်နှစ်ကွက်မှ နတ်လက်တောက်ပစ်နည်းပညာတစ်ကွက်ပင်ဖြစ်သည်။

www.burmeseclassic.com



ကြေးလက်ချောင်းသိုင်းသမားကြီးသည် ဤဆယ်နှစ်တာကာလအတွင်း သူ၏ကြေးလက်သည်းကွင်းစွပ်ဖြင့် ပစ်တောက်သည့်အခါတိုင်း မထိသည့်အခါ တစ်ကြိမ်မျှမရှိခဲ့။

ယခုအကြိမ်သာလွဲချော်ခဲ့ရသည်။

ထို့ပြင် တစ်ဖက်လူက သူ၏ကြေးလက်သည်းစွပ် အားကို လက်ညှိုးဖြင့် တောက်ခတ်၍ လွင့်စဉ်ပစ်လိုက်ခြင်းခံရသည်။

ထို့ကြောင့် ကြေးလက်ချောင်း သိုင်းသမားသည် ဒေါသပြင်းပြင်းထွက်နေသည်၊ ရှက်လည်း ရှက်သွားသည်။

သူ၏မျက်ဝန်းကျဉ်းကျဉ်းကလေးအတွင်းမှ ပြူးပြူးတူးဝိုးမျက်လုံးအစုံတွင် သတ်ရိပ်များအထင်းသားပေါ်လွင်နေတော့သည်။

ကြေးလက်ချောင်း သိုင်းသမားကြီးကရှက်ကိုးရှက်ကန်းဖြင့် တဟားဟား ရယ်မောလိုက်ပြန်သည်။

'ဟား....ဟား....၊ မင်းဆရာ ခေါင်းပြခေါင်းဆောင်ကအနိမ့်ဆုံးပညာတွေဖြစ်တဲ့'သေတ္တာဖောက်နည်းပညာ'ကိုပါ ဆရာစားမချန် မင်းကို သင်ပေးလိုက်ပြီနဲ့ တူပါရဲ့'



ပြောရင်းကနေ သူ၏လက်ထိပ်မှ လက်သည်းကွင်းကိုးကွင်းကို တစ်ပြိုင်တည်းခါလိုက်၍ စိုကျ်ဟောင်တစ်ကိုယ်လုံး နေရာအနှံ့ စိုက်ဝင်သွားစေရန်ပစ်လွှတ်လိုက်သည်။

'ဝှစ်....'

'ဝှစ်....'

'ဝှစ်....'

'ထန်....'

'ထန်....'

'ထန်....'

သူသည် ဒီတစ်ခါ လက်နှင့်မတောက်တော့ဘဲ ခါးနှင့် မွှေ့ယမ်းပစ်လိုက်သည်'

မြန်လွန်းလှသဖြင့် တစ်ပြိုင်တည်းမွှေ့ယမ်းလိုက်သည်ဟု ထင်ရသည်။

သူ၏ခါးနှင့် ခတ်ထုတ်လိုက်သည့် ကြေးလက်ချောင်း သိုင်းသမား၏ ကြေးလက်သည်းစွပ် အဆိပ်ကွင်းများမှာ နံရံဘက်ကို တချို့လွင့်ထွက်ပြီး တချို့မှာ "ကြေးလက်ချောင်းကြီး ရှိရာသို့ လာလမ်းအတိုင်း ပြန်လွင့်ကုန်သည်။

ပြေးဝင်လာသော အလင်းတန်းသည် မူလနေရာသို့ ပြန်၍ ပြေးဝင်သွားသည် ဖြစ်ခဲ့ပြီ။

www.burmeseclassic.com



'ထောက်'

တာ 'ထောက်'

သည့်

ယ 'အား'

'အီး'

လက်ခွဲ ကြေးလက်ချောင်း သိုင်းသမားကြီးက တချို့ကို ရှောင်ပြင် ပြီး တချို့ကိုလွတ်အောင် မရှောင်နိုင်တော့၊ သူ၏လက်နက်အချို့ သူ့ကိုယ်မှာ ပြန်၍စူးဝင်ကုန်သည်၊

ပန်းနုရောင်ဝတ်စုံ သိုင်းသမားအမျိုးသမီးမှလည်း ကြေးလက်ချောင်းသိုင်းသမားကိုတချို့ အဆိပ်ကြေးလက်သည်းကွင်းများက မထိဘဲလွင့်စဉ်ထွက်လာရာ သူ့မဘက်ကို ဦးတည်လာသဖြင့် လျှပ်ပြက်သလို အဆိပ်ကြေးလက်သည်းစက်ကွင်းက လွတ်အောင် ခုန်ထွက်လိုက်ရသည်၊

'အား'

'အီး'

ကြေးလက်သည်း သိုင်းသမားကြီး၏ ခန္ဓာကိုယ်အတွင်းကို အဆိပ်ကြေးလက်သည်းများ တစ်ခုပြည်းမဟုတ်ဘဲ ခြောက်ချောင်းခန့် နေရာအနှံ့အပြား စိုက်ဝင်သွားပြီဖြစ်၍ အဆိပ်လက်သည်းတစ်ကွင်း၏အားမှာ လူတစ်ယောက်ကို ဗုန်းဗုန်းလဲကျအောင် သေစေနိုင်၍ ယခုလူခြောက်ယောက်စာ ဖြစ်သွား



သဖြင့် အော်ဟစ်ညည်းတွားပြီး ချက်ချင်းပင် ဆန့်ငင်ဆန့်ငင်ဖြင့် အသက်ထွက်သွားခဲ့လေသည်၊

သည်တော့ ခပ်လှမ်းလှမ်းသို့ ခုန်ထွက်ရှောင်တိမ်းလိုက်သောပန်းနုရောင်သိုင်းသမား မိန်းမချောမှာ စို့ကျိဟောင်နှင့် ကြေးလက်သည်းသိုင်းသမားကြီး၏ အလောင်းကြားမှာ ဝင်၍ရပ်လိုက်ပြီး စို့ကျိဟောင်ကို ချီးကျူး လိုက်လေတော့သည်၊

'မင်းဟာ သိုင်းပြောင်းပြန်ဆရာကြီးရဲ့ အားအထားရဆုံး ပညာကုန်ရလိုက်တဲ့ တပည့်မှန်ပါတယ်၊ ကြေးလက်ချောင်းသိုင်းသမားကြီးကို မလှုပ်နိုင်အောင် အပြတ်တိုက်လိုက်နိုင်တာ မင်းတစ်ယောက်တည်းရှိတယ်'

'တုတ်တယ်ဟေ့ ဟုတ်တယ်၊ မင်းနဲ့ ကြေးလက်ချောင်းသိုင်းသမားကြီးရဲ့တိုက်ပွဲကို မင်းနိုင်မှ နိုင်ပါ့မလားဆိုပြီး ငါစောင့်ကြည့်နေတာကွ'

ပန်းနုရောင်ဝတ်စုံဝတ် သိုင်းသမား မိန်းမချောလေး၏ ဦးလေးတော် အနန်အ်ချောင် ရောက်လာပြီး ဝင်ပြောလိုက်တော့မှ စို့ကျိဟောင် သတိထားလိုက်မိ၏၊

သည်တော့မှ ပန်းနုရောင်မိန်းကလေးကို မငြင်းသာအောင် စို့ကျိဟောင်က လှမ်း၍ပြောသည်၊

www.burmeseclassic.com

www.burmeseclassic.com



'မင်း၊ တော်တော် မျက်နှာအပြောင်းအလဲမြန်တဲ့ မိန်းမပဲ အန်ဝါကျို ဟိုတစ်ခါတွေ့ခဲ့တုန်းက မင်းကငါ့ကိုသံယောဇဉ်ဖြစ်အောင် အဆိပ်ဖြေ အာရုံကြည်လင်ဆေးကို ဖောဘီအိတ်ရုံ့အစိမ်းကလေးနဲ့ ပေးခဲ့ပြီး ခုတော့ မသိချင်ယောင်ဆောင်နေခဲ့တယ်....

'မင်းမျက်နှာ အပြုံးအမဲ့အပြောင်းအလဲမြန်သလို မင်းစိတ်တွေလဲ အပြောင်းအလဲမြန်မှာ အမှန်ပဲ အန်ဝါကျို'

'ဟား...မင်းမှားနေတာပဲကွ စိုးကျိုဟောင်၊ သူက အန်ဝါကျိုရဲ့အစ်မ အန်ဝါစီပဲကွ၊ သူတို့ညီအစ်မချင်း ရုပ်ချင်းအရမ်းတူကြတယ်လေ'

ဦးလေးဖြစ်သူ အန်အီချောင်ကဝင်ပြီးရှင်းပြလိုက်မှ စိုးကျိုဟောင် အထင်မှားသွားခြင်း ဖြစ်ကြောင်း သိသွားကာ သူ သံယောဇဉ်ရှိနေသော အန်ဝါကျိုအကြောင်း မေးကြည့်လေသည်။

'ခု အန်ဝါကျို ဘယ်မှာလဲ'

'သူ့ကို ကြေးလက်ချောင်းသိုင်းသမား အနွယ်ဝင်တွေက ဖမ်းသွားကြတယ်၊ မင်းကို အာရုံကြည် အဆိပ်ဖြေဆေးတွေ ပေးလိုက်တာကို ဟိုအစ်ဒါ ငါနဲ့ပါလာတဲ့ စုချီချိန်းက သိသွားတာကိုးကွ၊ အဲဒီကောင်က အဆိပ်မျိုးစုံလိုက်စုနေတဲ့ ဂိုဏ်းကကောင်ပဲ'



'ဪ...ဟုတ်ပြီ ဟုတ်ပြီ၊ ကျွန်တော် ရွှေပြားအိုးသူဌေးကြီး ကျင်းခိုင်ထိုက်နဲ့ အော့စုဟန်ရဲ့ညှိခံပွဲကို တက်နေတုန်းက ကျွန်တော့်ကိုလူမှားပြီး ဒီစာကို ပေးခဲ့တယ်ထင်တာကိုး'

စိုးကျိုဟောင်ကပြောရင်း သူ့အိတ်ထဲမှစာကို ထုတ်ပြလိုက်သည်။

အန်အီချောင်ကစာကိုယူပြီးဖတ်ကြည့်သည်။

ဖတ်ပြီးသောအခါ တူမဖြစ်သူ ပန်းနုရောင်ဝတ်စုံရှင် အန်ဝါစီ၏လက်ထဲကိုထည့်လိုက်သည်။

'သူ့စာထဲမှာပါတဲ့ညီမအချောအလှမလေးဆိုတာ တယ်သူ့ကို ဆိုလိုအာလဲ၊ ငါတို့ရဲ့ အန်ဝါကျိုကိုလဲ ဒီကောင်တွေ ဖမ်းခေါ်သွားတယ်'

'ဟုတ်တယ်၊ ကျွန်တော်လဲ ဒီစာအရ အန်ဝါကျိုကို ဖမ်းခေါ်သွားတယ်လို့ထင်တယ်၊ ကျွန်တော့်မှာ ညီမအရင်းအချာတစ်ယောက်မှမရှိဘဲ'

'ဒါဆို မင်းနဲ့ငါ အဲ့ဒီကိုလိုက်ကြရမှာပေါ့'

'ဖြစ်ပါ့မလား ဦးလေးရယ်၊ ကျွန်မတို့သူနဲ့ ပူးပေါင်းသလိုဖြစ်သွားရင် ရှောင်သင်ဂိုဏ်းတော်ကြီးက ကျွန်မတို့ကို ရန်သူတွေလို့ သံနဲ့ချာပြီး သတ်မှတ်နေပါဦးမယ်'

'အဲ့ဒီလိုဖြစ်လာရင်လဲ ဖြစ်လာပစေပေါ့၊ သူ့ဆရာသိုင်းပြောင်းပြန်သိုင်းတုံးကလဲ ရှောင်လင်ကျောင်းတော်ကြီးဆန့်ကျင်။

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာမှမဟုတ်ဘဲ၊ ရွှောင်လင်ကျောင်းတော်ကြီးရဲ့ အကြီးအကဲတွေက သတ္တာဖောက် အကျင့်ပျက် သိုင်းဆရာကြီးတွေရဲ့ ဖိအားပေးမှုနဲ့ သူတို့ကို အပြစ်ရောက်အောင်လုပ်ခဲ့တာပဲ၊ အဲဒီလို လုပ်ခဲ့လို့လဲ ရွှောင်လင်ကျောင်းတော်ကြီးမှာ အားယုတ်သွားပြီး အဆိပ်သိုင်းကျပ်းတို့ ဆရာကြီးထန်ထန်းလုံနဲ့ ဆေးသိုင်းဆရာကြီးအန်အိလောက်တို့ ပျောက်ဆုံးသွားတာကို ခုအချိန်အထိ မဖော်ထုတ်နိုင်တာပေါ့'

'ဒါဆို ကျွန်မတို့သွားကြစို့၊ အဲ့ဒီ ပါ့ကုန်းစမ်းတောင်ခြေကို အရင် လျှို့ဝှက်တဲ့နည်းနဲ့ ရောက်အောင်သွားပြီး အခြေအနေကို လေ့လာရမယ်'

စိုကျိဖောင်က အခြေအနေကိုတွက်ဆသည်။

သူ့အနေဖြင့် တစ်ကိုယ်တော်ပဲလှုပ်ရှားချင်သည်။

ပန်းနုရောင်သိုင်းသမား မိန်းမချောအန်ဝါစီကို မျက်စိမှိတ်ပြီး မယုံကြည်သင့်ဟုဆုံးဖြတ်သည်။

'ခုကိစ္စမှာ ခင်ဗျားတို့နဲ့ကျွန်တော် အကျိုးတူပူးပေါင်းဖို့ လက်ခံပါတယ်၊ ဒါပေမယ့် ဒီခရီးကို အတူ မသွားသင့်ဘူးလို့ ဆုံးဖြတ်တယ်'

'အို…အဲဒါ မှန်တာပေါ့၊ ကျွန်မတို့ သတိလစ်သွားတယ်၊ ရှင်က ရွှောင်လင်ဂိုဏ်းကြီးတစ်ဂိုဏ်းလုံးက အမုန်းပွားထားတဲ့ သိုင်းပြောင်းပြန်ဆရာကြီးထိုင်တုံးရဲ့တပည့်ပဲဟာ'



'ဟုတ်ပါတယ် ပစ်မှတ်က ကျွန်တော့်ဆီမှာ စုပြုံနေလို့ပါ၊ ကျွန်တော်က ကျွန်တော့်အပေါ်မှာ စေတနာထားခဲ့တဲ့ အန်ဝါကျိအတွက်လဲစွန့်စားမှာပါ၊ ဒါပေမယ့် ဒီခရီးကို ကျွန်တော်တို့ တစ်ကွဲတစ်ပြားစီပဲသွားကြတာကောင်းပါတယ်'

ပြောရင်းက စိုကျိဖောင် ရုတ်တရက် ထိုနေရာမှ ခုန်ထွက်သွားလေသည်။

စိုကျိဖောင်၏ကိုယ်ဖော့ပညာအစွမ်းမှာ တဒင်္ဂအတွင်းမှာ ပန်းနုရောင်သိုင်းသမားမိန်းမချောလေး အန်ဝါစီနှင့် ဦးလေးတော် သိုင်းသမားကြီး၏ မျက်စိမြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

ဖယ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံး မြူတွေ ပိန်းပိတ်နေသည်။

တောတောင်ထူထပ်ရာဖြစ်၍ အောက်ဘက်တောကြီးလွင်ပြင်က သားစားကျားရဲနှင့် ဆင်ကြီးတွေ ခိုအောင်းရုန်းရှိကာ တီရစ္ဆာန်အသံဆိုးကြီးတွေ သောသောညံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်နှင့်တစ်ကောင်၊ သားကောင်တစ်မျိုးနှင့်တစ်မျိုး နိုင်ထက်စီးနင်းတိုက်ခိုက်ကြသည့်ကသံ၊ ဟိန်းဟောက်သံများ၊ ပြေးဆိုလွှားသံများ ညံစီလျက်ရှိသည်။

တောကြီး တောင်ကြီးထဲမှာ တိရစ္ဆာန်တို့အတွက် မင်းမဲ့စေသဖြစ်နေသည်။

ထိုတောကြီး တောင်ကြီးအတွင်းမှာရှိနေခဲ့သော လူတွေမှာလည်း တိရစ္ဆာန်တွေနှင့်မခြားတော့သလို အမှုအကျင့်ဆိုးတွေ ခိုကပ်လျက်ရှိသည်။

ပါကုန်းစမ်းတောင်တန်းကြီးမှာ ဤဒေသကြီး၏ထက်ဝက်ခန့်ကို ကြီးစိုးလွှမ်းမိုးနေရာယူထားပြီး အမြင့်ဆုံးတောင်ထွတ်ကြီး၏ တောင်ခြေသည်ပင် အခြားတောင်များ၏ထိပ်ကို မိုးနေသည့်နှယ်ထင်ရသည်။

စင်စစ် ပါကုန်းစမ်းတောင်ခြေ၏ အစသည် အခြား ပတ်ဝန်းကျင်တောင်များ၏အပေါ်မှာ ရှိနေသယောင်။

ယင်းကြောင့်လည်း ပါကုန်းစမ်းတောင်ခြေကို သာမန်လူများ အရောက်အပေါက်နည်းလှသည်။

ထိုနေရာသို့ရောက်ရှိရန် အခက်အခဲများစွာကိုရင်ဆိုင်ကြရဦးမည်ဖြစ်သည်။

ပထမဆုံး သားရဲတိရစ္ဆာန်တို့ဘေးရန်။



ဒုတိယ သဘာဝရာသီဥတုဘေးဒဏ်။

နောက်ဆုံး လူတို့၏ လောဘ၊ ဒေါသ၊ မောဟများကြောင့် တရားလက်လွှတ်ဖြစ်နေသော ဒုစရိုက်ဂိုဏ်း သိုင်းသမားများ၏ ဥပဒေမဲ့ရန်စွယ်။

ထိုနေရာမှာ သိုင်းလောကသားပေါင်းစုံစုံညီလျက်ရှိတတ်ကြသည်ဆိုသော်လည်း အတ္တသမားတွေသာများသည်။

စီ ကျိုဟောင် ဆရာကြီးဖြစ်သူ သိုင်းပြောင်းပြန် ဆရာကြီး ထိုင်တုံးကို ခေးပြူကြီးမှာ ဆိုခဲ့ကြသော်လည်း ထိုင်တုံးသည် မတရားလုပ်သူမဟုတ်။ ကိုယ်ကျိုးလည်းမရှာတတ်။ အများအကျိုးကိုသာ သည်ပိုးတတ်သော သိုင်းဆရာကြီးသာ ဖြစ်၏။

ယခုလူတွေက သိုင်းပြောင်းပြန်ဆရာကြီးနှင့် ဆန့်ကျင်ဘက်များ ဖြစ်ကြသည်။

ရှောင်လင်ဂိုဏ်းမှဟုဆိုသော်လည်း ထိုရှောင်လင်ဂိုဏ်းကြီးကိုပင် ဆန့်ကျင်နေသူများဖြစ်၏။

သူတို့တတွေ သူတို့၏အတ္တများကြောင့် ပါကုန်းစမ်းတောင်ခြေမှာ အရေးပေါ် စုစည်းနေခဲ့မိကြခြင်း ဖြစ်လေသည်။

သူတို့အချင်းချင်းလည်း သူတို့မယုံကြည်ကြ၍ စိတ်မချကြကြောင်းကို သူတို့ချင်း ယခုလိုဆုံတွေ့ကြသည့်အခိုက် ဂိုဏ်းခေါင်းဆောင်ကြီးများမှာ မျက်နှာဖုံးများကိုယ်စီစွပ်၍ ဝတ်ရုံနက်ကြီးများဝတ်ထားကြခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တပည့်တွေမှာလည်း လက်ရွေးစင်တွေချည်းရွေးခေါ်လာ၍ အားလုံးမျက်နှာဖုံးစွပ်ထားကြသည်။ လက်ရွေးစင်တွေဖြစ်၍ သိုင်းဆရာကြီးတစ်ယောက်လျှင် ပါ့ကုန်းစမ်းတောင်ခြေစခန်းအရောက် လက်ဝဲ့ရုံ၊ လက်ယာရုံ နှစ်ယောက်သာ ခေါ်ခွင့်ရှိခဲ့သည့်အတွက် ယခုရောက်နေသောဂိုဏ်းဆရာကြီး ဆယ်ရောက်တွင် လက်ရွေးစင်တပည့် နှစ်ဆယ်သာ ပါလာခဲ့သည်။

သို့သော် ဟိုဘက် တောကြီးအတွင်းမှာ အစောင့်အနေဖြင့် အဆင်သင့် ပြင်ဆင်ထားသည်မှာ လူစုံတက်စုံ ရှိလှသည်။

တောကြီးထဲမှဖြစ်ပြီး ပါ့ကုန်းစမ်းတောင်ခြေကို သိုင်းဂိုဏ်းမှ လူပေါင်းများစွာကို ကျော်ဖြတ်ပြီးမှ အရောက်သွားရမည်ဖြစ်သည်။

စိုးကျော်ဟောင်တစ်ယောက် အခြေအနေကိုကြည့်ပြီး တောအုပ်ကြီးအတွင်းမှ ခပ်တင်းတင်း ဖြတ်လာခဲ့သည်။

‘ဟေ့...ရပ်လိုက်စမ်း၊ ဘယ်သူလဲ’

‘စိုးကျော်ဟောင်ပါ၊ မင်းတို့ဆရာကြီးတွေဆီက စာအရလာခဲ့တာကွ’

စိုးကျော်ဟောင် မရပ်ဘဲ စာအကြောင်းသာပြောပြီး တောင်ခြေကိုးရောက်အောင်လာခဲ့သည်။

တောင်ခြေရောက်တော့ သူထင်ထားသည့်အတိုင်းပင် လက်ရွေးစင်တပည့် လက်ဝဲရုံ လက်ယာရုံများကို ရင်ဆိုင်ရသည်။



သူတို့ကိုတော့ စကားနှင့်ပြော၍မရ၊ စာကိုထုတ်ပြရသည်။ သူတို့က စာကိုဖတ်ပြီး မထိလေးစားလုပ်ကြသည်။

‘ခြော်...ခြော်...မကြာသေးခင်သေရမယ့်မသာလေးကိုး သိုင်းလောက ပရိယာယ် နားမလည်တဲ့ မနေ့တစ်နေ့ကမှသိုင်းလောကထဲ ဝင်လာတဲ့ ချာတိတ်ကိုး....’

သူတို့စကားတွေကြောင့် စိုးကျော်ဟောင် သာမန်အချိန် ဆိုလျှင် ဒေါသထွက်ပြီး တိုက်ခိုက်မိမည် ဖြစ်သော်လည်း ယခုတော့အဖက်လုပ်မနေတော့ဘဲ ရှေ့ခရီးဆက်ခဲ့သည်။

နေလုံးကား လိမ္မော်နီအသွေးဖြင့် ပါ့ကုန်းစမ်းတောင်ခြေကို နှုတ်ဆက်နေပြီ ဖြစ်သည်။

တောင်ခြေမှာ လိုဏ်ဂူများ ရှိနေသည်။

လိုဏ်ဂူကြီးမှာ အားလုံးထက်ကြီးမားပြီး အဝင်အဝတွင် ကျောက်သားစားပွဲကြီးကဲ့သို့ သဘာဝကျောက်တုံးများဖြင့် ပြုလုပ်ထားသော ကျောက်စားပွဲကြီး ရှိနေသည်။

ထိုစားပွဲကြီးကို ဂိုဏ်းဖြိုင်ဆရာကြီးဆယ်ယောက်က သဘာဝ ကျောက်တုံးများကို ကုလားထိုင်အဖြစ် ပြုလုပ်ပြီး ထိုင်နေကြသည်။

ထိုဆရာကြီးဆယ်ယောက်၏ ခြေရင်းတွင် မျက်စိတစ်ဖက်လပ် သိုင်းသမားကြီးကို တွေ့ရသည်။ ညာဘက်မျက်စိတစ်ဖက် လပ်နေခဲ့ခြင်းပင်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်စိတစ်ဖက်လပ်ကြီးရှေ့မှာ အထုပ်ငယ်တစ်ထုပ်ရှိနေသည်။

'ဟော…စို့ကျိဟောင် ရောက်လာပြီ'

တစ်ယောက်က လှမ်း၍ပြောလိုက်သည်။

'ဒါဆို သူ့ဆီက ကျုပ်တို့ အလိုရှိတဲ့ပစ္စည်းတွေကို ယူလာပို့ပေးတာပေါ့နော်'

နောက်တစ်ယောက်က သဘောကျစွာဖြင့် လှမ်း၍ပြောကာ စို့ကျိဟောင်ကို အားလုံးက စိတ်ဝင်စားစွာ ကြည့်လိုက်ကြသည်။

'ခင်ဗျားတို့ ကျုပ်ဆီက ယူချင်နေတဲ့ပစ္စည်းဟာ ဟောဒီ အဆိပ်အားလုံးပြီးတဲ့ ပုလဲရတနာမဟုတ်လားဗျ'

စို့ကျိဟောင်ကပြောရင်း အင်္ကျီအိတ်ထဲမှ ပုလဲလုံးကိုထုတ်၍ ပြလိုက်သည်။

'ဟား…. သိပ်ဟုတ်တာပေါ့ ချာတိတ်ရယ်၊ သိပ်ဟုတ်တာပေါ့'

ဝမ်းသာစိတ်ဖြင့် တစ်ယောက်က အလျင်စလို ပြောချလိုက်သည်။

'ဒါဆို…ခင်ဗျားတို့ စာထဲကအတိုင်း ကျုပ်အခမနဲ့ ကျုပ်ညီမဆီတာကို ကျုပ်အရင်တွေ့ချင်သေးတယ်'



'တွေ့နိုင်ပါတယ်ကွာ၊ ဟော ဟို ဂူကြီးထဲမှာ မင်းရဲ့အမေရယ်၊ မင်းရဲ့ သံယောဇဉ်နှမလေးရယ်ကို တို့ကောင်းကောင်းမွန်မွန်ပဲ ဟိုဆရာကြီးနှစ်ယောက်နဲ့အတူတူထားပါတယ်'

ဟိုဆရာကြီးနှစ်ယောက် ဆိုကတည်းက သူတို့ဖမ်းထားသည့် ထိပ်တန်းအဆိပ်လက်နက်ပုန်းအကျော်အမော်သိုင်းပညာရှင်ကြီး ထန်ထန်းတို့နှင့် မူးယစ်မေ့မြောစေတတ်သော ဆေးပညာတွင် တစ်ဖက်ကမ်းခတ် ထက်မြက် ကျော်ကြားသည့် သိုင်းပညာရှင် ဆေးဆရာကြီးအနဲ့အိကျောက်တို့ကို ရည်ညွှန်း ပြောဆိုလိုက်မှန်း စို့ကျိဟောင်သိလိုက်လေပြီ။

ယင်းသို့ သိလိုက်သည်နှင့် စို့ကျိဟောင်က ဒုစရိုက် သိုင်းဆရာကြီး ဆယ်ယောက်၏ ခြေတော်ရင်းတွင် ခစမ်ဆင်းနေသော မျက်စိတစ်ဖက်လပ် သိုင်းသမားကြီးကို တစ်ချက်လှမ်းကြည့်လိုက်သည်။

မျက်စိတစ်ဖက်လပ်ကြီးကလည်း စို့ကျိဟောင်ကို တစ်ချက်မျှ လှမ်းကြည့်လိုက်သည်။

ထိုစဉ် ဒုစရိုက်ဂိုဏ်း သိုင်းဆရာကြီး ဆယ်ဦးတွင် ဦးစီးခေါင်းဆောင်ဖြစ်ပုံရသော ထိပ်ဆုံးမှသိုင်းဆရာကြီးသည် နေရာမှ ထလာကာ….

www.burmeseclassic.com

www.burmeseclassic.com



'ကဲ- ကဲ....မင်းဆီကပုလဲကို တို့အရင်ကြည့်ပါရစေဦး'

ဟု ပြောပြီး စို့ကျီဟောင်၏လက်တွင်းမှ ပုလဲလုံးကိုယူရန် လက်ကိုအလှမ်း....

❖

'ဒုတ်'

'ခွပ်'

စို့ကျီဟောင်၏ လက်နက်မဲ့တိုက်ခိုက်မှုက လျှပ်တစ်ပြက်ဝင်သွားသည်။

စို့ကျီဟောင် လက်ဝါးစောင်းက ဆရာကြီး၏ လည်မျိုကိုအဝင်၊ ဆရာကြီးကလည်း တစ်ချက်တိမ်းပြီး စို့ကျီဟောင်ကို လက်သွက်ပြန်တိုက်ခိုက်လိုက်နိုင်၍ လက်ကို သက်ချင်းထိသွားပြီး အသံကျယ်ကြီးမြည်သွားခဲ့ခြင်းဖြစ်၏။

'ဟေ့....ဒီကောင်၊ ဒီကို တို့ဆန္ဒအတိုင်းလုပ်ဖို့လာတာမဟုတ်ဘူးကွ'

ဆရာကြီးက လှမ်း၍သတိအပေးမှာ ကျန်ဆရာကြီးများမှာ ထိုင်နေရာက ဝုန်းခနဲထရပ်လိုက်ကြသည်။



ထိုအချိန်မှာ အားလုံးထက် အလျင်အမြန်ဆုံးသော အရှိန်ဖြင့် လှုပ်ရှားလိုက်သည်မှာ မျက်စိတစ်ဖက်လပ်သိုင်းသမားကြီး ပင်ဖြစ်သည်။

သူက ရှက်ခြည်းထရပ်ကာ၍ ရှေ့ဆုံးမှပြေးထွက်လာသူ သိုင်းဆရာကြီး၏ရင်ဝကို လက်ဖြင့်ဆောင့်တွန်းထုတ်လိုက်သည်။

သိုင်းဆရာကြီးတွေမို့ လျင်မြန် လွန်းသော်လည်း မျက်စိတစ်ဖက်လပ်ကြီးကဲ့သို့ သူတို့မှာ မလျင်မြန်နိုင်၊ မျက်စိတစ်ဖက်လပ်ကြီးက သူတို့ထက် နှစ်ဆမြန်နေသည်။

'ဟေ့ .... တစ်ယောက် တစ်ယောက်ချင်းပေါ့ကွာ၊ ငါတို့မင်းတို့ရဲ့ ယုတ်မာမှုတွေကို ဘိုက်ရအောင် မင်းတို့နောက်ကို ခြေရာခံလိုက်နေတဲ့ သစ္စာခံသိုင်းပြောင်းပြန်အဖွဲ့ကကွ'

မျက်စိတစ်ဖက်လပ်ကြီးကပြောပြီး ကျန်သိုင်းဆရာကြီးများကို ရှေ့မတိုးနိုင်အောင် ဟန့်တားလိုက်သည်။

မျက်စိတစ်ဖက်လပ်ကြီး၏ ဟန့်တားတိုက်ကွက်ကို ကြည့်ပြီး ကျန်သိုင်းဆရာကြီးများက တုန်လှုပ်ချောက်ချား သွားကြရသည်။

'ဟင်....ဒါ သိုင်းပြောင်းပြန်တိုက်ကွက်၊ ဒီ....ဒီလိုဆိုရင်....'

'ဟား....ဟား....ဟား၊ ငါ မင်းတို့ဝိုင်းပယ်ပြီး ရွှေဒင်လင်ကျောင်းတော်ကြီးက အနှင်ထုတ်ခံထားရတဲ့ သိုင်းပြောင်းပြန်

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးထိုင်တုံးပဲကွ၊ မင်းတို့ရဲ့ ကြက်စီတစ်ဖဂ်လပ်သိုင်းသမားကို သတ်ပြီး ရှပ်ဖျက်ကာ မင်းတို့ဆီကို ငါ့တပည့်ခွဲအတူ ဆုံရောက်လာခဲ့တာ'

သိုင်းပြောင်းပြန်ဆရာကြီး ထိုင်တုံး၏စကားကြောင့် နဂိုကတည်းက ယှဉ်ပြိုင်ရန် ကြောက်လန့်နေသောသူတို့မှာ ကြောက်လန့်ချောက်ချားသွားပြီး နောက်ကိုဆုတ်သွားသည်။

ထိုအချိန်မှာ စို့ကျိဟောင်၏ တိုက်ခိုက်မှုကို ဒုစရိုက်ဂိုဏ်းခေါင်းဆောင်မှာ အလူးအလဲ ခံနေရပြီး စို့ကျိဟောင်က မျက်နှာဖုံးကိုခွာချလိုက်နိုင်သည်။

'ဟင်....ရွှေပြားအိုး ဆိုင်းသမားကြီး ကျင်းခိုင်ထိုက်'

'ဟုတ်တယ်၊ ငါကျင်းခိုင်ထိုက်ပဲ၊ မင်းကိုတစ်ယောက်တည်း လှုပ်ရှားနေတယ်ထင်ပြီး ငါအချိန်ယူခဲ့တာ ငါ့အမှားပဲ၊ ဒီတစ်ခါတော့ အသေသတ်ရလိမ့်မယ်ဟေ့'

'သတ်ကွင်းကို ရောက်နေမှတော့ ခင်ဗျားနိုင်ရင် ခင်ဗျားကျုပ်ကိုသတ်သွား'

ပြောရင်းက စို့ကျိဟောင် ဓားနှင့် ဆရာကြီးကျင်းခိုင်ထိုက်တို့၏ဓားသည် လေထဲမှာအရှိန်ပြင်းစွာ ထိတွေ့သွားကြလေတော့၏။

'ချွင်'

'ရှရော'

ဓားချင်းအထိမှာ စို့ကျိဟောင်က ဓားကိုပြန်ဆွဲမယူတော့ဘဲ ပြန်ဆွဲယူလိုက်သော ကျင်းခိုင်ထိုက်၏ ဓားအရှိန်နှင့် သူ၏



ဓားကိုထည့်ပေးလိုက်ကာ ကျင်းခိုင်ထိုက်လက်ပြင်ကို မျှောခုတ်လိုက်သည်။

'ရှရော'

'အား'

ကျင်းခိုင်ထိုက် လက်မောင်း အသားဖတ်ကြီး လန်တက်အသွား စို့ကျိဟောင်က ပတ်ခြေတစ်ချက် အားထည့်ကာ နံစောင်းကို ပစ်သွင်းလိုက်၏။

'ဖမ်း'

'အီး'

'အုန်း'

ဆရာကြီးကျင်းခိုင်ထိုက် သိုင်းပြောင်းပြန် ပွဲသိမ်းတိုက်ကွက်ကြောင့် ဇီဝိန်ချုပ်သွားခဲ့လေပြီ။

'တွေ့တယ် မဟုတ်လား၊ မင်းတို့လို မတရားကောင်တွေကို တိုက်ခွဲထွက်ခဲ့ပြီး အကြာကြီး တိုက်မနေဘူး၊ ကဲ....မင်းတို့ ဘယ်လိုလဲ၊ တိုက်ပြီး တိုက်ချမလား၊ အရှုံးပေးမလား'

ဆရာကြီးထိုင်တုံး၏ အမေးကို 'သူတို့က ပါးစပ်ဖြင့်မပြောတော့ဘဲ အရှုံးပေးကြောင်း ဒူးထောက်ထိုင်ချကာ လက်ဖမိုးနှစ်ခုဆုပ်ပြီး ရင်ဝမှာအပ်၍ အရိုအသေ ပေးလိုက်ကြတော့သည်။

သည်တော့မှ စို့ကျိဟောင်၏မျက်လုံးတွေက ပါကွန်စိမ်းတောင်ခြေဂူကြီး အဝင်းမှာ ရှိနေမည်ဖြစ်သော မီးခိုးကြီးနှင့် သူသိယောဇဉ်ကြီးသော ပန်းနုရောင် သိုင်းသမားလေးချစ်သူ အန်ဝှါကျိရှိနေရာ ရောက်ရှိသွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



တောင်ခြေစခန်းမှ အခြေအနေ မလှတော့ပြီကို သိရှိသွားကာ သစ္စာမဲ့သိုင်းသမားအချို့သည်သူသူတို့ ဆရာကြီးများနည်းတူအလျှော့ပေးလိုက်စဉ် ထိုးဖောက် ဝင်ရောက်လာနိုင်သူများကတော့....

ဦးလေးအန္တိအချောင်နှင့် ပန်းနုရောင်သိုင်းသမားပင် ဖြစ်လေသည်။

သူတို့ရည်မှန်းချက် ပြည့်ဝခဲ့ပြီဖြစ်၍ စို့ကျိုတောင်ကိုကျေးဇူးဆင်လျက် ရှိလေတော့သည်။

ပြီးပါပြီ

မောင်နှင်းဆွေ

www.burmeseclassic.com